
http://www.linhtet.com



http://www.linhtet.com

ရွှေစာပေတိုက်

# ဗောဓိဉာဏ်အလင်းတန်း

ပါရဂူ

ရွှေစာပေတိုက်
၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း- ၂၂၁၉၅၇၊ ၂၉၂၀၂၃။

http://www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.linhtet.com

စာမူခွင့်ပြုချက်အမှတ် . . .		၅၃၅/ ၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် . . . ၇၂၈/ ၂၀၀၃ (၁၂)

ပထမအကြိမ်
၂၀၀၄၊ ဇန်နဝါရီလ
အုပ်ရေ (၁၀၀၀)
တန်ဖိုး – (၁၀၀၀) ကျပ်
မျက်နှာဖုံးဒီဇိုင်း – ညီညီ

*'ထုတ်ဝေသူ'*
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊
အမှတ် (၁၁၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

*'ပုံနှိပ်သူ'*
ဦးနိုင်နိုင်ဦး၊ ရွှေပုံနှိပ်တိုက် (မြ–၀၅၇၀၁)
အမှတ်(၅)၊ ကြာညိုလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

*'ဖြန့်ချီရေး'*
**ရွှေစာပေတိုက်**
၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း– ၂၂၁၉၅၇၊ ၂၉၂၀၂၃။

http://www.linhtet.com

www.linhtet.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | သကျမုနိဗုဒ္ဓ | ၁ |
| ၂။ | ရှင်မဟာသာရိပုတြာ | ၅ |
| ၃။ | ရှင်မဟာမောဂ္ဂလ္လာန် | ၁၇ |
| ၄။ | ရှင်မဟာကဿပ | ၂၅ |
| ၅။ | ရှင်ဥပါလိ | ၃၅ |
| ၆။ | ရှင်အာနန္ဒာ | ၄၅ |
| ၇။ | ရှင်ရာဟုလာ | ၅၉ |
| ၈။ | ရှင်အနုရုဒ္ဓါ | ၆၇ |
| ၉။ | ရှင်မဟာကစ္စာယန | ၇၅ |
| ၁၀။ | ရှင်ပုဏ္ဏာ | ၈၃ |
| ၁၁။ | ပုဏ္ဏာမန္တာနီပုတ္တာ | ၉၁ |
| ၁၂။ | ကဿပညီနောင် | ၉၇ |
| ၁၃။ | ရှင်သီဝလီ | ၁၀၇ |
| ၁၄။ | နန္ဒမင်းသား | ၁၁၁ |
| ၁၅။ | သုဘူတိ | ၁၁၉ |
| ၁၆။ | အညာတကောဏ္ဍည | ၁၂၇ |
| ၁၇။ | ရဋ္ဌပါလ | ၁၃၇ |
| ၁၈။ | အင်္ဂုလိမာလ | ၁၄၇ |
| ၁၉။ | ယသ | ၁၆၁ |
| ၂၀။ | စူဠပန္ထက | ၁၇၁ |
| ၂၁။ | ကုမာရကဿပ | ၁၈၁ |
| ၂၂။ | စိတ္တမထေရ် | ၁၈၇ |
| ၂၃။ | ရေဝတ | ၁၉၇ |
| ၂၄။ | ဒဗ္ဗမထေရ် | ၂၀၃ |
| ၂၅။ | ဥဂ္ဂ | ၂၁၃ |
| ၂၆။ | ဝင်္ဂီသ | ၂၂၁ |

http://www.linhtet.com

www.linhtet.com

အမှာစာ

ခုဒ္ဒကနိကာယ်ထဲက 'ထေရဂါထာ'၌ ရဟန္တာမထေရ်မြတ်တို့၏အကြောင်းကို ဖော်ပြထားပြီး 'ထေရီဂါထာ၌ ရဟန္တာထေရီတို့၏အကြောင်း ဖော်ပြထားသည်။ 'ထေရဂါထာ' နှင့် 'ထေရီဂါထာ'၌ ထေရနှင့်ထေရီတို့၏ 'ဉဒါန်း' စကားများပါရှိသည်။

'ဉဒါန်း'စကားဟူသည်မှာ ဘဝခရီးပန်းတိုင်ရောက်လာချိန် ဖိတ်လျှံကျလာသောပီတိကို စကားလုံးဖြင့် ဖော်ကျူးထားခြင်းဖြစ်သည်။ ယင်းသဘောအဓိပ္ပာယ်ဆောင်သော ထေရနှင့်ထေရီတို့၏ ဉဒါန်းစကားသည်လည်း ထေရနှင့်ထေရီတို့၏ ဘဝအနှစ်သာရဖြစ်နေသည်။ ထေရနှင့်ထေရီတို့၏ ဘဝအထွတ်အထိပ်မှတ်တိုင်က ကမ္ပည်းကျောက်စာဖြစ်နေသည်။

'ထေရဂါထာ'နှင့် 'ထေရီဂါထာ'၌လည်းကောင်း၊ အခြားနိကာယ်ကျမ်းများ၌လည်းကောင်း ဖော်ပြပါရှိသော ထေရနှင့်ထေရီတို့၏ ဘဝဖြစ်စဉ်သည် ဗုဒ္ဓစာပေ၌ တစ်ခန်းတစ်ကဏ္ဍပါဝင်နေသည်။ ကလောင်ရှင်အများအပြားသည် ထေရနှင့်ထေရီတို့၏ ဘဝဖြစ်စဉ်၊ ဘဝအတွေ့အကြုံများကို အက္ခရာတင်ကြသည်။ ယင်းတို့အထဲမှ အချို့က ထေရဝါဒ အဆိုအမိန့်အရလည်းကောင်း၊ အချို့က မဟာယာန အဆိုအမိန့်အရလည်းကောင်း၊ အချို့က နှစ်မျိုးကို ရောစွက်လည်းကောင်း၊ အချို့က စကားပြေဖြင့် လည်းကောင်း၊ အချို့က ကဗျာလင်္ကာ၌ ဝတ္ထုပုံပြင်ဖြင့် လည်းကောင်း၊ ကိုယ်သန်ရာသန်ရာ ခြယ်မှုန်း

http://www.linhtet.com

ထားကြသည်။ သို့သော်လည်း အားလုံး၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းပင် ဖြစ်သည်။ ထေရနှင့်ထေရီတို့၏ ဂုဏ်တော်ကို ဖော်ကျူးရန်ဖြစ်သည်။

ဗုဒ္ဓမှစ၍ တပည့်သာဝကများ၏ ဘဝတစ်လျှောက် ထွန်းတောက်လာသော ဇောဓိဉာဏ်အလင်း ဆီမီးတိုင်များကို သွယ်တန်းပြထားသော ဤ'ဇောဓိဉာဏ်အလင်းတန်း'သည် အမြင်မကြည်သူများအတွက် ထင်းခနဲ၊ ဝင်းခနဲ လင်းလက်သွားအောင် ဇောဓိဆီမီးတိုင်များတွင် မီးစာအသစ်၊ ဆီအသစ် ထပ်ဖြည့်ပေးလိုက်ခြင်းပင်ဖြစ်သည်။

*ပါရဂူ*

၁၃-၉-၂၀၀၃

www.linhtet.com

## သကျမုနိဗုဒ္ဓ

နှစ်ဆယ့်ကိုးနှစ်အရွယ် ရှိနေပြီဖြစ်သော သိဒ္ဓတ္ထမင်းသားသည် ညတစ်ညဌ် နန်းတော်မှထွက်ခွာသွားပြီးလျှင် ဆံတော်ကို ပယ်ပစ်လိုက်လေသည်။ ထို့နောက် ဥရုဝေလာတောမြိုင်ရုံ၌ ခြောက်နှစ်ကြာမျှ အစွန်းရောက် ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံအားထုတ်သည်။ ခြောက်နှစ်ပတ်လုံး ရွေ့ရှားခြင်းမပြုဘဲထိုင်နေရာ မျက်ခုံးနှစ်ဖက်တွင် ပင့်ကူအိမ်တွယ်သည်အထိ ဖြစ်လာသည်။ ဦးခေါင်းပေါ်တွင် ငှက်သိုက်လုပ်သည်အထိ ဖြစ်လာသည်။ ဆံကျစ်တစ်လျှောက်ဖြတ်ပြီး ကျူရိုးကျူပင်များပေါက်သည်အထိ ဖြစ်လာသည်။ ယင်းတစ်ဖက်စွန်းရောက် ဒုက္ကရစရိယာအကျင့်ကျင့်ရင်း ခြောက်နှစ်ခြောက်မိုးကြာသွားသည်။

သက်တော်သုံးဆယ့်ငါးနှစ်အရွယ် ကဆုန်လပြည့်နေ့ည သောက်ရှူးကြယ်ထွက်ပေါ်လာချိန်၌ သိဒ္ဓတ္ထသည် ဗောဓိဉာဏ်အလင်းကို ရရှိတော်မူသည်။ ထိုအခါ သကျမုနိသည်...

'အနေကဇာတိ သံသာရံ...'

အစချီသော ကြွေးကြော်သံကို သီဟနာဒခြသေ့်မင်း၏ ဟိန်းဟောက်သံပမာ ရဲဝံ့စွာကြွေးကြော်တော်မူသည်။

ထို့နောက် သကျမုနိဗုဒ္ဓသည် ၄၅နှစ်တိုင်တိုင် တရားဒေသနာ

http://www.linhtet.com



ဟောကြားခြင်းအားဖြင့် ဝေနေယျသတ္တဝါများအား ဒုက္ခညွှန်တွင်းမှ ထုတ်ဆယ်ကယ်တင်တော်မူခဲ့သည်။ သပိတ်တစ်လုံးနှင့် သင်္ကန်းတစ်စုံသာရှိသော် လည်း သကျမုနိသည် မည်သည့်အရာဝတ္ထုမျှ ချို့တဲ့သည်ဟူ၍မရှိပေ။ ဓမ္မသဘင် ပေါင်းသုံးရာ့ခြောက်ဆယ်ကျော်တို့၌ ဒေသနာတော်များကို ဟောကြားပြီး နောက် တပည့်သာဝကများအား ဓမ္မရတနာကို လွှဲအပ်ခဲ့သောကြောင့် ဗောဓိဉာဏ်အလင်းတန်းသည် တစ်ခေတ်ပြီးတစ်ခေတ် အသက်ဆက်လာခဲ့ရာ ယနေ့ထက်တိုင် ထွန်းလင်းလျက်ပင်ရှိနေသည်။

သကျမုနိဗုဒ္ဓ၏ အပြုအမူများသည် ပရိနိဗ္ဗာန်ပြုပြီးနောက် ကျန်ရှိနေခဲ့သော တပည့်သာဝကများအတွက် စံနမူနာဖြစ်နေသည်။ သုံးဆယ့်နှစ်ဖြာ သောလက္ခဏာတော်ကြီးများနှင့် ရှစ်ဆယ်မျှသောလက္ခဏာတော်ငယ်များကို ပိုင်ဆိုင်သူဖြစ်သော်လည်း သကျမုနိသည် တခြားပုဂ္ဂိုလ်များနှင့် ခြားနားခြင်း မရှိဘဲ သာမန်ရသေ့၊ ရဟန်းတစ်ပါးကဲ့သို့ပင် မထင်မရှားနေတော်မူသည်။

ထို့ကြောင့် သကျမုနိ၏ တရားဒေသနာတော်ကို နာကြားသူများသည် ဗုဒ္ဓ၏နေထိုင်ပုံနေထိုင်နည်း၊ ပြုမူပုံပြုမူနည်းကို ပုံစံနမူနာယူလျက် မိမိတို့၏ နေထိုင်ပုံနေထိုင်နည်း၊ ပြုမူပုံပြုမူနည်းကို ဓမ္မနှင့်ညီညွတ်အောင် ကြိုးစားအားထုတ်ကြသည်။ ဗုဒ္ဓမှ အဂ္ဂသာဝကများသို့လည်းကောင်း၊ အဂ္ဂသာဝက များမှ မဟာသာဝကများသို့လည်းကောင်း၊ မဟာသာဝကများမှ ပကတိသာဝကများသို့လည်းကောင်း၊ ဗုဒ္ဓလက်ထက်တော် သာဝကများမှ နှောင်း ခေတ်သာဝကအဆက်ဆက်သို့လည်းကောင်း၊ လက်ဆင့်ကမ်းသယ်ဆောင် လာသော သစ္စာတရားဒေသနာတော်သည် သို့မဟုတ် ဗောဓိဉာဏ်အလင်းတန်း သည် မည်သည့်အခါမျှ ပြတ်တောက်သွားသည်ဟူ၍ မရှိပေ။ လေးဆယ့်ငါး နှစ်မျှသော အချိန်ကာလအတွင်း ဓမ္မသဘင် သုံးရာ့ခြောက်ဆယ်ကျော်တို့၌ သကျမုနိဗုဒ္ဓဟောကြားတော်မူသော တရားဒေသနာတော်များသည် တစ်မျိုးတစ်စားတည်းမဟုတ်ပေ။ သို့သော်လည်း အမျိုးမျိုးအပြားပြားသော ဝတ္ထုကြောင်းများ၊ ဥပမာဥပမေယျများ၊ ပုစ္ဆာဝိသဇ္ဇနာများ၊ နေယျတ္ထနည်းများ၊ သင်္ခေပကို ဝိတ္ထာရပြုခြင်းများ၊ ဝိတ္ထာရကို သင်္ခေပပြုခြင်းများသည် သကျမုနိ

http://www.linhtet.com



ဗောဓိဉာဏ်အလင်းရရှိစဉ်က ပေါ်ပေါက်လာသော မူဝါဒကို ကျော်လွန်မသွားပေ။

'ငါ' နှင့် 'အစုအပေါင်း'သည် တစ်ခုတည်းလည်းမဟုတ်ပေ။ နှစ်ခုလည်းမဟုတ်ပေ။ သင်၏ အရေ၊ အသား၊ အရိုး၊ ခြင်ဆီတို့သည် အားလုံး 'အစုအပေါင်း'ဖြစ်သည်။ အိမ်ထဲက အိမ်ရှင်သည် 'ငါ'ဖြစ်သည်။ 'ငါ'တွင် အရေလည်း မရှိပေ။ အသားလည်း မရှိပေ။ အရိုးလည်း မရှိပေ။ ခြင်ဆီလည်း မရှိပေ။ 'ငါ'တွင် ဩဠာရိကဖြစ်သော၊ အထည်ဒြပ်ရှိသော ရုပ်ပိုင်းဆိုင်ရာ ဓာတ်သဘောလည်း မရှိပေ။ သုခမဖြစ်သောစိတ်ပိုင်းဆိုင်ရာ ဓာတ်သဘောလည်း မရှိပေ။ အဆုံးစွန်စကားပြောရမည်ဆိုလျှင်...

'အကယ်၍ သင်သည် တဲအတွင်းက အမတပုဂ္ဂိုလ်ကို၊ မသေသောပုဂ္ဂိုလ်ကို သိလိုသည်ဆိုလျှင် ယင်းသားရေ (အရေ) အိတ်မှတစ်ပါး အခြားမည်သည့်အရာ ဖြစ်နိုင်ဦးမည်နည်း'

ထို့ကြောင့် ပထဝီမြေပြင်ပေါ်၌ ရှိနေသူများကို သင်နှင့်မတူ ကွဲပြားခြားနားသူများဖြစ်သည်ဟု မထင်မှတ်သင့်ပေ။

ယင်းသို့အားဖြင့် ဘက်စုံလေ့လာပြီးလျှင်၊ နည်းမျိုးစုံဖြင့် ထွင်းဖောက်ဝင်ရောက်ပြီးလျှင် သကျမုနိဗုဒ္ဓ၏ ဗောဓိဉာဏ်အလင်းနှင့် သာဝကအဆက်ဆက်တို့၏ ဗောဓိဉာဏ်အလင်းကို သဘောပေါက်အောင် လေ့လာသင့်သည်။ ထို့ကြောင့် သင်တို့အားလုံး သကျမုနိဗုဒ္ဓနှင့် သာဝကအဆက်ဆက်တို့၏ အကြောင်းကို တစ်ဆင့်ရှင်းလင်းပြောပြနိုင်ရန်အတွက် အသေးစိတ်လေ့လာကြရမည်။ သင်တို့၏ ရှင်းလင်းပြောပြချက်သည် သင်တို့၏နှလုံးသည်းပွတ်ထဲက စိမ့်ယိုစီးဆင်းလာသော ရှင်းလင်းပြောပြချက်ဖြစ်ဖို့ လိုအပ်သည်။ သူတစ်ပါးတို့၏စကားကို ချေးငှားပြီး ရှင်းလင်းပြောပြခြင်းမျိုး မဖြစ်သင့်ပေ။

❒ ❒ ❒

# ရှင်မဟာသာရိပုတြာ

နောက်ပိုင်း၌ သကျမုနိဗုဒ္ဓအဖြစ် ပွင့်ထွန်းဖြစ်ပေါ်တော်မူလာမည့် ဘုရင့်သားတော် သိဒ္ဓတ္ထမင်းသား သစ္စာတရားတော်ရှာမှီးရန် လောကီ လူ့ဘောင်က ခွာရှောင်ထွက်သွားသော အချိန်၌ ဇမ္ဗူဒိပ်ကျွန်းသည် နိုင်ငံ ရေးရာအရလည်းကောင်း၊ ဒဿနရေးရာအရလည်းကောင်း မငြိမ်မသက် ယောက်ယက်ခတ်နေသည်။ ပြည်နယ်သစ် သို့မဟုတ် တိုင်းအသစ်များ တစ်တိုင်းပြီးတစ်တိုင်း ဖြစ်ထွန်းပေါ်ပေါက်လာပြီးလျှင် 'သောဠသရဋ္ဌ'ခေါ် တိုင်းကြီးဆယ့်ခြောက်တိုင်းတို့သည် တစ်တိုင်းနှင့်တစ်တိုင်း အပြိုင်အဆိုင် ဖြစ်နေကြသည်။

ရှိရင်းစွဲ ဗြာဟ္မဏအယူဝါဒသည် 'စေတောဝိမုတ္တိ'ခေါ် စိတ်ပိုင်း ဆိုင်ရာ လွတ်မြောက်ငြိမ်းချမ်းမှုကို မပေးစွမ်းနိုင်ဟူ၍ လူပေါင်းများစွာတို့သည် တွေးတောကြံဆလာကြသည်။ ထို့ကြောင့် တရားဓမ္မလမ်းအသစ်အမျိုးမျိုးကို ဖြန့်ဖြူးဟောကြားသူများ ပေါ်ပေါက်လာကြသည်။ အရေအတွက်များပြား သော ပြည်သူပြည်သားတို့ကလည်း 'စေတောဝိမုတ္တိ'ခေါ် စိတ်ပိုင်းဆိုင်ရာ လွတ်မြောက်ငြိမ်းချမ်းမှုကို ညွှန်ကြားပြောပြမည့် ဂုရုတစ်ပါးထွန်းကား ပေါ်ပေါက်လာမည့် အချိန်ကာလကို စောင့်စားမျှော်လင့်နေကြသည်။ ပုဂ္ဂိုလ် အတော်များများသည် ယင်းကဲ့သို့ ပြည်သူအများ မျှော်လင့်တောင့်တနေကြ သော ဂုရုတစ်ပါးဖြစ်လာရန်အတွက် ကြိုးပမ်းအားထုတ်နေကြသည်။

http://www.linhtet.com



ယင်းရည်မှန်းချက်မျိုးကို ရင်ဝယ်ပိုက်လျက် ပေါ်ပေါက်လာကြသော ဒဿနပညာရှင် ဓမ္မခေါင်းဆောင်ခြောက်ဦးတို့သည် ထိုအချိန်က ဇမ္ဗူဒိပ်ကျွန်း၏ အကြီးမားဆုံးတိုင်းကြီးတစ်တိုင်းဖြစ်သော မဂဓတိုင်း၏မြို့တော် ရာဇဂြိုဟ်သို့ ချဉ်းကပ်ရောက်ရှိလာကြသည်။ ယင်း ဆရာဂုရုခြောက်ပါးသည် လွတ်လွတ်လပ်လပ် တွေးခေါ်စဉ်းစားကြသူများ ဖြစ်ကြသည်။

ယင်း ဆရာဂုရုခြောက်ပါးထဲက တစ်ပါးသည် 'နတ္ထိက'ဝါဒီ ဖြစ်ပြီး ပုဂ္ဂလိကလွတ်မြောက်ငြိမ်းချမ်းမှုအတွက် ဘဝတစ်ပါးရှိသည်ဟူသော အယူဝါဒကိုလည်းကောင်း၊ အကြောင်းနှင့်အကျိုး သို့မဟုတ် ဟေတုနှင့်ဖလ အယူဝါဒကိုလည်းကောင်း စွန့်ပယ်ဖို့လိုအပ်သည်ဟူ၍ ထင်မြင်ယူဆထားသူ ဖြစ်သည်။ အကြောင်းမူကား ယင်းအရာများသည် ထင်ရှားရှိသည်ဟူ၍ လည်းကောင်း၊ ထင်ရှားမရှိဟူ၍လည်းကောင်း ထုတ်ဖော်ပြောပြ၍ မရနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ သဉ္စယသည် ထိုခေတ်၊ ထိုအချိန်ကာလက ရှေ့တန်းအတွေးအခေါ်ပညာရှင်ကြီးတစ်ဦးဖြစ်သောကြောင့် နောက်လိုက်တပည့်ကြီးနှစ်ရာ့ငါးဆယ်နှင့်အတူတကွ တင့်တင့်တယ်တယ်၊ ထည်ထည် ဝါဝါနေထိုင်လျက်ရှိသည်။

သို့ရာတွင် ရုတ်တရက် လုံးဝမျှော်လင့်မထားသော အဖြစ်အပျက် တစ်ခု ဖြစ်ပျက်ပေါ်ပေါက်လာသည်။ အခြားတပည့်တပန်းအားလုံးအား ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးအပ်ထားသော သဉ္စယ၏ တပည့်ကြီးများထဲက သာရိပုတြာနှင့်မောဂ္ဂလ္လာန်တို့သည် အခြားနောက်လိုက်တပည့်များနှင့် အတူတကွ သူတို့၏ဆရာဂုရုထံမှ ခွဲခွာလာခဲ့ကြပြီးလျှင် အခြားဆရာဂုရု တစ်ပါးထံ ချဉ်းကပ်ရောက်ရှိသွားကြသည်။

ယင်းအပြုအမူသည် ယခုပြောပြမည့် အဖြစ်အပျက်၏ အကျိုးဆက် ကြောင့် ဖြစ်သည်။

တစ်နေ့သောနံနက်ခင်းအချိန်၌ သာရိပုတြာသည် ရာဇဂြိုဟ် မြို့ရှိ လမ်းကြီးလမ်းငယ်များ၌ လျှောက်သွားနေစဉ် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးနှင့် ပက်ပင်းသွားတိုးသည်။ သပိတ်ကိုကိုင်စွဲလျက် စက္ခုဖြေချပြီးလျှင်

http://www.linhtet.com



ဣန္ဒြေရစွာကြွသွားသောရဟန်းကို ဖူးတွေ့ရသောကြောင့် သာရိပုတြာသည် ထိုရဟန်းအား အကြီးအကျယ် လေးစားကြည်ညိုသွားသည်။

သာရိပုတြာက စဉ်းစားကြည့်သည်။

'ဤရဟန်းသည် သူကိုယ်တိုင် သစ္စာတရားတော်ကို တွေ့မြင်သိရှိသူလည်း ဖြစ်ရမည်။ သို့တည်းမဟုတ် သူ၏ ဆရာဂုရုသည် သစ္စာတရားတော်ကို အပြည့်အဝသိမြင်ထားသော ပုဂ္ဂိုလ်လျှင်လည်း ဖြစ်ရမည်'

ယင်းကဲ့သို့ တွေးတောကြံဆပြီးလျှင် သာရိပုတြာသည် ဖွင့်ဟမေးမြန်းလိုသော သူ၏ဆန္ဒကို မျိုသိပ်ထားပြီး မေးမြန်းလျှောက်ထားခြင်း မပြုဘဲ ရဟန်း၏နောက်သို့ လိုက်သွားသည်။

ရဟန်းသည် ဆွမ်းခံကိစ္စ အပြီးသတ်ပြီးလျှင် ဆွမ်းဘုဉ်းပေးတော်မူသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ရဟန်းအား သာရိပုတြာက ရိုသေမြတ်နိုးစွာ ရှိခိုးဦးတင်လျက် လျှောက်ထားလိုက်သည်။

'အရှင်၊ အရှင်၏ ပုံပန်းသဏ္ဌာန်သည် အမှန်တကယ်ပင် ကြည်ညိုဖွယ်အသွင် ဆောင်နေပါ၏။ အရှင်သည် မည်သည့်ပုဂ္ဂိုလ် ဖြစ်ပါသနည်း။ အရှင်၏ဆရာဂုရုသည် မည်သည့် ပုဂ္ဂိုလ်ဖြစ်ပါသနည်း'

ရဟန်းက ပြန်လည်ပြောကြားသည်။

'ငါသည် သကျတိုင်းမှ ကြွ ရောက်တော်မူလာသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်၏ တပည့်သားအဖြစ် ခံယူရန်အတွက် လောကီလူ့ဘောင်ကို စွန့်ခွာလာခဲ့သူဖြစ်၏။ ငါ့ကို အဿဇိဟု ခေါ်ကြ၏'

သာရိပုတြာက မေးလိုက်ပြန်သည်။

'သကျသာကီဝင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်သည် မည်ကဲ့သို့သော တရားဒေသနာတော်မျိုး ဖြစ်ပါသနည်း'

'ငါရဟန်းဖြစ်သည်မှာ အချိန်မကြာလှသေး၍ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ တရားဒေသနာတော်ကို ခရေစေ့တွင်းကျ ပြောပြနိုင်သည့် အခြေအနေ မရှိသေးပါ'

'အဓိကအချက်ကို သိရလျှင် တော်ပါပြီ၊ သင်ရဟန်း၏ ဆရာဂုရုသည် မည်ကဲ့သို့သော တရားဒေသနာမျိုးကို ဟောကြားတော်မူပါသနည်း'

http://www.linhtet.com



အသဿဇိက ပြန်လည်ပြောကြားသည်။

'အရာဝတ္ထုမှန်သမျှ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာ၏။ ဗုဒ္ဓသည် အကြောင်းတရားနှင့် ယင်းအကြောင်းတရား ချုပ်ငြိမ်းသောနည်းလမ်းကို ဟောပြတော်မူ၏။ ယင်းသည် ဗုဒ္ဓ၏တရားဒေသနာတော် ဖြစ်၏'

အကျဉ်းသခ်ေပတရားတော်ကို ကြားနာလိုက်ရသည်နှင့်တစ်ပြိုင်နက် နောင်သောအခါ၌ သကျမုနိဂေါတမဗုဒ္ဓ၏ တပည့်သာဝကအားလုံးထဲတွင် ပညာအရာ၌ ဧတဒဂ်ရတော်မူသော ဓမ္မသေနာပတိ အဂ္ဂသာဝက ဖြစ်လာတော်မူမည့် သာရိပုတြာသည် ပရမတ္ထသစ္စာနှင့် အမြိုက်နိဗ္ဗာန်သို့ သွားရာသွားကြောင်း၊ ရောက်ရာရောက်ကြောင်းလမ်းကို တွေ့မြင်သိရှိသွားသည်။ အချိန်ကာလကြာမြင့်စွာကစပြီး မိမိရှာမှီးလာခဲ့သော တရားဒေသနာသည် ဤတရားဒေသနာပင် ဖြစ်ပါကလားဟူ၍လည်းကောင်း၊ မိမိ မျှော်မှန်းတမ်းတလာခဲ့သော ဆရာဂုရုသည် ယခု ပေါ်ထွန်းလာပြီဟူ၍လည်းကောင်း သာရိပုတြာသည် ပြတ်ပြတ်သားသား နားလည်သဘောပေါက်သွားသည်။

ရာဇဂြိုဟ်မြို့နှင့်မဝေးသော နာဋကရွာရှိ ဗြာဟ္မဏမိသားစု၌ မွေးဖွားလာသော သာရိပုတြာသည် ကလေးအရွယ်၊ သူငယ်ဘဝကစ၍ သူမတူအောင် ထူးခြားသော ဉာဏ်စွမ်းဉာဏ်စကို ပြလာခဲ့သည်။ အစပထမ၌ ဗြာဟ္မဏဝါဒနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် တတ်ကျွမ်းနားလည်သော သူ၏ဖခင်ထံတွင် ပညာစတင်သင်ကြားပြီး ဝေဒကျမ်းဂန် ရွတ်ဖတ်သရဇ္ဈာယ်နည်းကို လေ့လာဆည်းပူးသည်။ ရှစ်နှစ်သားအရွယ်၌ သာရိပုတြာသည် ဆရာဂုရုတစ်ဦးထံ၌ သင်ရိုးကျမ်းစာများကို သင်ကြားဆည်းပူးသည်။ အသက်ဆယ့်ခြောက်နှစ်အရွယ်၌ သာရိပုတြာ၏ ဂုဏ်သတင်းသည် ရွာနီးချုပ်စပ်တစ်ခွင်၌ ပျံ့နှံ့ကျော်ကြားသွားသည်။

နာဋကရွာနှင့် မနီးမဝေးရွာတစ်ရွာဖြစ်သည့် ကောလိတရွာ၌ မောဂ္ဂလ္လာနမွေးဖွားသည်။ မောဂ္ဂလ္လာနနှင့်သာရိပုတြာတို့သည် အမြတ်ဆုံး၊ အမြင့်ဆုံး ရဟန္တာပုဂ္ဂိုလ် နှစ်ပါး၊ ဗုဒ္ဓ၏ အဂ္ဂသာဝက ဖြစ်လာမည့်သူများ ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့နှစ်ဦးသည် အိမ်နီးနားချင်း ရွာနှစ်ရွာ၌

http://www.linhtet.com



မွေးဖွားလာကြပြီး ကလေးအရွယ် သူငယ်ဘဝကပင်စတင်၍ သူငယ်ချင်းများ ဖြစ်လာကြသည်။ ထို့ကြောင့် သူတို့နှစ်ဦး၏ဘဝကို ဖော်ပြရာ၌ ဘဝနှစ်ခုကို ဒွန်တွဲ၍မဖော်ပြဘဲ မဖြစ်ပေ။

မောဂ္ဂလ္လာနသည်လည်း ထူးထူးခြားခြား ဉာဏ်စွမ်းဉာဏ်စရှိသူ သူငယ်တစ်ဦးဖြစ်သည်။ မောဂ္ဂလ္လာနနှင့်သာရိပုတြာသည် ခင်မင်ရင်းနှီးသော သူငယ်ချင်းများဖြစ်လာကြ၍ ဓမ္မအလင်း (ဗောဓိဉာဏ်အလင်း) ရှိရာသို့ သွားရာသွားကြောင်း၊ ရောက်ရာရောက်ကြောင်းလမ်းကိုလည်း အတူတကွ ရှာမှီးကြသည်။ တရားဓမ္မဘဝအတွက် လောကီလူ့ဘောင်ကို စွန့်ခွာချိန် ရောက်ရှိလာသောအခါ၌လည်း သူတို့နှစ်ဦးသည် တက်ညီလက်ညီပင် ဖြစ်ကြသည်။

သာရိပုတြာနှင့်မောဂ္ဂလ္လာနတို့သည် ရာဇဂြိုဟ်မြို့၌ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်သော တောင်ထိပ်ပွဲသဘင်တစ်ခုတွင် ကချေသည်များ၏ အကကို ကြည့်ရှုရန် ပွဲကြည့်ပရိသတ်ပေါင်းများစွာထဲတွင် ပါဝင်ပေါင်းဆုံကြသည်။ တောင်ထိပ်ပွဲသဘင်၌ ပွဲကြည့်နေရင်းက သာရိပုတြာသည် ထုတ်ဖော်ပြောပြခြင်းငှာ မစွမ်းနိုင်သော သတိသံဝေဂတရား ဖြစ်ပွားပေါ်ပေါက်လာသည်။

သာရိပုတြာက သူ၏အဖော် မောဂ္ဂလ္လာနအား ပြောပြသည်။

'ဤ အပျော်ကျူးကြသူအားလုံးသည် ဤကမ္ဘာလောက၌ မိမိတို့၏ဘဝကို နိဂုံးမချုပ်ကြဘဲ မနေကြရပေ။ ယခု ကာမဂုဏ်အာရုံလိုက်စားပြီး အပျော်ကျူး နေကြသူများသာမက ကျွန်ုပ်လည်း အလားတူကံကြမ္မာမျိုးနှင့် ရင်မဆိုင်ဘဲ နေရလိမ့်မည်မဟုတ်ပေ။ မရဏတရားသည် မချွတ်ရောက်လာမည်ဖြစ်၍ ယခုကဲ့သို့ အချိန်ကို အချည်းနှီး အလဟဿဖြုန်းနေခြင်းသည် သင့်လျော်ပါမည်လော'

ယင်းသို့ပြောဆိုပြီးလျှင် သာရိပုတြာသည် လောကီလူ့ဘောင်ကို စွန့်ခွာလျက် အရာဝတ္ထုအားလုံး၏နိဂုံးဖြစ်သော မရဏတရားကို ပြုလုပ်ဖန်တီးသည့်ကံကြမ္မာမှ လွတ်ရာလွတ်ကြောင်း ထွက်ပေါက်လမ်းကို ရှာမှီးရန် ဆုံးဖြတ်ချက်ချလိုက်သည်။ သူ၏သူငယ်ချင်း မောဂ္ဂလ္လာနကလည်း အလားတူပင် ဆုံးဖြတ်လိုက်သည်။

http://www.linhtet.com



မိမိတို့၏မိဘများထံ ခွင့်ပန်ပြီးလျှင် သာရိပုတြာနှင့်မောဂ္ဂလ္လာနတို့သည် လောကီလူ့ဘောင်ကိုစွန့်ခွာလျက် ရာဇဂြိုဟ်မြို့၌ တရားသစ်ကို ဟောကြားဖြန့်ဖြူးနေသော ဆရာဂုရုအမျိုးမျိုးထံ ရောက်ရှိသွားကြသည်။ သဥ္စယသည် တပည့်ခံဖို့အတွက် သူတို့ရွေးချယ်သော ဆရာဂုရုတစ်ဦး ဖြစ်သည်။

သူတို့၏ ထူးခြားသောဉာဏ်စွမ်းဉာဏ်စနှင့် ပညာအရည်အချင်းတို့ကြောင့် သာရိပုတြာနှင့်မောဂ္ဂလ္လာနသည် မကြာမီအတောအတွင်း၌ပင် သဥ္စယ၏တပည့်တပန်းများထဲတွင် ပဓာနတပည့်ကြီးများ ဖြစ်လာကြသည်။ သို့ရာတွင် သဥ္စယသင်ပြပေးသော ပညာရပ်အမျိုးမျိုးနှင့်ပတ်သက်ပြီး ဆရာတစ်ဆူဖြစ်မြောက်အောင် သိမြင်ကျွမ်းကျင်သူ ဖြစ်လာကြသော်လည်း သာရိပုတြာနှင့်မောဂ္ဂလ္လာနသည် စစ်မှန်သောဓမ္မအမြင်ကို မရရှိသေးသောကြောင့် မိမိတို့အား ပန်းတိုင်သို့ခေါ်ဆောင်သွားနိုင်မည့် ဆရာဂုရုတစ်ပါးကို ဆက်လက်ရှာမှီးကြသည်။ အမှန်တရားကို ရှာမှီးလိုသော သူတို့၏ ထက်သန်အားကောင်းသော အလိုဆန္ဒကြောင့်ပင် ဖြစ်ပေလိမ့်မည်။ အဿဇိမထေရ်နှင့် တွေ့ဆုံကြုံကြိုက်ဖို့ အခွင့်အလမ်း ပေါ်ပေါက်လာသည်။

မိမိတို့ တွေ့လိုသည့် အာသာဆန္ဒ ထက်သန်ပြင်းပြနေသော ဆရာဂုရုတစ်ပါးကို တွေ့မြင်လာသည့်အတွက် ဝမ်းသာအားရဖြစ်နေသော သာရိပုတြာကို မြင်ရသောအခါ မောဂ္ဂလ္လာနသည် 'ငါ၏သူငယ်ချင်းမိတ်ဆွေ သာရိပုတြာတစ်ယောက် ဝိမုတ္တိအစစ်အမှန်သို့ သွားရာသွားကြောင်း၊ ရောက်ရာရောက်ကြောင်းလမ်းကို တွေ့လာခဲ့ပြီ' ဟူ၍ နားလည်သဘောပေါက်သွားသည်။ မိတ်ဆွေသူငယ်ချင်း နှစ်ဦးနှစ်ယောက်သည် ရှေးမဆွကပင် 'တစ်ဦးတစ်ယောက်က ဓမ္မအမြင်သို့ ဆောင်ကြဉ်းသွားမည့် တရားဒေသနာ တစ်ခုခုကို တွေ့မြင်သိရှိပါက ကျန်တစ်ဦးအား မျှဝေရမည်' ဟူ၍ ကတိစကား ပြောကြားထားကြသည်။ ယင်းကတိစကားကို ထောက်ထားသည့်အနေဖြင့် သာရိပုတြာသည် မဆိုင်းမတွပင် မိမိကြားသိခဲ့ရသည့် အကြောင်းအရာကို မောဂ္ဂလ္လာနအား အသိပေးလိုက်သည်။ သူငယ်ချင်းမိတ်ဆွေနှစ်ဦးတို့သည် သကျမုနိအား

http://www.linhtet.com



ကိုးကွယ်ဆည်းကပ်ရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။ သဥ္စယ၏ နှစ်ရာ့ငါးဆယ် အရေအတွက်ရှိသော အခြားတပည့်များအား သာရိပုတြာနှင့် မောဂ္ဂလ္လာနတို့က သူတို့၏ဆုံးဖြတ်ချက်ကို ပြောပြလိုက်သောအခါ ယင်းတပည့်များကလည်း သကျမုနိထံ လိုက်ပါလိုသောဆန္ဒကို ထုတ်ဖော်ပြောပြကြသည်။

သာရိပုတြာနှင့်မောဂ္ဂလ္လာနတို့သည် သဥ္စယ၏ အခြားတပည့်များနှင့် အတူ ရာဇဂြိုဟ်မြို့အပြင်ဘက် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော သကျမုနိထံသွားကြသောအခါ သကျမုနိက 'ဤ သူငယ်ချင်းမိတ်ဆွေ နှစ်ဦးသည် ငါ၏တပည့်သာဝကများထဲတွင် အဂ္ဂသာဝက၊ အမြင့်ဆုံး အမြတ်ဆုံး တပည့်နှစ်ပါး ဖြစ်လာကြလိမ့်မည်' ဟူ၍ မိန့်တော်မူသည်။

ယင်းအဖြစ်အပျက်သည် သကျမုနိ သစ္စာလေးပါးတရား သိမြင်ပြီး သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူပြီးသည့်နှစ်၊ သာရိပုတြာ အသက်နှစ်ဆယ့်ခုနစ်နှစ်၊ နှစ်ဆယ့်ရှစ်နှစ်အရွယ်၌ ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်ဖြစ်သည်။

သူ၏ ထက်မြက်သောဉာဏ်စွမ်းဉာဏ်စနှင့် ပညာအရည်အချင်းကြောင့် သကျမုနိထံ ဆည်းကပ်ပြီးနောက် များမကြာမီအချိန်၌ပင် သာရိပုတြာသည် ဗုဒ္ဓ၏တရားဒေသနာတော်ဖြစ်သော ပဋိစ္စသမုပ္ပာဒ်၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးတရားတော်များနှင့်ပတ်သက်၍ ဆရာတစ်ဆူဖြစ်လာအောင် ပိုင်ပိုင်နိုင်နိုင် သိမြင်သဘောပေါက်လာပြီးလျှင် အရဟတ္တဖိုလ်အဆင့် ရောက်ရှိသွားတော်မူသည်။ ထို့မျှသာမက ရှင်သာရိပုတြာသည် သကျမုနိဟောကြားသောတရားဒေသနာတော်၏ အနှစ်သာရကိုလည်း အခြားပုဂ္ဂိုလ်များအား ဟောကြားနိုင်စွမ်းရှိသော ပုဂ္ဂိုလ်ဖြစ်လာသည်။

တစ်နေ့သောအချိန်အခါ၌ ဒဿနပညာရှင် နာဋ္ဌကထံ ရောက်ရှိသွားသောအခါ နာဋ္ဌကက ရှင်သာရိပုတြာအား နိဗ္ဗာန်နှင့်ပတ်သက်၍ ရှင်းလင်းပြောပြရန် တောင်းပန်လျှောက်ထားသည်။ ထိုအခါ ရှင်သာရိပုတြာက 'နိဗ္ဗာန်သည် လောဘ၊ ဒေါသ၊ မောဟတရားတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ ဖြစ်၏'ဟု ပြန်လည်မိန့်ကြားတော်မူသည်။

ဒဿနပညာရှင် နာဋ္ဌကက 'နိဗ္ဗာန် မည်သို့မည်ပုံ ရရှိနိုင်ပါသနည်း'

http://www.linhtet.com



ဟု မေးပြန်သောအခါ ရှင်သာရိပုတြာက ဤသို့မိန့်ကြားတော်မူသည်။ 'ငါတို့၏ ဆရာအရှင်မြတ် သမ္မာသမ္ဗုဒ္ဓ ဟောကြားတော်မူသော မဂ္ဂင်ရှစ်ပါးတရားတော်မြတ်သည် နိဗ္ဗာန်ကို ရရှိရာလမ်းကြောင်း နည်းလမ်းဖြစ်၏'

ယင်းကဲ့သို့ ရှင်သာရိပုတြာ တရားဓမ္မဟောကြားသည်ကို တွေ့မြင်သိရှိတော်မူသော သကျမုနိသည် တပည့်များအား ဤသို့မိန့်ကြားတော်မူသည်။

'အကယ်၍ သင်တို့သည် လောကီလူ့ဘောင်က ခွာရှောင်လာပြီး ဓမ္မလမ်းစဉ်ကို သင်ကြားလေ့လာမည်ဆိုလျှင် သာရိပုတြာနှင့်မောဂ္ဂလ္လာနတို့လို ဖြစ်ကြရလိမ့်မည်။ သူတို့ထံချဉ်းကပ်လျက် တရားဒေသနာ ညွှန်ကြားဟောပြရန် တိုက်တွန်းတောင်းပန်ကြရလိမ့်မည်'

ရှင်သာရိပုတြာသည် မြတ်စွာဘုရား၏ တပည့်သာဝကများထဲက အမြင့်ဆုံး၊ အမြတ်ဆုံး အဂ္ဂသာဝက အဖြစ်လည်းကောင်း၊ စံပြဝိနယဂရုက အဖြစ်လည်းကောင်း အသိအမှတ်ပြုထားခြင်း ခံရသော်လည်း၊ သကျမုနိကိုယ်တော်တိုင်က အခြားရဟန်းများအား တရားဒေသနာဟောကြားရန် တာဝန်လွှဲအပ်ထားခြင်းခံရသူဖြစ်သော်လည်း နိဝါတ နိမာနတရားဖြင့် ရိုရိုကျိုးကျိုးသာ နေတော်မူသည်။ အခြားရဟန်းသံဃာတော်များ ဆွမ်းခံကြွချိန်၌ ကျောင်းအရမ်တွင် ဝေယျာဝစ္စသေနာသနဝတ်ကို မချွတ်ဆောင်ရွက်နေသည် သာဖြစ်၏။ မဟာပညာရှင် ပညာဇောဒဂ်ပုဂ္ဂိုလ်ဖြစ်သော်လည်း အခြားပုဂ္ဂိုလ်များပေါ်တွင် အခါခပ်သိမ်း ကရုဏာတရားထားတော်မူသည်။

သူကြွယ်သုဒတ္တ(အနာထပဏ္ဍိက)သည် သကျမုနိ၏တရားဒေသနာတော်ကို နာယူပြီး သကျမုနိအား အကြည်ညိုပွားလျက် မြို့တော်၏အပြင်၊ တောင်ဘက်အစပ်၌ ဥယျာဉ်တစ်ခုကို သံဃာအားလှူဒါန်းသည့် အချိန်ကာလ မတိုင်ခင်က ကောသလတိုင်း၊ သာဝတ္ထိမြို့တော်၌ မည်သူတစ်ဦးတစ်ယောက်မျှ သကျမုနိဂေါတမဗုဒ္ဓအား ကြည်ညိုကိုးကွယ်သူ မရှိသေးပေ။ အခြားဘာသာအယူဝါဒသမား၏ နယ်မြေဒေသ၌ ကျောင်းအရမ်တစ်ဆောင်ကြီးမျှ ဆောက်လုပ်ရသည့် မလွယ်ကူသော တာဝန်လွှဲအပ်ခြင်းခံရသော ရှင်သာရိပုတြာသည် သကျမုနိမြတ်စွာဘုရားနှင့် တပည့်သံဃာတော်အရှင်မြတ်များ ကြွလာတော်

http://www.linhtet.com



မူသည့်အခါ သီတင်းသုံးနေထိုင်ရန် ဇေတဝန်ကျောင်းတော်ကို ကြီးမှူး ဆောက်လုပ်တော်မူသည်။

ဇေတဝန်ကျောင်းတော်၌ သကျမုနိမြတ်စွာဘုရား ဟောကြားတော်မူသော တရားဒေသနာတော်ကို နာကြားပြီးသောအခါ ရှင်သာရိပုတြာသည် သူအရင်က အသိအကျွမ်းဖြစ်ခဲ့ဖူးသည့် ပရိဗိုဇ်တစ်ပါးနှင့်တွေ့သည်။ ထို ပရိဗိုဇ်က ရှင်သာရိပုတြာအား 'ဘယ်က ကြွလာသနည်း'ဟု မေးသည်ဖြစ်၍ ရှင်သာရိပုတြာက 'သကျမုနိမြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြား လာပါသည်'ဟု ပြန်လည်ဖြေကြားလိုက်သည်။

ပရိဗိုဇ်ကပြုံးပြီး

'အရှင်ဘုရား ယခုထက်ထိ ဆရာဂုရုအပေါ် မှီခိုနေတုန်းပဲ ရှိသေး သလား၊ တပည့်တော်ကတော့ ဆရာဂုရုနှင့် အဆက်အသွယ် ဖြတ်တောက် လိုက်တာကြာပြီ၊ ကိုယ့်နည်းကိုယ့်လမ်းကိုပဲ ရှာနေတယ်' ဟု ပြောသည်။

ထိုအခါ ရှင်သာရိပုတြာက ပြန်လည်အမိန့်ရှိသည်။

'နွားပေါက်ကလေးသည် သူ့အမေ နွားမပိန်တာ၏နို့ကို အနည်းငယ် မျှသာစို့ပြီးနောက် ထပ်မစို့တော့ပေ။ ထိုနည်းအတိုင်းပင် သင်၏ဆရာသည် ဓမ္မအမြင်အစစ်အမှန်ကို မရရှိသေး၍ သူ့ထံမှ သင်ခွဲခွာလာခဲ့ခြင်း ဖြစ်၏။ ကျန်းမာသန်စွမ်းပြီး အားအင်ပြည့်ဖြိုးသောနွားမအတွက် နို့မထွက်မှာ မပူရပေ။ ထိုနည်းအတိုင်းပင် ကျုပ်တို့ ဆရာအရှင်မြတ် သကျမုနိသည် သစ္စာတရားကို သိမြင်ပြီး ဓမ္မအမြင်၊ ဓမ္မအလင်း အစစ်အမှန်ရရှိတော်မူပြီးပြီဖြစ်၍ သူ၏ တရားဒေသနာတော်သည် ကုန်ခန်းသွားသည်ဟူ၍ မရှိပေ'

ရဟန်းသံဃာတော်အရှင်မြတ်များထဲတွင် စံပြပုဂ္ဂိုလ်တစ်ပါးဖြစ်တော်မူ၍ ရှင်သာရိပုတြာသည် သကျမုနိမြတ်စွာဘုရားအား ခြွင်းချက်မရှိ ကြည်ညို လေးစားတော်မူသည်။ ရှေးဟောင်းဆိုရိုးစကားအရ ရှင်သာရိပုတြာသည် သူ၏ဆရာအရှင်မြတ် သကျမုနိမြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီ သကျမုနိအား လျှောက်ထားတောင်းပန်ပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားတော်မူသည်။ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းခွင့်ပြုပါရန် ရှင်သာရိပုတြာက တောင်းပန်သောအခါ

http://www.linhtet.com



သကျမုနိမြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်အရွယ် ကျန်းကျန်းမာမာမရှိ တော့ပြီဖြစ်၍ မိမိပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းချိန် နီးကပ်လာပြီဆိုသည့် အကြောင်း ကို သိမြင်တော်မူသည်။

အစပထမတွင် သကျမုနိမြတ်စွာဘုရားသည် ရှင်သာရိပုတြာ လျှောက်ထားတောင်းပန်သည်ကို ပြန်လည်ဖြေကြားခြင်း ပြုတော်မမူပေ။ ရှင်သာရိပုတြာက ဒုတိယအကြိမ် လျှောက်ထားတောင်းပန်ပြန်သည်။ ဒုတိယ အကြိမ်၌လည်း ပြန်လည်ဖြေကြားခြင်း ပြုတော်မမူပေ။ တတိယအကြိမ် လျှောက်ထား တောင်းပန်သောအခါကျမှ ပြန်လည်ဖြေကြားတော်မူ၏။

'ငါ့ရှင်သာရိပုတြာ၊ သင် အဘယ့်ကြောင့် ယခုလောက် အလော တကြီး ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းဖို့ စိတ်စောနေရသနည်း'

ရှင်သာရိပုတြာက ပြန်လည်လျှောက်ထားသည်။

'ငါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းချိန် နီးကပ်လာပြီဟု အရှင်သူမြတ်ဘုရား အမိန့်ရှိတော်မူခဲ့၏၊ အရှင်သူမြတ်ဘုရား ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းခြင်းကို တပည့်တော် မျက်ဝါးထင်ထင်ရှုမြင်နိုင်စွမ်းမရှိပါ၊ ပွင့်တော်မူခဲ့ပြီးသော ဗုဒ္ဓ အားလုံးတို့၏ ပဓာနတပည့်သာဝကအားလုံးသည် သူတို့၏ ဆရာအရှင်သူမြတ် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းခြင်းမပြုမီ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားကြသည်ဟု သိရှိရပါ၏။ ထိုပုဂ္ဂိုလ်များကဲ့သို့ပင် တပည့်တော်အားလည်း အရှင်သူမြတ် ဘုရား ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းခြင်းမပြုမီ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းခွင့် ပေးသနားတော်မူပါ ဘုရား'

သကျမုနိမြတ်စွာဘုရားက ခွင့်ပြုတော်မူလိုက်သည်။

ရှင်သာရိပုတြာသည် သူ၏ဇာတိရပ်ရွာသို့ ပြန်ကြွသွားပြီးလျှင် သူ၏ မိဘအိမ်ဂေဟာ၌ သူနှင့်အတူပါလာသော သူ့တပည့်ရဟန်းတော်တစ်ပါးအား မိန့်တော်မူသည်။ 'သင်တို့အားလုံးနှင့် အတူတကွနေလာခဲ့သည်မှာ နှစ်ပေါင်း လေးဆယ်ထက် မနည်းတော့ပြီ။ သင်တို့တစ်ဦးဦးအား ပြစ်မှားမိခဲ့ပါက ငါ့ကို ခွင့်လွှတ်ကြစေချင်၏'

http://www.linhtet.com



ယင်းစကားသည် အဂ္ဂသာဝက၊ ဓမ္မသေနာပတိ၊ ရှင်မဟာသာရိပုတြာ၏ နောက်ဆုံးစကားဖြစ်သည်။ ထိုနေ့ ညနေချမ်းအချိန်၌ ရှင်သာရိပုတြာသည် အိပ်ရာထက်တွင် လျောင်းစက်နေရင်းက ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားတော်မူသည်။ ။

❒ ❒ ❒

http://www.linhtet.com

# ရှင်မဟာမောဂ္ဂလ္လာန်

ရှင်မဟာသာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့သည် သဥ္ဇယ၏ တပည့်နှစ်ရာ့ငါးဆယ်တို့ကို သကျမုနိဗုဒ္ဓထံတော်သို့ ဦးဆောင်ခေါ်ငင်သွား ကြသည်။ မောဂ္ဂလ္လာနနှင့်သာရိပုတြာတို့သည် 'သံဃာ'၏ ကျောက်စာတိုင် နှစ်တိုင်အဖြစ် အသိအမှတ်ပြုထားခြင်း ခံရသူများဖြစ်သည်။ သာရိပုတြာသည် ပညာအရာ၌ အမြင့်ဆုံး၊အမြတ်ဆုံး ဧတဒဂ်ရသူဖြစ်ပြီး မောဂ္ဂလ္လာနက တန်ခိုး ဣဒ္ဓိပါဒ်အရာ၌ အမြင့်ဆုံး၊အမြတ်ဆုံး ဧတဒဂ်ရသူ ဖြစ်သည်။ မောဂ္ဂလ္လာန၏ တန်ခိုးဣဒ္ဓိပါဒ်အရာ၌ အမြင့်ဆုံး၊ အမြတ်ဆုံး ဧတဒဂ်ရခြင်းနှင့်ပတ်သက်ပြီး ဖော်ပြထားသော ထင်ရှားသည့်အကြောင်းအရာတစ်ခုမှာ သူ၏မယ်တော်အား ဒုဂ္ဂတိဘဝဘုံမှ လွတ်မြောက်အောင် ထုတ်ဆယ်ကယ်တင်ခြင်းဖြစ်သည်။

ဇေတဝန်ကျောင်းတော်၌ သကျမုနိဗုဒ္ဓထံတော်တွင် ဘာဝနာတရား ကျင့်ကြံအားထုတ်သူဖြစ်၍ သဘာဝလွန် တန်ခိုးဣဒ္ဓိပါဒ် ရရှိတော်မူသော မောဂ္ဂလ္လာနသည် ကွယ်လွန်သူမယ်တော် မည်သည့်ဘုံဘဝရောက်ရှိနေသည်ကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ကြည့်ရှုပြီးလျှင် မယ်တော်အား သုဂတိဘုံဘဝ ပြန်လည် ရောက်ရှိလာအောင် ကြိုးစားအားထုတ်တော်မူသည်။ သူ၏မယ်တော် ငရဲဘုံ ရောက်ရှိနေသည်ကို တွေ့မြင်ရသည်ဖြစ်၍ မောဂ္ဂလ္လာနသည် တန်ခိုးဣဒ္ဓိပါဒ်ဖြင့်

http://www.linhtet.com



သူ့မယ်တော်အတွက် ခဲဖွယ်ဘောဇဉ်ကို ပေးပို့လိုက်သည်။ မယ်တော်ဖြစ်သူသည် အလွန်တရာ အားရဝမ်းသာဖြစ်သွားသည်။ သို့ရာတွင် သားတော်မောဂ္ဂလ္လာနပေးပို့လိုက်သော ခဲဖွယ်ဘောဇဉ်ကို ပါးစပ်ထဲထည့်လိုက်သောအခါ ခဲဖွယ်ဘောဇဉ်သည် မီးလျှံများအဖြစ် ပြောင်းလဲသွားသောကြောင့် အကြီးအကျယ် ဆင်းရဲဒုက္ခ ရောက်သွားရသည်။

မယ်တော်၏ဒုက္ခကို တွေ့မြင်ရသည်ဖြစ်၍ စိတ်မကောင်းဖြစ်သွားပြီးလျှင် မောဂ္ဂလ္လာနသည် သကျမုနိဗုဒ္ဓအား သူ၏မယ်တော်ကိုကယ်ရန် လျှောက်ထားတောင်းပန်သောအခါ သကျမုနိဗုဒ္ဓက ပြန်လည်ဖြေကြားတော်မူသည်။

'ငါ့ရှင်မောဂ္ဂလ္လာန၊ သင်တစ်ဦးတည်း၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သင့်မယ်တော်၏အပြစ် ပပျောက်သွားအောင် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပေ၊ ရဟန်းသံဃာများအား အလှူဒါနပြုပြီးလျှင် သင်၏မယ်တော်အတွက် မေတ္တာပို့ပေးရန် လျှောက်ထားတောင်းပန်ရမည်၊ ရဟန်းသံဃာတော်များ၏ ဆုတောင်းမေတ္တာသည် ငရဲခံနေရသော သင့်မယ်တော်အား ငရဲဘဝကလွတ်မြောက်သွားအောင် လုပ်ပေးပေလိမ့်မည်'

မောဂ္ဂလ္လာနသည် သကျမုနိ ညွှန်ကြားမိန့်မှာသည့်အတိုင်း ဆောင်ရွက်ပြီးလျှင် သံဃာတော်များအား အလှူဒါနပြုခြင်းအားဖြင့် ရရှိသောကုသိုလ်ကောင်းမှုအဖို့ဘာဂဖြင့် သူ၏မယ်တော်အား ငရဲဘဝမှ လွတ်မြောက်အောင် ပြုလုပ်တော်မူသည်။

ထိုခေတ်၊ ထိုအချိန်က မိမိတို့၏ဘဝကို တရားဓမ္မ၌ မြှုပ်နှံထားကြသူများသည် တရားအမြင်ရရှိရေးအတွက် ဘာဝနာတရားကို ကြိုးစားပြီးပွားများအားထုတ်ကြသည်။တရားအမြင်ရရှိပြီးရဟန္တာဖြစ်သွားကြသူများသည် ရိုးရိုးလူများမလုပ်နိုင်သော ထူးခြားဆန်းပြားသည့်အလုပ်များကို ပြုလုပ်နိုင်စွမ်းရှိကြသည်။ ရိုးရိုးလူများ မမြင်နိုင်သည့်အရာများကို မြင်နိုင်စွမ်းရှိကြသည်။ ရိုးရိုးလူများ မကြားနိုင်သောအရာများကို ကြားနိုင်စွမ်းရှိကြသည်။ ရိုးရိုးလူများ၏စိတ်အကြံကို သိနိုင်စွမ်းရှိကြသည်။ ရိုးရိုးလူများ၏ အတိတ်ဘဝက

http://www.linhtet.com



အကြောင်းအရာများကို သိနိုင်စွမ်းရှိကြသည်။ မိမိတို့ပြုလုပ်လိုသောအရာများကို လွတ်လပ်မှုအပြည့်အဝဖြင့် လုပ်ကိုင်နိုင်စွမ်းရှိကြသည်။

အပြင်အပ ဗဟိဒ္ဓကကြည့်လျှင် ထူးခြားဆန်းကြယ်အံ့သြဖွယ်များ ဖြစ်သည်ဟု ထင်ရသော်လည်း ယင်းတန်ခိုးဣဒ္ဓိပါဒ်များသည် တရားအကျင့်ကို နက်နက်နဲနဲ ကျင့်ကြံအားထုတ်ခြင်း၏ အကျိုးဆက်ကြောင့် အမှန်တကယ် ပင်ရရှိထားသော စွမ်းအင်များဖြစ်ကြသည်။

သာရိပုတြာသည် သူ၏ကြီးမားပြန့်ကျယ်သော ပညာဉာဏ်၏ စွမ်းအားကြောင့် အရာဝတ္ထုတစ်ခုကို အတွင်းနိုက်၍ တိုက်ရိုက်သိနိုင်သော စွမ်းအင်ရှိသည်။ မောဂ္ဂလ္လာနကမူ မနေမနား တရားကျင့်ကြံအားထုတ်မှုကြောင့် ထူးခြားသောတန်ခိုးဣဒ္ဓိပါဒ်ကို ရရှိထားသူဖြစ်သည်။ ပညာအရာ၌ ဧတဒဂ် ရတော်မူသော သာရိပုတြာနှင့် နှိုင်းယှဉ်ကြည့်လျှင် မောဂ္ဂလ္လာနသည် လက်တွေ့ကျသော ပုဂ္ဂိုလ်ဖြစ်သည်။ သူနှင့် ရှင်သာရိပုတြာတို့ သကျမုနိဗုဒ္ဓ၏ တပည့်သာဝကဖြစ်ပြီးသည့်နောက်တွင် သူ ဘာဝနာတရားပွားများကျင့်ကြံပုံမှာ ရင်သပ်ရှုမော အံ့သြဖွယ်ဖြစ်သည်ဟု ပြောဆိုကြသည်။

မောဂ္ဂလ္လာနဖွားမြင်သော ကောလိတရွာသည် ရာဇဂြိုဟ်အနီး၌ရှိပြီး သာရိပုတြာ၏ ဇာတိရွာနှင့် ဆက်စပ်လျက်ရှိသည်။ မောဂ္ဂလ္လာနနှင့် သာရိပုတြာတို့သည် ကလေးသူငယ်ဘဝကပင် သူငယ်ချင်းများဖြစ်လာကြပြီး တစ်ဦးနှင့် တစ်ဦး အလွန်တရာ ချစ်ခင်လေးစားမှုရှိကြသည်။

မောဂ္ဂလ္လာန၏မိဘသည် ဘိုးစဉ်ဘောင်ဆက်ကစပြီး ဘုရင့်ပုရောဟိတ် များဖြစ်လာကြလျက် သူတို့နေသောစံအိမ်သည် အချိုးအစားအရကြည့်လျှင် ရာဇဂြိုဟ်မြို့တော်၌ရှိသော နန်းတော်နှင့် နင်လားငါလားဖြစ်သည်ဟု ပြောဆို ကြသည်။

သာရိပုတြာနှင့် တိုင်ပင်ဆွေးနွေးပြီးလျှင် မောဂ္ဂလ္လာနသည် လူ့ဘောင် ကိုစွန့်ခွာပြီး ရသေ့ရဟန်းပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ အစပထမ တွင် မောဂ္ဂလ္လာန၏အကြံကို သူ၏မိဘများက ပြင်းပြင်းထန်ထန် ဆန့်ကျင် ကန့်ကွက်သည်။ ဂုဏ်သရေရှိမိသားစုမှ မွေးဖွားလာသော မောဂ္ဂလ္လာနသည်

http://www.linhtet.com



သူငယ်ဘဝကပင် ရှာနီးချုပ်စပ်၌ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်နေသော ကြောင့် သူ၏မိသားစုသည် သူ့ကို အကြီးအကျယ် မျှော်လင့်ထားကြသည်။ သို့ရာတွင်သူ၏မိဘနှစ်ပါးသည်သူတို့၏သားအကြောင်းကို ကောင်းကောင်း သိထားကြသူများဖြစ်၍ မောဂ္ဂလ္လာန၏ တစ်မူထူးခြားသော ဓွဲအဓိဋ္ဌာန်နှင့် ရင့်ကျက်သောအတွေးအခေါ်ကို မျက်နှာလွှဲ ခဲပစ်လုပ်နိုင်သည့် အခြေအနေ မရှိပေ။ မောဂ္ဂလ္လာနသည် တစ်စုံတစ်ခုဆုံးဖြတ်ချက်ချလျှင် သူ၏ဆုံးဖြတ်ချက် အတိုင်းအကောင်အထည်မဖော်ဘဲနေမည့်သူမဟုတ်ကြောင်းကိုလည်း နား လည်ထားသူများဖြစ်ကြသည်သူ၏မိဘနှစ်ပါးထံမှ ခွင့်ပြုချက်မရရအောင် ယူပြီးလျှင် နောက်ဆုံး၌ မောဂ္ဂလ္လာနသည် သာရိပုတြာနှင့်အတူ သဥ္စယပရိဗိုဇ် ထံတွင် တပည့်သွားခံကြသည်။

နောက်ပိုင်းတွင်ကား မောဂ္ဂလ္လာနနှင့် သာရိပုတြာတို့သည် သကျမုနိ ဗုဒ္ဓအား မိမိတို့၏ သတ္တာဆရာအရှင်မြတ်အဖြစ် ရွေးချယ်သတ်မှတ်ပြီးလျှင် သံဃာတောင်အတွင်း ဝင်ရောက်လာကြသည်။ မောဂ္ဂလ္လာနသည် ထိုအချိန်က သကျမုနိ သီတင်းသုံးနေတော်မူသော ရာဇဂြိုဟ်မြို့အပြင်ဘက်ရှိ ဝေဠုဝန် ကျောင်းတိုက်က ထွက်ခွာလာခဲ့ပြီးလျှင် မဝေးသောနေရာ၌ရှိသော ဂိဇ္ဈကုဋ် တောင်၏ လိုဏ်ဂူတစ်ခုထဲတွင် ဘာဝနာအလုပ်ကို ပြင်းပြင်းထန်ထန်ကြိုးစား အားထုတ်သည်။

ဘာဝနာပွားများအားထုတ်နေစဉ်အတွင်း မောဂ္ဂလ္လာနသည် အိပ် လည်းမအိပ်ပေ။ နားလည်းမနားပေ။ မိမိ၏ဘာဝနာအလုပ် ထင်တိုင်းမပေါက် သောကြောင့် မောဂ္ဂလ္လာနအားလျှော့သွားသောအခါ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော သကျမုနိသည် မောဂ္ဂလ္လာန၏ရှေ့တွင် ပေါ်လာ ပြီးလျှင် မောဂ္ဂလ္လာနအားဘာဝနာအလုပ်ကိုဆက်လက်ကြိုးစားအားထုတ်ရန် အားပေးအားမြှောက် ပြုလုပ်တော်မူသည်။

တစ်နေ့သောအခါ၌ မောဂ္ဂလ္လာနသည် ဘာဝနာပွားများအားထုတ်ရန် ရွာတစ်ရွာသို့ ကြွသွားသည်။ သို့ရာတွင် အလွန်တရာ အင်အားချည့်နဲ့နုံးခွေနေ သည်ဖြစ်၍ မကြာမီအိပ်ပျော်သွားသည်။ ထိုအခါ သကျမုနိသည် မောဂ္ဂလ္လာန ၏ ရှေ့တွင်ပေါ်လာပြီး ဤသို့မိန့်တော်မူ၏။

http://www.linhtet.com



'ငါ့ရှင် မောဂ္ဂလ္လာန၊ ငိုက်မြည်းခြင်းကို စွန့်လွှတ်လော့၊ ဓမ္မကို အာရုံပြုလော့၊ သူတစ်ပါးတို့အားလည်း ဓမ္မကိုဖြန့်ဖြူးပေးရန် မမေ့နှင့်၊ ဓမ္မဖြန့်ဖြူးသည့်အလုပ်ကို လုပ်သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဂရုပြုမနေသင့်ပေ'

ဗောဓိဉာဏ်အလင်းကို ရရှိလိုသော မောဂ္ဂလ္လာန၏ ထက်သန်သော အလိုဆန္ဒသည် မနီးမဝေး၌ သီတင်းသုံးနေတော်မူသော သကျမုနိထံရောက်ရှိသွားပြီးလျှင် သကျမုနိအား သူ၏တပည့်သာဝကရှေ့တွင် ရောက်လာစေရန် လှုံ့ဆော်သမှုပြုသည်။ မောဂ္ဂလ္လာန၏ဘာဝနာတရားက မောဂ္ဂလ္လာနအား ဗောဓိဉာဏ်အလင်းတန်းအတွင်း ပို့ဆောင်လိုက်သောအခါ မောဂ္ဂလ္လာနက ဤသို့မိန့်တော်မူသည်။

'မိမိဆရာအရှင်မြတ်၏ တရားဒေသနာနှင့် အားပေးအားမြှောက်ပြုမှုကြောင့် ကျွန်ုပ်ဗောဓိဉာဏ်အလင်းကို ရရှိပြီ၊ ထို့ကြောင့် ကျွန်ုပ်သည် ဆရာအရှင်မြတ်က မွေးဖွားသော သားရတနာဖြစ်သည်ဟု ဆိုနိုင်၏'

သကျမုနိအား အလွန်တရာလေးစားကြည်ညိုမှု ရှိသောကြောင့်သာလျှင် မောဂ္ဂလ္လာနသည် ဗောဓိဉာဏ်အလင်းရရှိရေးအတွက် ဘာဝနာပွားများအားထုတ်နေသောအချိန်၌ သကျမုနိ၏ ကြည်ညိုဖွယ်မျက်နှာတော်ကို ကြည့်မြင်၍ရနေပြီး အသံတော်ကို ကြား၍ရနေရခြင်း ဖြစ်ပေလိမ့်မည်။ ဗောဓိဉာဏ်အလင်း ရရှိရေးအတွက် တရားဘာဝနာ ကျင့်ကြံအားထုတ်ပြီးသည့်နောက်တွင်လည်း မည်ရွေ့မည်မျှ အဝေးသို့ရောက်ရှိနေစေကာမူ သကျမုနိနှင့် ဆက်သွယ်မှုပြုနိုင်သည့် အခြေအနေတွင်ရှိနေသည်။

တစ်ချိန်တွင် သကျမုနိသည် မောဂ္ဂလ္လာနနှင့်သာရိပုတြာကို ဝေဠုဝန်ကျောင်းတော်၌ထားခဲ့ပြီး ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူသည်။ တစ်နေ့သ၌ မောဂ္ဂလ္လာနသည် သာရိပုတြာအား သူ သကျမုနိနှင့် စကားပြောရသည်ဟု ပြောပြသောအခါ သာရိပုတြာက တအံ့တသြဖြစ်သွားပြီးလျှင်

'တောင်တွေ၊မြစ်တွေခြားထားသည့် ခရီးအလှမ်းဝေးလှသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော သကျမုနိနှင့် ဘယ်နည်းဘယ်ပုံ စကားပြောသနည်း' ဟု မေးသည်။ ထိုအခါ မောဂ္ဂလ္လာနက ဤသို့ပြန်ဖြေသည်။

http://www.linhtet.com



'သုံးလူ့ထွတ်ထား မြတ်စွာဘုရားအနီးသို့ရောက်သွားရန် တပည့်တော်၏ တန်ခိုးဣဒ္ဓိပါဒ်ကိုလည်း အသုံးမပြုပါ၊ သုံးလူ့ထွတ်ထား မြတ်စွာဘုရားကလည်း တပည့်တော်အနီးသို့ ကြွရောက်လာရန် သူ၏တန်ခိုး ဣဒ္ဓိပါဒ်ကို အသုံးမပြုပါ၊ တပည့်တော်၏အမြင်နှင့်အကြား တန်ခိုးဣဒ္ဓိပါဒ်ဖြင့် တပည့်တော် သကျမုနိကို လျှောက်ထားပြောပြခြင်းဖြစ်ပြီး သကျမုနိကလည်း တပည့်တော်အား အပ္ပမာဒတရားနှင့် မကွေမကွာနေထိုင်ဖို့ သတိပေးခြင်း ဖြစ်ပါ၏'

မောဂ္ဂလ္လာန၏စကားကို ကြားရသောအခါ သာရိပုတြာက ချီးကျူးစကားပြောသည်။

'ရှင်မောဂ္ဂလ္လာန၊ ဓမ္မအလင်းကိုရှာမှီးနေသည့် တပည့်တော်တို့အားလုံး အရှင်ဘုရားကို မလေးစားဘဲနေ၍ မဖြစ်ပါ၊ အရှင်ဘုရားနှင့် နီးနီးကပ်ကပ် မနေ၍လည်း မဖြစ်ပါ၊ အရှင်ဘုရားကဲ့သို့ ကျင့်ကြံအားထုတ်မှု မပြုလုပ်၍လည်း မဖြစ်ပါ၊ အရှင်ဘုရားသည် ဟိမဝန္တာနှင့် သဘောတူသည့် အတွက်ကြောင့် ဖြစ်ပါ၏'

မောဂ္ဂလ္လာနကလည်း အလားတူပင် သာရိပုတြာအား ချီးကျူးစကား ပြောကြားရန် ဦးလေးသူမဟုတ်ပေ။ တစ်ချိန်တွင် နိဗ္ဗာန်ရရှိရေးအတွက် လမ်းကြောင်းလေးမျိုးနှင့်ပတ်သက်၍ သာရိပုတြာ ပိုင်နိုင်စွာဟောပြောညွှန်ပြသည့်အကြောင်း ကြားသိရသောအခါ မောဂ္ဂလ္လာနက သာရိပုတြာအား...

'ရှင်သာရိပုတြာ၊ အရှင်ဘုရားဟောကြားသောတရားသည် ဆာလောင်မွတ်သိပ်နေသူအတွက် ခဲဖွယ်ဘောဇဉ်နှင့်တူပြီး ရေငတ်နေသူအတွက် သောက်ရေနှင့် တူပါပေ၏'ဟုထုတ်ဖော်ပြောကြားလိုက်လေသည်။

နှစ်ရှူ့တစ်ရှူလိုဖြစ်နေသော ရှာနီးနားချင်း ရွာနှစ်ရွာ၌ မွေးဖွားလာကြသော သာရိပုတြာနှင့်မောဂ္ဂလ္လာနတို့သည် ဆရာတစ်ဦးတည်း၏ တပည့်များလည်း ဖြစ်ကြသည်။ မိမိ၏ ကြေးမုံပြင်ကဲ့သို့ တစ်ဦးနှင့်တစ်ဦးလည်း လေးစားမြတ်နိုးကြသည်။ မိမိတို့၏ အရည်အသွေးကို ထက်မြက်ပြည့်ဝလာစေရန် အတွက်လည်း တညီတညွတ်တည်း ကြိုးစားအားထုတ်ကြသူများဖြစ်သည်။ မိမိ အဂ္ဂသာဝကနှစ်ပါး၏ ကြိုးပမ်းအားထုတ်မှုကို နားလည်သဘောပေါက်

http://www.linhtet.com



တော်မူသည်ဖြစ်၍ သကျမုနိသည် အခြားတပည့်သာဝက ရဟန်းသံဃာတော်များအား ဤသို့မိန့်တော်မူသည်။

'သာရိပုတြာသည် နိဗ္ဗာန်ကိုမျက်မှောက်ပြုသော လမ်းကြောင်းကို ရှာမှီးလိုသော ဆန္ဒကိန်းအောင်းနေသည့် သားရတနာကို မွေးဖွားပေးသည့် မိခင်နှင့်တူ၏။ မောဂ္ဂလ္လာနကမူ နိဗ္ဗာန်ကို မျက်မှောက်ပြုသောလမ်းကြောင်းကို ရှာမှီးလိုသော သားရတနာကို မွေးမြူစောင့်ရှောက်သည့် မိခင်နှင့်တူ၏။ ဝိမုတ္တိလမ်းမ၌ လျှောက်သွားလိုကြသော ရဟန်းသံဃာအားလုံးသည် သာရိပုတြာနှင့် မောဂ္ဂလ္လာနတို့၏ နမူနာကိုယူကြရမည်'

အခြား ရဟန်းသံဃာများသည် သာရိပုတြာအား ဝေနေယျသတ္တဝါများအပေါ်တွင်ထားသော မေတ္တာကရုဏာကြောင့် ချစ်ခင်ကြပြီး မောဂ္ဂလ္လာနကိုမူ သူတို့အား တခြားဘာသာရေးဂိုဏ်းဂဏပုဂ္ဂိုလ်များက မဝေဖန် မစောကြောနိုင်အောင် ကာကွယ်ပေးသည့်အတွက်ကြောင့်လည်းကောင်း၊ သကျမုနိ၏ တပည့် ဒါယကာ၊ ဒါယိကာများအား စောင့်ရှောက်သည့်အတွက်ကြောင့်လည်းကောင်း လေးစားမြတ်နိုးကြသည်။

နှစ်တွေလတွေ ကြာမြင့်လာလေလေ၊ သကျမုနိ၏ ဓမ္မအပေါ် ယုံကြည်ကိုးစားမှု ရှိသူတို့၏ဦးရေ တိုးတက်များပြားလာလေလေဖြစ်သည်။ ယင်းပုဂ္ဂိုလ်များထဲတွင် တိုင်းပြည်အသီးသီးမှ သူဌေးသူကြွယ်များ ပါဝင်လာကြသည့်အပြင် ကောသလဘုရင် ပသေနဒီ၊ မဂဓဘုရင် ဗိမ္ဗိသာရတို့လို ဘုရင်ဧကရာဇ်များသည်ပင် သကျမုနိ၏ တပည့်သာဝက စာရင်းဝင်ဖြစ်လာကြသည်။ သို့ရာတွင် သကျမုနိ၏သာသနာနှင့် ရဟန်းသံဃာတော်များ၏ အရှိန်အဝါ မြင့်မားတိုးတက်လာသောအခါ အခြားဘာသာရေးဂိုဏ်းဂဏမှ ပုဂ္ဂိုလ်များသည် မရှုစိမ့်နိုင်သည့် အခြေအနေရောက်လာကြသည်။ သကျမုနိ၏တရားဒေသနာတော်ကို အင်တိုက်အားတိုက် ဟောကြားဖြန့်ဖြူးသော သကျမုနိ၏ အဂ္ဂသာဝက ရှင်မဟာမောဂ္ဂလ္လာန်သည် သကျမုနိ၏သာသနာကို မရှုစိမ့်သော ဂိုဏ်းဂဏများ၏ ပစ်မှတ်တစ်ခုဖြစ်လာသည်။ ယင်းဂိုဏ်းဂဏများ၏ အငှားလူဆိုးများသည် တောင်ပေါ်တွင် တရားနှလုံးသွင်းနေသော မောဂ္ဂလ္လာနအား

http://www.linhtet.com



ထိုးနှက်တိုက်ခိုက်ကြသည်။ ကျောက်တုံးကျောက်ခဲများ၏ဒဏ်ကြောင့် အရိုးကျိုးသွားသော်လည်း ရှင်မောဂ္ဂလ္လာန်သည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်အောင် ပြန်ကြွပြီးလျှင် 'ငါ ဤတောင်က ကျော်လွန်နိုင်တော့မှာ မဟုတ်တော့၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရတော့မည်'ဟု မိန့်တော်မူသည်။ ရှင်မဟာမောဂ္ဂလ္လာန်၏ နှုတ်တော်မှထွက်လာသော ယင်းစကားနှင့် အတူတကွ သူ၏အသက်တော် လည်း ထွက်သွားသည်။

အတူတကွ ဓမ္မလမ်းကြောင်းကို ရှာမှီးခဲ့သော၊အတူတကွသကျမုနိ ထံ ချဉ်းကပ်ရောက်ရှိလာခဲ့သော အစားထိုး၍မရသည့် မိမိ၏ငယ်ပေါင်းကြီးဖော် မောဂ္ဂလ္လာနအရှင်သူမြတ် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားခြင်းသည် သာရိပုတြာအတွက် မိမိကိုယ်တိုင် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားသကဲ့သို့ပင် ခံစားနေရသည်။ ထို့နောက် များမကြာမီအတောအတွင်း၌ပင် သကျမုနိထံမှ ခွင့်ပြုချက်ရရှိသည်ဖြစ်၍ ရှင်မဟာသာရိပုတြာလည်း ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားသည်။ ။

❒ ❒ ❒

# ရှင်မဟာကဿပ

ရှင်မဟာသာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့ ရဟန်းဖြစ်လာပြီးနောက် မကြာခင်ပင် ရှင်မဟာကဿပလည်း ရဟန်းဘောင် ဝင်ရောက်လာသည်။ ကဿပအမည်ရှိ အခြားရဟန်းတော်များနှင့် ကွဲပြားခြားနားမှုရှိစေရန်အတွက် မဟာကဿပဟု ခေါ်ခြင်းဖြစ်သည်။

မဟာကဿပသည် ရာဇဂြိုဟ်အနီးရွာတစ်ရွာရှိဗြာဟ္မဏမိသားစု၌ မွေးဖွားသည်။ မဟာကဿပ၏မိဘသည် အလွန်တရာ ကြွယ်ဝချမ်းသာသည်။ ရွှေငွေနှင့်အခြားရတနာများ စုဆောင်းသိမ်းထားသော ဘဏ္ဍာတိုက်ချည်း ငါးတိုက်ရှိသည်။ ဘုရင်တစ်ဦးထက်ပင် ပေါများသောလယ်ယာများကိုပိုင်ဆိုင်သူများ ဖြစ်ကြသည်။ မိဘ၏စံအိမ်၌ မဟာကဿပကိုပြုစုသူ အခြံအရံများစွာရှိပြီး ဘာတစ်ခုမှ လိုလေသေးမရှိအောင် ထားသည်။

ငယ်ရွယ်စဉ်ကပင် ဉာဏ်ပညာထက်မြက်လာသူဖြစ်၍ ရှစ်နှစ်သားအရွယ်၌ မဟာကဿပသည် ဗြာဟ္မဏများ ကျင့်ကြံအားထုတ်သော ယောဂအကျင့်များကို ကျွမ်းကျွမ်းကျင်ကျင် ကျင့်ကြံအားထုတ်နိုင်သည့်အပြင် ပန်းချီပညာ၊အကပညာစသောအနုပညာများနှင့်အခြားအတတ်ပညာများကိုလည်း ပြောင်ပြောင်မြောက်မြောက် တတ်မြောက်ထားသူဖြစ်သည်။ သို့ရာတွင် မဟာ

http://www.linhtet.com



ကဿပသည် လောကီစည်းစိမ်ကို ငြီးငွေ့လာပြီးလျှင် တစ်နေ့သောအခါ၌ လူ့ဘောင်ကခွာရှောင်ပြီး ရဟန်းအသွင်ဆောင်ရန် ပိုင်းခြားဆုံးဖြတ်လိုက်သည်။

မိမိတို့၏သား လောကီအာရုံ ကာမဂုဏ်ငြီးငွေ့လာပုံကို တွေ့မြင်သိရှိရသောအခါ မိဘနှစ်ပါး ပျာယာခတ်သွားကြသည်။ မိမိတို့၏သား လူ့ဘောင်ကိုစွန့်ခွာပြီး ရဟန်းဘောင်ဝင်ရောက်သွားမှာ စိုးရိမ်သောကြောင့် မိဘနှစ်ပါးသည် မိမိတို့၏သားကို အိမ်ထောင်ချပေးဖို့ ဆုံးဖြတ်လိုက်ကြသည်။ မဟာကဿပသည် လက်ထပ်ထိမ်းမြားဖို့အတွက် နေ့စဉ်နှင့်အမျှ မိဘနှစ်ပါး၏ တိုက်တွန်းချက်ကို ငြင်းပယ်လာခဲ့သည်။ သို့ရာတွင် မိဘနှစ်ပါးက မိဘတို့၏ အရိုက်အရာခံအဖြစ် တာဝန်ဝတ္တရားများကို မဆောင်ရွက်၍မဖြစ်ကြောင်း အကြောက်အကန် ပြောဆိုကြသည်။ ထိုအခါ မဟာကဿပသည် မိဘနှစ်ပါး၏အကြံကို ဥပါယ်တံမျဉ်ဖြင့် ပယ်ဖျက်ပစ်မည်ဟု စဉ်းစားသည်တွင် ဖြတ်ထိုးဉာဏ်တစ်ခု ပေါ်လာသည်။ မဟာကဿပတွင် အလွန်တရာ လက်ရာမြောက်သော အလှပဂေးမိန်းမပျို ရွှေစင်ရုပ်တစ်ရုပ် ရှိသည်။ မိဘများကို ယင်းရွှေစင်ရုပ်ပြလျှက် မဟာကဿပက 'အကယ်၍ ဤရွှေစင်ရုပ်လို ချစ်စရာကောင်းသော အလှပဂေးမိန်းမပျိုတစ်ယောက် ရှာပေးမည်ဆိုလျှင် လက်ထပ်မည်'ဟု ပြောသည်။ မိဘနှစ်ပါးသည် သားအလိုရှိသော ရွှေစင်ရုပ်လို ချစ်စရာကောင်းသည့် အလှပဂေးမိန်းမပျိုလေးကို ရှာ၍တွေ့လိမ့်မည်မဟုတ်'ဟူ၍ စိုးရိမ်ကြောင့်ကြဖြစ်ကြသော်လည်း ဒေသတစ်ခွင် နေရာအနှံ့ လူလွှတ်လျက် ရှာခိုင်းသောအခါ ရွှေစင်ရုပ်နှင့်တူသော မိန်းမပျိုတစ်ယောက်ကို တွေ့ကြသည်။ မဟာကဿပသည် မိမိကတိပေးထားသည့်အတိုင်း ယင်းမိန်းမပျိုနှင့် လက်ထပ်ထိမ်းမြားရန် ငြင်းဆန်၍မဖြစ်တော့ပေ။

လက်ထပ်မင်္ဂလာပွဲ ကျင်းပပြီးသွားပြီ။ မဟာကဿပ၏ မိဘနှစ်ပါးသည်မြေးကလေးမွေးဖွားလာနိုးလာနိုးနှင့်အားကိုးတကြီးစောင့်စားမျှော်လင့်နေကြသည်။ သို့ရာတွင် မျှော်လင့်စောင့်စားသည့်အတိုင်း ဖြစ်မလာပေ။ ဇနီးမောင်နှံနှစ်ယောက်သည်တစ်ယောက်နှင့်တစ်ယောက်ထိရှမှုပင်မထိကြပေ။ မဟာကဿပနှင့် လက်ထပ်ထိမ်းမြားသောမိန်းမပျိုကလည်းကာမဂုဏ်အာရုံ ငြီးငွေ့နေသော မိန်းကလေးဖြစ်သည်။

http://www.linhtet.com



နောက်ဆုံး၌ မဟာကဿပ၏ မိဘနှစ်ပါးသည် မြေးမျက်နှာကို မမြင်ရဘဲ ကွယ်လွန်သွားကြသည်။ မိဘပိုင်ဆိုင်သော အမွေအနှစ်ပစ္စည်းဥစ္စာထုထည်ပမာဏ အလွန်တရာကြီးမားသည်ဖြစ်၍ ယင်းပစ္စည်းဥစ္စာများကို လွယ်လင့်တကူ စွန့်ပစ်သွားဖို့ မဖြစ်နိုင်သောကြောင့် မဟာကဿပသည် အိမ်ထောင်ဦးစီးအဖြစ် တာဝန်ယူဆောင်ရွက်နေရရှာသည်။ သို့ရာတွင် အချိန်အတန်ငယ်ကြာလာသောအခါ လောကီလူ့ဘောင်က တိမ်းရှောင်ထွက်ခွာမသွားလျှင် ထပ်ခါထပ်ခါ ကျူးလွန်နေရသောအပြစ်များက လွတ်မြောက်ဖို့ မဖြစ်နိုင်ဟူ၍ တွေးတောမိသည်။

တစ်နေ့သ၌ မဟာကဿပသည် သူတို့၏ လယ်ယာထဲတွင် အလုပ်လုပ်နေသော လယ်သမားများကို ကြီးကြပ်နေရင်း လယ်သမားများ ထယ်ထိုးကြသောအခါထယ်သွားထိပြီးပိုးကောင်အများအပြားသေဆုံးကုန်ကြသည်ကို တွေ့မြင်ရသည်။ ထမ်းပိုးတပ်ပြီး ရုန်းနေကြသောနွားများကြိမ်တံဖြင့် အရိုက်ခံနေကြရသည်ကိုလည်း တွေ့မြင်ရသည်။ ယင်းအဖြစ်အပျက်များကို တွေ့မြင်ရသည်ဖြစ်၍ မဟာကဿပသည် စည်းစိမ်ရှင်များ စည်းစိမ်ခံစားနေကြသည်ကို အထောက်အကူပြုရန်အတွက် သတ္တဝါများ အကြီးအကျယ်ဆင်းရဲဒုက္ခရောက်နေကြပါကလား ဆိုသည့်အကြောင်းကိုနားလည်သဘောပေါက်သွားပြီး သတိသံဝေဂရသွားသည်။ ထိုနေ့၌ပင် မဟာကဿပ၏ ဇနီးကလည်းဆီကြိတ်သည့်အလုပ်၌မရေတွက်နိုင်သောပိုးကောင်ငယ်များသေဆုံးသွားကြသည်ကို အထိတ်တလန့် တွေ့မြင်သွားသည်။

ထိုနေ့ ညချမ်းအချိန်၌ မဟာကဿပက သူ့ဇနီးကိုပြောသည်။

'ရှင်မ၊ မိဘနှစ်ပါး မျက်နှာလွှဲမသွားခင်က မိဘများ စိတ်မချမ်းမသာ ဖြစ်ကြသည်ကို မကြည့်ရက်နိုင်သည့်အတွက် လောကီလူ့ဘောင်က ခွာရှောင်သွားလိုသော စိတ်ဆန္ဒကိုချိုးနှိမ်ထားခဲ့ရ၏။ သို့သော်လည်း ယခုအခါတွင်ကား လောကီလူ့ဘောင်၌ နေရခြင်းသည် အကျဉ်းခံနေရသလိုဖြစ်နေ၏။ ထို့ကြောင့် ကျွန်ုပ် လူ့ဘောင်ကခွာရှောင်ပြီး ရသေ့ရဟန်းအသွင်နှင့်နေရန် ဆုံးဖြတ်လိုက်ပြီ'

http://www.linhtet.com



သူ့ဇနီးကိုယ်တိုင်ကလည်း မဟာကဿပကဲ့သို့ပင် လောကီလူ့ဘောင်ကို ငြီးငွေ့နေသူတစ်ဦးဖြစ်၍ မဟာကဿပ၏ အဆိုပြုချက်ကို လက်ခံသဘောတူလိုက်သည်။ မဟာကဿပက သူ၏အကြံနှင့်ပတ်သက်ပြီး ဆက်ပြောသည်။

'လောကီလူ့ဘဝဟာ ဒုက္ခမျိုးစုံအပြည့်ရှိနေသည်။ ရဟန်းဘဝကတော့ အာကာသကောင်းကင်ပြင်လို ပွင့်လင်းနေပြီး နှစ်သိမ့်ကြည်နူးဖွယ်လည်း ကောင်း၏။ အိမ်ဂေဟာမှာနေပြီး အိမ်ထောင်သားမွေးလုပ်နေလျှင် ပုလဲပမာ ဖြူစင်သန့်ရှင်းသောအလုပ်များကို လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ မလွယ်ပေ။ ကျွန်ုပ် အိမ်ရာတည်ထောင် လူ့ဘောင်ကထွက်ခွာသွားပြီး ဆံကေသာကို ပယ်တော့မည်။ ရဟန်းများဝတ်ရုံသောသင်္ကန်းကို ဝတ်ရုံမည်။ သစ္စာတရား ရှာဖွေသည့်အလုပ်မှာ မိမိကိုယ်ကို မြှုပ်နှံတော့မည်'

ယင်းသို့ပြောပြီး မဟာကဿပသည် သူပိုင် ပစ္စည်းဥစ္စာအားလုံးကို စွန့်လွှတ်ပြီးလျှင် အမတသုခ အမြိုက်ချမ်းသာအတွက် ဆရာတစ်ဆူကို ရှာဖွေရန် ထွက်ခွာသွားသည်။

တစ်နေ့သ၌ သကျမုနိသည် ရာဇဂြိုဟ်နှင့်မနီးမဝေး နာလန္ဒရွာလမ်းဘေးက သစ်ပင်တစ်ပင်၏ အရိပ်အောက်တွင် နေသန့်နေတော်မူသည်။ မဟာကဿပသည် ယင်းလမ်းကဖြတ်သွားသောအခါ သကျမုနိကိုတွေ့မြင်ရသောကြောင့် ရပ်တန့်လိုက်သည်။ သကျမုနိကဲ့သို့သောပုဂ္ဂိုလ်မျိုးကို မဟာကဿပသည် ယခင်က တစ်ခါမျှမတွေ့ဖူးပေ။ သကျမုနိ၏မျက်နှာတော်သည် မဟာကရုဏာတော် အရိပ်အရောင်လွှမ်းနေသည်။ သန့်စင်မှု၊ ကြည်လင်မှု အပြည့်ရှိနေသည်။ မိမိဆရာအဖြစ် ရှာဖွေနေသောပုဂ္ဂိုလ်သည် ဤပုဂ္ဂိုလ်ပင် ဖြစ်ရမည်ဟု ဆုံးဖြတ်ပြီးလျှင် မဟာကဿပသည် သကျမုနိ၏ ခြေအစုံပေါ်တွင် ဝပ်စင်းလျက် မိမိအား တပည့်သာဝကတစ်ဦးအဖြစ် လက်ခံတော်မူရန် လျှောက်ထားတောင်းပန်လိုက်သည်။

သကျမုနိက ပြန်လည်ဖြေကြားသည်။

'မိမိ မသိသည်ကို သိသည်ဟူ၍လည်းကောင်း၊ မိမိ မမြင်သည်ကို မြင်သည်ဟူ၍လည်းကောင်း၊ ကြေညာသော ဆရာ၏ဦးခေါင်းသည် သဖန်းသီး

http://www.linhtet.com



ကဲ့သို့ အစိတ်စိတ်ကွဲသွားလိမ့်မည်။ သင့်အနေနှင့် စိတ်နှလုံးကို တည်ငြိမ်စွာထားပြီး စဉ်းစားဆင်ခြင်ရလိမ့်မည်။ သင်ရှာနေသောဆရာသည် ယခု သင်တွေ့နေသူ ဟုတ်မဟုတ်ဆိုသည်ကိုလည်း ဝေဖန်ပိုင်းခြားကြည့်ဖို့ လိုအပ်၏'

ယင်းသို့မိန့်တော်မူပြီးလျှင် သကျမုနိသည် မဟာကဿပအား ဤသို့ တရားစကားဟောကြားတော်မူ၏။

'ကမ္ဘာလောက၌ရှိသော အရာဝတ္ထုအားလုံး၏ သဘောသဘာဝ သည် ခယသဘောနှင့် ဝယသဘောရှိသည်ဟူ၍၊ ဖြစ်ပေါ်လာပြီး ပျောက်ကွယ်သွားသည်ဟူ၍ အလေးအနက် မှတ်ယူရလိမ့်မည်'

မဟာကဿပသည် မိမိအား သကျမုနိက တပည့်သာဝကအဖြစ် လက်ခံပြီးသည့်နောက်တွင် မိမိ၏ဝတ်ရုံကိုခေါက်ပြီးလျှင် ထိုင်ခင်းအဖြစ် ခင်းလျက် သကျမုနိအား ယင်းထိုင်ခင်းပေါ်တွင် ထိုင်တော်မူရန် လျှောက်ထားတောင်းပန်သည်။ မဟာကဿပ၏ လျှောက်ထားတောင်းပန်ချက်ကို လက်ခံပြီးလျှင် သကျမုနိသည် နူးညံ့ပျော့ပျောင်းသော မဟာကဿပ၏ ဝတ်ရုံအခင်းပေါ်တွင် သီတင်းသုံးတော်မူလိုက်သည်။ အဝတ်စများကို စပ်ချုပ်ထားသော သင်္ကန်းကို ရုံထားတော်မူသည့် သကျမုနိကို တွေ့မြင်ရသောအခါ မဟာကဿပသည် သူ၏ဝတ်ရုံကို အလှူခံတော်မူရန် သကျမုနိအား တောင်းပန်လျှောက်ထားသည်။ သကျမုနိသည် မဟာကဿပ၏ နူးညံ့ပျော့ပျောင်းသောဝတ်ရုံကို လက်ခံပြီးလျှင် မိမိဝတ်ရုံထားသော အဝတ်စများကိုစပ်ထားသည့် သင်္ကန်းအကြမ်းကို မဟာကဿပအား စွန့်ကြဲတော်မူလိုက်သည်ဖြစ်၍ မဟာကဿပသည် အကြီးအကျယ် ကျေးဇူးဥပကာရ တင်ရှိသွားသည်။

ထိုအချိန်မှစ၍ မဟာကဿပသည် ရဟန်းဘောင်ဝင်ရောက်လာသည်။ ထိုအချိန်ကအကြောင်းကို မဟာကဿပက ဤသို့မိန့်ဆိုထားသည်။

'ရဟန်းသမဏသည် တောရဆောက်တည်ပြီးနေ၏။ အိမ်ကြီးရခိုင်များမှ ဆက်ကပ်လှူဒါန်းသော အလှူဒါနများကိုလက်ခံခြင်းသည် မိမိ၏ တရားအကျင့်ကို အနှောင့်အယှက်ဖြစ်စေသည်ဟု သိမြင်သဘောပေါက်သည်ဖြစ်၍ မိမိသည် ဆွမ်းခံ၍ရသော ခဲဖွယ်ဘောဇဉ်ကိုသာ သုံးဆောင်မှီဝဲ၏။

http://www.linhtet.com



အဝတ်စကို စပ်ချုပ်ထားသော သင်္ကန်းကိုသာ ဝတ်ရုံ၏။ သို့သော်လည်း ယင်းနေနည်းထိုင်နည်းကိုသာလျှင် မွန်မြတ်သော နေနည်းထိုင်နည်းဖြစ်သည်ဟု မှတ်ထင်အောက်မေ့ရမည်'

ယခင်က စည်းစိမ်ချမ်းသာအပြည့်ဖြင့်နေလာခဲ့ပြီး အလုပ်အကျွေးများ၏ အပြုအစု၊ အယုအယခံခဲ့ရသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် အိမ်တကာလှည့်လည်ပြီး တစ်ဝမ်းတစ်ခါးအတွက် ဆွမ်းခံစားရခြင်းသည် ယုံကြည်နိုင်ဖွယ်မရှိလောက်အောင် ခက်ခဲသောအရာဖြစ်သည်။ သို့သော်လည်း မဟာကဿပသည် ယင်းကဲ့သို့ဆွမ်းခံပြီး ရပ်တည်ရသည့်အလုပ်ကို အလွန်တရာ နှစ်ခြိုက်တော်မူသည်။ မိမိ၏ ဆွမ်းခံဝတ်နှင့်ပတ်သက်ပြီး မဟာကဿပ ကိုယ်တိုင် 'ထေရဂါထာ'၌ ထုတ်ဖော်ပြောပြထားတော်မူသည်။

'တစ်ခါတုန်းက ငါသည် မိမိသီတင်းသုံးသော ကျောင်းတိုက်က ထွက်လာပြီးလျှင် မြို့အတွင်းဆွမ်းခံကြွ၏။ ထိုအခါ တောင်း၍ရသောထမင်းကို စားနေသည့် ကုဋ္ဌနူနာရောဂါသည်တစ်ယောက်၏ အနီးရောက်သွား၏။ တုန်တုန်ယင်ယင်ဖြစ်နေသောလက်ဖြင့် ကုဋ္ဌနူနာရောဂါသည်သည် သူ တောင်းရမ်း၍ရသော ထမင်းကို ငါ့ကိုကပ်လှူသည်။ ငါ၏သပိတ်ထဲ သူ၏ ထမင်းကို ထည့်လိုက်သောအခါ သူ၏လက်ချောင်းတစ်ချောင်းပြုတ်ပြီး ငါ၏ သပိတ်ထဲကျလာ၏။ သို့သော်လည်း ငါသည် ယင်းကုဋ္ဌနူနာရောဂါသည် လှူသောထမင်းကိုစား၏။ ထိုအချိန်၊ ထိုအခါတုန်းကလည်းကောင်း၊ နောက်ပိုင်း၌လည်းကောင်း ငါသည် ကုဋ္ဌနူနာသည် လောင်းလိုက်သောဆွမ်းကို မှီဝဲရသည့်အတွက် မနှစ်မြို့သည့်စိတ်ထား လုံးဝပေါ်မလာခဲ့ပေ'

သကျမုနိ၏ တရားဒေသနာတော်ကို နာကြားလိုသော ဒါယကာ၊ ဒါယိကာမများ၏ အရေအတွက်များပြားလာသောအခါ သံဃာအား လှူဒါန်းသော အလှူဒါနများလည်း ယခင်ကထက် တိုးတက်များပြားလာသည်။ အလှူဝတ္ထုများထဲတွင် ရဟန်းတော်များဝတ်ရုံသော သင်္ကန်းများလည်း ပါလာသည်။ ထို့ကြောင့် ရဟန်းသံဃာတော်များသည် ပိတ်ချော၊ ချည်ချော သင်္ကန်းများကို ဝတ်ရုံနိုင်လာကြသည်။ သို့ရာတွင် မဟာကဿပသည် သူကျင့်သုံးလာ

http://www.linhtet.com



ခဲ့သော ရဟန်းကျင့်ဝတ်က တစ်ပြားသားမှ နောက်ဆုတ်မသွားဘဲ အဝတ်စများကို ချုပ်လုပ်ထားသောသင်္ကန်းကြမ်းကိုသာ ဝတ်ရုံမြဲဝတ်ရုံနေသည်။ တရားအမြင် မရင့်သန်ကြသေးသော တခြားရဟန်းသံဃာအချို့က မဟာကဿပ၏ နောက်ကွယ်တွင် သင်္ကန်းအသစ်၊ သင်္ကန်းအကောင်းများ ရနေနိုင်ပါလျက်နှင့် စုတ်သင်္ကန်းဝတ်ရုံနေသော မဟာကဿပကို မေးငေါ့ကြသည်။ တစ်နေ့သောအခါ၌ သကျမုနိသည် မဟာကဿပကိုခေါ်ပြီး မိမိ၏ဘေးတွင် ထိုင်ခိုင်းသည်။ ထို့နောက် အသင့်ခေါ်ယူထားသော ရဟန်းသံဃာများအား...

'မဟာကဿပ ကျင့်ကြံအားထုတ်သော အကျင့်တရားနှင့် ငါ ကျင့်ကြံအားထုတ်သော အကျင့်တရား၏ကြားထဲတွင် ကွာခြားချက်မရှိ' ဟု မိန့်တော်မူသည်။

အသက်အရွယ် အိုမင်းရင့်ရော်လာသည့် အချိန်၌ပင် မဟာကဿပသည် သူကျင့်ကြံအားထုတ်မြဲတရားကို ယုတ်လျော့မသွားစေသည့်အပြင် ပို၍ပင် ကျင့်ကြံအားထုတ်နေသည်။ ထို့ကြောင့် သကျမုနိသည် မဟာကဿပ၏ ကျန်းမာရေးအတွက် စိုးရိမ်ကြောင့်ကြမှုဖြစ်နေပြီးလျှင် မဟာကဿပအား ဤသို့ မိန့်တော်မူသည်။

'ငါ့ရှင် မဟာကဿပ၊ သင်သည် ပျိုမျစ်နုနယ် ငယ်ရွယ်သူ မဟုတ်တော့ပေ။ ဤစုတ်သင်္ကန်းကိုဝတ်ရုံပြီး နေထိုင်သွားလာခြင်းသည် ငါ့ရှင်အတွက် အခက်အခဲ ဖြစ်နေလိမ့်မည်။ ဒါယကာ၊ ဒါယိကာမများ လှူဒါန်းသော ပေါ့ပေါ့ပါးပါး၊ ပျော့ပျော့ပျောင်းပျောင်းသင်္ကန်းကို အဘယ်ကြောင့် လဲမဝတ်သနည်း။ ဆွမ်းခံမထွက်တော့ဘဲ ဒါယကာ၊ ဒါယိကာမများ လှူဒါန်းသော ဆွမ်းဘောဇဉ်ကို အဘယ်ကြောင့်မမှီဝဲသနည်း။ ညဥ့်အချိန်၌ သစ်ပင်အောက်တွင် အိပ်စက်ခြင်း မပြုလုပ်ပါနှင့်တော့။ ယခုအချိန်ကစပြီး ငါ၏အနီး၌သာ နေထိုင်ရမည်'

မိမိအကျိုးအတွက် သကျမုနိ စိုးရိမ်ကြောင့်ကြဖြစ်နေသည်ကို သိရသောအခါ မဟာကဿပက စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားပြီးလျှင် သကျမုနိအား လျှောက်ထားလိုက်သည်။

http://www.linhtet.com



'အရှင်သူမြတ်ဘုရား၊ တပည့်တော် ရဟန်းဖြစ်စအချိန်ကာလက တပည့်တော်ကို အရှင်ဘုရားချီးမြှင့်တော်မူသည့် စပ်သင်္ကန်းကြမ်း ယခုထက် အထိ တပည့်တော်ထံတွင် ရှိနေပါ၏။ အရှင်သူမြတ်ဘုရား ပေးသနားတော် မူသောသင်္ကန်းထက် နူးညံ့ပျော့ပျောင်းသော မည်သည့်သင်္ကန်းကိုမှ တပည့်တော် ဝတ်ရုံခြင်းမပြုလုပ်လိုပါ။ တပည့်တော် နေ့စဉ်သုံးဆောင်သော ခဲဖွယ်ဘောဇဉ်မှာလည်း တပည့်တော်ဆွမ်းခံ၍ရသော ခဲဖွယ်ဘောဇဉ်သာ အမြဲတစေ ဖြစ်ခဲ့ပါပေ၏။ တပည့်တော်သည် ရဟန်းကျင့်ဝတ် ကျင့်ကြံ အားထုတ်နေရသည်ကို ဆင်းရဲဒုက္ခခံစားနေရခြင်းဟူ၍ မအောက်မေ့ဘဲ ချမ်းမြေ့မှု အပြည့်ရှိနေသောဘဝဟူ၍ ထင်မှတ်အောက်မေ့ပါ၏။ အဘယ် ကြောင့်ဆိုသော် ရဟန်းဘဝသည် သံတုဋ္ဌိသလ္လေခအပြည့်ဖြင့် နေရသည့်အတွက် ဖြစ်ပေါ်လာသောချမ်းမြေ့မှုကို ပေးဆောင်နိုင်ပြီး တရားအမြင်ကို သိမြင် သဘောပေါက်လာစေရာ၌ ကြီးစွာသောအထောက်အပံ့ ပေးသည့်အတွက် ကြောင့် ဖြစ်ပါ၏'

သကျမုနိက ပြန်လည်မိန့်ကြားတော်မူသည်။

'ငါ့ရှင် မဟာကဿပ၊ ငါ့ရှင်ပြောသည်မှာ မှန်လှပါပေ၏။ ငါ့ရှင် သည် နောင်လာနောက်သားများအတွက် မီးရှူးတန်ဆောင် ဖြစ်နေပေလိမ့်မည်။ ငါ့ရှင် တရားအကျင့် ကျင့်ကြံ အားထုတ်ပုံကို စံနမူနာယူလျက် တရားအကျင့် ကျင့်ကြံအားထုတ်သော နောင်လာနောက်သားများသည် တရားအမြင် သိမြင် သဘောပေါက်လာကြမည်မှာ အမှန်တကယ်ပင်ဖြစ်ပေ၏'

ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသည်အထိ မဟာကဿပသည် ဘဝရပ်တည် ရေးအတွက် လိုအပ်သမျှထက်ပို၍ မည်သည့်အရာကိုမျှ လက်ခံသည်ဟူ၍ မရှိခဲ့ပေ။

သကျမုနိ မဟာပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းပြီးသည့်နောက်တွင် ပထမ ဆုံးအကြိမ်ကျင်းပသော သင်္ဂါယနာတင်ပွဲ၌ ရှင်မဟာကဿပက အမှူးအချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။ ယင်းသင်္ဂါယနာတင်ပွဲ၌ သကျမုနိ ဟောကြားသွားတော်မူသော ဒေသနာတော်များကို သင်္ဂါယနာတင်တော်မူ

http://www.linhtet.com



ကြသည်။

ရှင်မဟာကဿပသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသော အချိန်ကာလ အထိ သကျမုနိ၏ တရားဒေသနာတော်များကို ဟောကြားတော်မူပြီးလျှင် တရားအကျင့် ကျင့်ကြံအားထုတ်သူများအတွက် စံတစ်ခု တည်ဆောက်တော်မူခဲ့သည်။ ။

http://www.linhtet.com

# ရှင်ဥပါလိ

သကျမျိုးနွယ် လူငယ်လူရွယ်များဖြစ်ကြသော အာနန္ဒာ၊ အနုရုဒ္ဓါ၊ ဘဒ္ဒိယ၊ ဘဂု၊ ဒေဝဒတ္တ၊ ကမ္ဗိလတို့သည် သကျမုနိဗုဒ္ဓထံ လိုက်သွားပြီး ရဟန်းပြုကြမည်ဟု စိတ်ပိုင်းဖြတ်လိုက်ကြပြီးလျှင် ကပိလဝတ်နေပြည်တော် အပြင်ဘက်ထွက်လာကြသောအခါ ယာဉ်များ၊ မြင်းများ၊ ဆင်များ၊ ဝန်တင် လှည်းများနှင့် သိုက်သိုက်ဝန်းဝန်း ထွက်ခွာလာကြသည်ဖြစ်၍ လူတိုင်း လူတိုင်း က မင်းညီမင်းသားများ အပျော်အပါး တောကစားထွက်သည်ဟူ၍ပင် ထင် မှတ်ကြသည်။ သို့ရာတွင် သကျတိုင်းပြည်နှင့် မဂဓတိုင်းပြည်နယ်စပ် ရောက်ရှိ လာသောအခါ သူတို့နှင့်အတူပါလာသော ယာဉ်အားလုံးကို နေပြည်တော် ပြန်လွှတ်လိုက်ကြသည်။

နှစ်နိုင်ငံ၏နယ်စပ်ရှိ တောအုပ်တစ်ခုတွင် သကျသာကီဝင် မင်းညီ မင်းသားများသည် ဆတ္တာသည်ဥပါလိအား မိမိတို့၏ဆံကို အပယ်ခိုင်းပြီး ဦးပြည်းခေါင်းတုံး ပြုလုပ်စေခဲ့သည်။ ထို့နောက် အဖိုးတန် လက်ဝတ်လက်စား ရတနာများနှင့် ဝတ်လဲတော်များကို ချွတ်ပြီးလျှင် အသင့်ဆောင်ယူလာကြသော လျှော်တေအဝတ်များကို ဝတ်ရုံလျက် ဥပါလိကို ပြောသည်။

'ဥပါလိ၊ ကျွန်ုပ်တို့ကို သင်စေတနာနှင့် ပြုစုလာခဲ့သည်မှာ အချိန် ကာလ ကြာမြင့်လှပေပြီ၊ ယခု ကျွန်ုပ်တို့ သကျမုနိဗုဒ္ဓ သီတင်းသုံးနေတော်မူ

http://www.linhtet.com



သော မလ္လတိုင်းပြည်ရှိ အနုပိယသို့သွားပြီး သကျမုနိ၏ တပည့်သာဝကအဖြစ် သံဃာတော်ဝင်ရောက်ကြတော့မည်။ ကျွန်ုပ်တို့ ဝတ်စားဆင်ယင်ထားသည့် ဤအဖိုးအနဂ္ဃထိုက်တန်သော ရတနာတန်ဆာများနှင့် ဝတ်လဲတော်များသည် ကျွန်ုပ်တို့အတွက် အသုံးမဝင်တော့ပြီဖြစ်၍ သင်ဥပါလိယူပြီး ကပိလဝတ် နေပြည်တော် အလျင်အမြန် ပြန်သွားပါလေ'

ဥပါလိသည် သူ့ကိုကျောခိုင်းပြီး တောအုပ်အတွင်း ဝင်ရောက်သွားသော သကျသာကီနွယ်ဝင် မင်းညီမင်းသားများကို ငေးမောကြည့်ရှုနေသည်။ ထို့နောက်မှ သတိရလာပြီး သူ့ခြေရင်းက ဝတ်လဲတော်ထုပ်နှင့် ရတနာထုပ်ဆီ မျက်စိရောက်သွားသည်ဖြစ်၍ တုန်တုန်ယင်ယင်နှင့် အထုပ်ကိုမယူပြီး သုတ်သီးသုတ်ပျာ တောအုပ်ထဲတွင် ကိုယ်ရောင်ဖျောက်ကာ လုံးဝမျှော်လင့်မထားသော အဖြစ်အပျက်၏ အနက်အဓိပ္ပာယ်ကို တအံ့တသြ စဉ်းစားဆင်ခြင်ကြည့်သည်။

'တစ်သက်စား၍ ကုန်မည်မဟုတ်သည့် ရတနာထုပ် ငါ့လက်ထဲ ရောက်လာပါလား'

သို့ရာတွင် တစ်ပြိုင်နက်တည်းမှာပင် ဥပါလိသည် တစ်ဖက်က လှည့်ပြီး စဉ်းစားဆင်ခြင်မိပြန်သည်။

'ဤရတနာထုပ်ကို ငါ အိမ်ပြန်ယူသွားလျှင် တခြားလူတွေက ငါ့ကို သကျသာကီဝင်မင်းများ၏ ရတနာတန်ဆာများကို ခိုးယူလာသည်ဟု စွပ်စွဲကြလိမ့်မည်'

တစ်သက်လုံး ရိုးသားမှုအရင်းတည်ပြီး အသက်မွေးဝမ်းကျောင်းလာခဲ့သော ဥပါလိလို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ယင်းကဲ့သို့သော အထင်အမြင်လွဲမှားမှုမျိုးကို ခံရပ်နိုင်ဖွယ် ရှိမည်မဟုတ်ပေ။ အကယ်၍ သူ့အနေနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အဖြစ်မှန်ကို အစီရင်ခံသည့်တိုင်အောင် သကျသာကီနွယ်ဝင် မင်းညီမင်းသားများအား လောကီလူ့ဘောင်က ခွာရောင်ပြီး သံဃာတော်ဝင်ရောက်သည့်ကိစ္စ၌ အကူအညီ ပေးရပါမည်လားဟူသော စွဲချက်ဖြင့် ဥပါလိသည် အပြစ်ဒဏ်မခံရဘဲ နေမည်မဟုတ်ပေ။

http://www.linhtet.com



ဥပါလိသည် အခြားတစ်ဖက်ကလှည့်ပြီး စဉ်းစားကြည့်ပြန်သည်။ သကျသာကီနွယ်ဝင် မင်းညီမင်းသားများ သကျမုနိ၏ခြေတော်ရင်း၌ ရှင်ရဟန်းပြုရန်အတွက် မိမိတို့၏စည်းစိမ်ချမ်းသာကို တံတွေးပမာ စွန့်လွှတ်လိုက်ကြသည်ကို စဉ်းစားမိသောအခါ တအံ့တသြ ဖြစ်သွားရပြန်သည်။

များမကြာမီ အချိန်ကာလက ကပိလဝတ်နေပြည်တော်အပြင်ဘက် နိဂြောဓာရုံကျောင်းတိုက်၌ သကျမုနိ ဟောကြားသွားတော်မူသော '*ကမ္ဘာလောကရှိ ဆင်းရဲဒုက္ခမှန်သမျှသည် လောဘအရင်းခံဖြစ်၏။ လောဘကြောင့်သာ ဖြစ်ပေါ်လာကြခြင်းဖြစ်၏။ လောဘကို မစွန့်ပယ်နိုင်သမျှ ငြိမ်းချမ်းမှုအစစ်အမှန် ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ*' ဟူသော တရားတော်ကို သတိရလာသည်။ ယင်းတရားတော်ကို မိန့်တော်မူသော သကျမုနိသည် ယခင်က ဘုရင့်သားတော် သိဒ္ဓတ္ထမင်းသားဖြစ်ပြီး သစ္စာတရားကို ရှာမှီး ရန်အတွက် စည်းစိမ်ဟူသရွေ့ကို နောက်ပြန်လှည့်မကြည့်တော့ပြီ ဖြစ်သော မဟာပုရိသပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ယခုကဲ့သို့ မိမိ ရှေ့မတိုးနောက်မဆုတ် ဖြစ်နေရခြင်း၏ အကြောင်းမှာ သကျသာကီနွယ်ဝင်များ၏ ရတနာထုပ် မိမိလက်ထဲရောက်လာခိုက် မိမိသန္တာန်၌ နိုးကြားလာသော လောဘဖြစ်သည်ဆိုသည်ကို ဥပါလိသည် ရုတ်ခြည်း သိမြင်နားလည်သွားသည်။

'ငါ နားလည်ပြီ'

ဥပါလိ ဟစ်ကြွေးလိုက်သည်။

'ဤသကျသာကီနွယ်ဖွား မင်းညီမင်းသားတို့သည် သန္တိနှင့်သုခ ရှာမှီးရန်အတွက် လောကီလူ့ဘောင်က ခွာရှောင်ထွက်သွားသူများ ဖြစ်ကြပါကလား'

သကျမုနိသည်လည်း လူ့နလုံးသားက လျှို့ဝှက်ချက်ကို သိရှိနားလည်သော မဟာပုရိသ ယောကျ်ားမြတ်ဖြစ်၏ဟု နားလည်သဘောပေါက်သွားပြီးလျှင် ဥပါလိသည် သကျသာကီနွယ်ဝင် မင်းညီမင်းသားတို့၏နောက်သို့ အလျင်အမြန်လိုက်သွားပြီး သူ့ကိုပါ သကျမုနိထံ ခေါ်ဆောင်သွားပါမည့်

http://www.linhtet.com



အကြောင်း တောင်းပန်ရန် ဆုံးဖြတ်လိုက်သည်။ မိမိထံတွင် တစ်ပွေ့တစ်ပိုက်ကြီးရှိနေသော ဝတ်လဲတော်နှင့်ရတနာထုပ်ကို တွယ်တာတပ်မက်ခြင်း မရှိတော့ပြီဖြစ်၍ ဥပါလိသည် သစ်ပင်တစ်ပင်၏ သစ်ကိုင်းတွင် ပုံ့သကူအဖြစ် ဆွဲချိတ်ထားလိုက်သည်။ ထို့နောက် 'ယခု ငါစွန့်လွှတ်ထားခဲ့သော ဤရတနာထုပ်သည် ပထမဦးဆုံး စတင်တွေ့ရှိသည့် ဖိုးကံကောင်းခရီးသွား၏ ဘဝအတွက် တစ်သက်လုံး ဖူလုံပါစေသား'ဟု ဆုတောင်းပြီးလျှင် ဥပါလိသည် သကျသာကီနွယ်ဝင် မင်းညီမင်းသားများနောက် ခပ်သုတ်သုတ် လိုက်သွားသည်။

ဆတ္တာသည် ဥပါလိသည် ထိုအချိန်က ဇမ္ဗူဒိပ်ကျွန်း၌ ခိုင်မာစွာ အမြစ်တွယ်နေသော အမျိုးလေးပါးအနက် အနိမ့်ဆုံး၊ အညံ့ဆုံးအမျိုးမိဘက မွေးဖွားလာသော သားသမီးဖြစ်သည်။ အမျိုးလေးပါးထဲတွင် အမြင့်မြတ်ဆုံးအမျိုးက ဗြာဟ္မဏလူမျိုးဖြစ်ပြီး ကျန်အမျိုးသုံးမျိုးက ခတ္တိယလူမျိုး၊ ဝဿလူမျိုး၊ သုဒ္ဒလူမျိုးများ ဖြစ်ကြသည်။ အညံ့ဆုံး၊ အနိမ့်ဆုံး သုဒ္ဒအမျိုးဇာတ်၌ မွေးဖွားလာသူများသည် အရည်အချင်း မည်၍မည်မျှပင်ရှိစေကာမူ မိမိတို့၏ အခြေအနေကို မြှင့်တင်ရန်အတွက် မည်ကဲ့သို့သောနည်းလမ်း၊ မည်ကဲ့သို့သော အခွင့်အရေးမျိုးမျှ မရှိပေ။ ဥပါလိကဲ့သို့သော ဇာတ်နိမ့်ဇာတ်ညံ့များသည် မိမိတို့ထက် အဆင့်မြင့်သော အမျိုးဇာတ်မြတ်သူများနှင့် တစ်ပြေးတစ်ညီတည်း နေထိုင်ခွင့်မရှိပေ။ အတူတကွ စားသောက်ခွင့်မရှိပေ။ ဇာတ်မြင့်သူနှင့် လက်ထပ်ခွင့်လည်းမရှိပေ။ ဇာတ်နိမ့်များသည် အခွင့်အလမ်းဟူသမျှ လက်လွှတ်ဆုံးရှုံးနေကြသည်။

ဥပါလိတစ်ယောက် ကပိလဝတ် ပြန်သွားပြီဟူ၍ မှတ်ထင်အောက်မေ့နေကြသော သကျသာကီဖွား လုလင်မင်းညီမင်းသားများသည် သူတို့နောက် လိုက်လာသော ဥပါလိကို တွေ့မြင်ရသောအခါ တအံ့တသြဖြစ်သွားကြပြီးလျှင် ဥပါလိအား မေးခွန်းမျိုးစုံ ပြုမေးကြသည်။

'ဘယ်လိုလဲ ဥပါလိ'

'ဘာဖြစ်လို့လဲ'

http://www.linhtet.com



'ကျွန်ုပ်တို့ ဥပါလိကို ပေးလိုက်တဲ့ ဝတ်လဲတော်ထုပ်နှင့် ရတနာထုပ်တွေ ဘယ်ရောက်သွားပြီလဲ'

'ဥပါလိ ဓားပြတိုက်ခံရသလား'

မင်းညီမင်းသားတွေအားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းပြီး မေးခွန်းထုတ်ကြသော်လည်း ဥပါလိက ဣန္ဒြေမပျက်ပင် ပြန်လည်ဖြေကြားသည်။

'အရှင့်သားများ ထင်ကြတာ တစ်ခုမှမဟုတ်ပါ။ ကျွန်ုပ် ပြန်လည်ဖြေကြားတာ အလေးအနက်ထားပြီး နားထောင်ကြစေချင်ပါ၏၊ အရှင့်သားများ ချီးမြှင့်သည့်ရတနာများသည် ကျွန်ုပ်လိုင်မွဲအတွက် အသုံးဝင်လိမ့်မည် မဟုတ်ပါ။ ရတနာများသည် ပထမဦးစွာ ကျွန်ုပ်၏ စိတ်နှလုံး ငြိမ်းချမ်းမှုအတွက် အနှောင့်အယှက် ဖြစ်လာကြပါလိမ့်မည်။ အရှင့်သားများနှင့်အတူ သကျမုနိထံ လိုက်သွားခြင်းသည်သာလျှင် ကျွန်ုပ်အတွက် အကောင်းဆုံး၊ အသင့်အလျော်ဆုံးဖြစ်၍ ကျွန်ုပ်ကို သကျမုနိထံသို့သာ ခေါ်သွားကြစေချင်ပါ၏'

ဥပါလိက ယင်းကဲ့သို့ အနူးအညွတ်တောင်းပန်သောအခါ သကျလုလင်တို့သည် ဥပါလိ၏အလိုဆန္ဒကို လိုက်လျောလိုက်ကြသည်။

ယင်းသို့အားဖြင့် သကျလုလင်ခြောက်ဦးနှင့် ဆတ္တာသည်ဥပါလိတို့သည် ဗုဒ္ဓ၏ခြေတော်ရင်းရောက်သွားပြီး ရှင်ရဟန်းပြုလိုက်ကြသည်။

သကျမုနိဗုဒ္ဓက သကျသာကီနွယ်ဝင် မင်းညီမင်းသားတို့အား 'အသင်တို့၏နောက်က ပါလာသူမှာ မည်သူနည်း' ဟု မေးလိုက်သောအခါ သာကီနွယ်ဝင် မင်းသားများက 'တပည့်တော်တို့ကို အလုပ်အကျွေးပြုနေသော ဆတ္တာသည် ဥပါလိ ဖြစ်ပါ၏' ဟု လျှောက်ထားပြောပြလိုက်ကြသည်။ ဥပါလိသည် ခပ်ရိုးရိုးအမူအရာဖြင့် ရှေ့တိုးလာသည်။ သကျမုနိက 'သင်လည်း သကျသာကီနွယ်ဝင် မင်းသားများနည်းတူ ရဟန်းဘောင်ဝင်ရောက်လိုသော ဆန္ဒရှိပါသလား'ဟု ကြင်နာထောက်ထားသောအသံနှင့် မေးတော်မူလိုက်သည်။ ထိုအခါ ဥပါလိက 'အကယ်၍ တပည့်တော်တို့လို ဇာတ်နိမ့်များကိုလည်း ရဟန်းဘောင်ဝင်ခွင့်ပြုမည်ဆိုပါလျှင် တပည့်တော်လည်း အရှင်သူမြတ်

http://www.linhtet.com



ဘုရား၏ ခြေအစုံတွင်ခိုလှုံပြီး တရားထူး တရားမြတ်ရအောင် ရှာလိုပါ၏ အရှင်ဘုရား' ဟု လျှောက်ထားလိုက်လေသည်။

သကျမုနိသည် အလွန်တရာလေးနက်သော အမူအယာဖြင့် ဦးခေါင်းတော်ညိတ်ပြီး မိန့်တော်မူလိုက်သည်။

'ဥပါလိ၊ မွေးဖွားခြင်းဇာတိအကြောင်း တစ်ခုတည်းနှင့် လူ့တန်ဖိုးဖြတ်၍ မရပေ၊ မိမိ၏အမျိုးဇာတ်အကြောင်းကို သင် ထည့်တွက်ဖို့ မလိုတော့ပေ၊ ငါတို့ သံဃာတော်သည် မိမိတို့လုပ်ကိုင်သော လုပ်ငန်းအခြေခံအရလည်းကောင်း၊ လူမှုရေးဆိုင်ရာ လူတန်းစားအမြင်အရ လည်းကောင်း၊ လူတို့ကို သတ်မှတ်ပိုင်းခြားခြင်းမပြုလုပ်ပေ။ သံဃာတော်အတွင်း၌ တည်ရှိနေသော အဆင့်အတန်းသည် သံဃာတော်အတွင်း ဝင်ရောက်လာသော ရှေ့နောက်အချိန်ကာလ၊ အတိုင်းအတာအရသာ တည်ရှိနေ၏။ တစ်နာရီ၊ တစ်မိနစ်ဖြစ်ဖြစ် ရှေးဦးစွာ ရဟန်းပြုသူအား နောက်မှရဟန်းပြုသူက ရဟန်းသိက္ခာ၊ ရဟန်းဝါကြီးသည်ဟု အသိအမှတ်ပြုပြီး ရှိခိုးဦးခိုက်ရ၏။ ယခုပင် သင့်ကို ရှေးဦးစွာ ရဟန်းပြုပေးမည်။ မိမိတို့အရင် ဥပါလိကို ရဟန်းပြု ပေးမည်ဟု သကျမုနိက မိန့်တော်မူသောအခါ သကျသာကီနွယ်ဝင် မင်းညီမင်းသားတို့သည် 'ငါတို့အရင် ဥပါလိကို ရဟန်းပြုပေးလျှင် ငါတို့က ဥပါလိထက် ရဟန်းသက် ငယ်မည်ဖြစ်၍ ဥပါလိကို ငါတို့ ရှိခိုးရလိမ့်မည်'ဟု တွေးပြီး ဘဝင်မကျ ဖြစ်သွားကြသည်။ သူတို့ထဲက တစ်ယောက်ကမူ မကျေနပ်ချက်ကို ဖွင့်ဟ၍ပင် ပြောပြလိုက်သည်။

'ဥပါလိက တပည့်တော်တို့၏ အစေခံ…'

သကျမုနိက ထိုသကျသာကီနွယ်ဝင် စကားမဆုံးခင်ပင် မိန့်ကြားတော်မူလိုက်သည်။

'လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများကို ပယ်စွန့်ဖို့ ရည်ရွယ်ချက်ဖြင့် လောကီလူ့ဘောင်ကို စွန့်ခွာလာသူများက လောကီလူ့ဘောင်က ခွဲခြားသတ်မှတ်ထားသော လူတန်းစား၊ လူ့အလွှာများကို သံယောဇဉ်တွယ်တာနေတုန်း ရှိသေးသလား'

http://www.linhtet.com



မိမိကိုယ်တော်တိုင် ရွှေဘုံရွှေနန်းမှာ စံမြန်းခဲ့သော ဘုရင့်သားတော် တစ်ပါးဖြစ်သောကြောင့် သကျမုနိသည် ယခင်က အစေအပါး၊ သူခစားများ၏ ကြားထဲတွင် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခဲ့ရသော ယင်း မင်းညီမင်းသားလုလင်များ၏ လူ့ပေါ်ကြော့ဘဝကို နားလည်တော်မူသည့် အတွက် ယင်းတို့၏ မာန်စွယ်ကိုချိုးပစ်ပြီး ယင်းတို့၏ အသိစိတ်ကို ဖယ်ရှား ပစ်လိုသောကြောင့် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးခြင်းဖြစ်သည်။ သကျ သာကီနွယ်ဝင် မင်းသားများကလည်း သကျမုနိ၏ ရည်ရွယ်ချက်ကို နားလည် သဘောပေါက်သွားကြသည်ဖြစ်၍ သူတို့အရင် ရဟန်းပြုသော လူ့ဘဝတုန်းက ဆတ္တာသည်ဥပါလိ၊ ယခု ရဟန်းတော်ဥပါလိအား သံဃာ၏ဝိနည်းစည်းကမ်း အရ ရှိခိုးဦးခိုက်လိုက်ကြလေသည်။

တစ်ချိန်တွင် ဥပါလိသည် သူ့ကို တောအုပ်တစ်ခုထဲသွားပြီး တောရ ဆောက်တည်လျက် တရားဘာဝနာ ပွားများအားထုတ်ခွင့်ပြုရန် သကျမုနိထံ ခွင့်ပန်သည်။ သို့ရာတွင် သကျမုနိက ခွင့်မပြုပေ။

'လူတစ်ဦးစီ၊ တစ်ဦးစီတွင် ကိုယ့်အဈ္ဈာသယနှင့် ကိုယ်ရှိသည်။ ကိုယ့်ဓာတ်ခံနှင့် ကိုယ်ရှိသည်။ ငါ့ရှင်သည် တောရဆောက်တည်ပြီး တရား ဘာဝနာ ကျင့်ကြံအားထုတ်ဖို့အတွက် သင့်လျော်သောပုဂ္ဂိုလ် မဟုတ်ပေ။ ရေကန်တစ်ကန်ထဲတွင် မြူးထူးပျော်ပါးကစားနေသော ဆင်ကြီးတစ်ကောင်ကို တွေ့မြင်ဖူးသည် မဟုတ်လော။ အကယ်၍ ယုန်တစ်ကောင်ကဖြစ်စေ၊ ကြွက် တစ်ကောင်ကဖြစ်စေ ရေကန်ထဲတွင် ရေချိုးပြီး မြူးထူးပျော်ပါးနေသော ဆင်ကို အားကျသည့်အတွက် မိမိလည်း ဆင်လို ရေထဲမှာကစားမည်ဟူ၍ ရေထဲခုန်ချလိုက်မည်ဆိုလျှင် မည်သို့ဖြစ်လာမည်နည်း'

သကျမုနိက ယင်းသို့အမိန့်ရှိသောအခါ မိမိသည် တောရဆောက်တည် ရမည့်ပုဂ္ဂိုလ်မဟုတ်ကြောင်း သိရှိနားလည်သွားပြီးလျှင် ဥပါလိသည် သီတင်း သုံးဖော် သံဃာတော်များနှင့်သာ အတူတကွနေပြီး တရားဘာဝနာ ကျင့်ကြံ အားထုတ်ခြင်း၊ ဝိနည်းစည်းကမ်း ထိန်းသိမ်းလိုက်နာခြင်း၊ အခြား ရဟန်း သံဃာတော်များအား လမ်းညွှန်ခြင်းနှင့် အားပေးကူညီခြင်းများကို ပြုလုပ် နေသည်။

http://www.linhtet.com



ဥပါလိသည် ရဟန်းသံဃာများ၏ ကျင့်ဝတ်စည်းကမ်းဖြစ်သော ဝိနည်းနှင့်ပတ်သက်၍ ကျွမ်းလည်းကျွမ်း၊ ကိုယ်တိုင်လည်း အလေးအနက် ကျင့်သုံးဆောက်တည်သူဖြစ်၍ ရဟန်းသံဃာများက ဥပါလိအား ဝိနည်းနှင့် ပတ်သက်ပြီး အားထားလောက်သော ပုဂ္ဂိုလ်ဖြစ်၏ဟူ၍ အသိအမှတ်ပြုထားကြသည်။ 'ဝိနယေ အဂ္ဂါ နိက္ခိတ္တော' ဝိနည်းအတွက်ထိပ်ရောက်သူဟူ၍ သမုတ်ထားကြသည်။

ဥပါလိသည် ဒါသကအား သူ၏တပည့်အရာ၌ထားပြီးလျှင် ကြီးလည်းကြီးမား၊ အရေးလည်းပါသော ဝိနည်းဒေသနာ အစဉ်အလာကို ထိန်းထားစေခဲ့သည်။ ဒါသကသည် ဝေသာလီသား ဗြာဟ္မဏတစ်ဦးဖြစ်သည်။ ဥပါလိနှင့်ဒါသကသည် ပထမဦးဆုံးအကြိမ် ဝါဠုကာရုံကျောင်းတိုက်၌ တွေ့ဆုံကြသည်။ ဒါသကသည် ဥပါလိနှင့် စကားဆွေးနွေးပြောကြားပြီးလျှင် နောက်ဆုံး၌ ဥပါလိထံမှ ပညာဗဟုသုတ အများအပြား ရလိုသောကြောင့် ရဟန်းပြုလိုက်သည်။ ဒါသကမထေရ်က နောက်ပိုင်းတွင် သောဏကမထေရ်ကို ရဟန်းပြုပေးသည်။ ဥပါလိ ပရိနိဗ္ဗာန်စံပြီးသည့်နောက် ဒါသကမထေရ်သည် 'ဝိနယဓရ'များထဲတွင် အမှူးအချုပ် ဖြစ်လာသည်။ ဒါသကမထေရ်၏တပည့်များထဲတွင် သောဏကမထေရ်သည် ပဓာနရဟန်းတော်ဖြစ်လာသည်။ သောဏက၏တပည့်မှာ သိဂ္ဂဝဖြစ်သည်။ သိဂ္ဂဝ၏တပည့်သည် မောဂ္ဂလိပုတ္တတိဿဖြစ်သည်။ တိဿ၏တပည့်သည် အသောက၏သားတော် ရှင်မဟာမဟိန္ဒဖြစ်သည်။ ယင်းသို့အားဖြင့် 'ဝိနယ ပရမ္ပရာ' ဝိနည်းအစဉ် အလာကို၊ 'ဝိနယ ပဒီပ' ဝိနည်းဆီမီးခွက်ကို ရှင်ဥပါလိမထေရ်မှစ၍ ထေရ်သံဃာအဆက်ဆက် ထိန်းသိမ်းလာခဲ့သည်မှာ၊ လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

သကျမုနိဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက်၌ ရာဇဂြိုဟ်၌ ပထမသင်္ဂါယနာတင်တော်မူကြသည်။ ယင်းသင်္ဂါယနာ၌ ရှင်အာနန္ဒာသည် ဓမ္မနှင့်ပတ်သက်ပြီး အဓိကပုဂ္ဂိုလ်ဖြစ်လာသကဲ့သို့ ရှင်ဥပါလိသည် ဝိနယနှင့်ပတ်သက်ပြီး အဓိကပုဂ္ဂိုလ်ဖြစ်လာသည်။ ဝိနည်းနှင့်ပတ်သက်၍ ရှင်မဟာကဿပ မေးသောမေးခွန်းများကို ရှင်ဥပါလိက ဒိုင်ခံဖြေကြားရသည်။

http://www.linhtet.com



မဂဓမင်းဆက်သည် အဖကိုသတ်ပြီး သားကနန်းစံသည့် အစဉ်အလာ ထင်ရှားကျော်ကြားလာခဲ့သော မင်းဆက်ဖြစ်သည်။ အဇာတသတ်သည် သူ၏ဖခင် ဗိမ္ဗိသာရကိုလုပ်ကြံပြီး နန်းတက်သည်။ နန်းတက်ပြီးနောက် သကျမုနိထံ ပထမဆုံးအကြိမ် ရောက်သွားသောအခါ အဇာတသတ်သည် ရဟန်းသံဃာများ ရံလျက်ရှိနေသော မဟာကရုဏာတော်ရှင် သကျမုနိကို ဖူးတွေ့ရသည်ဖြစ်၍ 'ငါ၏သားတော် ဥဒါယီလည်း ဤရဟန်းတော်များကဲ့သို့ ငြိမ်းအေးသော သဘောသဘာဝရှိပါမူကား ကောင်းပေစွ' ဟု အကြံဖြစ်ပေါ်လာသည်။ ယင်းကဲ့သို့ အကြံဖြစ်ပေါ်ခြင်းမှာ သူ၏သားတော် ဥဒါယီလည်း သူ့လိုပင် ပိတုဃာတကကံ ကျူးလွန်ပြီး ထီးနန်းလုမှာ စိုးရိမ်နေသည့်အတွက် ဖြစ်သည်။ အဇာတသတ်မင်းကြီး စိုးရိမ်သည့်အတိုင်း ဖြစ်လာသည်။ ဥဒါယီသည် ခမည်းတော် အဇာတသတ်ကို လုပ်ကြံပြီး မဂဓထီးနန်း သိမ်းပိုက်လိုက်သည်။

ရှင်ဥပါလိ ပရိနိဗ္ဗာန် ဝင်စံသည်မှာ ဥဒါယီ၏ နန်းစံနှစ် ခြောက်နှစ်မြောက်တွင်ဖြစ်သည်။ ဥဒါယီ ဆယ့်ခြောက်နှစ် နန်းစံပြီးသောအခါ ဥဒါယီ၏ သားတော် အနုရုဒ္ဓကက ဥဒါယီကိုလုပ်ကြံပြီး မဂဓဘုရင်ဖြစ်လာသည်။ အနုရုဒ္ဓကကလည်း သူ၏သားတော် မုဏ္ဍကာ၏ လုပ်ကြံခြင်းခံရသည်။ မုဏ္ဍကကို သူ၏သားတော် နာဂဒါသက က လုပ်ကြံသည်။ ထို့နောက် ပြည်သူပြည်သားများက နာဂဒါသကကို ဖယ်ရှားပြီး သုသုနာဂအား မဂဓထီးနန်းအပ်သည်။ နာဂဒါသကနှင့်အတူ မဂဓနိုင်ငံ၏ ပိတုဃာတက အစဉ်အလာလည်း နိဂုံးချုပ်သွားသည်။

ဥပါလိမထေရ်သည် မဂဓနိုင်ငံ၏ မင်းသုံးဆက်ကို ကိုယ်တိုင်ကိုယ်ကျ ရှုမြင်သုံးသပ်ခွင့် ရရှိသွားသူ ပုဂ္ဂိုလ်ဖြစ်သည်။ ယင်းကိုထောက်လျက် ဥပါလိသည် သက်တော်ရှည် ရဟန္တာတစ်ပါး ဖြစ်လိမ့်မည်ဟူ၍ ခန့်မှန်းရသည်။ ရှင်အာနန္ဒာသည် သက်တော် ၁၂၀လောက် အသက်ရှည်တော်မူသည်။ ယင်းကို ထောက်လျှင် ဥပါလိမထေရ်သည် သက်တော် ၁၅၀လောက် ရှည်လိမ့်မည်ဟူ၍ ခန့်မှန်းရသည်။ ။

http://www.linhtet.com

# ရှင်အာနန္ဒာ

သာဝတ္ထိပြည် အနာထပိဏ္ဍိက၏ ဇေတဝန်ကျောင်းတော်၌ ရှင်မဟာကဿပ သီတင်းသုံးနေတော်မူချိန်ဖြစ်သည်။ ရှင်အာနန္ဒာသည် ရှင်မဟာကဿပ ထံသွားပြီး 'ဘိက္ခုနီကျောင်းတိုက်သို့ ကြွတော်မူပါ'ဟု လျှောက်ထား ပြောကြားသည်။ ရှင်မဟာကဿပက 'ငါ့ရှင်သာ ဘိက္ခုနီကျောင်းတိုက်သွားပါ၊ ငါ့ရှင်လုပ်ရမည့်အလုပ်က များလှပါဘိ' ဟု ပြန်လည်မိန့်ကြားသည်။ ရှင်အာနန္ဒာက နှစ်ကြိမ် သုံးကြိမ် လျှောက်ထားပြောကြားသောအခါကျမှ ရှင်မဟာကဿပသည် ရှင်အာနန္ဒာနှင့်အတူ ဘိက္ခုနီကျောင်းတိုက် ကြွသွားသည်။

ဘိက္ခုနီကျောင်းတိုက်၌ ဘိက္ခုနီများ တောင်းပန်လျှောက်ထားသောကြောင့် ရှင်မဟာကဿပသည် တရားဒေသနာ ဟောကြားတော်မူသည်။ ရှင်မဟာကဿပ၏ တရားဒေသနာကို နာကြားရသည်ဖြစ်၍ ဘိက္ခုနီအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။ သို့ရာတွင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မသွားသော ဘိက္ခုနီတစ်ပါးရှိသည်။ ယင်းဘိက္ခုနီမှာ ထုလ္လတိဿာဖြစ်သည်။ ထုလ္လတိဿာက လျှောက်ထားပြောပြသည်။

'အာနန္ဒာမထေရ်၏ ရှေ့မှောက်၌ တရားဒေသနာ ဟောကြားသင့်သည်ဟု ထင်ပါသလား အရှင်ဘုရား၊ အာနန္ဒာမထေရ်၏ရှေ့မှောက်၌ တရားဒေသနာဟောကြားခြင်းသည် အပ်လုပ်သူထံ အပ်သွားရောင်းသည်နှင့် တူနေ

http://www.linhtet.com



ပါ၏၊ 'ဝိဒေဟမုနိ'၏ ရှေ့မှောက်တွင် ရှင်မဟာကဿပ တရားဟောနေခြင်းသည် အပ်လုပ်သူထံ အပ်သွားရောင်းသည်နှင့် တူနေသည် မဟုတ်ပါလားဘုရား'

ဤ၌ ရှင်အာနန္ဒာကို 'ဝိဒေဟမုနိ' ဟု ခေါ်ဝေါ်ထားသည်။ 'ဝိဒေဟမုနိ'သည် ရှင်အာနန္ဒာ၏ အမည်နာမတစ်ခုဖြစ်သည်။ သို့သော်လည်း ပါဠိစာပေ၌ ရှင်အာနန္ဒာသည် 'အာနန္ဒာ'ဟူသော အမည်ဖြင့် ထင်ရှားကျော်ကြားနေသည်။

အာနန္ဒာ၏ဖခင် အမိတောဒနသည် သုဒ္ဓေါဒန၏ ညီငယ်ဖြစ်သည်။ ထို့ကြောင့် အာနန္ဒာသည် သကျမုနိဗုဒ္ဓထက်ငယ်ပြီး မဟာနာမထက် ကြီးသူဖြစ်နိုင်သည်။ သကျမုနိဗုဒ္ဓ၏ အခြားမဟာသာဝကများကဲ့သို့ပင် အာနန္ဒာ၏ ငယ်ရွယ်စဉ်က အကြောင်းအရာနှင့် ပတ်သက်၍လည်း ရေးသားဖော်ပြထားချက် အလွန်တရာနည်းပါးသည်။

သိဒ္ဓတ္ထမင်းသား သကျမုနိဗုဒ္ဓဖြစ်ပြီး တစ်နှစ်အကြာ၌ အာနန္ဒာလည်း ရဟန်းပြုသည်။ အာနန္ဒာနှင့်အတူ ရဟန်းပြုကြသူများမှာ ဘဒ္ဒိယ၊ ဘဂု၊ ကိမိလ၊ အနုရုဒ္ဓ၊ ဒေဝဒတ္တ၊ ဥပါလိတို့ ဖြစ်ကြသည်။

သိဒ္ဓတ္ထမင်းသား သကျမုနိဗုဒ္ဓဖြစ်ပြီးနောက် နှစ်ဆယ့်ငါးနှစ်တိုင်တိုင် ဗုဒ္ဓ၏အလုပ်အကျွေးပြုသူသည် တစ်ဦးပြီးတစ်ဦး ပြောင်းလဲနေသည်။ ရဟန်းအလုပ်အကျွေးများထဲတွင် နဂသမလ၊ နာဂိတ၊ ဥပဝါန၊ သုနက္ခတ္တတို့ဖြစ်ကြသည်။ ရှင်သာမဏေ အလုပ်အကျွေးများထဲတွင် ပါဝင်သူများကား စုန္ဒ၊ သာဂတ၊ ရာဓ၊ မေဃိယတို့ ဖြစ်ကြသည်။ သက်တော် ၅၅နှစ်အရွယ် ရောက်လာတော်မူသောအခါ သကျမုနိဗုဒ္ဓက 'ယခုအခါ၌ ငါသည် သမ္မာသမ္ဗုဒ္ဓ ဖြစ်လာပြီ၊ ငါ့အတွက် အစဉ်မပြတ် အလုပ်အကျွေးပြုလုပ်မည့် ပုဂ္ဂိုလ်တစ်ယောက် ငါနှင့်အတူ နေဖို့လိုအပ်လာပြီ'ဟု မိန့်တော်မူသည်။ ထိုအခါ မဟာသာဝကများသည် သကျမုနိဗုဒ္ဓ၏ အလုပ်အကျွေးအဖြစ် ဆောင်ရွက်ရန် သကျမုနိဗုဒ္ဓထံ ခွင့်တောင်းကြသည်။ သို့ရာတွင် သကျမုနိဗုဒ္ဓသည် အားလုံး၏အဆိုပြုချက်ကို ပယ်ချတော်မူသည်။ မည်သို့မှမပြောမဆိုဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေ

http://www.linhtet.com



သောသူမှာ အာနန္ဒာဖြစ်သည်။ သကျမုနိဗုဒ္ဓ၏ အလုပ်အကျွေးပြုလုပ်ရန် အဘယ့်ကြောင့် အဆိုမပြုသနည်းဟု အာနန္ဒာကို မေးမြန်းသောအခါ ရှင်အာနန္ဒာက 'တောင်း၍ရသော အရာဝတ္ထုသည် ဘယ်မှာတန်ဖိုးကြီးမားမည်နည်း၊ သင့်လျော်ကောင်းမြတ်သည်ဟု ထင်မှတ်တော်မူလျှင် ရှင်တော်မြတ်ဘုရားကိုယ်တိုင် အမိန့်ပေးပါလိမ့်မည်' ဟု ပြန်လည်ပြောကြားသည်။

သကျမုနိဗုဒ္ဓက ရှင်အာနန္ဒာအား မိမိ၏အလုပ်အကျွေးပြုလုပ်ရန်အတွက် ခွင့်ပေးသောအခါ အာနန္ဒာသည် လက်ခံလိုက်သည်။ သို့ရာတွင် ရှင်အာနန္ဒာသည် ခြွင်းချက်နှင့် လက်ခံလိုက်ခြင်းဖြစ်သည်။ သူ၏ခြွင်းချက်မှာ–

၁။ ရှင်တော်မြတ်ဘုရားသည် သူ့အတွက် လက်ခံရရှိသော ဆွမ်းနှင့်သင်္ကန်းကို မည်သည့်အခါမှ မိမိကိုမပေးရ။

၂။ ရှင်တော်မြတ်ဘုရားသည် ဂန္ဓကုဋီ၌ မိမိအား အိပ်ခွင့်မပေးရ။

၃။ သကျမုနိအတွက် ပင့်ဖိတ်သောနေရာများသို့ မိမိအား အတူတကွ လိုက်ရမည်ဟူ၍ အမိန့်မပေးရ။ (ယင်းခြွင်းချက်များကို လက်မခံပါက အာနန္ဒာသည် ဆွမ်းအတွက်၊ သင်္ကန်းအတွက်၊ နေထိုင်စရာအတွက်ကို ရည်ရွယ်၍သာ မြတ်စွာဘုရား၏ အလုပ်အကျွေးပြုလုပ်ခြင်းဖြစ်၏ဟု ပြောကြလိမ့်မည်ဟူ၍ အာနန္ဒာက စဉ်းစားသည်။)

၄။ သကျမုနိအတွက် ပင့်ဖိတ်ချက်တစ်ခုခုကို သကျမုနိကိုယ်စား မိမိ(အာနန္ဒာ) လက်ခံပါက ယင်းပင့်ဖိတ်ချက်ကို သကျမုနိ လက်ခံရမည်။

၅။ အဝေးမှရောက်လာသူများအား မိမိသည် သကျမုနိကို ဖူးမြော်ခွင့်ရအောင် လုပ်ပေးပိုင်ခွင့် ရှိရမည်။

၆။ မည်သည့်အခါ၌မဆို သကျမုနိ၏ရှေ့မှောက်တွင် မိမိ၏အခက်အခဲကို တင်ပြနိုင်ခွင့်ရှိရမည်။

၇။ အကယ်၍ သကျမုနိသည် မိမိ၏မျက်ကွယ်၌ တရားဒေသနာတစ်ခုခုကို ဟောမည်ဆိုလျှင် မိမိအား တစ်ဖန်ပြန်ပြီးဟောပြရမည်။

အကယ်၍ ရှင်အာနန္ဒာအတွက် ယင်းအဆင်ပြေမှုများ မရရှိပါက သကျမုနိဗုဒ္ဓအား အလုပ်အကျွေးပြုသည့်အတွက် မည်ကဲ့သို့သော အကျိုးထူး

http://www.linhtet.com



တရားများကို ရရှိမည်နည်း။ အကယ်၍ ယင်းအဆင်ပြေမှုများ ရရှိပါက မိမိအပေါ်တွင် ယုံကြည်စိတ်ချသွားပြီး သကျမုနိကိုယ်တော်တိုင်ကလည်း မိမိအား အလေးအနက်ထားသည်ဟု ထင်မှတ်သွားကြလိမ့်မည်ဟူ၍ ရှင်အာနန္ဒာ တွေးတောစဉ်းစားခြင်းဖြစ်သည်။ အာနန္ဒာ၏ ခြွင်းချက်အားလုံးကို သကျမုနိဗုဒ္ဓက လက်ခံတော်မူလိုက်သည်။

ရှင်အာနန္ဒာသည် ထိုအချိန်မှစ၍ နှစ်ဆယ့်ငါးနှစ်တိုင်တိုင် သကျမုနိဗုဒ္ဓကို အလုပ်အကျွေးပြုနေပြီးလျှင် သကျမုနိ၏အရိပ်ကဲ့သို့ နောက်တော်ပါးက တစ်ဖဝါးမကွာ အမြဲတစေလိုက်ပါနေသည်။ သကျမုနိအား ရေကပ်ခြင်း၊ တံပူကပ်ခြင်း၊ ခြေဆေးပေးခြင်းစသော အလုပ်ဟူသမျှကို အာနန္ဒာကိုယ်တိုင် လက်ဖြင့် ပြုလုပ်ဆောင်ရွက်ပေးသည်။ သကျမုနိကြွသွားသော မည်သည့်နေရာကိုမဆို အာနန္ဒာလည်း နောက်တော်ပါးက တစ်ဖဝါးမကွာ လိုက်ပါသွား၏။ သကျမုနိ၏ ဂန္ဓကုဋီ၌ တံမြက်စည်းလှည်းသည်။ တစ်နေ့လုံး အသေးအဖွဲ လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သကျမုနိ၏အပါး၌ အမြဲမပြတ် အဆင်သင့်ရှိနေသည်။ ညဉ့်အချိန်၌လည်း မိမိကိုယ်တိုင် နိုးနိုးကြားကြား ရှိနေစေရန်အတွက်လည်းကောင်း၊ သကျမုနိလိုအပ်သောအခါ၌ ဆောင်ရွက်ပေးနိုင်စေရန်အတွက်လည်းကောင်း၊ သကျမုနိ ကျိန်းစက်နေတော်မူစဉ် တစ်စုံတရာ အနှောင့်အယှက် မဖြစ်ပေါ်စေရန်အတွက်လည်းကောင်း၊ အာနန္ဒာသည် လက်တစ်ဖက်ဖြင့် တောင်ဝှေးကိုကိုင်လျက် အခြားလက်တစ်ဖက်ဖြင့် မီးအိမ်ကိုကိုင်ပြီးလျှင် ဂန္ဓကုဋီ၏ ပတ်ပတ်လည်၌ ကိုးကြိမ်ကိုးခါ လှည့်ပတ်နေသည်။

ရှင်အာနန္ဒာသည် မိမိ၏တာဝန်ဝတ္တရားကို ပြုလုပ်ဆောင်ရွက်ရာ၌ အလွန်တရာ ကျွမ်းကျင်သည်။ သကျမုနိဗုဒ္ဓက ရဟန်းသံဃာများအား စုဝေးစေလိုသည့်အခါ၌လည်းကောင်း၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ထံ အမှာစကား ကြားသိစေလိုသောအခါ၌လည်းကောင်း၊ ယင်းတာဝန်ဝတ္တရား ပေးအပ်ခြင်းခံရသူမှာ ရှင်အာနန္ဒာသာ ဖြစ်သည်။ သကျမုနိ၏အပေါ်တွင် ရှင်အာနန္ဒာ မည်မျှလေးစားကြည်ညိုသနည်းဆိုလျှင် သကျမုနိနှင့်ပတ်သက်ပြီး ဒေဝဒတ္တ၏လုပ်ကြံမှုကို လေ့လာခြင်းအားဖြင့် သိသာပေသည်။ တစ်ချိန်တွင်

http://www.linhtet.com



သကျမုနိကို သေကြောင်းကြံလိုသည့်အတွက် ဒေဝဒတ္တ၏ သွေးဆောင်ဖြားယောင်းမှုခံရသောကြောင့် အဇာတသတ္တု၏ ဆင်ဦးစီးသည် နာဠာဂိရိဆင်ကို သေရည်သေရက် အဝတိုက်လျက် သကျမုနိ ကြွလာတော်မူသောလမ်းတွင် လွှတ်လိုက်၏။ ထိုအချိန်၌ သကျမုနိ၏ ရှေ့ကကြွသူမှာ အာနန္ဒာဖြစ်နေ၍ နာဠာဂိရိဆင်သည် သကျမုနိအား အန္တရာယ်တစ်စုံတစ်ရာပြုခြင်းငှာ မစွမ်းနိုင်ပေ။ အာနန္ဒာအား ယင်းသို့မနေရန် သကျမုနိက သုံးကြိမ်သုံးခါ တားမြစ်ပိတ်ပင်သည်။

တစ်ကြိမ်တွင် သကျမုနိဗုဒ္ဓသည် ပလလေယျတောသို့ ကြွသွားတော်မူသည်။ ရဟန်းသံဃာအချို့သည် သကျမုနိထံမှ တရားဒေသနာ နာကြားလိုကြသောကြောင့် အာနန္ဒာထံ ချဉ်းကပ်ကြသည်။ ရဟန်းသံဃာများ၏ အလိုဆန္ဒ ပြည့်ဝစေရန်အတွက် အာနန္ဒာ ကြိုးပမ်းအားထုတ်သည်။ သကျမုနိနှင့် တွေ့သင့်တွေ့ထိုက်သောသူကိုလည်းကောင်း၊ သကျမုနိနှင့် တွေ့လျှင် အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသူကိုလည်းကောင်း သကျမုနိနှင့် တွေ့ဆုံခွင့်ရအောင် စီစဉ်ပေးသည်။ သို့သော်လည်း အာနန္ဒာသည် သကျမုနိ အကြောင်းမဲ့ ပင်ပန်းနွမ်းနယ်မှု မဖြစ်စေရန်အတွက်လည်း အလွန်တရာ သတိထားသည်။ ကုသိနာရုံ မလ္လမင်းတို့၏ အင်ကြင်းရဂုံ၌ သကျမုနိ မဟာပရိနိဗ္ဗာန ညောင်စောင်း၌ လျောင်းစက်နေတော်မူစဉ် သုဘဒ္ဒအမည်ရှိ ပရိဗိုဇ်သည် ယုံမှားသံသယတစ်ခု ဖြေရှင်းသွားနိုင်ရန်အတွက် အင်ကြင်းရဂုံသို့ ရောက်ရှိလာသည်။ သုဘဒ္ဒသည် အာနန္ဒာအား သကျမုနိကို ဖူးတွေ့လိုသောသူ၏ဆန္ဒကိုပြောပြသည်။ ထိုအချိန်၌ သကျမုနိ ပရိနိဗ္ဗာန်စံမည့်အရေးအတွက် သောကမအေးဖြစ်နေသော အာနန္ဒာက 'သုဘဒ္ဒ၊ ဘုရားရှင် ကိုယ်တော်မြတ်ကို ဒုက္ခမပေးချင်ပါနှင့်တော့၊ ဘုရားရှင်ကိုယ်တော်မြတ် အလွန်တရာ ပင်ပန်းနွမ်းနယ်တော်မူနေပါသည်' ဟု ပြောပြသည်။ သုဘဒ္ဒကလည်း နောက်ဆုတ်မသွားပေ။ သုံးကြိမ်သုံးခါ ထပ်လောင်းတောင်းပန်သည်။ အာနန္ဒာကလည်း သုံးကြိမ်သုံးခါလုံးပင် ငြင်းဆန်သည်။ အာနန္ဒာနှင့် သုဘဒ္ဒပရိဗိုဇ်တို့ အချီအချ ပြောကြားနေသောစကားကို ကြားတော်မူသောအခါ သကျမုနိဗုဒ္ဓသည် အာနန္ဒာကို သုဘဒ္ဒပရိဗိုဇ်အား တွေ့ခွင့်ပြုရန် မိန့်တော်မူလိုက်သည်။

http://www.linhtet.com



တစ်ခါတစ်ရံ သကျမုနိဗုဒ္ဓ အကျဉ်းသခ်ေပ ဟောကြားတော်မူသော တရားဒေသနာတော်၏ အကျယ်ဝိတ္ထာရကို သိရှိနားလည်လိုသောကြောင့် ရှင်အာနန္ဒာထံ ချဉ်းကပ်ကြသည်။ ရှင်အာနန္ဒာသည် သကျမုနိဟောကြားတော်မူသော တရားဒေသနာတော်ကို အားလုံးနားလည်အောင် အကျယ်ဝိတ္ထာရ ရှင်းလင်းပြောပြရာ၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်သည်။ တစ်ခါတွင် သကျမုနိသည် မိမိ၏ တရားဒေသနာတော်ကို အကျယ်ဝိတ္ထာရ သိရှိနားလည်လိုသူများ အာနန္ဒာထံသွားလိုက သွားနိုင်ကြရန်အတွက် တရားဒေသနာတော်ကို တမင်တကာ အကျဉ်းရုံး၍ ဟောကြားတော်မူလိုက်သည်။ ယင်းတရားဒေသနာတော်ကို ရှင်အာနန္ဒာ အကျယ်တဝင့် ရှင်းလင်းပြောပြသည်ကို နာကြားရသူများ သကျမုနိထံ ရောက်ရှိလာသောအခါ ရှင်အာနန္ဒာဟောပြသော တရားဒေသနာတော်ကို သကျမုနိအား ပြန်လည်လျှောက်ထားပြောပြကြသည်။ ထိုအခါ သကျမုနိ၏ တရားဒေသနာတော်အကျဉ်းကို ရှင်အာနန္ဒာ ကျွမ်းကျွမ်းကျင်ကျင်၊ အကျယ်တဝင့် ရှင်းလင်းဟောပြနိုင်သောစွမ်းရည်ကို သိရှိနားလည်ခွင့် ရရှိသွားကြသည်။

တစ်ခါတုန်းကလည်း ကပိလဝတ္ထု၌ သကျမုနိဗုဒ္ဓသည် ညဥ့်နက်အချိန်ကြာသည့်တိုင်အောင် တရားဒေသနာ ဟောကြားပြီးသည့်နောက် အာနန္ဒာအား ဆက်လက်ဟောကြားရန် တာဝန်ပေးအပ်ထားခဲ့ပြီး ကျိန်းစက်တော်မူသည်။ အာနန္ဒာသည် သကျမုနိတာဝန်ပေးထားခဲ့သည့်အတိုင်း တရားဒေသနာတော်ကို ဆက်လက်ဟောကြားနေသည်။ သကျမုနိ ကျိန်းစက်တော်မူရာမှ ထတော်မူလာသောအခါ အာနန္ဒာသည် တရားဒေသနာတော်ကို ဆက်လက်ဟောကြားနေတုန်းပင် ရှိသေးသည်။ သကျမုနိသည် အာနန္ဒာ၏ အရည်အချင်းနှင့်ပတ်သက်ပြီး ချီးကျူးစကား မိန့်ကြားတော်မူသည်။ ယင်းကဲ့သို့ သကျမုနိဗုဒ္ဓ ဟောကြားတော်မူသော တရားဒေသနာတော်ကို အာနန္ဒာက ဆက်လက်ဟောကြားပြီး အာနန္ဒာ၏တရားဒေသနာ ဟောကြားပုံနှင့်ပတ်သက်ပြီး သကျမုနိ ချီးကျူးစကား မိန့်ကြားတော်မူသည့်အကြိမ်မှာ တစ်ကြိမ်မျှသာ မကပေ။

ဘိက္ခုနီသံဃာ တည်ထောင်သောကိစ္စ၌ အာနန္ဒာ၏ ကြိုးပမ်းမှု ထူးထူးခြားခြား ပါဝင်သည်။ အာနန္ဒာသည် သကျမုနိဗုဒ္ဓအား သာသနာတော်

http://www.linhtet.com



အတွင်း အမျိုးသမီးများကိုလည်း ဝင်ခွင့်ပေးရန် လှုံ့ဆော်သည်ဟူသော စကားမှာ အားပျော့နေသေးသည်။ အာနန္ဒာသည် သကျမုနိအား ဘိက္ခုနီသံဃာ တည်ထောင်ရန် မရမက တိုက်တွန်းသည်ဟုပင် ဆိုနိုင်သည်။ ကပိလဝတ္ထု၌ မဟာပဇာပတိဂေါတမီသည် သကျမုနိအား အမျိုးသမီးများကိုလည်း သံဃာဘောင်အတွင်း သွတ်သွင်းချီးမြှင့်ရန် ဆန္ဒပြုသောအခါ သကျမုနိက လက်ခံတော်မမူပေ။ သကျသာကီနွယ်ဝင် အမျိုးသမီးပေါင်းများစွာနှင့် အတူတကွ ဝေသာလီမြို့အထိ လိုက်သွားပြီးလျှင် မဟာပဇာပတိဂေါတမီသည် ဘိက္ခုနီသံဃာ တည်ထောင်ရန် သကျမုနိထံ ထပ်မံတင်ပြသည်။ ဝေသာလီသို့ လိုက်လာကြသော ခြေထောက်ဖူးရောင်ပြီး ပင်ပင်ပန်းပန်း၊ ညှိုးညှိုးနွမ်းနွမ်းဖြစ်နေကြသော အမျိုးသမီးများ ကူဋာဂါရသာလာ အပြင်ဘက်တွင် မျက်ရည်စက်လက်နှင့် ရပ်နေကြသည်ကို အာနန္ဒာ တွေ့မြင်သွားသည်။ မဟာပဇာပတိဂေါတမီနှင့် အမျိုးသမီးများထံမှ ဖြစ်ကြောင်းကုန်စင် ကြားသိရသောအခါ အာနန္ဒာသည် သကျမုနိထံသွားပြီး အမျိုးသမီးများ၏ တောင်းဆိုချက်ကို လက်ခံတော်မူရန် အလေးအနက် လျှောက်ထားပြောပြသည်။ အာနန္ဒာက သကျမုနိဗုဒ္ဓအား သုံးကြိမ်သုံးခါ တိုက်တွန်းတောင်းပန်သည်။ သကျမုနိဗုဒ္ဓကလည်း သုံးကြိမ်သုံးခါလုံးပင် ငြင်းပယ်တော်မူသည်။ ထိုအခါ အာနန္ဒာသည် 'ဘိက္ခုနီသံဃာ တည်ထောင်ခွင့်ရရှိအောင် မဖြစ်မနေ ကြိုးစားအားထုတ်မှ ဖြစ်မည်'ဟု အကြံရပြီးလျှင် သကျမုနိအား လျှောက်ထားလိုက်လေသည်။

'အရှင်သူမြတ်ဘုရား၊ တထာဂတ ဟောကြားတော်မူသော ဒေသနာတော်အရ လူ့ဘောင်က ခွာရှောင်လာခဲ့ကြသော မာတုဂါမများသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်မပြုနိုင်ကြဘူးလော'

'မျက်မှောက်ပြုနိုင်ကြပါ၏'

'ယင်းသို့ဖြစ်ပါမူကား အရှင်သူမြတ်ဘုရားကို နို့ချိုတိုက်ကျွေးပြီး အလွန်တရာ ကျေးဇူးပြုခဲ့သော မိထွေးတော်ဂေါတမီကို အကြောင်းပြုလျက် အမျိုးသမီးများအား ဘိက္ခုနီပြုလုပ်ခွင့် ပေးသင့်ပါ၏'

http://www.linhtet.com



ထိုအခါကျမှ သကျမုနိဗုဒ္ဓသည် အာနန္ဒာ၏ တိုးလျှိုးတောင်းပန်ချက်ကို လက်ခံပြီးလျှင် ခြွင်းချက် သို့မဟုတ် စည်းကမ်းချက်ရှစ်မျိုး သတ်မှတ်လျက် အမျိုးသမီးများအား ဘိက္ခုနီပြုခွင့် ပေးတော်မူလိုက်သည်။ အကယ်၍ ရှင်အာနန္ဒာကသာ ကြားမဝင်လျှင် ဗုဒ္ဓသာသနာသမိုင်းသည် တစ်မျိုးတစ်ဖုံ ဖြစ်သွားကောင်း ဖြစ်သွားနိုင်သည်။ ရှင်အာနန္ဒာအား ဘိက္ခုနီများ အကြီးအကျယ် လေးစားကြည်ညိုခြင်းသည် ထိုအကြောင်းကြောင့် ဖြစ်ကောင်းဖြစ်လိမ့်မည်။ အာနန္ဒာနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ဝေဖန်မှု၊ စောကြောမှု၊ အပြစ်တင်မှုများကိုကြားသိရလျှင် ဘိက္ခုနီများသည် ရုတ်ခြည်း အာနန္ဒာဘက်က ရပ်ကြသည်။

ရှင်မဟာသာရိပုတြာ၊ ရှင်မဟာမောဂ္ဂလ္လာန်၊ ရှင်မဟာကဿပ၊ ရှင်အနုရုဒ္ဓာ၊ ရှင်ကခ်ါရေဝတတို့သည် ရှင်အာနန္ဒာနှင့် ရင်းနှီးခင်မင်သော သီတင်းသုံးဖော်များ ဖြစ်ကြသည်။ ယင်းမထေရ်များထဲတွင် ရှင်အာနန္ဒာသည် အရွယ်အငယ်ဆုံးဖြစ်သည်။ သို့ရာတွင် ကျန် မဟာထေရ်အားလုံးကပင် ရှင်အာနန္ဒာအား တလေးတစား ဆက်ဆံကြသည်။ အထူးအားဖြင့် ရှင်မဟာသာရိပုတြာနှင့်ပိုပြီး ခင်မင်ရင်းနှီးမှုရှိသည်။ သကျမုနိဗုဒ္ဓအား ရှင်မဟာသာရိပုတြာ လုပ်ကျွေးပြုစုလိုသည့် နည်းလမ်းအတိုင်းပင် ရှင်အာနန္ဒာကလည်း သကျမုနိဗုဒ္ဓအား လုပ်ကျွေးပြုစုသည်။ ထို့ကြောင့်ပင် ရှင်မဟာသာရိပုတြာသည် ရှင်အာနန္ဒာနှင့်ပိုပြီး ခင်မင်ရင်းနှီးမှု ရှိခြင်းဖြစ်သည်။ အဂ္ဂသာဝကဖြစ်သည့်အတွက်ကြောင့်လည်း ရှင်မဟာသာရိပုတြာကို ရှင်အာနန္ဒာက ထူးထူးခြားခြား လေးစားကြည်ညိုခြင်းလည်း ဖြစ်သည်။ တစ်ချိန်က ဗြာဟ္မဏတစ်ဦးသည် ရှင်အာနန္ဒာအား အလွန်တရာ အဖိုးထိုက်တန်သောသင်္ကန်းကို ပေးလှူသည်။ ရှင်အာနန္ဒာသည် သူရရှိသော ယင်းသင်္ကန်းကို ရှင်သာရိပုတြာအား ပေးလှူလိုသည့်အကြံ ဖြစ်ပေါ်လာသည်။ သို့ရာတွင် ရှင်မဟာသာရိပုတြာသည် ထိုအချိန်က တခြားနေရာကြွနေသည်။ ရှင်အာနန္ဒာသည် ရှင်မဟာသာရိပုတြာ ပြန်ကြွလာချိန်အထိ ယင်းသင်္ကန်းကို ပေးလှူသည့်အတိုင်း သိမ်းထားခွင့်ရရှိရန် သကျမုနိထံ ခွင့်ပန်သည်။ ရှင်မဟာသာရိပုတြာ ပရိနိဗ္ဗာန်စံဝင်သွားသောအခါ ရှင်အာနန္ဒာသည် အထူးပင်စိတ်ထိခိုက်သွားသည်။

http://www.linhtet.com



နာမကျန်းဖြစ်နေသူများနှင့် ပတ်သက်ပြီး ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားသည့်နေရာ၌လည်း ရှင်အာနန္ဒာသည် မည်သူ့နောက်တွင်မှ ရောက်မနေပေ။ အနာထပဏ္ဍိက၊ သိရဝဌ၊ မာနဒိန္နတို့သည် နာမကျန်းဖြစ်ချိန်၌ ရှင်အာနန္ဒာအား အားကိုးတကြီး ပင့်ဖိတ်ကြသည်။ ဝမ်းရောဂါဖြစ်နေသော ရဟန်းတစ်ပါးအား သကျမုနိ ပြုစုချိန်ကလည်း ရှင်အာနန္ဒာ၏ အကူအညီကို ယူရသည်။ ရဟန်းသံဃာများအား 'လူမမာကို ပြုစုသူသည် ငါ့ကိုပြုစုသူမည်၏'ဟု သကျမုနိ မိန့်တော်မူသည်မှာ ထိုအချိန်ကဖြစ်သည်။

ရိုးရိုးလူတန်းစားနှင့် ပတ်သက်၍လည်းကောင်း၊ အထူးအားဖြင့် အကျပ်အတည်းတွေ့နေသူများနှင့် ပတ်သက်၍လည်းကောင်း၊ ရှင်အာနန္ဒာ၏ ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားမှုများကို မကြာခဏကြုံတွေ့ရသည်။ မိန်းမတစ်ဦးသည် ဝိသာခါဆောက်သော ကျောင်းတိုက်အတွက် လိုအပ်သော ပစ္စည်းတစ်ခု လှူဒါန်းလိုသောကြောင့် အဖိုးထိုက်တန်သော အခင်းတစ်ခု ဆောင်ကြဉ်းလာသည်။ သို့ရာတွင် ထိုမိန်းမသည် ကျောင်းတိုက်တွင် သူ၏ အခင်းခင်းဖို့ နေရာမရဖြစ်နေသည်။ အခြားအခင်းများနှင့် နှိုင်းစာလျှင် သူ၏ အခင်းသည် အလွန်တရာ ပါးလွှာနေသည်။ ရှင်အာနန္ဒာသည် ထိုမိန်းမ၏ အခင်းခင်းဖို့အတွက် သင့်လျော်သောနေရာကို ရှာပေးသည်။

သကျမုနိဗုဒ္ဓ ဟောကြားတော်မူသော တရားဒေသနာတော်များကို သကျမုနိဗုဒ္ဓ ဟောတော်မူသည့်အတိုင်း မှတ်မိသောဉာဏ်စွမ်းရှိသည့်အတွက် ရှင်အာနန္ဒာ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးရရှိနေခြင်းဖြစ်သည်။ သကျမုနိဗုဒ္ဓ ဟောကြားသော တရားအားလုံးကို ရှင်အာနန္ဒာ မှတ်မိနေသည်ဟူ၍ ကျမ်းဂန်များ၌ဆိုထားသည်။ သုတ္တန်ပိဋကတ်၏ နိကာယ်ငါးရပ် ပထမနိကာယ်၌ ရှိသော သုတ်တိုင်း သုတ်တိုင်းတွင် 'ဧဝံ မေ သုတံ'(ဤသို့ ကျွန်ုပ်ကြားလိုက်ရ၏) ဟူသော စကားဝါကျဖြင့် အစပြုထားသည်။ ယင်း 'မေ'(ကျွန်ုပ်) ဟူသော စကားလုံးသည် ရှင်အာနန္ဒာအား ရည်ညွှန်းပြောပြသော စကားလုံးဖြစ်သည်။ ရှင်အာနန္ဒာသည် သကျမုနိဗုဒ္ဓ တစ်ဦးတည်းထံမှ ရှစ်သောင်းနှစ်ထောင်သော ဓမ္မက္ခန္ဓာကို သင်ကြားနာယူပြီး တခြားရဟန်းသံဃာတော်များထံမှ ဓမ္မက္ခန္ဓာ နှစ်ထောင် သင်ကြားနာယူသည်ဟု အဆိုရှိသည်။

http://www.linhtet.com



ပါဠိကျမ်းဂန် (ဒီဃနိကာယ်)၏ အဆိုအမိန့်အရ ရှင်အာနန္ဒာ၏ ဉာဏ်စွမ်းရည်နှင့် ပတ်သက်၍ သိရှိရသည့် အချက်တစ်ချက်ရှိသေးသည်။ ရှင်အာနန္ဒာသည် စကားကို ခပ်မြန်မြန် ခပ်သွက်သွက် ပြောဆိုနိုင်စွမ်းရှိသည့်နေရာ၌ ထင်ရှားကျော်ကြားသည်။ ရိုးရိုးပုဂ္ဂိုလ်တစ်ဦးတစ်ယောက် စကားတစ်လုံးပြောနိုင်သည့်အချိန်၌ ရှင်အာနန္ဒာက စကားလုံးရှစ်ဆယ် ပြောဆိုနိုင်သည်။ ရှင်အာနန္ဒာ စကားတစ်လုံးစီ၊ တစ်လုံးစီ အသံထွက်ပြောဆိုချိန်၌ သကျမုနိက စကားလုံး ဆယ့်ခြောက်လုံး အသံထွက်ပြောဆိုနိုင်စွမ်း ရှိတော်မူသည်။

သကျမုနိဗုဒ္ဓသည် နောက်ဆုံးနေ့ရက်များ၌ ကိုယ်ခန္ဓာ နာမကျန်းဖြစ်နေတော်မူသည်။ စိတ်ဓာတ်အင်အားပေါ်၌ အခြေခံ၍သာလျှင် ကိုယ်ခန္ဓာသည် လှုပ်ရှားသွားလာနေတော်မူခြင်းဖြစ်သည်။ နောက်ဆုံး 'စာပါလစေတီယ'၌ သီတင်းသုံးနေတော်မူစဉ် သကျမုနိဗုဒ္ဓသည် ဆက်လက် အသက်ရှင်မနေတော့ဟု ဆုံးဖြတ်ချက် ချတော်မူလိုက်ပြီးလျှင် 'ယနေ့ကစ၍ သုံးလကျော်လွန်သွားပြီးသည့်နောက်တွင် တထာဂတ ပရိနိဗ္ဗာန် ဝင်စံတော့မည်' ဟု မိန့်တော်မူလိုက်သောအခါ ရှင်အာနန္ဒာက 'တိဋ္ဌတု ဘန္တေ ဘဂဝါ ကပ္ပံ... (ကပ်ဆုံးအောင် အသက်ရှင်နေတော်မူပါလော့)' ဟု သကျမုနိအား လျှောက်ထားသည်။

ထိုခေတ်ကာလ၌ ကပ္ပ(ကပ်)၏ အနက်အဓိပ္ပာယ်သည် ကပ်ကမ္ဘာ မဟုတ်ဘဲ လူ၏သက်တမ်းကို ဆိုလိုခြင်းဖြစ်သည်။ နှစ်တစ်ရာ သို့မဟုတ် တစ်ရာအလွန် နှစ်တစ်ရာ့နှစ်ဆယ့်ငါးနှစ် ရှည်ကြာသည့် အချိန်ကာလ အတိုင်းအတာဖြစ်သည်။ သို့ရာတွင် နောက်ပိုင်း၌ကား 'ကပ္ပ'၏ အနက်အဓိပ္ပာယ်ကို 'အနန္တကာလ'၊ အပိုင်းအခြားမရှိသောအချိန်ကာလဟု အဓိပ္ပာယ် ကောက်ယူလာခဲ့ကြသည်။ သကျမုနိဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံတော့မည်ဟူသော ခိုင်မာသည့် ဆုံးဖြတ်ချက်ကို သိရှိရသည်ဖြစ်၍ ရှင်အာနန္ဒာ တုန်လှုပ်ချောက်ချားသွားသောအခါ သကျမုနိက မိန့်တော်မူသည်။

'အာနန္ဒာ၊ သံယောဇဉ်တွယ်တာနေသူများနှင့် ကွေကွင်းခွဲခွာသွားရခြင်းသည် စိတ်မချမ်းမြေ့စရာဖြစ်၏ဟု မဆွကပင် ငါပြောမထားပေဘူးလော'

http://www.linhtet.com



ရှင်အာနန္ဒာသည် သကျမုနိဗုဒ္ဓ မိန့်တော်မူသော စကား၏အဓိပ္ပာယ်ကို သိရှိနားလည်လျှင် ထိုစကားနှင့်ပတ်သက်ပြီး သကျမုနိဗုဒ္ဓအား တစ်ဖန်မေးမြန်းလျှောက်ထားခြင်း မပြုတော့ပေ။ သကျမုနိ၏ နောက်ဆုံးဒေသစာရီခရီး၌ ရှင်အာနန္ဒာသည် ယင်းစည်းကမ်းချက်ကို ထူးထူးခြားခြား လိုက်နာကျင့်သုံးသည်။ သကျမုနိဗုဒ္ဓက 'ငါ ပရိနိဗ္ဗာန်စံပြီးသည့်နောက်တွင် 'ခုဒ္ဒါနုခုဒ္ဒက' သိက္ခာပုဒ် အသေးအဖွဲများကို ပြောင်းလဲပစ်လိုက ပြောင်းလဲပစ်နိုင်၏' ဟု မိန့်တော်မူသည်။ မည်သည့်သိက္ခာပုဒ်များသည် အသေးအဖွဲဖြစ်သည်ဆိုသည်ကို ရှင်အာနန္ဒာ သိသည်။ ထို့ကြောင့် သကျမုနိအား မေးမြန်းစုံစမ်းနေစရာမလိုဟု ထင်မှတ်ယူဆခြင်း ဖြစ်သည်။ ပထမသင်္ဂါယနာတင်ပွဲ၌ ယင်းပြဿနာပေါ်လာသောအခါ ရှင်မဟာကဿပသည် မည်သည့် သိက္ခာပုဒ်ကိုမျှ ပြုပြင်ပြောင်းလဲဖို့အတွက် လက်ခံတော်မမူဘဲ ယင်း ပြဿနာနှင့်ပတ်သက်ပြီး သကျမုနိဗုဒ္ဓအား ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား သိအောင် မမေးမြန်း၊ မလျှောက်ထားရကောင်းလားဟု ရှင်အာနန္ဒာ အပေါ်တွင် အပြစ်ဖို့ပြောသည်။ တစ်နေရာတွင် သကျမုနိဗုဒ္ဓက ရှင်အာနန္ဒာအား 'အာနန္ဒာ၊ ငါ ပရိနိဗ္ဗာန် ဝင်စံပြီးသည့်နောက်၌ ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးရမည်'ဟု မိန့်တော်မူသည်။ 'ဗြဟ္မဒဏ္ဍ'သည် ရှင်အာနန္ဒာအတွက် စကားလုံးအသစ်အဆန်းဖြစ်သည်။ ထို့ကြောင့် 'ဗြဟ္မဒဏ္ဍ' ဟူသည်မှာ မည်သည့်အရာဖြစ်သနည်းဟု ရှင်အာနန္ဒာက သကျမုနိကိုမေးသည်။ သကျမုနိကလည်း ပြန်လည်ရှင်းလင်းပြောကြားတော်မူသည်။

ကုသိနာရုံ အင်ကြင်းရဂုံ၌ သကျမုနိဗုဒ္ဓသည် ပရိနိဗ္ဗာန ညောင်စောင်းတွင် လျောင်းစက်နေတော်မူသည်။ ထိုအချိန်၌ ရှင်အာနန္ဒာသည် အဆောက်အအုံ၏ တိုင်ကိုကိုင်ပြီး ငိုကြွေးနေသည်။ 'ငါသည် ယခုအခါ၌ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မရောက်သေးသော သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်၏။ ငါ့ကို ငဲ့ညှာသနားထောက်ထားသူ ဆရာအရှင်မြတ်သည် ပရိနိဗ္ဗာန် ဝင်စံကြွမြန်းတော့မည်'

သကျမုနိဗုဒ္ဓသည် ရှင်အာနန္ဒာ၏ ပူဆွေးငိုကြွေးနေသည့် အခြေအနေကို သိရှိရသောအခါ အာနန္ဒာအား ခေါ်ခိုင်းပြီး မိန့်တော်မူသည်။

http://www.linhtet.com



'အာနန္ဒာ... တော်လောက်ပြီ၊ စိုးရိမ်ပူဆွေးသည့်အလုပ်ကို မလုပ်နှင့်တော့၊ နောင်တစ်ဖန် ပူပန်သည့်အလုပ်ကို မလုပ်နှင့်တော့၊ သင်မကြာမြင့်မီကာလအတွင်း အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရရှိပေလိမ့်မည်'

သကျမုနိဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံကြွမြန်းသွားသောအခါ ရှင်အာနန္ဒာ သည် ဖြေမဆည်နိုင် ခွေယိုင်နွမ်းလျသွားသည်။

ပထမသင်္ဂါယနာတင်ပွဲ၌ ရှင်အာနန္ဒာအား အထက်မဂ်၊ အထက်ဖိုလ် မရသေးသော်လည်း သင်္ဂီတိကာရက သင်္ဂါယနာတင် အဖွဲ့ဝင်တစ်ပါးအဖြစ် ရှင်မဟာကဿပကိုယ်တိုင် ရွေးချယ်သတ်မှတ်ထားသည်။ သင်္ဂါယနာတင်ပွဲ၌ ရှင်အာနန္ဒာအတွက် နေရာတစ်နေရာ ချန်ထားသည်။ ရှင်အာနန္ဒာသည် တစ်ညလုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရရှိရေးအတွက် ကြိုးစားအားထုတ်သည်။ နောက်ဆုံး၌ အောင်မြင်မှုရရှိသွားသည်။ ပထမသင်္ဂါယနာတင်ပွဲ၌ ရှင်မဟာကဿပသည် ရှင်အာနန္ဒာအား ဓမ္မနှင့်ပတ်သက်၍လည်းကောင်း၊ ရှင်ဥပါလိအား ဝိနယနှင့်ပတ်သက်၍လည်းကောင်း အမေးပုစ္ဆာထုတ်တော်မူသည်။

မိမိဘဝ၏ နောက်ဆုံးပိတ်အချိန်ကာလ၌ ရှင်အာနန္ဒာသည် သီတင်းသုံးဖော် ရဟန်းတော်များအား ဆုံးမသွန်သင်ခြင်း၌လည်းကောင်း၊ အားပေးအားမြှောက် ပြုလုပ်ခြင်း၌လည်းကောင်း အချိန်ကုန်လွန်စေခဲ့သည်။ ရှင်အာနန္ဒာသည် သက်တော်ရှည် ရဟန္တာတစ်ပါးဖြစ်သည်။ သက်တော် ၁၂၀ အရွယ်တွင် ပရိနိဗ္ဗာန် ဝင်စံပြောင်းကြွသွားတော်မူသည်။ နောက်ဆုံးပိတ်နေ့ရက်များ၌ ရှင်အာနန္ဒာသည် ခန္ဓာဝန်ကို စွန့်လွှတ်လိုသော ရည်ရွယ်ချက်ဖြင့် မဂဓမှ ဝေသာလီသို့ ကြွသွားတော်မူသည်။ အဇာတသတ်သည် ရှင်အာနန္ဒာ၏ အကြောင်းကို ကြားသိရသည်ဖြစ်၍ မင်းပရိသတ်နှင့် အတူတကွ ရောဟိဏီမြစ်ရောက်အောင် ရှင်အာနန္ဒာနောက် လိုက်သွားသည်။ ရှင်အာနန္ဒာ ဝေသာလီကြွတော်မူသည်ဆိုသည့်သတင်းကို ကြားသိရသောကြောင့် ဝေသာလီရှိ အကြီးအကဲပုဂ္ဂိုလ်များလည်း ရှင်အာနန္ဒာကိုကြိုဆိုရန် ရောဟိဏီမြစ်သို့ ရောက်ရှိလာကြသည်။ ရှင်အာနန္ဒာသည် ဘုရင်အဇာတသတ်ကိုလည်းကောင်း၊

http://www.linhtet.com



ဝေသာလီ၏ အကြီးအကဲများကိုလည်းကောင်း မည်သူ့ကိုမျှ အလိုမကျ ဖြစ်သွားအောင် ပြုလုပ်လိုသည့် ဆန္ဒရှိတော်မမူပေ။ နှစ်ဖက်နှစ်သင်းသည် ရောဟိဏီမြစ် တစ်ဖက်ကမ်းစီ၌ ရပ်နေကြသည်။ ရှင်အာနန္ဒာကမူ မြစ်လယ် ရောက်နေသည်။ မြစ်လယ်တွင် ရှင်အာနန္ဒာသည် တေဇောကသိုဏ်း ပွားများ နေသည်။ သူ၏ကိုယ်ခန္ဓာမှ မီးလျှံများထွက်လာပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်းသွားသည်။ မဂဓနှင့်ဝေသာလီမှလူများသည် ရှင်အာနန္ဒာ၏ ဓာတ်တော်မွေတော်များကို အညီအမျှ ခွဲဝေယူပြီးလျှင် မိမိတို့၏ တိုင်းပြည် နယ်နိမိတ်အတွင်း၌ စေတီပုထိုး ကိုးကွယ်တည်ထားကြသည်။ ။

# ရှင်ရာဟုလာ

သကျမုနိ၏ တစ်ဦးတည်းသော သားတော်ဖြစ်သော ရာဟုလာသည် သူ၏ဖခမည်းတော် သိဒ္ဓတ္ထ သကျသာကီဝင် မင်းသားဘဝက မီးရှူးသန့်စင် ဖွားမြင်လာသူဖြစ်သည်။ သိဒ္ဓတ္ထမင်းသား ဆယ့်ကိုးနှစ်အရွယ်က သူ၏ ဖခမည်းတော် သုဒ္ဓေါဒန ဘုရင်မင်းကြီး၏ အစီအမံဖြင့် ယသောဓရာနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားသည်။ ငယ်စဉ်တောင်ကျေး ကလေးအရွယ်သာသာလောက်ကပင် သိဒ္ဓတ္ထသည် ဇာတိဥ္ဓကိန်းအောင်းနေသော ဒုက္ခကို သတိပြုမိသည်ဖြစ်၍ ဇာတိဒုက္ခမှ ကင်းလွတ်ရန်အတွက် အချိန်ကြာ မြင့်စွာ ဘာဝနာတရား ပွားများအားထုတ်နေလေ့ရှိသည်။ ဒုက္ခကင်းဝေးစေသောနည်းလမ်းကို ရှာမှီးလိုသော သိဒ္ဓတ္ထ၏ဆန္ဒသည် တဖြည်းဖြည်း ကြီးထွားလာသည်။

သုဒ္ဓေါဒန ဘုရင်မင်းကြီးသည် သူ၏ ထီးမွေနန်းလျာ သိဒ္ဓတ္ထအား သစ္စာတရား ရှာမှီးရန်အတွက် လောကီလူ့ဘောင်မှ ထွက်ခွာမသွားစေရန် မျှော်လင့်ချက်ဖြင့် ယသောဓရာနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးသည်။ စုလျားရစ်ပတ် လက်ထပ်ပြီးနောက် ဆယ်နှစ်အကြာတွင် ယသောဓရာ

http://www.linhtet.com



မိဖုရား သားတစ်ယောက် မွေးဖွားလာပြီဆိုသည့် သတင်းကိုကြားရသောအခါ သုဒ္ဓေါဒနမင်းကြီးသည် အတိုင်းမသိ ပီတိသောမနဿ ဖြစ်သွားသည်။ ယင်းကဲ့သို့ သားရတနာ မွေးဖွားလာခြင်းသည် လောကီလူ့ဘောင်ကို စွန့်ခွာ ထွက်သွားလိုသော သိဒ္ဓတ္ထ၏စိတ်နှလုံးကို ပြုပြင်ပြောင်းလဲပေးလိမ့်မည် ဟူ၍ ဘုရင်မင်းကြီးက ထင်မှတ်သွားသည်။ သို့ရာတွင် အကျိုးသက်ရောက်မှု တစ်မျိုး ဖြစ်လာသည်။ သားမွေးဖွားလာပြီဆိုသည့် သတင်းကို ကြားသိရသည် ဖြစ်၍ 'ရာဟုလာ (အဟန့်အတား) မွေးဖွားလာပြီ၊ သံယောဇဉ်နှောင်ကြိုး ချည်နှောင်တော့မည်' ဟု ဟစ်အော်ကြွေးကြော်လိုက်သည်။ ထို့ကြောင့် သိဒ္ဓတ္ထ၏သားတော်ကို 'ရာဟုလာ'ဟု အမည်မှည့်ခေါ်ထားခြင်းဖြစ်သည်။

ထိုအချိန်က ဇမ္ဗူဒိပ်ကျွန်းသည် ကြီးမားသောဘုရင့်နိုင်ငံကြီးများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ခင်းနေကြသည်ဖြစ်၍ ဝါးအစည်းပြေသကဲ့သို့ ဖြစ်နေသည်။ အင်အားကြီးသူများက အင်အားငယ်သူများကို ခြိမ်းခြောက်နေကြသည်။ လူအချို့သည် အကျင့်သီလနှင့် ဝေးကွာပြီး ပေါက်လွှတ်ပဲစား ရမ်းချင်တိုင်းရမ်း၊ ကြမ်းချင်တိုင်းကြမ်းနေကြသည်။ ယခုဘဝပြုလုပ်သော အပြုအမူများအတွက် အကျိုးပေးရန် နောင်တမလွန်ဘဝကို စောင့်ရမှာမဟုတ်သည့်အတွက် သူ့အသက်ကိုသတ်ခြင်း၊ သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊ သူတစ်ပါးကို ဆင်းရဲဒုက္ခရောက်စေခြင်း စသောအပြုအမူများသည် ဒုစရိုက်အလုပ်များ မဟုတ်ဟူ၍ ထိုပုဂ္ဂိုလ်များက အယူရှိကြသည်။ ယင်းအယူအဆကို လူပေါင်းများစွာတို့က စိတ်အားထက်သန်စွာ လက်ခံထားကြသည်။ သိဒ္ဓတ္ထမင်းသားသည် သူ့ခေတ် လူ့ဘောင်လူ့အဖွဲ့အစည်း၏ ကျဆုံးမှုကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိနေရသည်။ ထို့ကြောင့် ပြည်သူပြည်သားများအား မြန်နိုင်သမျှမြန်မြန် ဒုက္ခမှကယ်တင်နိုင်မည့် နည်းလမ်းကိုရှာရန် အဓိဋ္ဌာန် ပြုလိုက်သည်။

သားမွေးဖွားလာခြင်းသည် သိဒ္ဓတ္ထမင်းသားအတွက် ကြောင့်ကြပူပန်မှုဖြစ်စရာ ခိုင်လုံသောအကြောင်းတစ်ကြောင်း ဖြစ်မလာဘဲ နေမည် မဟုတ်ပေ။ ရာဟုလာ မွေးဖွားလာပြီးနောက် ခုနစ်ရက်အကြာတွင် သိဒ္ဓတ္ထ

http://www.linhtet.com



သည် မိမိနှင့်ရာဟုလာအား ချည်နှောင်ထားသောသံယောဇဉ်ကြိုးကို ဖြတ်တောက်ပြီးလျှင် သစ္စာတရား ရှာမှီးလိုသည့် ရည်ရွယ်ချက်ဖြင့် ရသေ့ရဟန်းပြုရန် နန်းတော်က တိတ်တဆိတ်ထွက်လာခဲ့သည်။ လင်ယောကျ်ား ဆုံးရှုံးသွားသော ယသောဓရာအတွက်လည်းကောင်း၊ သားတော်ဆုံးရှုံးသွားသော သုဒ္ဓေါဒနမင်းကြီးအတွက်လည်းကောင်း ရာဟုလာသည် ဝမ်းနည်းကြေကွဲစရာ သားငယ်လေးတစ်ယောက် မဖြစ်ဘဲနေမည်မဟုတ်ပေ။ သို့ရာတွင် ယင်းအခြေအနေကြောင့်ပင် ယသောဓရာနှင့် သုဒ္ဓေါဒနတို့သည် ရာဟုလာကို ဖူးဖူးမှုတ်နေကြခြင်း ဖြစ်ပေလိမ့်မည်။ တယုတယ ချစ်မဝသည့် ကြားထဲကပင် ရာဟုလာသည် အသက်အရွယ် ရလာသည်။

သိဒ္ဓတ္ထမင်းသား သစ္စာတရားကိုရှာမှီးရန် နန်းအိမ်က စွန့်ခွာထွက်သွားပြီးနောက် ယသောဓရာသည် သူ၏ခင်ပွန်း ဆင်းရဲဒုက္ခရောက်မည့်အရေးကိုတွေးပြီး တစ်နေ့တစ်ရက်မျှပင် ရတက်အေးသည်ဟူ၍ မရှိပေ။ သိဒ္ဓတ္ထသည် သိမ်မွေ့နူးညံ့သော အိပ်ရာနေရာများတွင် အိပ်လေ့ရှိခဲ့သည်။ နေလေ့ရှိခဲ့သည်။ ရံရွေတော်များ၏ကြားထဲတွင် ဘာမဆို လိုတရာဝဖြင့် နေလာခဲ့သည်။ ယခုအခါတွင်ကား ဟာလာဟင်းလင်း လဟာပြင်၌ အိပ်ရပြီး ရသေ့ရဟန်းဘဝ၏ ဆင်းရဲဒုက္ခအမျိုးမျိုးကို ကြုံတွေ့နေရပေလိမ့်မည်။ နောက်ဆုံးတစ်နေ့တွင် သိဒ္ဓတ္ထသည် သစ္စာတရားကိုသိမြင်ပြီး ဗောဓိဉာဏ်အလင်း ရရှိသွားပြီ၊ ဗုဒ္ဓဖြစ်သွားပြီဟူသည့် သတင်းစကားသည် ယသောဓရာ၏နား သို့ ပေါက်လာသည်။ ထို့နောက် မကြာခင်ပင် သကျမုနိသည် ကပိလဝတ္ထုနေပြည်တော်သို့ ကြွလာတော်မူမည်ဆိုသည့် သတင်းကိုလည်း ကြားရသည်။

သကျမုနိသည် နောက်လိုက်နောက်ပါ ရဟန်းသံဃာတော်များစွာနှင့် ကပိလဝတ္ထုနေပြည်တော်သို့ ရောက်ရှိလာပြီးလျှင် မြို့တော်အပြင်ဘက် တောအုပ်တစ်ခုထဲတွင် သီတင်းသုံးတော်မူနေကြသည်။ သကျမုနိသည် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏နန်းတော်သို့လည်း ကြွသွားသည်။ နန်းတော်သို့ သကျမုနိ ကြွလာသောအခါ ယသောဓရာက ရာဟုလာအား သကျမုနိကို ညွှန်ပြပြီးလျှင် 'ဟိုမှာကြည့်စမ်း၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကို

http://www.linhtet.com



သားတွေ့တယ် မဟုတ်လား၊ အဲဒါ တခြားလူမဟုတ်ဘူး၊ သားရဲ့ ခမည်းတော်' ဟု ပြောပြသည်။ ရာဟုလာက သကျမုနိအနီးသို့ ကပ်သွားပြီးလျှင် သူ၏ဖခမည်းတော်ကို မော်ကြည့်လိုက်သည်။ သကျမုနိကလည်း ရာဟုလာကို တစ်ချက်ပြန်ကြည့်သည်။ သို့ရာတွင် စကားတစ်ခွန်းမျှ မြွက်ကြားခြင်းမရှိဘဲ ကြွသွားသည်။

ယသောဓရာသည် သူ၏သားတော်လေးအား သကျမုနိထံ အပြေး လိုက်စေပြီးလျှင် သားဖခမည်းတော်ထံက ဆုမွန်ကောင်းတောင်းချေဟု စေခိုင်း လိုက်သည်။ သူ့မယ်တော်ခိုင်းသည့်အတိုင်းပင် ရာဟုလာက လုပ်သည်။ သကျမုနိသည် သူ၏သားတော်လေးအား လှည့်ကြည့်ပြီးလျှင် သူ့နောက်လိုက်ခဲ့ ရန် အရိပ်အမြွက်ပြလိုက်သည်။ သားတော်ရာဟုလာကလည်း သကျမုနိ ညွှန်ကြားသည့်အတိုင်းပင် တိတ်ဆိတ်ငြိမ်သက်စွာ သကျမုနိနောက် လိုက်သွား သည်။ တောအုပ်အတွင်း ရောက်သွားသောအခါ သကျမုနိက ရှင်မဟာသာရိ ပုတြာအား ရာဟုလာကို ကတုံးတုံးစေပြီးလျှင် သံဃာ့ဘောင်အတွင်း ရှင်သာ မဏေအဖြစ် သွတ်သွင်းချီးမြှင့်စေလိုက်သည်။ ထိုအချိန်က ရာဟုလာ၏ အသက်မှာ ကိုးနှစ်အရွယ်မျှသာ ရှိသေးသည်ဟုဆိုသည်။

သကျသာကီဝင်မျိုးနွယ်သည် ထိုခေတ်က အင်အားကြီးမားသော ဘုရင့်နိုင်ငံတစ်နိုင်ငံ၏လက်အောက် ကျရောက်သွားလိမ့်မည်ဆိုသည်ကို သကျမုနိ ကြိုတင်တွေးတောမိဟန်တူသည်။ သားတော်ရာဟုလာအား ခေါ် သွားပြီး ရှင်သာမဏေပြုပေးလိုက်လျှင် ယသောဓရာ မည်မျှစိတ်ထိခိုက် သွားမည်ဆိုသည်ကို သကျမုနိ မသိဘဲနေမည်မဟုတ်ပေ။ ထီးနန်းရိပ်ငြိမ်၌ မယ်တော်နှင့် ရံရွေတော်များ တယုတယ မွေးမြူကြည့်ရှုနေကြသော မိမိ သားတော်ကို မိခင်အရိပ်အောက်က ခေါ်သွားပြီး ရဟန်းများ ဝတ်ရုံသော အထည်ကြမ်း၊ အဝတ်ကြမ်းကို ဝတ်ပေးလျက် ရှင်သာမဏေ အတင်းအပြုခိုင်း ခြင်းသည် စိတ်မချမ်းမြေ့ဖွယ် ဖြစ်သည်ဆိုသည့် အကြောင်းကိုလည်း သကျမုနိ သိမြင်မည်မှာ မြေကြီးလက်ခတ်မလွဲပေ။

သို့ရာတွင် သကျမုနိသည် သူ၏သားတော်အား အလွန်တရာ အဖိုး

http://www.linhtet.com



ထိုက်တန်သော ဖောဓိဉာဏ်အလင်း အမွေအနှစ်ကိုပေးရန် ဆုံးဖြတ်ချက်ချထားသည်။ ယင်းဖောဓိဉာဏ်အလင်းမှာ လောကီလူ့ဘောင်က စွန့်ခွာလျက် တင်းကျပ်သော ရဟန်းသာမဏေ စည်းမျဉ်းဥပဒေကို လိုက်နာကျင့်သုံးမှသာ ရရှိသော အမြိုက်နိဗ္ဗာန်ဖြစ်သည်။ ရာဟုလာ၏အလုပ်သည် ယင်းဖောဓိဉာဏ် အလင်းကို ရရှိစေမည့်နည်းလမ်းကို ကျင့်သုံးလျက် မိမိအပြုအမူ၏ အကျိုးဆက်အားဖြင့် မိမိမယ်တော်အားလည်း နောက်ဆုံးတစ်နေ့တွင် ဖောဓိဉာဏ် အလင်းဆီသို့ ပို့ဆောင်ပေးရန် ဖြစ်သည်။

ရဟန်းသမဏတစ်ပါးအနေဖြင့် ရာဟုလာသည် အခြားရဟန်း သမဏအားလုံးကျင့်သုံးသော ဝိနည်းသိက္ခာပုဒ်အားလုံးကို တိတိကျကျ လိုက်နာကျင့်သုံးသည်။ သူ၏ဖခမည်းတော်အနီး၌ ရာဟုလာ တရားအကျင့် ကျင့်ကြံအားထုတ်နေစဉ် သိက္ခာဝါတော်ရ ရဟန်းသမဏတစ်ပါးသည် ခရီး ဝေးမှ ပြန်ကြွလာသည်။ ရဟန်းသမဏများ နေထိုင်သီတင်းသုံးရန်အတွက် ကျောင်းသင်္ခမ်းများကို ဝါစဉ်အလိုက် ချပေးထားရာ ရာဟုလာသည် သူ၏ အခန်းကို ခရီးအဝေးမှကြွလာသော ထိုရဟန်းတော်အား ပေးလိုက်ရသည်။ အကြောင်းတိုက်ဆိုင်သည်မှာ ထိုညက မိုးပြင်းပြင်းထန်ထန် ရွာသွန်းနေသော ကြောင့် ရာဟုလာသည် ကျောင်းအပြင်ဘက်၌ အိပ်စက်ရသည်။ သူ့ခမျာ ပဿာဝကုဋီ၌ တစ်ညတာ ကုန်ဆုံးရရှာသည်။

ရာဟုလာသည် မောမောပန်းပန်းနှင့် မေ့ခနဲ အိပ်ပျော်သွားရှာသည်။ ထိုအခိုက် 'ဒီနေရာရောက်နေတာ ဘယ်သူလဲ'ဟူသော အသံကြားရသော ကြောင့် ရာဟုလာ ရုတ်တရက် လန့်နိုးသည်။ သူ့ဖခမည်းတော်၏ အသံမှန်း သိသောကြောင့် ရာဟုလာသည် 'တပည့်တော် ရာဟုလာပါဘုရား'ဟု ပြန်ကြား လျှောက်ထားသောအခါ သကျမုနိက 'ဟုတ်လား'ဟု မိန့်တော်မူလိုက်သည်။ ခေတ္တခဏ တိတ်ဆိတ်နေပြီးနောက် သကျမုနိ ပြန်ထွက်သွားသောခြေသံကို ရာဟုလာ ကြားရသည်။

သူ့ဖခမည်းတော်၏ဘေးတွင် တရားအကျင့် ကျင့်သုံးနေသော်လည်း ရာဟုလာသည် သူ့ခမည်းတော်အား 'ခမည်းတော်'ဟူ၍လည်း မခေါ်ဝံ့ပေ။

http://www.linhtet.com



သူ့ကို အာရုံပြုလာအောင်လည်း ပြုလုပ်နိုင်စွမ်းမရှိပေ။ သူ၏ဖခင်ထံမှ သားချစ်၊ သားသံယောဇဉ်၏ အမှတ်လက္ခဏာတစ်ခုခု ရရှိဖို့ရန်အတွက်လည်း မျှော်လင့်ချက် မထားပေ။ မိမိဖခမည်းတော်အား ဖခမည်းတော်ကဲ့သို့ ဆက်ဆံခြင်းမပြုနိုင်သည်မှာ အလွန်တရာ ဝမ်းနည်းကြေကွဲစရာ ဖြစ်ကောင်းဖြစ်လိမ့်မည်။

ယင်းအချက်သည် ရာဟုလာအား အသေးအဖွဲကိစ္စကလေးများတွင် ထင်ရာစိုင်းဖို့ အားပေးအားမြှောက် ပြုလုပ်သလို ဖြစ်သွားသည်။ သာဓက တစ်ခု ထုတ်ပြရမည်ဆိုလျှင် တစ်ခါတုန်းက ရာဟုလာသည် ကျောင်းသို့ ရောက်ရှိလာပြီး သကျမုနိကို မည်ကဲ့သို့ ဖူးတွေ့ရမည်နည်းဟု သူ့ကိုမေးသော ဒါယကာတစ်ဦးအား လမ်းမှန်ကိုမညွှန်ပြဘဲ လမ်းမှားကိုညွှန်ပြလိုက်သည်။ ထိုနေ့ညနေချမ်းအချိန်၌ပင် ရာဟုလာ၏စကားသည် သကျမုနိထံသို့ ရောက်ရှိ သွားပြီး သကျမုနိသည် ရာဟုလာနေသောအခန်းသို့ မလာစဖူး ကြွလာသည် ဖြစ်၍ ရာဟုလာသည် အကြီးအကျယ် အံ့အားသင့်သွားသည်။

ရာဟုလာသည် သူ၏အခန်းကို ရှင်းလင်းပြီးလျှင် သူ၏ဖခမည်းတော် ကြွလာသောအခါ အားပါးတရ ဧည့်ခံကြိုဆိုသည်။ အခန်းထဲရောက်သော အခါ သကျမုနိက ရာဟုလာအား ရေတောင်းသည်။ ရာဟုလာက ရေခပ်ပေးသည်။ ယင်းရေဖြင့် ဖခမည်းတော်၏ခြေထောက်ကို ဆေးကြောပေးပြီးသော အခါ သကျမုနိက 'ရာဟုလာ၊ သင် ဒီရေကို သောက်နိုင်ပါ့မလား'ဟု မေးသည်။

ရာဟုလာက ပြန်ပြောသည်။

'မသောက်နိုင်ပါဘုရား၊ ဤရေသည် နဂိုက ရေသန့်ဖြစ်ပါ၏။ သို့သော်လည်း ယခုအခါတွင် ဤရေဖြင့် တပည့်တော် အရှင်ဘုရား၏ ခြေတော်ကို ဆေးကြောလိုက်သည်ဖြစ်၍ ဤရေသည် သောက်ရေအတွက် မသင့်လျော်သော ရေဖြစ်သွားပါပြီ'

ထို့နောက် သကျမုနိသည် ရာဟုလာအား ထိုရေကို အသွန်ခိုင်းပြီးလျှင် ရေခွက်ချည်း ပြန်ယူလာရန် အမိန့်ပေးလိုက်သည်။ သကျမုနိ မိန့်တော်မူသည့်အတိုင်း ရာဟုလာက ပြုလုပ်သောအခါ သကျမုနိက 'ရာဟုလာ၊ သင် ဤခွက်

http://www.linhtet.com



ထဲတွင် ခဲဖွယ်ဘောဇဉ်ကို ထည့်မည်လား' ဟု မေးသောအခါ ရာဟုလာက ပြန်ဖြေသည်။ 'မကြာခင်ကလေးက မသန့်ပြန့်သော ရေထည့်ထားတဲ့အတွက် ဤခွက်ထဲတွင် တပည့်တော် ခဲဖွယ်ဘောဇဉ်ကို ထည့်မည်မဟုတ်ပါ'

ရာဟုလာ၏စကားကို ကြားရသောအခါ သကျမုနိက မိန့်တော်မူပြန်သည်။

*'လိမ်ညာပြောခြင်းသည် မကောင်းမှုဖြစ်သည်ဟု နားလည်လျက်နှင့် လိမ်ညာပြောပြီး သူတစ်ပါးတို့ကို ထိခိုက်အောင်ပြုလုပ်သောသူသည် မသန့်သောရေနှင့်လည်းကောင်း၊ မသန့်သောရေ ထည့်သည့်ခွက်နှင့်လည်းကောင်းတူ၏။ မကောင်းမှုဟူသည်မှာ လိမ်ညာပြောခြင်းဖြင့် အစပြု၏။ လိမ်ညာပြောခြင်းသည် မကောင်းမှုအားလုံးကို ဖြစ်ပွားပေါ်ပေါက်စေ၏။ လိမ်ညာပြောခြင်းကြောင့် သူတစ်ပါးခံရသော ထိခိုက်နစ်နာမှုသည် လိမ်ညာပြောသူထံ မလွဲမသွေ တန်ပြန်ရောက်ရှိလာ၏'*

သကျမုနိ၏ အဆုံးအမကြောင့် ရာဟုလာသည် ထိုအချိန်မှစ၍ ဝိနည်းသိက္ခာပုဒ်များကို သတိထားပြီး တိတ်ဆိတ်ငြိမ်သက်စွာ မပျက်မကွက် လိုက်နာဆောင်ရွက်သောကြောင့် တခြားရဟန်းသံဃာများ၏ ကြားထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ ကောင်းမှုပြုလုပ်သူများထဲတွင် ရှေ့သွားခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။

များစွာသောလူတို့သည် ရာဟုလာအား ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားသောအမြင်ဖြင့် ရှုမြင်သုံးသပ်ကြသည်။ ထီးအိမ်နန်းအိမ်၌ နန်းညွန့်နန်းလျာ ဘုရင့်သားတော်၏ တစ်ဦးတည်းသော ရင်နှစ်သည်းချာအဖြစ် မွေးဖွားလာပြီး အားလုံးက ဖူးဖူးမှုတ်နေသည့်ကြားက အသက်အရွယ် နုနယ်စဉ်ကပင် ထီးနန်းကထွက်ခွာလာခဲ့ရပြီး အနေရအထိုင်ရ ကျပ်တည်းသော ရဟန်းသမဏ ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းလိုက်နာနေရရှာသည်။ သို့ရာတွင် ရဟန်းသံဃာများ၏ ကြားထဲတွင်လည်း ရဟန်းသမဏအချို့က ရာဟုလာအား လေးလေးစားစားရှိကြသော်လည်း ရဟန်းသမဏအချို့ကမူ ရာဟုလာအပေါ်တွင် မလိုတမာစိတ်ထားမျိုးရှိကြသည်။ ယင်းကဲ့သို့ သဘော

http://www.linhtet.com



ထားအမျိုးမျိုးရှိသော ရဟန်းသံဃာများနှင့် အဆင်ပြေအောင် ပေါင်းသင်း ဆက်ဆံရခြင်းသည် ရာဟုလာ၏ အကြီးမားဆုံး အစမ်းသပ်ခံရမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

တစ်ခါတုန်းကလည်း ရာဟုလာနှင့်သာရိပုတြာတို့သည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံထွက်ကြစဉ် မိုက်ကန်းကန်းလူတစ်ယောက်သည် သာရိပုတြာ၏ သပိတ်ထဲ သဲများထည့်ပြီး ရာဟုလာကို ရိုက်နှက်ပုတ်ခတ်သည်။ ထိုအခါ သာရိပုတြာက ရာဟုလာအား သတိပေးသည်။

'သင်သည် သကျမုနိ၏ တပည့်သာဝကဖြစ်၏။ မည်သည့်ဆက်ဆံမှုမျိုးနှင့် တွေ့ရ တွေ့ရ၊ သင်၏စိတ်နှလုံးထဲတွင် ဒေါသဖြစ်ပေါ်မလာစေရပေ။ သတ္တဝါအားလုံးအပေါ်တွင် မေတ္တာနှင့်ကရုဏာစိတ် ထားရမည်။ သူရဲကောင်းပုဂ္ဂိုလ်သည်၊ ဗောဓိဉာဏ်အလင်းကို ရှာမှီးနေသောပုဂ္ဂိုလ်သည် မာနတရားကို ပယ်စွန့်ပြီး ဒေါသကိုထိန်းနိုင်ရမည်'

ရာဟုလာသည် အပြုံးမပျက်ပင် တိတ်ဆိတ်ငြိမ်သက်စွာ ဆက်လက်လျှောက်သွားရာ စမ်းချောင်းတစ်ခုသို့ ရောက်သွားသည်။ ယင်းစမ်းချောင်း၌ ရာဟုလာသည် သူ၏ကိုယ်တွင် ပေကျံနေသော အညစ်အကြေးများကို ဆေးကြော သုတ်သင်ပစ်လိုက်သည်။

ရာဟုလာသည် ယင်းကဲ့သို့သော တင်းကျပ်သည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာပြီး တရားအကျင့် ကျင့်ကြံအားထုတ်ရာ အသက်နှစ်ဆယ်အရွယ်၌ ဗောဓိဉာဏ်အလင်း ရရှိသွားသည်။ နောက်ပိုင်းတွင် အမျိုးသမီးများကိုလည်း သံဃာ့ဘောင်အတွင်း ဝင်ရောက်ခွင့်ပြုသောအခါ ယသောဓရာသည် ဘိက္ခုနီတစ်ပါးဖြစ်လာပြီးလျှင် သကျမုနိ၏ မိထွေးတော် မဟာပဇာပတိ၏ သွန်သင်ချက်ဖြင့် တရားအကျင့် ကျင့်ကြံအားထုတ်ရာ ဗောဓိဉာဏ်အလင်း ရရှိသွားသည်။ ။

http://www.linhtet.com

# ရှင်အာနန္ဒါ

ဗုဒ္ဓသာသနာတော်၌ ထင်ရှားသော အနန္ဒါနှစ်ပါးရှိသည်။ တစ်ပါးမှာ ဗုဒ္ဓလက်ထက်တော်အခါက သကျသာကီဝင် ရဟန္တာအရှင်မြတ် အနန္ဒါဖြစ်ပြီး အခြားတစ်ပါးက 'အဘိဓမ္မတ္ထ သင်္ဂဟ'ခေါ် သင်္ဂြိုဟ်ကျမ်း ရေးသားပြုစုသော သီရိလင်္ကာနိုင်ငံသား အနန္ဒါဖြစ်သည်။

မဂဓတိုင်း ဂယာ၌ မဟာဗောဓိပင်အောက်တွင် သစ္စာလေးပါးတရားကို သိမြင်တော်မူပြီးနောက် သကျမုနိဗုဒ္ဓသည် ဇမ္ဗူဒိပ်ကျွန်း အရှေ့မြောက်ပိုင်းသို့ ဒေသစာရီကြွချီပြီး တရားဒေသနာ ဟောကြားတော်မူသည်။ ထိုအချိန်အတွင်း သကျမုနိသည် မိမိ၏ ဇာတိဒေသဖြစ်သော ကပိလဝတ္ထုသို့ တစ်ကြိမ်မက ကြွတော်မူသည်။ သကျမုနိနှင့် ဝေနေယျသတ္တဝါတို့၏ ဆင်းရဲဒုက္ခကိုပယ်ဖျောက်သော သူ၏တရားဒေသနာတော်သည် နှစ်များမကြာမီအတောအတွင်း ထင်ရှားကျော်ကြား လူသိများလာပြီးလျှင် သကျသာကီနွယ်ဖွား မင်းညီမင်းသားများသည် လောကီလူ့ဘောင်ကို စွန့်ခွာလျက် သကျမုနိ၏ သာသနာ့ဘောင်အတွင်း ဝင်ရောက်ခိုလှုံလာကြသည်။

အနန္ဒါသည် သကျမုနိနှင့် ညီအစ်ကိုဝမ်းကွဲတော်သည်။ အနန္ဒါ၏ဖခင် အမိတောဒနသည် သကျမုနိ၏ခမည်းတော် သုဒ္ဓေါဒန၏ ညီဖြစ်သည်။

တစ်နေ့သ၌ ကပိလဝတ္ထု၌ရှိသော လူတိုင်းလိုလိုသည် သကျမုနိ၏ တရားဒေသနာတော်ကို နာကြားလိုသော အာသီသဖြင့် ကပိလဝတ္ထုသို့ သကျမုနိ ကြွအလာကို စောင့်စားမျှော်လင့်နေကြသည်။

ထိုအချိန်၌ နောင်တော်ဖြစ်သူ မဟာနာမက ညီတော်အနုရုဒ္ဓါအား မိမိတို့ ညီအစ်ကိုနှစ်ယောက်ထဲက တစ်ယောက်က သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရန်အတွက် သကျမုနိ၏ သံဃာ့ဘောင်အတွင်း ဝင်ရောက်ပြီး ကျန်တစ်ယောက်က မိသားစု၏တာဝန် ထမ်းရွက်ရန် အဆိုပြုသည်။ ယင်းကဲ့သို့ မဟာနာမအဆိုပြုခြင်းမှာ ညီအစ်ကိုနှစ်ယောက်လုံး သံဃာ့ဘောင် ဝင်ရောက်ပြီး ရှင်ရဟန်းပြုသွားလျှင် မိသားစုအတွက် တာဝန်ဝတ္တရားထမ်းဆောင်မည့်သူ တစ်ယောက်မျှ ကျန်တော့မည်မဟုတ်သည်ကို စိုးရိမ်ကြောင့်ကြမှု ရှိသည့်အတွက်ဖြစ်သည်။

အနုရုဒ္ဓါက သူ့နောင်တော်၏ အဆိုပြုချက်ကို မငြင်းပယ်ပေ။ သို့ရာတွင် မိမိအိမ်၌ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် လုပ်ကျွေးပြုစုသူများ၏ကြားထဲတွင် စည်းစိမ်နှင့်နေရပြီး အချုပ်အချယ် အကွပ်အကဲမရှိ လွတ်လွတ်လပ်လပ် နေထိုင်သွားလာသူဖြစ်၍ သံဃာ့ဘောင်၌ တင်းကျပ်သော ဝိနည်းစည်းကမ်းအရ နေမှုနေနိုင်ပါမည်လားဟု စိတ်တထင့်ထင့်ဖြစ်နေသည်။ တစ်ဖက်တွင်လည်း အကယ်၍ သံဃာ့ဘောင်အတွင်း ရှင်ရဟန်းသွားမလုပ်ဘဲ မိသားစုတာဝန်ကို ထမ်းဆောင်နေရလျှင် အမြဲမပြတ် လယ်ယာလုပ်ငန်းများကို ကွပ်ကဲကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဗြာဟ္မဏဘာသာ ဓလေ့ထုံးစံများကို လိုက်နာကျင့်သုံးခြင်းဖြင့်လည်းကောင်း ဘဝတစ်ခုလုံး ကုန်ဆုံးကျော်လွန်သွားရပေလိမ့်မည်။ အနုရုဒ္ဓါသည် လမ်းနှစ်လမ်း၏ကြားထဲတွင် မည်သည့်လမ်းလိုက်ရမည်နည်းဟု ဝေခွဲမရဖြစ်နေသည်။

အနုရုဒ္ဓါသည် မင်းညီမင်းသားတစ်ယောက်ဖြစ်သည်။ ဖြောင့်တန်းနေသောမျက်ခုံးနှင့် ပေါ်လွင်နေသောနှာတံရှိသည်။ စစ်ပညာနှင့် အခြား အဋ္ဌာရသ သိပ္ပပညာရပ်များကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသူ ဖြစ်သည်။ မိဘနှစ်ပါးက အရိပ်တကြည့်ကြည့်နှင့် တယုတယ ဖြစ်နေရသော

http://www.linhtet.com



သားလည်းဖြစ်သည်။ သိဒ္ဓတ္ထမင်းသားဘဝက သကျမုနိအား ခမည်းတော်နှင့် မယ်တော်များက ဥတုသုံးလီအတွက် စံစရာ အိမ်ဂေဟာသုံးဆောင် ဆောက်ပေး ထားသကဲ့သို့ပင် အနုရုဒ္ဓါ၏ မိဘများကလည်း အနုရုဒ္ဓါအတွက် ဥတုသုံးလီ အတွက် စံစရာ အိမ်ဂေဟာသုံးဆောင် ဆောက်ပေးထားသည်။ ယင်းအိမ်ဂေဟာ များ၌ အနုရုဒ္ဓါသည် ရံရွေတော်များ၏အလယ်၌ လောကီစည်းစိမ်ကို ခံစား စံစားနေသူဖြစ်သည်။

ယင်းသို့ လောကီစည်းစိမ်ကို ခံစားစံစားနေသော်လည်း အနုရုဒ္ဓါ သည် အားရကျေနပ်ခြင်းမရှိပေ။ သူ၏ဘဝသည် သုညအသွင်ဆောင်လာ သည်။ လောကီစည်းစိမ်ကို ခုံမင်တွယ်တာခြင်း မရှိတော့ပေ။ သကျမုနိ ကပိလဝတ္ထုကြွလာသော အချိန်တစ်ချိန်၌ အနုရုဒ္ဓါသည် ဘဝသံသရာ ဝဋ် ဆင်းရဲမှ ကင်းရှင်းလွတ်မြောက်ပြီး ဥတ္တမပုရိသဘဝသို့ ရောက်ရှိနေပြီ ဖြစ်သော သကျမုနိကို ဖူးမြင်တွေ့ကြုံရသည်။ ထိုအခါ လောကီလူ့ဘောင်က စွန့်ခွာလျက် သာသနာ့ဘောင်အတွင်း ဝင်ရောက်ပြီးလျှင် ရှင်ရဟန်းပြုလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာသည်။

အနုရုဒ္ဓါက စဉ်းစားမိသည်။

'သကျမုနိသည် ဤကမ္ဘာလောက၌ လူ့ဘဝ၏ အချည်းနှီး၊ အလ ဟဿ၊ သုညဖြစ်နေပုံကို အလေးအနက် ဆင်ခြင်စဉ်းစားပြီးလျှင် သံသရာဝဋ် ဆင်းရဲမှ အပြီးအပိုင်လွတ်ကင်းသော ဝိမုတ္တိရသကို ရရှိခံစားနေသူဖြစ်၏။ သကျမုနိသည် ငါရှာမှီးနေသောအရာကို မည်သို့မည်ပုံ ရှာရမည်ဆိုသည်ကို ငါ့အား ပြောပြနိုင်ပေလိမ့်မည်'

ယင်းသို့ စိတ်နှလုံး ဒုံးဒုံးချပြီးလျှင် အနုရုဒ္ဓါသည် သံဃာ့ဘောင် အတွင်း၌ ရှင်ရဟန်းပြုနိုင်ရန် သူ၏နောင်တော်ထံတွင် ခွင့်ပန်သည်။ နောင် တော်ထံတွင် ခွင့်ပန်ရုံနှင့် မပြီးသေးပေ။ မိခင်ထံမှလည်း ခွင့်တောင်းရသည်။ မိခင်ဖြစ်သူသည် သားဖြစ်သူ အနုရုဒ္ဓါအား အရိုးစွဲအောင် ချစ်နေသူဖြစ်၍ ပထမတွင် သား၏ခွင့်ပန်ချက်ကို ငြင်းပယ်ပစ်လိုက်သည်။ သို့ရာတွင် နောက်ဆုံး ၌ အနုရုဒ္ဓါ၏ ခိုင်မာသောအဓိဋ္ဌာန်ကို သိရှိနားလည်သွားသည်ဖြစ်၍ အကယ်

http://www.linhtet.com



၍ အနုရုဒ္ဓါ၏ ညီအစ်ကိုဝမ်းကွဲဖြစ်သူ ဘဒ္ဒိယကလည်း သံဃာ့ဘောင်အတွင်း ဝင်ရောက်လျက် ရှင်ရဟန်းပြုမည်ဆိုလျှင် ဘဒ္ဒိယနှင့်အတူ အနုရုဒ္ဓါလည်း ရှင်ရဟန်းပြုနိုင်သည်ဟူ၍ ခြွင်းချက်နှင့် ခွင့်ပြုလိုက်လေသည်။ ဘဒ္ဒိယသည် ဘုရင်သုဒ္ဓေါဒန ကံတော်ကုန်သွားပြီးသည့်အခါ သကျဘုရင်ဖြစ်ရန် အလားအလာရှိနေသူဖြစ်၍ ရှင်ရဟန်းပြုလိမ့်မည်မဟုတ်ဟု ယုံကြည်ထားသော ကြောင့် ယင်းခြွင်းချက်ကို တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ဘဒ္ဒိယ၏ အခြေ အနေမျိုး ရောက်ရှိနေသူတစ်ဦးသည် သူ၏တာဝန်ဝတ္တရားကို ပစ်ထားခဲ့ပြီး သာသနာ့ဘောင်အတွင်း ရှင်ရဟန်းလုပ်ဖို့မှာ ဖြစ်နိုင်စရာ အကြောင်းမရှိဟု အနုရုဒ္ဓါ၏ မိခင်ကတွက်သည်။

အနုရုဒ္ဓါသည် ဘဒ္ဒိယထံသို့သွားပြီး သူနှင့်အတူ သကျမုနိ၏သာဝက လုပ်ပြီး တရားရှာမှီးရန် အကြံပြုသည်။ နိုင်ငံတော်နှင့်ပတ်သက်သော အလား အလာရှိသည့် သူ၏တာဝန်ဝတ္တရားနှင့် ရှင်ရဟန်းပြုလိုသော သူ၏ဆန္ဒ ကြား ထဲတွင် မလှုပ်သာမလှည့်သာဖြစ်နေသော ဘဒ္ဒိယသည် အကယ်၍ အနုရုဒ္ဓါက ခုနစ်နှစ် ခုနစ်မိုးစောင့်မည်ဟု ကတိပေးလျှင် မိမိလည်း အနုရုဒ္ဓါနှင့်အတူ လိုက်ပြီး ရှင်ရဟန်းပြုမည်ဟု ပြောပြသည်။ ဘဒ္ဒိယ၏ တောင်းဆိုချက်ကို အနုရုဒ္ဓါက လက်မခံပေ။ ခုနစ်နှစ်စောင့်ပါဟုပြောသော ဘဒ္ဒိယ၏ နှစ်အပိုင်း အခြားကို ခြောက်နှစ်လျှော့ချသည်။ ထို့နောက် ငါးနှစ်၊ ထို့နောက် လေးနှစ် စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချလာရာ တစ်နှစ်အချိန်ကာလသို့ ရောက်ရှိလာသည်။ ထိုမျှနှင့်လည်း ရပ်မသွားသေးပေ။ နောက်ဆုံး၌ ဘဒ္ဒိယ က အကယ်၍ အနုရုဒ္ဓါ ခုနစ်ရက်စောင့်မည်ဆိုလျှင် မိမိလည်း အနုရုဒ္ဓါနှင့် အတူ ရှင်ရဟန်းပြုမည်ဟု ကတိပေးလိုက်သည်။

ဘဒ္ဒိယထံမှ ကတိစကားရလာသောအခါ အနုရုဒ္ဓါသည် အခြား သကျသာကီဝင် လုလင်များဖြစ်ကြသော အာနန္ဒာ၊ ဘဂု၊ ဒေဝဒတ္တ၊ ကမ္ဗိလတို့ ထံသို့လည်း သွားရောက်စည်းရုံးသည်။ ယင်းသကျသာကီဝင် မင်းသား ခြောက်ဦးနှင့် အတူတကွ သူတို့၏ ဆတ္တာသည်ဖြစ်သော ဥပါလိပါ သကျမုနိ ထံသို့သွားပြီးလျှင် ရှင်ရဟန်းပြုလိုက်ကြသည်။

http://www.linhtet.com



သကျမုနိ၏ သာဝကအဖြစ် ရဟန်းဘဝမရောက်ခင်က အနုရုဒ္ဓါသည် လှပေ့၊ နူးညံ့ပျော့ပျောင်းပေ့ဆိုသည့် အဝတ်အစားများကို ဝတ်ရုံသည်။ နူးညံ့ပျော့ပျောင်းသော အိပ်ရာနေရာတွင် အိပ်သည်။ ရံရွေတော်များ ရံနေသော စည်းစိမ်ရှင်ဘဝဖြင့် နေလာခဲ့သည်။ ယခုအခါတွင်ကား အနုရုဒ္ဓါသည် စပ်သက်န်းကို ဝတ်ရုံနေရသည်။ ဆွမ်းခံစားရသည်။ အမိုးအကာ အပြင် ဘက်တွင် အိပ်ရသည်။ ထို့ပြင် သူ့ဘဝသစ်၏ တင်းကျပ်သော စည်းမျဉ်း ဥပဒေများသည် လိုက်နာဖို့ရန် အလွန်တရာခက်ခဲသည်။ သို့ရာတွင် မလျော့ သော စိတ်နှလုံးဖြင့် တွေ့သမျှအခက်အခဲများကို ကြံ့ကြံ့ခံပြီးလျှင် နောက်ဆုံး ၌ ရှင်ရဟန်းဘဝ၏ တင်းကျပ်သောစည်းကမ်းဥပဒေများကို လွယ်လင့်တကူ လိုက်နာကျင့်သုံးနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားသည်။

တစ်နေ့သ၌ ဇေတဝန်ကျောင်းတော်တွင် တခြားတပည့်သာဝကများနှင့်အတူ သကျမုနိ၏ တရားဒေသနာတော်ကို နာကြားနေစဉ် အနုရုဒ္ဓါသည် အိပ်ငိုက်လာပြီး မှေးခနဲဖြစ်သွားသည်။ ဖျတ်ခနဲ နိုးလာသောအခါ သူ၏အမည်နာမကိုခေါ်လိုက်သော သကျမုနိ၏ အသံတော်ကို ကြားရသည်။ သကျမုနိက မိန့်တော်မူ၏။

'ဓမ္မကို ငြိမ်းချမ်းစွာ နာယူနိုင်သောပုဂ္ဂိုလ်သည် စိတ်နှလုံး စင်ကြယ်သန့်ရှင်းပြီး ဉာဏ်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ပေ၏'

ယင်းစကားများသည် ဓမ္မကိုနာကြားရာ၌ စိတ်ပါဝင်စားမှုမရှိသော တပည့်ကို ရည်ရွယ်၍ဟောကြားသော စောင်းတရားဖြစ်၍ အနုရုဒ္ဓါ၏ နှလုံးသားအတွင်း စူးဝင်သွားသည်။ တရားဒေသနာ ဟောကြားပြီးသောအခါ သကျမုနိထံ အနုရုဒ္ဓါချဉ်းကပ်သွားသည်တွင် သကျမုနိက အနုရုဒ္ဓါကို မိန့်တော်မူသည်။

'သင် အနုရုဒ္ဓါသည် မင်းစည်းစိမ်ကို စွန့်ပယ်ပြီး သံဃာ့ဘောင်အတွင်း အဘယ့်ကြောင့် ဝင်ရောက်လာသနည်း၊ မကိုဋ္ဌသရဖူဆောင်းရာ၌ တွေ့ကြုံရမည့်ဒုက္ခများကို တိမ်းရှောင်ရန်အတွက် သံဃာ့ဘောင်အတွင်း ဝင်ရောက်လာခြင်း ဖြစ်သလော'

http://www.linhtet.com



ရက်စိတ်ဝင်လာပြီးလျှင် အနုရုဒ္ဓါက ပြန်လည်ဖြေကြားသည်။

'အရှင်သူမြတ် အမိန့်ရှိသလို မဟုတ်ကြောင်းပါဘုရား၊ တပည့်တော် သံဃာ့ဘောင်အတွင်း ဝင်ရောက်လာခြင်းမှာ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့နှင့် ကမ္ဘာလောက၏ တခြားဒုက္ခအားလုံးကို ဖယ်ရှားပစ်သော တရားကို ရှာမှီးရန်အတွက် ဖြစ်ပါ၏'

'ငိုက်မျဉ်းနေခြင်းသည် သင်၏ရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်လိမ့်မည်ဟု ထင်ပါသလား'

သကျမုနိက မေးမြန်းတော်မူလိုက်သည်။ စည်းစိမ် ယစ်မူးသော အလေ့အထသည် မိမိ၏ကာယနှင့်မနော နှစ်ခုလုံးတွင် အပြီးအပိုင်ပျောက်ပျက် မသွားသေးဘဲ ကိန်းအောင်းလျက် ရှိသည်ဖြစ်၍ ပေါ့ပေါ့ဆဆနေသည့်အခါ အပေါ်တက်လာဖို့ အဆင်သင့်ဖြစ်နေသည်ဆိုသည့်အကြောင်းကို အနုရုဒ္ဓါ သိရှိနားလည်သွားသည်။

ထို့ကြောင့် အနုရုဒ္ဓါက ပြန်လည်လျှောက်ထားလိုက်သည်။

'အရှင်သူမြတ်၊ ဘုရားတပည့်တော်သည် အကျင့်သီလ မစောင့်ထိန်းနိုင်သောအပြစ်ကို ကျူးလွန်မိသူဖြစ်ပါ၏၊ ခွင့်လွှတ်တော်မူပါ အရှင်ဘုရား၊ နောင်အခါ၌ အရှင်ဘုရား၏ ရှေ့မှောက်တွင် တပည့်တော် မည်သည့်အခါမျှ မအိပ်တော့ပါ၊ မျက်လုံးဝေဒနာ ခံစားနေရပြီး ကိုယ်ခန္ဓာ မခံမရပ်နိုင်အောင် ဖြစ်နေသည့်တိုင်အောင် တပည့်တော် အိပ်ပိုက်ခြင်းကို မပြုလုပ်တော့ပါ'

ယင်းကဲ့သို့ အဓိဋ္ဌာန်ပြုစဉ်ခဏ၌ အနုရုဒ္ဓါ၏မျက်နှာတွင် ထူးခြားခိုင်မာသောဆုံးဖြတ်ချက်၏ အသွင်လက္ခဏာ ပေါ်ပေါက်နေသည်ကို တွေ့ရသည်။

အအိပ်ကျူးခြင်းနှင့်ပတ်သက်ပြီး အဓိဋ္ဌာန်ချမှတ်ပြီးသောအခါ အနုရုဒ္ဓါသည် မအိပ်မဖြစ်သော သူ၏ကိုယ်ခန္ဓာနှင့် ပြင်းပြင်းထန်ထန် စတင်တိုက်ပွဲဝင်သည်။ တစ်မေးမျှ အိပ်စက်ခြင်းမရှိဘဲ ညပေါင်းများစွာကုန်ဆုံးကျော်လွန်လာခဲ့သည်။ ယင်းကဲ့သို့ အချိန်ကြာမြင့်စွာ ပြင်းပြင်းထန်ထန်ကျင့်ကြံအားထုတ်သောကြောင့် အနုရုဒ္ဓါသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိသွားသည်။ သို့ရာတွင် အချိန်ကာလ ကြာမြင့်စွာ မအိပ်ဘဲနေသောကြောင့် မျက်စိဝေဒနာ

http://www.linhtet.com



စွဲကပ်လာသည်။ သကျမုနိက အနုရုဒ္ဓါအား မျက်စိဝေဒနာအတွက် သမားတော်နှင့်ပြရန် ညွှန်ကြားတော်မူသည်။ သမားတော်နှင့် ပြကြည့်သောအခါ သမားတော်က အိပ်လျှင်မျက်စိဝေဒနာ ပျောက်ကင်းသွားမည်ဟု ပြောပြသည်။

သမားတော်၏ ညွှန်ကြားချက်ကို ကြားရသောအခါ သကျမုနိသည် အနုရုဒ္ဓါကို ခေါ်ပြီးလျှင် မိန့်တော်မူသည်။

'သင်သည် မိမိ၏အဓိဋ္ဌာန်အတိုင်း ပြုလုပ်ဆောင်ရွက်သည်ဖြစ်၍ အဝိဇ္ဇာအမှောင်အတွင်းက လွတ်ကင်းလာခဲ့ပြီ၊ ယခုအခါ၌ အဘယ့်ကြောင့် စိတ်ချလက်ချ မအိပ်သနည်း၊ ကိုယ်ခန္ဓာ အားရှိရန်အတွက် အစာအာဟာရ လိုသကဲ့သို့ မျက်လုံးအားရှိရန်အတွက်လည်း အိပ်ခြင်းလိုအပ်သည်'

မိမိအပေါ်တွင်ထားသော သကျမုနိ၏ မေတ္တာနှင့်ကရုဏာ၏ လေးနက်ပုံကို သိရှိနားလည်သော်လည်း အနုရုဒ္ဓါက ပြန်လည်လျှောက်ထားလိုက်သည်။

'အရှင်သူမြတ်ဘုရား၊ အအိပ်ကျူးခြင်းနှင့်ပတ်သက်ပြီး အဓိဋ္ဌာန်ပြုခြင်းအားဖြင့် တပည့်တော်သည် ဒုက္ခကို အနိုင်ရရှိသူဖြစ်လာပါပြီ။ ယင်းအဓိဋ္ဌာန်ကို တပည့်တော် ဘယ်မှာ စွန့်ပယ်ပစ်၍ရမည်နည်း'

တစ်စုံတစ်ဦး၏ ဓလေ့ထုံးစံနှင့် အစဉ်အလာကို ပြောင်းလဲပစ်ဖို့ရန်အတွက်မှာ မည်မျှခဲယဉ်းသည်ဆိုသည်ကို အနုရုဒ္ဓါ သိရှိနားလည်သည်။ သို့ရာတွင် အနုရုဒ္ဓါ၏ အဓိဋ္ဌာန်သည် တရားအမြင်ရရှိရန်အတွက် မျက်လုံးကွယ်ချင်ကွယ်သွားပါစေ၊ အိပ်ခြင်းဣရိယာပုတ်ကို မလုပ်တော့ဟူသော ချိုးဖောက်၍မရသည့် အဓိဋ္ဌာန်ဖြစ်သည်။ မလျော့သောအဓိဋ္ဌာန်ဖြင့် နေ့စဉ်ရက်ဆက် တစ်မှေးမျှ မအိပ်စက်ဘဲ တရားဘာဝနာ ကျင့်ကြံအားထုတ်သည်ဖြစ်၍ အနုရုဒ္ဓါသည် နောက်ဆုံးအချိန်၌ မျက်လုံးကွယ်သွားသည်။ သို့ရာတွင် ပကတိမျက်လုံး ကွယ်သွားသော်လည်း ဉာဏစက္ခု ဉာဏ်မျက်လုံးကမူ ဝင်းလက်လာပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိသွားပြီး ဒိဗ္ဗစက္ခုအရာ၌ ဧတဒဂ်ထားရသည့် ရဟန္တာ အရှင်မြတ်ဖြစ်လာသည်။

တစ်နေ့သောအခါ၌ အရေအတွက်များပြားသော ရဟန်းသံဃာတော်များသည် ဇေတဝန်ကျောင်းတော်၌ သကျမုနိ၏ တရားဒေသနာတော်ကို နာကြားရန်အတွက် စုဝေးရောက်ရှိလာကြစဉ် အနုရုဒ္ဓါသည် သူ၏စုတ်ပြဲနေ

http://www.linhtet.com



သော စပ်သက်န်းကိုဖာဖို့ သတိရလာသည်။ သို့ရာတွင် မျက်စိမမြင်သော ကြောင့် အပ်ပေါက်ထဲ အပ်ချည်ထိုး၍မရ ဖြစ်နေသည်။ အပါးရှိ ရဟန်း သံဃာတော်များဘက်လှည့်ပြီး 'သူတစ်ပါးကို အကူအညီပေးလိုတဲ့ ပုဂ္ဂိုလ် ရှိလျှင် တပည့်တော်အတွက် အပ်ပေါက်ထဲ အပ်ချည်ထိုးပေးတော်မူကြပါ' ဟု တောင်းပန်သည်။

အနီးကပ်လာသောပုဂ္ဂိုလ်တစ်ဦးက သူ့ကို ယင်းအလုပ်လုပ်ခွင့်ပြုရန် ပြောကြားသည်။ သို့ရာတွင် အနုရုဒ္ဓါသည် သကျမုနိ၏အသံကို မှတ်မိ သွားသည်ဖြစ်၍ တအံ့တသြ လျှောက်ထားလိုက်သည်။

'အရှင်သူမြတ်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားအား ယခု အလုပ် လုပ်ခွင့်ပေးနိုင်စွမ်းမရှိပါ၊ ကရုဏာရှေ့ထားပြီး သူတစ်ပါးကို ကူညီ လိုသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ယခုအလုပ် ပြုလုပ်ဖို့ရန် တောင်းပန် လျှောက်ထားခြင်း ဖြစ်ပါ၏'

သကျမုနိက ပြန်လည်ပြောပြသည်။

'ကမ္ဘာလောကဌ် တထာဂတထက် ကရုဏာရှေ့ထားပြီး သူတစ်ပါး ကို ကူညီလိုသောပုဂ္ဂိုလ် တခြားဘယ်မှာ ရှိဦးမည်နည်း'

အနုရုဒ္ဓါက ပြန်လည်လျှောက်ထားလိုက်သည်။

'အတိတ်ကို တပည့်တော် ပြန်အောက်မေ့လိုသည့် စိတ်မရှိတော့ပါ၊ ယခုအခါဌ် အရှင်ဘုရားသည် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ် ဖြစ်နေ တော်မူပြီ၊ ဘ၀သံသရာတစ်လျှောက် ကရုဏာရှေ့ထားပြီး သူတစ်ပါးကို အရှင်မြတ်ဘုရား အကူအညီပေးတော်မူခဲ့သည်မှာ အသချေ်အနန္တရှိခဲ့ပါပြီ'

သကျမုနိက မိန့်တော်မူသည်။

'အနုရုဒ္ဓါ၊ ကရုဏာရှေ့ထားပြီး သူတစ်ပါးကို ကူညီရာ၌ ဆုံးခန်း ရောက်သည်ဟူ၍ မရှိပေ'

ယင်းသို့ မိန့်တော်မူပြီးလျှင် သကျမုနိသည် အနုရုဒ္ဓါအတွက် အပ် ပေါက်ထဲ အပ်ချည်သွင်းပေးတော်မူသည်။ ထိုအခါ ကွယ်နေသော အနုရုဒ္ဓါ၏ မျက်လုံးထဲတွင် သကျမုနိဗုဒ္ဓ၏ မျက်နှာတော်ဝန်းသည် ဝင်းခနဲ တောက်ပ သွားသည်။ ။

# ရှင်မဟာကစ္စာယန

သကျမုနိဗုဒ္ဓ ဟောကြားတော်မူသော တရားဒေသနာတော် အကျဉ်းကို အကျယ်ချဲ့၍ ဟောကြားရာ၌ ဧတဒဂ်ရတော်မူသော ရှင်မဟာကစ္စာယနသည် အဝန္တိတိုင်း၏မြို့တော် ဥဇ္ဇေနီမြို့ရှိ ဗြာဟ္မဏမိသားစုတွင် မွေးဖွားသည်။ အဝန္တိတိုင်းသည် ဝေဠုဝန်ကျောင်းတော်နှင့် ဇေတဝန်ကျောင်းတော်ကဲ့သို့သော သကျမုနိ သီတင်းသုံးတော်မူသည့်ကျောင်းတော်များ တည်ရှိရာ ဇမ္ဗူဒိပ်ကျွန်း အရှေ့မြောက်ပိုင်းဒေသများ၏ အနောက်ဘက် ခရီးအလှမ်းဝေးကွာသော နေရာ၌ရှိသည်။ ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကစ၍ ပညာသင်ကြားပြီး ကြီးပြင်းလာသော ကစ္စာယနသည် သူ့နောင်တော်နှင့် ပညာအရာ၌ အပြိုင်အဆိုင်ဖြစ်လာသည်။

ကစ္စာယန၏ နောင်တော်သည် တစ်ချိန်တွင် အိမ်ကထွက်ခွာပြီး နေရာဒေသ အသီးသီး၌ သွားလာပြီးလျှင် စာပေပညာနှင့် စစ်အတတ်ပညာများကို သင်ကြားဆည်းပူးသည်။ ပညာသင်ကြားပြီး၍ အိမ်ပြန်လာသောအခါ ကစ္စာယန၏ နောင်တော်သည် သူ၏ဇာတိဒေသက လူများကို စုစည်းပြီးလျှင် သူသင်ကြားဆည်းပူးလာခဲ့သော အတတ်ပညာများကို သင်ကြားပို့ချပေးသည်။ ကစ္စာယနကလည်း တပည့်တပန်းများကို စည်းရုံးပြီးလျှင် သူ့နောင်တော်ထက်ပင် ကျွမ်းကျင်စွာ အတတ်ပညာများကို သင်ကြားပို့ချပေးသည်။ ပညာအရာ၌

http://www.linhtet.com



သူ့နောင်တော် သူ့ထက် သာမသွားစေရန်အတွက် နောင်တော်မရှိသည့်အချိန် အတွင်း ကစ္စာယနသည် တိတ်တိတ်ကျိတ်ပြီး အတတ်ပညာများကို သင်ယူ သည်။

သို့ရာတွင် သူ့နောင်တော်ကလည်း သူ့ညီတော်ကို အသာမပေးလို သည့် ဆန္ဒပြင်းပြနေသည်ဖြစ်၍ ညီတော်၊ နောင်တော်နှစ်ဦးသည် ပြင်းပြင်းထန် ထန် အပြိုင်အဆိုင်ဖြစ်လာသောအခါ ဖခင်ဖြစ်သူက ကစ္စာယနအား ဝန္ဓယာ တောင်၌နေထိုင်သော သူတို့၏ဦးကြီးတော်သူ အသိတရသေ့ထံ ပို့ထားသည်။ ထိုရသေ့ကား သိဒ္ဓတ္ထမင်းသား မီးရှူးသန့်စင်ဖွားမြင်လာသောအခါ အကယ်၍ ဤသားတော်ကလေးသည် လောကီလူ့ဘောင်၌ နေထိုင်သွားမည်ဆိုလျှင် စကြဝတေးမင်းဖြစ်လာလိမ့်မည်။ သို့မဟုတ် လောကီလူ့ဘောင်ကို စွန့်ခွာလျက် ရသေ့ရဟန်းပြုမည်ဆိုလျှင် ဗုဒ္ဓတစ်ဆူအဖြစ် ပွင့်တော်မူလာလိမ့်မည်ဟူ၍ အနာဂတ်ဟောကိန်း ထုတ်ထားသောရသေ့ ဖြစ်သည်။

အသိတရသေ့သည် ကစ္စာယန၏ ဉာဏ်ထက်မြက်ပုံကို သိရှိရသော ကြောင့် အထူးကြိုးစား၍ တရားနှင့်ပတ်သက်သော အလေ့အကျင့်များကို ပြုလုပ်စေသောအခါ မကြာမီအတွင်း၌ပင် ရသေ့ကြီး၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်သွားပြီးလျှင် ဘာဝနာတရားအလုပ်၏ အဆင့်လေးဆင့်ကို ပိုင်ပိုင်နိုင်နိုင် သိမြင်သူဖြစ်လာသည်။

အသိတသည် 'တစ်နေ့သောအခါ၌ သိဒ္ဓတ္ထမင်းသားသည် သစ္စာ လေးပါးတရားကို သိမြင်ပြီး ပရမတ္ထတရားဒေသနာတော်ကို ဟောကြားလိမ့် မည်' ဟူ၍ စွဲစွဲမြဲမြဲ ယုံကြည်ထားသည်။ သို့ရာတွင် အိုမင်းမစွမ်း ဖြစ်လာ သည်ဖြစ်၍ အသိတသည် ဗုဒ္ဓ၏ တရားဒေသနာတော်ကို နာကြားရသည့် အခွင့်ထူးရရှိသော အချိန်အထိ အသက်ရှင်နေနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် မကွယ်လွန်မီ ကစ္စာယနအား 'သိဒ္ဓတ္ထမင်းသား သစ္စာတရား သိမြင်ပြီး သမ္မာသမ္ဗုဒ္ဓ ဖြစ်လာသောအခါ ဗုဒ္ဓထံတော်သို့သွား၍ တရား ဒေသနာတော်ကို နာကြားပါဘိ' ဟု မှာကြားခဲ့သည်။ အသိတရသေ့ ကွယ်လွန်သွားပြီးနောက် မကြာမီအတောအတွင်း၌ပင် 'သိဒ္ဓတ္ထမင်းသား

http://www.linhtet.com



သစ္စာတရားသိမြင်ပြီး သမ္မာသမ္ဗုဒ္ဓအဖြစ် ရောက်တော်မူလာပြီ’ ဟူသော သတင်းသည် ကစ္စာယနထံ ရောက်ရှိလာသည်။ သို့ရာတွင် ကစ္စာယနသည် သူရရှိထားသော လောကီဈာန်နှင့် တန်ခိုးဣဒ္ဓိပါဒ် မာန်တက်နေသည်ဖြစ်၍ အသိတရသေ့ညွှန်ကြားချက်ကို မေ့သွားပြီးလျှင် သကျမုနိဗုဒ္ဓထံ တော်တော်နှင့် မသွားဖြစ်ပေ။ မိမိဒေသ၌ ဗြာဟ္မဏပညာရှင်တစ်ဦးအနေနှင့် လူအပေါင်းတို့ ပေးလှူသော လှူဖွယ်ဝတ္ထုများကို လက်ခံခြင်းဖြင့်သာလျှင် ကျေနပ်အားရ နေသည်။

ကစ္စာယန၏ဖခင်သည် အဝန္တိဘုရင် စဏ္ဍပဇ္ဇောတ၏ ပုရောဟိတ် ဖြစ်သည်။ ဇမ္ဗူဒိပ်ကျွန်း အရှေ့မြောက်ပိုင်း၌ သကျမုနိဗုဒ္ဓ ပရမတ္ထတရား ဒေသနာတော် ဟောကြားနေတော်မူသည်ဟူသော သတင်းကို ကြားသိရသော အခါ စဏ္ဍပဇ္ဇောတဘုရင်သည် ထူးထူးခြားခြား စိတ်ပါဝင်စားလာပြီးလျှင် ကစ္စာယန၏ဖခင်အား သူ့သားကစ္စာယနကို သကျမုနိဗုဒ္ဓထံ စေလွှတ်လျက် သကျမုနိဗုဒ္ဓသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း ဆိုသည်ကိုလည်း ကောင်း၊ သူဟောကြားသော တရားဒေသနာသည် မည်ကဲ့သို့သော တရားဒေသနာ ဖြစ်သနည်း ဆိုသည်ကိုလည်းကောင်း စုံစမ်းစေခဲ့ရမည်ဟု အမိန့်ပေးလိုက် သည်။ ဘုရင့်အမိန့်ကို နာခံလျက် ကစ္စာယနနှင့် အမတ်ကြီးခုနစ်ဦးတို့သည် သာဝတ္ထိရှိ ဇေတဝန်ကျောင်းတော်သို့ ခရီးရှည်ထွက်လာခဲ့ကြသည်။

ကစ္စာယနသည် ဘာဝနာအလေ့အကျင့် ရရှိထားသူဖြစ်သည့်အတိုင်း တရားမာန်အပြည့်ရှိနေသော်လည်း သကျမုနိဗုဒ္ဓကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိထက် အဆအရာအထောင် သာလွန်သော တရားအဆင့်ရောက်ရှိ နေသူဖြစ်သည်ဟူ၍ သိမြင်သဘောပေါက်သွားပြီးလျှင် သူ့ကို သံဃာ့ဘောင် အတွင်း ရှင်ရဟန်းအဖြစ် သွတ်သွင်းပေးပါရန် အနူးအညွတ် တောင်းပန်လိုက် သည်။ ကစ္စာယနသည် ခြသေ့်ဆီကို ခံယူထားနိုင်သော သံဂီရွှေခွက်ဖြစ်၍ သကျမုနိဟောကြားသော တရားဒေသနာတော်ကို ကြားရသောအခါ ကောင်းစွာ သိမြင်သဘောပေါက်သွားပြီးလျှင် တခြားပုဂ္ဂိုလ်များအားလည်း တစ်ဆင့် ကျွမ်းကျွမ်းကျင်ကျင် ဟောပြနိုင်သူဖြစ်လာသည်။ ယင်းအရည်အချင်းသည်

http://www.linhtet.com



ကစ္စာယနအား 'သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ' – အကျဉ်းချုပ်အားဖြင့် ဟောကြားထားသော တရားဒေသနာတော်ကို အကျယ်ဟောပြရာ၌ ဧတဒဂ်ရရှိသည့်အဆင့်သို့ ရောက်ရှိစေခဲ့သည်။ ယင်းအဆင့်သို့ ရောက်ရှိလာသောအခါ ရှင်မဟာကစ္စာယနသည် ပြည်သူပြည်သားများအား သကျမုနိ၏ တရားဒေသနာတော်ကို ဟောပြရန် ဥဇ္ဇေနီသို့ ပြန်သွားသည်။

တစ်နေ့သ၌ ရှင်မဟာကစ္စာယနသည် တစ်ခုသောမြစ်၏အနီး ရောက်ရှိသွားသောအခါ ငိုသံကြားရသည့်အတွက် ရပ်တန့်ပြီး မြက်ပင်ရှည်များကို ဖယ်လျက်ကြည့်လိုက်သည်တွင် မြစ်ကမ်းတွင် အဘွားအိုတစ်ယောက် ငိုနေသည်ကို တွေ့ရသည်။ ရှင်မဟာကစ္စာယနသည် အဘွားအိုကို အလွန်တရာ နူးညံ့ချိုသာသောအသံဖြင့် 'မည်ကဲ့သို့သော စိတ်မကောင်းစရာဖြစ်နေသည့်အတွက် ယခုကဲ့သို့ ငိုကြွေးနေရသနည်း' ဟု မေးလိုက်သည်။ အဘွားအိုသည် ရှင်မဟာကစ္စာယန၏အသံကို ကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။ သို့ရာတွင် ကရုဏာအပြည့်ရှိနေသော ရဟန်းတော်၏မျက်လုံးကို တွေ့မြင်ရသောအခါ အကြောက်ပြေသွားပြီးလျှင် သူ့၏ဇာတ်လမ်းကို ပြောပြသည်။

အဘွားအိုသည် ထိုမြို့၌ရှိသော သူဌေးတစ်ယောက်အိမ်၌ အလုပ်လုပ်ပေးနေရသူ အစေအပါးတစ်ယောက်ဖြစ်သည်။ သူဌေးသည် မကုန်နိုင်မခန်းနိုင်အောင် ဥစ္စာဓန ကြွယ်ဝချမ်းသာသော်လည်း အလွန်တရာ နှမြောတွန့်တိုသူလည်းဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သူလည်းဖြစ်သည်။ အဘွားအိုသည် နေ့စဉ်နေ့တိုင်း ငရဲခံနေရသည်။ အိုမင်းရင့်ရော်ပြီး အားအင်ချည့်နဲ့နေပြီဖြစ်သော်လည်း အဘွားအိုကို နံနက်နေထွက်ချိန်မှစ၍ ညနေဝင် မိုးချုပ်ချိန်အထိ လက်နှင့်အလုပ် မပြတ်အောင်ခိုင်းပြီး တစ်ခါတစ်ရံ ကျွဲလိုနွားလို ကြိမ်ဒဏ်လည်း ပေးသည်။ စားရပြန်တော့လည်း မသဒ္ဓါရေစာ မဝတဝသာ စားရသည်။ အားအင်ချည့်နဲ့နေပြီဖြစ်၍ မလှုပ်နိုင်မရှားနိုင် ဖြစ်နေသည့်အခါများ၌လည်းကောင်း၊ တစ်စုံတစ်ခု အမှားအယွင်းလုပ်မိသော အခါများ၌လည်းကောင်း အဘွားအိုသည် အညှိအမည်းစွဲအောင် အရိုက်ခံရသည်။

http://www.linhtet.com



အဆွေအမျိုး သို့မဟုတ် အပေါင်းအသင်းမရှိသောကြောင့် သူဌေး နှိပ်စက် ညှဉ်းပန်းသည်ကို ခါးစည်းခံရုံမှတစ်ပါး တခြားရွေးစရာနည်းလမ်း မရှိတော့ သည့်အတွက် အဘွားအိုသည် သူ့ကိုယ်သူ သတ်သေဖို့ပင် စဉ်းစားနေသည်။

'ယနေ့ ကျွန်ုပ်ကို ရေခပ်ခိုင်းသည့်အတွက် ရေလာခပ်ရခြင်း ဖြစ်ပါ၏။ ဘီလူးသဘက်လို ဆိုးသွမ်းယုတ်မာသော သူဌေးမျက်နှာကို သတိရပြီး ကျွန်ုပ်ငိုကြွေးနေခြင်းဖြစ်ပါ၏' ဟု အဘွားအိုက သူ၏စကားကို နိဂုံးချုပ် လိုက်သည်။

အဘွားအို မျက်ရည်စီးကျနေသည်ကို တွေ့မြင်ရသောအခါ ရှင်မဟာ ကစ္စာယနက အဘွားအိုအား...

'အဘွား၊ အကယ်၍ သင်အဘွားအိုသည် မိမိ၏ဆင်းရဲဒုက္ခကို ယခု လောက် မုန်းတီးနေလျှင် အဘယ့်ကြောင့် ကိုယ့်ဆင်းရဲဒုက္ခကို ရောင်းမပစ် သနည်း'

အဘွားအိုက အံ့သြသည့် အမူအရာဖြင့် မော့ကြည့်ပြီးလျှင် 'ကျွန်ုပ်၏ ဆင်းရဲဒုက္ခကို ဘယ်သူက လာဝယ်မှာနည်း' ဟု မထေရ်မြတ်အား မေးလိုက် သည်။

'သင် အဘွားအို၏ ဆင်းရဲဒုက္ခကို ဝယ်ယူမည့်သူတစ်ဦးရှိ၏၊ ထိုပုဂ္ဂိုလ်အကြောင်းကို ကျွန်ုပ် သင့်ကိုပြောပြမည်၊ ကျွန်ုပ် ညွှန်ကြားပြောပြ သည့်အတိုင်း ပြုလုပ်ရမည်၊ ပထမဦးစွာ ရေထဲဆင်းပြီး မိမိကိုယ်ကို သန့်စင် အောင် လုပ်ပါ'

အဘွားအိုသည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ရဟန်းတော်ညွှန်ကြား ပြောပြသည့်အတိုင်း လုပ်လိုက်သည်။

'ကျွန်ုပ်ညွှန်ကြားပြောပြသည့်အတိုင်း သင်အဘွားအို မိမိကိုယ်ကို သန့်စင်အောင်လုပ်ပြီးပြီ၊ ပူဇော်ဖွယ်ဝတ္ထုတစ်ခုခုဖြင့် သင်အဘွားအို ပူဇော် ရလိမ့်မည်'

အဘွားအိုက ပြန်ပြောသည်။

'ကျွန်ုပ်ထံတွင် ပူဇော်စရာ ဘာပစ္စည်းဝတ္ထုမျှမရှိပါ၊ ဤရေအိုး သည်ပင် ကျွန်ုပ်၏သခင် ပိုင်သည့်ပစ္စည်းဝတ္ထုဖြစ်ပါ၏'

http://www.linhtet.com



'ကောင်းပြီ၊ သင်အဘွားအို ပစ္စည်းဝတ္ထုတစ်ခု ပိုင်အောင်လုပ်ရမည်၊ ကျွန်ုပ်၏သပိတ်ထဲ သန့်စင်သောရေကို လောင်းထည့်ပါ'

အဘွားအိုသည် မိမိအား ညွှန်ကြားပြောပြသည့်အတိုင်း ရှင်မဟာကစ္စာယနအား ရေပေးလှူလိုက်သည်။ အဘွားအို၏ ပူဇော်ဖွယ်ကို လက်ခံပြီးလျှင် ရှင်မဟာကစ္စာယနသည် အေးဆေးငြိမ်သက်စွာ တစ်လုံးချင်း ပြောပြ သည်။

'အဘွားအို၊ ဆင်းရဲဒုက္ခကို ဝယ်သူမှာ ရှင်တော်ဗုဒ္ဓဖြစ်တော်မူ၏။ သင်အဘွားအိုသည် မိမိကိုယ်ခန္ဓာကို သန့်စင်သောရေဖြင့် ဆေးကြောသကဲ့သို့ မိမိ၏နှလုံးကိုလည်း သန့်စင်အောင်ပြုလုပ်မည်ဆိုလျှင် သင်အဘွားအို၏ စိတ်နှလုံးသည် အဖိုးထိုက်တန်သော ရတနာတစ်လုံး ဖြစ်လာပေလိမ့်မည်။ ထိုအခါ၌ သင်အဘွားအိုသည် ကျွန်ုပ်အား ရေပေးလှူသကဲ့သို့ တခြားပုဂ္ဂိုလ်များအားလည်း သင်၏ရတနာကို ပေးလှူနိုင်ပေလိမ့်မည်'

အဘွားအိုက ဦးခေါင်းညိတ်လိုက်သောအခါ ရှင်မဟာကစ္စာယန ဆက်ပြောသည်။

'သင်အဘွားအိုသည် မိမိသခင်အပေါ် အမုန်းပွားခြင်းကို ရပ်ပစ်လိုက်နိုင်သည် မဟုတ်လား၊ မိမိလုပ်ရမည့် အလုပ်ဟူသမျှကို လုပ်ပြီး ကိုယ့်သခင်ကို ကောင်းစွာအကျိုးပြုဖို့ သင်အဘွားအို စိတ်ပိုင်းဖြတ်နိုင်သည် မဟုတ်လား'

အဘွားအို၏ မျက်လုံးအိမ်မှ မျက်ရည်ပေါက်များ စီးကျလာသည်။

ရှင်မဟာကစ္စာယနက ဆက်ပြောသည်။

'ကောင်းပြီ၊ ယနေ့ည သင်အဘွားအို အိပ်ရာဝင်ပြီးသည့်အချိန်၌ ဗုဒ္ဓါနုဿတိ ဘာဝနာကိုပွားများပြီး ဗုဒ္ဓသည် သင်၏အပါး၌ အမြဲတစေရှိနေသည်ဟူ၍လည်းကောင်း၊ သင်၏ ဆင်းရဲဒုက္ခနှင့်အခက်အခဲများကို သိရှိနားလည်တော်မူသည်ဟူ၍လည်းကောင်း စဉ်းစားဆင်ခြင်နေရမည်'

ထိုည၌ပင်လျှင် အဘွားအိုသည် သူ့သခင်အိမ်၏ ထောင့်တစ်ထောင့်၌ တည်ငြိမ်ကြည်နူးရစွာ ကွယ်လွန်သွားရှာသည်။

http://www.linhtet.com



သကျမုနိကိုယ်တိုင် တရားဒေသနာ ဟောကြားတော်မူသော နေရာဋ္ဌာနနှင့် ဤမျှဝေးကွာသော နေရာတစ်နေရာ၌ သကျမုနိဟောကြားသော တရားဒေသနာကို ပြည်သူတို့၏အကြား၌ ဖြန့်ဖြူးသည့် အလုပ်သည် စွန့်စွန့်စားစား ကြိုးစားအားထုတ်ခြင်း မရှိဘဲနှင့် ဖြစ်နိုင်ဖို့မလွယ်ပေ။ ရှင်မဟာကစ္စာယနသည် သကျမုနိထံမှ သူကိုယ်တိုင်နာကြားခဲ့ရသော တရားဒေသနာများကို တခြားပုဂ္ဂိုလ်များအား နားလည်သဘောပေါက်အောင် ဟောကြားရန်အတွက် ကြိုးပမ်းအားထုတ်နေတော်မူသည်။

တစ်နေ့သောအခါ၌ ရှင်မဟာကစ္စာယနသည် ရေကန်တစ်ကန်၏ ကန်ပေါင်ရိုး၌ အခြားပုဂ္ဂိုလ်တစ်စုနှင့် အပန်းဖြေနေသောအခါ ဗြာဟ္မဏအဘိုးအိုတစ်ယောက်သည် တောင်ဝှေးတဒေါက်ဒေါက် ခေါက်လျက် ရှင်မဟာကစ္စာယနနှင့် လူတစ်စု အပန်းဖြေနားနေသော နေရာသို့ ရောက်လာပြီးလျှင် တစ်ခဏမျှ ကြည့်ရှုလေ့လာ အကဲခတ်နေသည်။ ထို့နောက် ဗြာဟ္မဏအဘိုးအိုသည် ရှင်မဟာကစ္စာယနအား လက်ညှိုးငေါက်ငေါက်ထိုးလျက် ဒေါသကြီးစွာဖြင့် 'သင်တို့ထဲမှာ လူကြီးသူမများကို ရိုသေလေးစားတတ်သူ မရှိဘူးလား' ဟု မေးလိုက်သည်။ ထိုအခါ ရှင်မဟာကစ္စာယနက တည်ငြိမ်ဣန္ဒြေရစွာ ပြန်ပြောလိုက်သည်။

'လူကြီးသူမများကို ရိုသေလေးစားဖို့အတွက် ကျွန်ုပ် မည်သည့်အခါမှ မေ့လျော့သူမဟုတ်ပါ၊ သို့သော်လည်း ယခု ကျွန်ုပ်၏ပတ်ဝန်းကျင်၌ လူကြီးသူမတစ်ယောက်မျှ မတွေ့ရပါ'

ဗြာဟ္မဏအဘိုးအိုက ပြန်ပက်လိုက်သည်။

'သင်တို့အားလုံးထက် ကျွန်ုပ် အသက်အရွယ်ကြီးသူ ဖြစ်၏။ သို့သော်လည်း ကျွန်ုပ် ဤနေရာသို့ ရောက်လာသောအခါ သင်တို့ထဲက တစ်ယောက်မှ ကျွန်ုပ်ကို ထိုက်သင့်ထိုက်တန်သော ဖော်ရွေမှုကို မပြုကြပါကလား'

ရှင်မဟာကစ္စာယန က အေးအေးဆေးဆေးပင် ပြန်လည်ပြောကြားသည်။

http://www.linhtet.com



'သကျမုနိက မိန့်ကြားဟောပြထားသည်၊ အသက်ရှစ်ဆယ်၊ ကိုးဆယ် ဆံဖြူသွားကျိုးအရွယ် ရောက်နေစေကာမူ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါးကို လိုက်စားနေသူဖြစ်ပါမူ မွေးခါစကလေးသူငယ်မျှသာ ဖြစ်ပေ၏။ အကယ်၍ အသက်နှစ်ဆယ့်ငါးနှစ် ရှိပြီး တောင့်တင်းသောအသားအရေနှင့် မည်းနက်သောဆံပင် ရှိသည့်အရွယ် ဖြစ်စေကာမူ သံယောဇဉ်အနှောင်အဖွဲ့က လွတ်ကင်းသူဖြစ်နေလျှင် ထိုပုဂ္ဂိုလ် သည် အသက်အရွယ်ကြီးသူဖြစ်၏ဟူ၍ ဆိုရပေလိမ့်မည်'

ရှင်မဟာကစ္စာယန၏ စကားကို ကြားရသောအခါ ဗြာဟ္မဏအဘိုး သည် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီးလျှင် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ထိုနေရာမှ ထွက်ခွာသွားသည်။

သကျမုနိသည် အဝန္တိတိုင်းသို့ မည်သည့်အခါမျှ ကြွတော်မူခြင်းမရှိ သော်လည်း ရှင်မဟာကစ္စာယနသည် သကျမုနိဗုဒ္ဓအား အဝေးကပင် လက်စုံ မိုး၍ ရှိခိုးပူဇော်နေသည်။ သကျမုနိဗုဒ္ဓကလည်း မိမိ၏ တရားဒေသနာတော်ကို ခရီးအလှမ်းဝေးသော ဒေသတစ်ခု၌ ဖြန့်ဖြူးဟောကြားနေသော တပည့် သာဝက ရှင်မဟာကစ္စာယနအား မည်သည့်အခါမျှ မေ့တော်မူခြင်းမရှိပေ။

နောက်ပိုင်းတွင် ရှင်မဟာကစ္စာယန၏ ဟောကြားတော်မူချက်အရ သကျမုနိဗုဒ္ဓအား ကြည်ညိုလေးစားနေသော သောဏအမည်ရှိ ပုဂ္ဂိုလ် တစ်ယောက်သည် သကျမုနိ ဟောကြားတော်မူသော တရားဒေသနာတော်ကို သကျမုနိထံမှ တိုက်ရိုက်နာကြားရန် ရှည်လျားခက်ခဲသောခရီးကို ဖြတ်သန်း လျက် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိသွားသောအခါ သကျမုနိအား အဝန္တိတိုင်း၌ ရှင်မဟာကစ္စာယန ပြုလုပ်ဆောင်ရွက်နေသော အလွန်တရာ မွန်မြတ်သည့်အလုပ်အကြောင်းကို အသေးစိတ် လျှောက်ထားပြောပြလေ သည်။

ရှင်မဟာကစ္စာယနသည် 'နေတ္တိ ပကာရဏ'အမည်ရှိ ဗျာကရဏ်း ကျမ်းနှင့် 'ပေဋကော ပဒေသ'ကျမ်းကို ပြုစုသူဖြစ်သည်ဟူ၍လည်း အချို့က ဆိုကြသည်။

http://www.linhtet.com

# ရှင်ပုဏ္ဏ

သကျမုနိဗုဒ္ဓလက်ထက်တော်အခါကပင် မဟာရာရှတရပြည်နယ် အထိ ဓမ္မပြန့်ပွားရောက်ရှိသွားသည်။ ဇမ္ဗူဒိပ်ကျွန်း၏ အနောက်ဘက်ခြမ်း အဆုံးရှိ ပင်လယ်ကမ်းခြေ၌တည်ရှိသော သုပ္ပာရက သဘော်ဆိပ်အထိသို့ပင် ဓမ္မပြန့်ပွားသွားသည်။ ယင်းအချက်သည် ရဟန်းတော်ပုဏ္ဏ၏ အဖြစ်အပျက်ကို ထောက်ရှုခြင်းအားဖြင့် ကောင်းစွာထင်ရှားပြတ်သားနေသည်။ မဟာရာရှတရ ပြည်နယ်၌ မြတ်စွာဘုရား၏ ဓမ္မသည်သာလျှင်မကဘဲ မြတ်စွာဘုရားကိုယ် တော်တိုင်လည်း ကြွရောက်တော်မူခဲ့ဖူးသည်။ ထို့ကြောင့် မဟာရာရှတရ ပြည်နယ်၏နယ်မြေသည် မြတ်စွာဘုရား၏ခြေတော်နှင့် ထိတွေ့ခွင့်ရရှိသော ကုသိုလ်ကံထူးသည့် နယ်မြေတစ်ခုပင်ဖြစ်သည်။

ပုဏ္ဏမထေရ်သည် သုနာပရန္တတိုင်း သို့မဟုတ် မဟာရာရှတရ ပြည်နယ်အတွင်းရှိ သုပ္ပာရက၌ မွေးဖွားသည်။ သုပ္ပာရကသည် ဇမ္ဗူဒိပ်ကျွန်းရှိ သဘော်ဆိပ်မြို့တစ်မြို့ဖြစ်သည်။ ပုဏ္ဏ၏ဖခင်သည် ကုန်သည်တစ်ဦးဖြစ်ပြီး ခရီးအလှမ်းဝေးကွာသော အရပ်ဒေသများသို့အထိ သွားရောက်လျက် ကုန်ကူး သန်းရောင်းဝယ်သည့် အလုပ်ပြုလုပ်လေ့ရှိသူဖြစ်သည်။ ပုဏ္ဏလည်း မျိုးနွယ် စဉ်ဆက် ဆင်းသက်လာသော ကုန်သည်အလုပ်ကိုပင် ပြုလုပ်သည်။

http://www.linhtet.com



တစ်ကြိမ်တွင် ပုဏ္ဏသည် ကြီးမားသောကုန်သည်အုပ်စုကြီးတစ်စုနှင့်အတူ သာဝတ္ထိသို့ ရောက်ရှိသွားသည်။ ထိုအချိန်၌ သကျမုနိသည် သာဝတ္ထိမြို့ရှိ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူသည်။ သကျမုနိထံတော်မှ တရားဒေသနာတော် နာကြားရသောအခါ ပုဏ္ဏသည် လောကီလူ့ဘောင်ကို ငြီးငွေ့လာပြီး သာသနာဘောင်အတွင်း ဝင်ရောက်လျက် ရှင်ရဟန်းပြုလုပ်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသောကြောင့် သကျမုနိအား လျှောက်ထားပြောပြသောအခါ သကျမုနိဗုဒ္ဓက ပုဏ္ဏအား ရဟန်းပြုပေးလိုက်သည်။ ရဟန်းပြုပြီးသည့်နောက် ပုဏ္ဏသည် သကျမုနိ၏ထံတော်တွင် နေ့ရက်အတန်ကြာမျှ နေထိုင်သီတင်းသုံးသည်။

ရဟန်းတာဝန်ဝတ္တရားများကို အပြည့်အဝ လိုက်နာပြုလုပ်ဆောင်ရွက်သောကြောင့် ပုဏ္ဏသည် အားလုံး၏ ချစ်ကြည်လေးစားမှုခံရသော မထေရ်တစ်ပါးဖြစ်လာသည်။ သို့သော်လည်း ပုဏ္ဏသည် သာဝတ္ထိပြည်၌သာ နေထိုင်သွားလိုသည့် ဆန္ဒမရှိပေ။ မိမိ၏ဇာတိဒေသ သုပ္ပာရကသို့ပြန်ပြီး သကျမုနိ ဟောကြားထားသော တရားဒေသနာတော်ကို ဖြန့်ဖြူးလိုသော အာသီသရှိလာသည်။ ထို့ကြောင့် သာဝတ္ထိပြည်၌ အထိုက်အလျောက် နေထိုင်သီတင်းသုံးပြီးသွားသောအခါ တစ်နေ့သောအခါ၌ သကျမုနိ၏ထံတော်သို့ ချဉ်းကပ်ပြီးလျှင် မိမိ၏ဆန္ဒကို ထုတ်ဖော်ပြောပြလိုက်သည်။

'အရှင်မြတ်ဘုရား၊ တပည့်တော်သည် မိမိဇာတိဒေသ သုနာပရန္တ တိုင်း သုပ္ပာရကသို့သွားပြီး အရှင်မြတ်ဘုရား ဟောကြားတော်မူသော တရားဒေသနာတော်ကို တစ်ဆင့် ဖြန့်ဖြူးဟောကြားလိုသည့်အတွက် တပည့်တော်အား ခွင့်ပေးပါရန် လျှောက်ထားတောင်းပန်ပါ၏ အရှင်သူမြတ်ဘုရား'

ထိုမျှ ခရီးအလှမ်းဝေးသောဒေသ၌ သကျမုနိ၏ တရားဒေသနာ တော်ကို မည်သူမျှ နာကြားဖူးခြင်းမရှိပေ။ ယင်းကဲ့သို့ တစိမ်းပြင်ပြင် ဖြစ်နေ သောဒေသ၌ ဓမ္မဖြန့်ဖြူးရန် ကြိုးစားအားထုတ်ခြင်းသည် လွယ်ကူသောအလုပ် မဟုတ်မှန်း သိတော်မူ၍ သကျမုနိက ပုဏ္ဏမထေရ်၏ ဆုံးဖြတ်ချက် ခိုင်မခိုင် သိလိုသောကြောင့် စစ်ဆေးကြည့်တော်မူသည်။

http://www.linhtet.com



'ငါ့ရှင် ပုဏ္ဏ၊ သုနာပရန္တတိုင်းသားတို့သည် စကားအပြောအဆို ပြေပြေပြစ်ပြစ်မရှိဘဲ ကြမ်းကြမ်းတမ်းတမ်း၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုတတ်ကြ၏။ အကယ်၍ သုနာပရန္တတိုင်းသားများက ငါ့ရှင်ပုဏ္ဏကို ရေရွတ်တိုင်းထွာကြမည်ဆိုလျှင် သင်မည်ကဲ့သို့ သဘောထားမည်နည်း'

'အရှင်သူမြတ်ဘုရား...၊ အကယ်၍ သုနာပရန္တတိုင်းသားများက တပည့်တော်ကို ရေရွတ်တိုင်းထွာကြမည်ဆိုလျှင် သုနာပရန္တတိုင်းသားများ သည် တပည့်တော်ကို ရေရွတ်တိုင်းထွာကြသော်လည်း လက်နှင့် ရိုက်မောင်း ပုတ်မောင်းမလုပ်သည့်အတွက် အလွန်တရာတော်သူများဖြစ်ကြ၏ ဟူ၍ တပည့်တော် ထင်မှတ်ရပါလိမ့်မည်'

'ငါ့ရှင် ပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားများက လက်ဖြင့် ရိုက်မောင်း ပုတ်မောင်းပြုလုပ်မည်ဆိုလျှင် သင်မည်ကဲ့သို့ သဘောထားမည် နည်း'

'အရှင်သူမြတ်ဘုရား၊ သုနာပရန္တတိုင်းသားများသည် လက်ဖြင့် ရိုက်မောင်းပုတ်မောင်း လုပ်ရုံမျှသာလုပ်ပြီး အုတ်ခဲ၊ ကျောက်ခဲများဖြင့် မပေါက်ကြသည့်အတွက် သုနာပရန္တတိုင်းသားများသည် ကျေးဇူးကြီးမားလှပါပေ၏ဟူ၍ တပည့်တော် မှတ်ယူရပါလိမ့်မည်'

'ငါ့ရှင် ပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားများက ငါ့ရှင်ပုဏ္ဏကို အုတ်ခဲ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်မည်ဆိုလျှင် သင်မည်ကဲ့သို့ ပြုလုပ်မည်နည်း'

'အရှင်သူမြတ်ဘုရား၊ အကယ်၍ သုနာပရန္တ တိုင်းသားများက တပည့်တော်ကို အုတ်ခဲ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်မည်ဆိုလျှင်လည်း သုနာပရန္တတိုင်းသားများသည် တပည့်တော်ကို တုတ်နှင့်မရိုက်သည့်အတွက် ကျေးဇူးကြီးလှပါပေ၏ဟူ၍ တပည့်တော် ယူဆရပါလိမ့်မည်'

'ငါ့ရှင် ပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားများက သင့်ကို တုတ်နှင့်ရိုက်သည်ဆိုလျှင် သင်မည်ကဲ့သို့ ပြုလုပ်မည်နည်း'

'အရှင်သူမြတ်ဘုရား၊ အကယ်၍ သုနာပရန္တတိုင်းသားများသည်

http://www.linhtet.com



တပည့်တော်ကို တုတ်နှင့်ရိုက်သည်ဆိုလျှင်လည်း တပည့်တော်ကို လက်နက်နှင့် မထိုးနှက်၊ မတိုက်ခိုက်သည့်အတွက် ယဉ်ကျေးသူများဖြစ်၏ဟု သဘောထားပြီး သူတို့ကို တပည့်တော် ချီးကျူးစကား မပြောကြားဘဲနေ၍ ဖြစ်လိမ့်မည်မဟုတ်ပါဘုရား'

'ငါ့ရှင် ပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားများက သင့်ကို လက်နက်နှင့် ထိုးနှက်တိုက်ခိုက်မည်ဆိုလျှင် သင်မည်ကဲ့သို့ သဘောထားမည်နည်း'

'အရှင်သူမြတ်ဘုရား၊ သုနာပရန္တတိုင်းသားများသည် တပည့်တော်အား ထက်သောလက်နက်ဖြင့် အဆုံးမစီရင်သည့်အတွက် ကျေးဇူးကြီးမားသူများဖြစ်ကြပါပေ၏ဟူ၍ တပည့်တော် ထင်မြင်ယူဆရပါလိမ့်မည်'

'ငါ့ရှင် ပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားများက သင့်ကို ထက်သောလက်နက်ဖြင့် အဆုံးစီရင်မည်ဆိုလျှင် သင်မည်ကဲ့သို့ ပြုလုပ်မည်နည်း'

'အရှင်မြတ်ဘုရား၊ လူတချို့သည် အသက်ရှင်နေရခြင်းကို ငြီးငွေ့လာပြီး မိမိကိုယ်မိမိ အဆုံးစီရင်ရန်အတွက် လက်နက်ကိုရှာကြပါ၏။ သုနာပရန္တတိုင်းသားများသည် တပည့်တော်အား ထက်သောလက်နက်ဖြင့် အဆုံးစီရင်လိုက်သည့်အတွက် တပည့်တော် လက်နက်တစ်စုံတရာ ရှာစရာမလိုတော့ပါ။ သို့ပါ၍ သုနာပရန္တတိုင်းသားများသည် တပည့်တော်အတွက် အလွန်တရာ ကျေးဇူးများသူများဖြစ်မည်ဟူ၍ ထင်မှတ်ရပါလိမ့်မည်'

'သာဓု ... သာဓု ... သာဓု ... ငါ့ရှင်ပုဏ္ဏ၊ သင်သည် သုနာပရန္တတိုင်းသို့ သွားပြီး စိတ်ချလက်ချ နေနိုင်၊ သာသနာပြုနိုင်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟု ငါအသိအမှတ်ပြုလိုက်ပြီ'

ခရီးအလွန် အလှမ်းဝေးသော နယ်မြေဒေသသို့ ဓမ္မဖြန့်ဖြူးဖို့သွားရန်အတွက် ပုဏ္ဏကဲ့သို့သောဇွဲ၊ ပုဏ္ဏကဲ့သို့သောသတ္တိနှင့် ပြည့်စုံသောရဟန်းငယ်၊ ရဟန်းရွယ်များ အလွန်လိုအပ်သည်။ သကျမုနိဗုဒ္ဓ၏ ခွင့်ပြုချက်ကိုရယူပြီးလျှင် ပုဏ္ဏမထေရ်သည် သုနာပရန္တတိုင်းသို့ ထွက်ခွာသွားသည်။

http://www.linhtet.com



သုနာပရန္တတိုင်း၌ ပုဏ္ဏာမထေရ်သည် နေ့ရက်အတန်ကြာမျှ အမ္ဗဟတ္ထတောင်၌ နေထိုင်သီတင်းသုံးသည်။ သူ၏ညီငယ် စူဠပုဏ္ဏာသည် ထိုတောင်၏အနီးရှိ ကုန်သည်ရွာ၌နေသည်။ မိမိနေသောနေရာအနီး၌ စူဠပုဏ္ဏာနေသည်ဆိုသည်ကို သိသွားသည်ဖြစ်၍ ပုဏ္ဏာမထေရ်သည် ထိုနေရာမှထွက်ခွာသွားသည်။ ပုဏ္ဏာမထေရ်သည် အသိအကျွမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၏ကြားထဲတွင် မနေလိုပေ။ ထိုနေရာအနီး၌ သူ၏ညီငယ်နေသည်ကို သိသွားသည်ဖြစ်၍ မုဒုဂိရိကျောင်းသို့ ပြောင်းသွားသည်။ ထိုကျောင်း၌ ပုဏ္ဏာသည် နေ့ရက်အတန်ကြာ နေထိုင်သီတင်းသုံးသည်။ မုဒုဂိရိကျောင်းသည် ပင်လယ်ကမ်းခြေ၌ ရှိသောကြောင့် ပင်လယ်လှိုင်းသံများသည် ပုဏ္ဏာမထေရ်၏ စိတ်တည်ငြိမ်မှုကို ဖျက်ဆီးနေကြသည်။

ပုဏ္ဏာမထေရ်သည် မာတုလာဂိရိကျောင်းသို့ ရောက်သွားပြန်သည်။ ထိုနေရာ၌လည်း ငှက်အော်သံများ ဆူညံနေသည်ဖြစ်၍ ငြိမ်းချမ်းမှု မရရှိပေ။ နောက်ဆုံး၌ ပုဏ္ဏာမထေရ်သည် ဗကုလကရွာသို့သွားပြီး နေထိုင်သီတင်းသုံးသည်။ ထိုရွာ၌နေစဉ် သူ၏ညီငယ် စူဠပုဏ္ဏာသည် ကုန်သည်ပေါင်းငါးရာနှင့်အတူ ပင်လယ်ခရီးထွက်ဖို့ ပြင်ဆင်နေသည်။ ခရီးမထွက်ခင် စူဠပုဏ္ဏာသည် ပုဏ္ဏာမထေရ်ထံသွားလျက် သရဏဂုံဆောက်တည်ပြီးလျှင် လမ်းခရီး၌ ဘေးမထိ ရန်မခစေရန် ဆုတောင်းပတ္ထနာပြုသည်။

စူဠပုဏ္ဏာတို့၏ သင်္ဘောသည် ကျွန်းတစ်ကျွန်းသို့ ရောက်သွားသည်။ ထိုကျွန်းသည် စန္ဒကူးအနီတောရှိသောကျွန်း ဖြစ်သည်။ စူဠပုဏ္ဏာနှင့် ကုန်သည်များသည် စန္ဒကူးအနီများကို ခုတ်ပြီးလျှင် သင်္ဘောအပြည့်တင်ကြသည်။ ထိုအခါ ယင်းကျွန်း၌နေသော ဘီလူးသည် အမျက်ဒေါသထွက်သွားသည် ဖြစ်၍ ပင်လယ်သမုဒ္ဒရာထဲတွင် လေမုန်တိုင်းကျအောင် ဖန်တီးလိုက်သည်။ ပင်လယ်ထဲ သင်္ဘောမြုပ်တော့မည်ဖြစ်သွားသည်။ ကုန်သည်များသည် မိမိတို့ ဆည်းကပ်ကိုးကွယ်သော နတ်ဒေဝတာများကို တိုင်တည်ကြသည်။ ပုဏ္ဏာမထေရ်သည် စူဠပုဏ္ဏာကို ကာကွယ်ရန်အတွက် ဘီလူး၏ရန်ကို နှိမ်နင်းပြီးလျှင် ပင်လယ်ထဲတွင် တိုက်ခတ်နေသော လေမုန်တိုင်းငြိမ်သွားအောင် ပြုလုပ်လိုက်သည်။ ကုန်သည်အားလုံး အသက်ချမ်းသာရာ ရသွားကြသည်။

http://www.linhtet.com



ကုန်သည်များသည် ပုဏ္ဏမထေရ်အား စန္ဒကူးသားများကို ပေးလှူလိုက်ကြသည်။ ယင်းစန္ဒကူးသားများဖြင့် ပုဏ္ဏမထေရ်သည် သကျမုနိဗုဒ္ဓသီတင်းသုံးနေထိုင်ရန် ဂန္ဓကုဋီ ဆောက်လုပ်သည်။ ပုဏ္ဏမထေရ်သည် သကျမုနိကို ပင့်ဖိတ်ရန်အတွက် သကျမုနိထံ ပန်းတစ်ပွင့်ပို့လိုက်သည်ဟု အဆိုရှိသည်။ ပုဏ္ဏမထေရ်၏ ပင့်ဖိတ်ချက်ကို လက်ခံပြီးလျှင် နောက်လိုက်နောက်ပါ ရဟန်းသံဃာတော်များစွာဖြင့် သကျမုနိသည် ထိုဒေသသို့ ရောက်ရှိလာပြီးလျှင် ပုဏ္ဏမထေရ်၏ထံ၌ တစ်ည နေထိုင်သီတင်းသုံးလျက် နံနက်မိုးလင်းသည်နှင့် ပြန်ကြွသွားတော်မူသည်။ နမ္မဒါမြစ်ကမ်းရောက်သောအခါ သကျမုနိသည် ရပ်နားတော်မူသည်။ နမ္မဒါမြစ်ကမ်း၌ နာဂရာဇက သကျမုနိအား အကြီးအကျယ် ပူဇော်သက္ကာပြုသည်။ (လယ်ကိုင်းကျောင်းတော်ရာနှင့် မင်းဘူးစက်တော်ရာတို့သည် ပုဏ္ဏမထေရ်နှင့် သုနာပရန္တဇာတ်လမ်း၏ ပုံတူဖြစ်လာသည်။)

သုနာပရန္တတိုင်းသို့ သကျမုနိ၏ တရားဒေသနာတော်ကို ဆောင်ကြဉ်းသွားသော ပထမဦးဆုံး ရဟန်းတော်မှာ ပုဏ္ဏမထေရ်ဖြစ်သည်။ ပုဏ္ဏသည် မဟာရာရှတရပြည်နယ် သို့မဟုတ် သုနာပရန္တတိုင်းသို့ ဓမ္မကို စတင်ချသူဖြစ်ပြီး သကျမုနိထံတော်သို့ ပြန်ကြွသွားနိုင်ခြင်း မရှိပေ။ သို့သော်လည်း သူ၏ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားသော သတင်းစကားမှာမူ သကျမုနိထံ ရောက်ရှိသွားသည်။

ပုဏ္ဏမထေရ်သည် ရဟန်းသံဃာတော်များကြားထဲတွင် 'သုနာပရန္တမှ ပုဏ္ဏ' ဟူသောအမည်ဖြင့် ထင်ရှားကျော်စောနေသည်။ သုနာပရန္တသို့ မသွားခင် သကျမုနိနှင့် လုပ်သည့် အမေးအဖြေကြောင့်လည်း ပိုမိုထင်ရှားကျော်ကြားသွားသူဖြစ်သည်။ ပုဏ္ဏမထေရ်သည် ပြင်းထန်သော သာသနာပြုစိတ်ဓာတ်ရှိသည်။ ဆုတ်နစ်ခြင်း အလျဉ်းမရှိသော လုံ့လဝီရိယရှိသည်။ ဖွဲ့အဓိဋ္ဌာန်ရှိသည်။ စွမ်းပကားနှင့် ပြည့်စုံသည်။ အဖော်မပါ တစ်ပါးတည်းသာလျှင် ဒေသစာရီ လှည့်လည်သွားလာနေသူဖြစ်သည်။ ပုဏ္ဏမထေရ် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသွားသည်ကို ကြားသိရသောအခါ ရဟန်းသံဃာပေါင်းများစွာတို့

http://www.linhtet.com



သည် သကျမုနိထံ ရောက်ရှိလာကြပြီးလျှင် သကျမုနိအား မေးမြန်းလျှောက်ထားကြသည်။

'အရှင်သူမြတ်ဘုရား၊ ပုဏ္ဏာမထေရ်သည် အရှင်သူမြတ်ဘုရားထံမှ ဒေသနာတော်အကျဉ်းကိုသာ နာယူရပြီးလျှင် ကွယ်လွန်သွားသည်၊ ပုဏ္ဏာမထေရ် မည်သည့်ဘုံသို့ ရောက်ရှိသွားသနည်း၊ မည်သည့်ဘဝဖြင့် ပြန်လည်မွေးဖွားသနည်း'

'ရှင်ရဟန်းတို့၊ ပုဏ္ဏာသည် ဓမ္မကိုသိမြင်သဘောပေါက်သူဖြစ်၍ ဇိဝိန်ချုပ်သွားသောအခါ 'ပရိနိဗ္ဗာန' အဆင့်ရောက်ရှိသွားသည်'

# ပုဏ္ဏ မန္တာနီ ပုတ္တ

သကျမုနိဗုဒ္ဓ၏တပည့်သာဝက ရဟန္တာများထဲတွင် မိခင်ကိုဂုဏ်ပြုလျက် မိမိတို့၏အမည်နာမတွင် မိခင်အမည်နာမကို တပ်ထားသော ရဟန္တာနှစ်ပါးရှိသည်။ တစ်ပါးမှာ 'ရှင်မဟာသာရိပုတြာ' ဖြစ်ပြီး အခြား တစ်ပါးမှာ 'ပုဏ္ဏမန္တာနီပုတ္တ' ဖြစ်သည်။ သာရိပုတြာသည် 'သာရီ' ပုဏ္ဏေးမ၏သားတော်ဖြစ်ပြီး မိမိ၏အမည်တွင် မိခင်အမည် တပ်ထားသည်။ ပုဏ္ဏမန္တာနီပုတ္တသည် 'မန္တာနီ'၏ သားတော်ဖြစ်ပြီး မိခင်၏အမည် တပ်ထားသည်။ ပုဏ္ဏမန္တာနီပုတ္တသည် ခန္တီအရာ၌ စံပြုလောက်သော သုနာပရန္တတိုင်းသား ပုဏ္ဏနှင့် တသီးတခြားဖြစ်သော အခြားပုဏ္ဏဖြစ်သည်။

ဝါဆိုချိန် နီးကပ်လာသောအခါ သကျမုနိ၏ တပည့်သာဝကများသည် မိမိတို့ကြားနာခဲ့သော တရားဒေသနာများကို ဆင်ခြင်ရန်အတွက်လည်းကောင်း၊ မိမိတို့ ပျက်ကွက်ခဲ့သော အကျင့်သိက္ခာများနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်ရန်အတွက်လည်းကောင်း၊ ဘာဝနာတရားကို အားသွန်ခွန်စိုက် ကျင့်သုံးဆောက်တည်ရန်အတွက်လည်းကောင်း၊ ဗောဓိဉာဏ်အလင်း ရရှိရန် မိမိတို့၏ဆန္ဒကို အားဖြည့်ပေးရန်အတွက်လည်းကောင်း၊ အလျဉ်းသင့်ရာ နေရာဌာနများသို့ ကြွသွားကြသည်။

http://www.linhtet.com



သီတင်းဝါလကျွတ်သောအခါ ယင်းရဟန်းသံဃာများသည် သူတို့၏ 'သတ္တာ'ဆရာအရှင်မြတ် သကျမုနိဗုဒ္ဓထံသို့ ပြန်လည်ချဉ်းကပ်လာကြသည်။ ထိုအခါ သကျမုနိဗုဒ္ဓက ထိုရဟန်းတော်များအား ကြင်နာထောက်ထားသော အကြည့်ဖြင့် ကြည့်ရှုတော်မူပြီးလျှင် မေးမြန်းစုံစမ်းတော်မူသည်။

'ငါ့ရှင်ရဟန်းများ၊ သင်တို့သည် ကျန်းကျန်းမာမာရှိကြပါ၏လော၊ မိမိတို့၏အချိန်ကာလကို တန်ဖိုးရှိစွာ အသုံးချခဲ့ပါ၏လော၊ သီလတရား၊ သမာဓိတရားနှင့်ပတ်သက်၍ တိုးတက်မှုရှိကြပါ၏လော၊ သင်ရဟန်းတို့အား ငါ မေးမြန်းစုံစမ်းလိုသော အကြောင်းအရာအချို့ရှိ၏'

'သင်တို့အထဲတွင် အကျင့်သီလနှင့်ပတ်သက်ပြီး ကျင့်သုံးဆောက်တည်နေကြသော အခြားပုဂ္ဂိုလ်များ၏ လေးစားကြည်ညိုခြင်းခံရသည့် ပုဂ္ဂိုလ် ရှိပါသလော၊ သင်တို့အထဲတွင် ရသမျှနှင့်တင်းတိမ်ရောင့်ရဲပြီး သန္တုဋ္ဌိ သံလ္လေခ တရားကို အဖိုးထိုက်အဖိုးတန်တရားအဖြစ် ထင်မှတ်ယူဆသောပုဂ္ဂိုလ် ရှိပါသလော၊ သင်တို့အထဲတွင် ဆိတ်ကွယ်ရာ၌ သတိသမ္ပဇဉ်ယှဉ်လျက် တရားဘာဝနာအားထုတ်ပြီးလျှင် တစ်ကိုယ်တည်း နေထိုင်ရသည့်အခါ၌ဖြစ်စေ၊ လောကီအာရုံများ၏ကြားထဲတွင် နေရသည့်အခါ၌ဖြစ်စေ လမ်းမှားလိုက် မသွားခြင်းကို ချီးကျူးထောမနာပြုပြီး ယင်းကဲ့သို့သော အကျင့်တရားကို အဖိုးထိုက် အဖိုးတန် အကျင့်တရားဖြစ်သည်ဟူ၍ ပြောသောပုဂ္ဂိုလ် ရှိပါသလော၊ သင်တို့အထဲတွင် လုံ့လဥဿဟ၏တန်ဖိုးကို သိရှိနားလည်သူ ရှိပါ၏လော၊ သင်တို့အထဲတွင် သီလနှင့်သမာဓိဘာဝနာတရားကို ကျင့်ကြံအားထုတ်ပြီး ပညာအဆင့်သို့ရောက်လျက် သီလ၊ သမာဓိ၊ ပညာ၏တန်ဖိုးကို ချီးကျူးစကားပြောသူ ရှိပါ၏လော၊ သင်တို့အထဲတွင် ဗောဓိဉာဏ်အလင်းနှင့် ပညာစက္ခုရရှိပြီးလျှင် ဗောဓိဉာဏ်အလင်းနှင့် ပညာစက္ခု၏တန်ဖိုးကို ချီးကျူးစကားပြောကြားသူ ရှိပါ၏လော၊ သင်တို့အထဲတွင် အပြောနှင့်အလုပ် မညီမျှညီညွတ်မှုရှိနေသနည်းဆိုလျှင် မိမိ၏ သီတင်းသုံးဖော်ရဟန်းများအား အားပေးအားမြှောက် ပြုလုပ်နိုင်သည့် အဆင့်သို့လည်းကောင်း၊ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို လိုက်နာကျင့်သုံးလိုသော ဆန္ဒဖြစ်ပေါ်လာစေနိုင်သည့် အဆင့်ထိသို့လည်းကောင်း ရောက်ရှိသွားသောပုဂ္ဂိုလ် ရှိပါ၏လော'

http://www.linhtet.com



ရဟန်းတော်များက တညီတညာတည်း ပြန်လည်အဖြေပေးကြသည်။

'သုံးလူ့ထွတ်ထား အရှင်သူမြတ်ဘုရား၊ တပည့်တော်တို့အထဲတွင် အရှင်သူမြတ်ဘုရား မိန့်ကြားသောအင်္ဂါရပ်များနှင့် ပြည့်စုံသူ ရဟန်းတစ်ပါး ရှိပါ၏၊ ထိုရဟန်းမှာ တခြားမဟုတ်ပါ၊ ပုဏ္ဏမန္တာနီပုတ္တပင် ဖြစ်ပါ၏ အရှင်ဘုရား '

သကျမုနိဗုဒ္ဓအား ရဟန်းတော်များ လျှောက်ထားသောစကားကို ကြားရသောအခါ သကျမုနိ၏ဘေးတွင် ထိုင်နေတော်မူသော ရှင်မဟာသာရိပုတြာသည် သကျမုနိဗုဒ္ဓ၏ ရှေ့တော်၌ သီတင်းသုံးဖော် ရဟန်းအချင်းချင်း၏ ဂုဏ်အရည်အချင်းကို ယခုကဲ့သို့ လျှောက်ထားပြောပြခြင်းခံရသော ပုဏ္ဏသည် အံ့ဖွယ်ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါကလားဟူ၍ ထင်မှတ်ယူဆသွားသည်။

ရှင်မဟာသာရိပုတြာသည် တစ်နေ့တွင် ပုဏ္ဏနှင့်တွေ့ဆုံသည်။ ပုဏ္ဏ၏စကားသည် မည်မျှ ရှင်းလင်းပြတ်သားသနည်း၊ မည်မျှ ခိုင်မာသနည်း၊ စကားတစ်လုံးစီ၊ တစ်လုံးစီကို မည်သို့ရွေး၍ပြောသနည်းကို လေ့လာကြည့်သည်။

ရှင်မဟာသာရိပုတြာသည် ပုဏ္ဏအား မချီးကျူးဘဲ မနေနိုင်သည် အထိဖြစ်လာသည်။ သကျမုနိဟောကြားသည့် တရားဒေသနာတော်ကို ပုဏ္ဏလောက် တိကျမှန်ကန်စွာ ပြန်လည်ဟောပြောနိုင်သူ အခြားမည်သူမျှမရှိဟူ၍ပင် ရှင်မဟာသာရိပုတြာ နားလည်သဘောပေါက်သွားသည်။

ထို့ကြောင့် ပုဏ္ဏအား ချီးကျူးစကား မိန့်ကြားသည့်အနေနှင့် 'ငါ့ရှင်ပုဏ္ဏ၊ သင်သည် သင်၏ တရားဒေသနာကို နာကြားသူအားလုံးအတွက် အမြင့်ဆုံးပီတိ ပေးစွမ်းနိုင်သူဖြစ်ပါပေ၏ 'ဟု မိန့်ကြားတော်မူသည်။ ပုဏ္ဏမထေရ်ကလည်း တုံ့ပြန်သည့်အနေဖြင့် ရှင်မဟာသာရိပုတြာ ဟောကြားသော တရားဒေသနာတော်ကို ချီးကျူးစကား ပြောကြားသည်။ သူ၏ ထူးခြားသော စွမ်းရည်ကြောင့် ပုဏ္ဏသည် ဓမ္မကိုဟောကြားသည့်နေရာ၌ အမြင့်ဆုံး၊ အမြတ်ဆုံးအဆင့် ရရှိသူဖြစ်သွားသည်။ သို့ရာတွင် ပုဏ္ဏမထေရ်သည်

http://www.linhtet.com



ယင်းအဆင့်သို့ ရောက်မလာခင် လူဝတ်ကြောင်ဘဝကမူ ခြောက်ပစ်ကင်း သဲလဲစင် ပုဂ္ဂိုလ်တစ်ဦးမဟုတ်ပေ။

ပုဏ္ဏ၏ဖခင်သည် ကောသလတိုင်း ဒေါနဝတ္ထုကျေးရွာရှိ မြေပိုင်ရှင် ကြေးရတတ်ပြာဟ္မဏတစ်ဦး ဖြစ်သည်။ သူ၏မိခင် မန္တာနီသည် ကောဏ္ဍည ၏ညီမအငယ်ဆုံးဖြစ်သည်။ ကောဏ္ဍညသည် သကျမုနိဗုဒ္ဓထံမှ ပထမဆုံး ဒေသနာ ဓမ္မစကြာကို နာကြားရသော ပဉ္စဝဂ္ဂီငါးပါးထဲတွင် တစ်ပါးအပါ အဝင် ဖြစ်သည်။ မန္တာနီသည် သူ့သားပုဏ္ဏကို အသည်းတုန်အောင် ချစ်သည်။ မိသားစုတစ်စုလုံးက ဝိုင်းချစ်ကြပြီး ကြေးရတတ်ဝန်းကျင်၌ ကြီးပြင်းလာ ရသူဖြစ်သောကြောင့် ပုဏ္ဏသည် ထောင့်မကျိုးသော လုလင်တစ်ယောက် ဖြစ်လာသည်။

ပုဏ္ဏ၏အကြီးမားဆုံးချို့ယွင်းချက်မှာ သူ၏မာန်မာန ဖြစ်သည်။ လက်မထောင်သော လုလင်တစ်ယောက် ဖြစ်လာရခြင်းမှာ မိဘများ အလို လိုက်ထားခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

အားလုံးက ငေးကြည့်နေရလောက်အောင် လုပသောအလုပဂေး မိန်းမပျိုလေးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားထားသော်လည်း ပုဏ္ဏသည် အားရကျေနပ်ခြင်း မရှိပေ။ ပတ်ဝန်းကျင်ရှိလူများက သူ့မိခင်နှင့် သူ့ဇနီးကို ပျူပျူငှာငှာလုပ်ပြီး သူ့ကို ဝိုင်းပယ်ထားသည်ကို သိရသောအခါ ပုဏ္ဏသည် မိမိလို လူတွင်ကျယ်တစ်ယောက်ကို အရေးတယူ ပျူပျူငှာငှာ မလုပ်သည့် အတွက် မနာလိုဝန်တိုစိတ် ပွားလာသည်။ သူ၏ ဣဿမစ္ဆရိယသည် တဖြည်း ဖြည်းကြီးထွားလာရာ အဆုံးစွန်အဆင့်သို့ ရောက်ရှိလာသည်။

သို့သော်လည်း နောက်ဆုံး၌ သူ့မိခင်နှင့်သူ့ဇနီးမယားကို ပျူပျူ ငှာငှာလုပ်ခြင်းသည် မိမိကို ပျူပျူငှာငှာလုပ်ခြင်းနှင့် မည်သို့မျှ ခြားနားခြင်း မရှိဟု နားလည်သဘောပေါက်သွားသည်။ ထိုအခါကျမှ မိမိကို ပျူပျူ ငှာငှာ မလုပ်ဘဲ မိခင်နှင့်ဇနီးမယားကို ပျူပျူငှာငှာလုပ်သည့်အတွက် ဒေါသူပုန် ထနေသော ပုဏ္ဏသည် မိမိအမှားကို သတိရပြီး မျက်နှာမဖော်နိုင်လောက် အောင်ပင် အရှက်ရသွားသည်။

http://www.linhtet.com



မိမိ၏အပြစ်ကို သိရှိနားလည်သွားသော ပုဏ္ဏာသည် အဖတ်ဆယ်သည့်အနေနှင့် ဇနီးမယားနှင့်သမီးသားများကို ထားခဲ့ပြီး အခြားနေရာသွားလျက် နှစ်ပေါင်းနှစ်ဆယ်ကြာမျှ ဗြာဟ္မဏတို့၏ ယောဂအကျင့်ကို ကျင့်ကြံအားထုတ်နေသည်။ ယောဂအကျင့် ကျင့်ကြံအားထုတ်ရာ၌ ပုဏ္ဏာသည် အကြီးအကျယ် အောင်မြင်မှုရရှိသွားပြီးလျှင် နောက်လိုက် တပည့်လက်သားများစွာနှင့် စည်စည်ကားကား ဖြစ်နေသည်။

သူ စွဲကိုင်ထားသော ဒဿနကို ပုဏ္ဏာသည် စွဲစွဲမြဲမြဲ လက်ခံထားသည်။ တစ်နေ့သောအခါ၌ ရာဇဂြိုဟ်တွင် သကျမုနိ တရားဒေသနာ ဟောကြားနေသည်ဆိုသည့် သတင်းစကားကြားရသောအခါ ပုဏ္ဏာသည် တပည့်လက်သား နှစ်ဆယ့်ကိုးယောက်နှင့်အတူ သကျမုနိနှင့် တရားစကား အငြင်းပွားရန် ရာဇဂြိုဟ်သို့ ရောက်သွားသည်။ မိမိ မလွဲမသွေ အနိုင်ရရှိလိမ့်မည်ဟူသော တထစ်ချယုံကြည်ချက်ဖြင့် သကျမုနိထံ သွားခြင်းဖြစ်သည်။

သကျမုနိသည် ငြိမ်သက်အေးချမ်းသော အမူအရာဖြင့် ပုဏ္ဏာအား ကြိုဆိုပြီးလျှင် ဝါဒအငြင်းပွားမှု ပြုလုပ်သည့်အတွက် အကျိုးမရှိကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် အချင်းများမနေကြဘဲ၊ ငြင်းခုန်မနေကြဘဲ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခြင်းအားဖြင့် လွတ်မြောက်ငြိမ်းချမ်းမှုကို ရာမှီးသင့်ကြောင်း မိန့်တော်မူလိုက်လေသည်။

ပုဏ္ဏာသည် သကျမုနိ ညွှန်ကြားသောဩဝါဒစကားကို နားလည်သဘောပေါက်သွားပြီးလျှင် မိမိအား တပည့်သာဝကတစ်ဦးအဖြစ် လက်ခံရန် သကျမုနိထံ သူ့ကိုယ်ကို ပုံအပ်လိုက်သည်။ သူ၏ တပည့်နှစ်ဆယ့်ကိုးဦးတို့ကလည်း သူတို့၏ ဆရာပုဏ္ဏာလုပ်သည့်အတိုင်း လိုက်လုပ်ကြသည်။ ပုဏ္ဏာနှင့်တပည့်တို့၏ ပဗ္ဗဇ္ဇမင်္ဂလာသည် ကြည့်ရှုအကဲခတ်နေသူအားလုံးအား ဘဝင်ခိုက်သွားစေခဲ့သည်။ ။

http://www.linhtet.com

# ကဿပညီနောင်

ဥရုဝေလကဿပသည် သူ့ညီတော်နှစ်ဦးထက်ပင် ပို၍ အရှိန်အဝါ ကြီးမားသူဖြစ်သည်။ ထိုအရပ်ဒေသတစ်ဝိုက်၌ သူ၏ဂုဏ်သတင်းသည် ထင်ရှားကျော်ကြားနေသည်။ ပတ်ဝန်းကျင်ရှိ လူများကလည်း သူ့ကို ထူးထူးခြားခြား ကြည်ညိုကြသည်။ သကျမုနိဗုဒ္ဓက ဥရုဝေလကဿပကို နောက်လိုက်တပည့်အဖြစ် ရာဇဂြိုဟ်ခေါ်သွားစဉ်က ဘုရင်ဗိမ္ဗိသာရသည် သကျမုနိနှင့် ဥရုဝေလကဿပအား မည်သူက ဆရာ၊ မည်သူက တပည့်ဖြစ်သနည်းဟု ယုန်ထင်ကြောင်ထင် ဖြစ်ပေါ်လာသည်။ ယင်း အထင်မှား၊ အမြင်မှားသည် ထိုဒေသတစ်ဝိုက်၌ ဥရုဝေလကဿပ မည်မျှ သြဇာတိက္ကမ ကြီးမားသည်ဆိုသည်ကို ဖော်ပြနေသည်။ သကျမုနိနှင့် ဥရုဝေလကဿပ ရာဇဂြိုဟ်ရောက်လာသောအခါ ဘုရင်ဗိမ္ဗိသာရသည် ဥရုဝေလကဿပ၏အထံ၌ သကျမုနိဗုဒ္ဓ ရဟန်းပြုခြင်းဖြစ်သလော၊ သို့မဟုတ် ဥရုဝေလကဿပက သကျမုနိထံတွင် ရဟန်းပြုခြင်းဖြစ်သလောဟူ၍ သို့လောသို့လော ယုံမှားသံသယ ဒွိဟဖြစ်ခဲ့သည်။

လရောင်၏ အရှိန်အဝါအောက်တွင် ကြယ်တာရာများ၏ အရောင်အဝါတွေ မှေးမှိန်နေသကဲ့သို့ပင် သကျမုနိဗုဒ္ဓ၏ အရှိန်အဝါအောက်တွင် တပည့်သာဝကများသည် အရှိန်အဝါ မှေးမှိန်နေကြသည်။ ထို့ကြောင့်ပင်

http://www.linhtet.com



တပည့်သာဝကများ၏ ဘဝနှင့်စပ်လျဥ်းသော အကြောင်းတရားများကို စုံစုံစေ့စေ့ မသိကြခြင်းဖြစ်ပေလိမ့်မည်။ ကဿပညီနောင်တို့၏ လူဝတ်ကြောင် ဘဝက အကြောင်းအရာများနှင့်ပတ်သက်ပြီး မည်သို့မျှမသိကြရပေ။ ကဿပ ညီနောင်တို့သည် ကဿပအနွယ် ဗြာဟ္မဏမိသားစုအိမ်၌ မွေးဖွားကြသည် ဆိုသည့် အကြောင်းအရာထက် ပိုပြီးမသိကြပေ။

ကဿပညီနောင်သုံးဦးတို့သည် လုလင်အရွယ်ကပင် အိမ်ရာ တည်ထောင် လူ့ဘောင်ကထွက်ခွာလာခဲ့ကြပြီး သာယာကြည်နူးဖွယ် ဥရု ဝေလတောမြိုင်ရှိ နေရဉ္ဇရာမြစ်ကမ်းပါးတွင် သင်္ခမ်းကျောင်းတစ်ခုစီ ဆောက် လုပ်လျက် တရားဘာဝနာ ကျင့်ကြံအားထုတ်နေကြသည်။ ကဿပညီနောင် သုံးဦးလုံးတွင် ကိုယ်စီကိုယ်ငှ တပည့်ပေါင်းများစွာ ရှိကြသည်။ ဥရုဝေလ ကဿပထံ၌ တပည့်ပေါင်း ငါးရာရှိသည်။ ဥရုဝေလကဿပ၏နေရာနှင့် မနီးမဝေးနေရာ၌နေသော နဒီကဿပထံတွင် တပည့်ပေါင်း သုံးရာရှိသည်။ ယင်း ရသေ့နှစ်ပါး နေသောနေရာ၏ အကြေ၌နေသော အငယ်ဆုံးညီတော် ဂယာကဿပထံတွင် နောက်လိုက်တပည့်ပေါင်းနှစ်ရာ ရှိသည်။

ယင်းအရပ်ဒေသ၌ နေကြသောရသေ့ညီနောင် သုံးဦးတို့သည် ဆံကျစ်ရသေ့အဖြစ်ဖြင့် ထင်ရှားကျော်ကြားနေကြသည်။ မိမိတို့၏ ကဿပ အနွယ်ကို အကြောင်းပြုလျက် သူတို့၏အမည်နာမလည်း ကဿပဟု တွင်နေ သည်။

မိဂဒါဝုန်၌ သကျမုနိ၏ထံတော်တွင် ရဟန်းများ၏အရေအတွက် သည် ခြောက်ဆယ့်တစ်ပါး ရှိနေပြီ။ သီတင်းဝါလလည်း ကျွတ်လာပြီ။ သကျမုနိသည် ရဟန်းတော်များအား ' စရထ ဘိက္ခဝေ စာရိတံ … ' စသည်ဖြင့် ဩဝါဒစကားမိန့်ကြားလျက် အရပ်မျက်နှာအသီးသီးသို့ စေလွှတ် လိုက်ပြီးလျှင် မိမိကိုယ်တော်တိုင်လည်း ဥရုဝေလသို့ ကြွသွားတော်မူသည်။ လမ်းခရီး၌ ဘဒ္ဒဝဂ္ဂီသုံးဆယ်တို့အား ရဟန်းပြုပေးတော်မူသည်။ ဥရုဝေလ၌ သကျမုနိသည် ဥရုဝေလကဿပထံ ကြွသွားတော်မူပြီးလျှင် ဥရုဝေလ ကဿပ၏ သင်္ခမ်းကျောင်း၌ တစ်ညတာနားနေရန် ဆန္ဒပြုတော်မူသည်။

http://www.linhtet.com



သကျမုနိဗုဒ္ဓသည် ဥရုဝေလတောမြိုင်ရဂုံ၌ပင် ဗောဓိပင်အောက်တွင် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူခဲ့သည်။ ယင်းနေရာသည် ယခုအခါ၌ ဗုဒ္ဓဂယာအမည်နာမဖြင့် ထင်ရှားကျော်ကြားနေသည်။

ထိုအရပ်၌ ဥရုဝေလကဿပ နေထိုင်သည်။ ထို့ကြောင့် ဥရုဝေလကဿပ၏သတင်းကို သကျမုနိ မဆွကပင် ကြားသိထားသည်ဟု တွေးခေါ်ကြံဆလျှင် မှားလိမ့်မည်မဟုတ်ပေ။ ဥရုဝေလကဿပ အကျွတ်တရားရလျှင် မိမိ၏လမ်းသစ်၊ တရားသစ်ဖြန့်ဖြူးရာ၌ ထိရောက်မှုရှိလိမ့်မည်ဟုလည်း သကျမုနိ တွေးတောပုံရသည်။ သို့ရာတွင် ဥရုဝေလကဿပထံ သကျမုနိကြွသွားခြင်းမှာ မိမိ၏တရားဓမ္မကို ဥရုဝေလကဿပ သိမြင်နိုင်စွမ်းရှိသည်ဟူ၍ ထင်မှတ်တော်မူသောကြောင့် ဖြစ်ပေလိမ့်မည်။

အစပထမ၌မူ ဥရုဝေလကဿပကို လွယ်လွယ်နှင့်ချွတ်၍ မရသည့် အခြေအနေမျိုး ဖြစ်နေသည်။ သကျမုနိသည် နေ့ရက်ပေါင်းများစွာ ဥရုဝေလကဿပနှင့် အချီအချဖြစ်နေသည်။ ဥရုဝေလကဿပသည် သကျမုနိ၏ တရားဓမ္မကို လွယ်လွယ်ကူကူ လက်ခံနာယူမည့် ပုဂ္ဂိုလ်မျိုးမဟုတ်ဖြစ်နေသည်။

ခြေလျင်ခရီးကြွလာရင်း ဥရုဝေလကဿပ၏ သင်္ခမ်းကျောင်းသို့ ရောက်လာသောအခါ သကျမုနိက ဥရုဝေလကဿပကို မိန့်တော်မူလိုက်သည်။

'ကဿပ၊ အကယ်၍ သင် မတားမြစ်၊ မပိတ်ပင်လျှင် ယနေ့ညငါ သင်၏မီးတင်းကုပ်တွင် တည်းခိုလိုပါ၏'

'မဟာသမဏ၊ ကျွန်ုပ်အနေနှင့် တားမြစ်ပိတ်ပင်စရာ အကြောင်းမရှိပါ၊ သို့သော်လည်း ကျွန်ုပ်၏ မီးတင်းကုပ်တွင် အလွန်တရာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော အဆိပ်ပြင်းသည့် မြွေနဂါးတစ်ကောင်ရှိသည်။ ယင်းမြွေနဂါးသည် သင် မဟာသမဏအတွက် ကြီးစွာသော ဘေးအန္တရာယ်ဖြစ်လာနိုင်သည်'

သကျမုနိက ဒုတိယအကြိမ် ထပ်မံပြောသော်လည်း ကဿပထံမှ ယင်းအဖြေကိုသာ ရရှိသောကြောင့် တတိယအကြိမ် မိန့်တော်မူပြန်သည်။

http://www.linhtet.com



'ကဿပ၊ မြွေနဂါးက ငါ့ကို အန္တရာယ်ပြုလိမ့်မည်မဟုတ်ပါ။ ငါ့ကို သင်၏မီးတင်းကုပ်တွင် ယနေ့ည ကျိန်းစက်ခွင့် ပြုစေချင်ပါ၏'

'မဟာသမဏ၊ ဆန္ဒထက်သန်နေသည်ဆိုလျှင်တော့ သဘော အတိုင်း ကျိန်းစက်နိုင်ပါသည်'

နောက်ဆုံးတွင် ဥရုဝေလကဿပသည် သဘောမတူချင်၊ တူချင်နှင့် သဘောတူလိုက်ရသည်။

သကျမုနိသည် မီးတင်းကုပ်ထဲ ဝင်သွားသည်။ မီးတင်းကုပ်ထဲတွင် နေရာထိုင်ခင်းအတွက် မြက်ဖျာကို ခင်းလိုက်သည်။ မြက်ဖျာပေါ်တွင် ထိုင်လျက် သမာပတ်ဝင်စားနေသည်။ သကျမုနိကို တွေ့ရသောအခါ မြွေနဂါးသည် ဒေါသအမျက် ပြင်းစွာထွက်သွားပြီး သကျမုနိအပေါ်တွင် အဆိပ်ခိုးများကို လွှတ်လိုက်သည်။ သကျမုနိက ' ငါသည် မြွေနဂါး၏အရေ၊ အသား၊ အကြော၊ အရိုး၊ အဆီကို မထိခိုက်စေဘဲ မိမိ၏တန်ခိုးအရှိန်အဝါဖြင့် သူ၏ တန်ခိုးအရှိန်အဝါကို မိမိဘက်ပါအောင် ဆွဲယူမည်' ဟု စဉ်းစားဆင်ခြင်တော်မူသည်။

မြွေနဂါးသည် သူ၏ ကြိုးပမ်းအားထုတ်ချက် အချည်းနှီးဖြစ်သွား၊ အလဟဿ ဖြစ်သွားသည်ကိုတွေ့ရ၍ ပြင်းစွာထွက်သော ဒေါသအမျက်ကို ခံနိုင်စွမ်းမရှိသောကြောင့် မီးတောက်သွားသည်။ သကျမုနိဗုဒ္ဓကလည်း ကြီးမားသောအရှိန်အဝါဖြင့် ဘာဝနာတရား ပွားများနေသောကြောင့် ဝင်းလက်တောက်ပသွားသည်။ မြွေနဂါးနှင့် သကျမုနိ၏ အရှိန်အဝါကြောင့် မီးတင်းကုပ်သည် မီးထတောက်သည်။ ဆံကျစ်ရသေ့အားလုံးသည် မီးတင်းကုပ်ကို ဝိုင်းရံလာပြီးလျှင် 'အလွန်တရာ သပ္ပါယ်တော်မူသော မဟာသမဏသည် မြွေနဂါးအန္တရာယ်ကြောင့် အသက်ဇီဝိန် ကြွေရပါပကောလား' ဟု မြည်တမ်းကြသည်။

မိုးသောက်အချိန် ကျရောက်လာသည်။ သကျမုနိသည် မိမိ၏ အရှိန်အဝါဖြင့် မြွေနဂါး၏ အရှိန်အဝါကို ညှို့ယူဖမ်းစားပြီးလျှင် မြွေနဂါးကို သပိတ်ထဲဆွဲထည့်လျက် ဥရုဝေလကဿပထံ ယူလာပြီးလျှင် ' ဒီမှာကြည့်

http://www.linhtet.com



ကဿပ၊ သင်၏မြွေနဂါး' ဟု ပြလိုက်လေသည်။ မြွေနဂါးကိုတွေ့ရသော အခါ ကဿပက 'ဤမဟာသမဏသည် အလွန်တရာ ကြီးမားသောတန်ခိုး အာနုဘော်နှင့် ပြည့်စုံသူဖြစ်ပါကလား'ဟု သိမြင်သွားသည်။ သို့သော်လည်း ဥရုဝေလကဿပသည် သကျမုနိ၏တပည့် ဖြစ်မလာသေးပေ။ သကျမုနိအား 'မဟာသမဏ၊ ကျွန်ုပ်၏ဧည့်ဝတ်ကို လက်ခံပြီး ကျွန်ုပ်၏ သင်္ခမ်းကျောင်း၌ ချမ်းချမ်းသာသာ နေနိုင်ပါ၏။ ခဲဖွယ်ဘောဇဉ် စသည်ဖြင့် အသင် မဟာသမဏကို ကျွန်ုပ်ပြုစုလုပ်ကျွေးပါမည်' ဟူ၍မူ လောကဝတ်စကား ပြောကြားသည်။ ဥရုဝေလကဿပ၏ ဧည့်ဝတ်စကားကို လက်ခံပြီးလျှင် သကျမုနိသည် ထိုနေရာတစ်ဝိုက်၌ နေထိုင်သီတင်းသုံးတော်မူသည်။

ထိုအချိန်အတောအတွင်း ဥရုဝေလကဿပသည် ကြီးကျယ်သော ယဇ်ပူဇော်ပွဲကြီးတစ်ခု ကျင်းပပြုလုပ်ဖို့ ပြင်ဆင်သည်။ ယင်း မဟာယဇ်ပွဲ ကြီးတွင် အင်္ဂနှင့်မဂဓတိုင်းမှ လူပေါင်းများစွာသည် ခဲဖွယ်ဘောဇဉ် အများ အပြား ယူဆောင်လာကြလိမ့်မည်။ ကဿပက စဉ်းစားကြည့်မိသည်။

'အကယ်၍ မဟာသမဏ သင်္ခမ်းကျောင်းကြွလာလျှင် လူအပေါင်း တို့က သူ့ကို စိတ်အားထက်သန်စွာ ပူဇော်သက္ကာပြုကြပြီး ငါ့အတွက် ပူဇော် သက္ကာ ဆုတ်ယုတ်သွားပေလိမ့်မည်။ နက်ဖြန်ခါ ငါ့ သင်္ခမ်းကျောင်းဘက် မဟာသမဏ လှည့်မလာလျှင် ကောင်းပေစွ'

သကျမုနိသည် ကဿပ၏စိတ်အကြံကို ပရစိတ္တဝိဇာနနဉာဏ်တော် ဖြင့် သိတော်မူသည်ဖြစ်၍ ထိုနေ့တွင် ဥရုဝေလကဿပ၏ သင်္ခမ်းကျောင်းသို့ ကြွလာတော်မမူပေ။ နောက်တစ်နေ့၌ကား ဥရုဝေလပဿပ ကိုယ်တိုင် သကျ မုနိထံတော်သို့ သွားပြီးပြောသည်။

'မဟာသမဏ၊ ဆွမ်းဘုဉ်းပေးချိန် ကျနေပါပြီ။ ခဲဖွယ်ဘောဇဉ် အသင့်ဖြစ်နေပါပြီ။ မနေ့က မဟာသမဏ အဘယ်ကြောင့် ကြွမလာ တော်မူသနည်း။ ကျွန်ုပ်တို့ မဟာသမဏကို စောင့်နေပါသည်'

'ကဿပ၊ ငါလာလျှင် သင့်ကို လေးစားကြည်ညိုမှု လျော့နည်း သွားပြီး ငါ့ကို လေးစားကြည်ညိုမှု များပြားလာမည်ဖြစ်၍ ငါမလာလျှင်

http://www.linhtet.com



ကောင်းလိမ့်မည်ဟု သင် တွေးတောနေသည်မဟုတ်လော။ သင်၏ စိတ်အကြံကို ငါသိသောကြောင့် မနေ့က သင်၏သခ်မ်းကျောင်းသို့ ငါ ရောက်မလာခြင်းဖြစ်၏ '

သကျမုနိ၏ ပြောစကားကြောင့် ကဿပသည် တအံ့တသြဖြစ်သွားသည်မှာ မှန်သော်လည်း အပြည့်အဝ တအံ့တသြ ဖြစ်သွားခြင်းမျိုးကား မဟုတ်ပေ၊ ထို့ကြောင့် 'မဟာသမဏသည် သူ၏စိတ်ဖြင့် သူတစ်ပါးတို့၏ စိတ်အကြံကို သိသည်မှာမှန်သည်။ သို့သော်လည်း မဟာသမဏသည် ငါ့လို ရဟန္တာကား မဟုတ်ပေ' ဟု တွေးတောစဉ်းစားနေသည်။ နေ့ရက်ပေါင်းများစွာ အတူတကွနေကြသော်လည်း ကဿပသည် 'မဟာသမဏသည် တန်ခိုးဣဒ္ဓိပါဒ်ရှင်ဖြစ်သော်လည်း ငါ့လိုရဟန္တာကား မဟုတ်' ဟူ၍သာလျှင် တွေးတောစဉ်းစားနေသည်။

ကဿပ အဝိဇ္ဇာဖုံးလွှမ်းနေသည်ကို သိတော်မူသောကြောင့် သကျမုနိသည် 'ဤငမိုက်သားသည် ကြာမြင့်စွာသောအချိန်ကာလအထိ ယခုကဲ့သို့ပင် ဆင်ခြင်စဉ်းစားနေလိမ့်မည်' ဟု စဉ်းစားဆင်ခြင်ပြီးလျှင် ကဿပအား သတိပေးတော်မူလိုက်သည်။

'ကဿပ၊ သင်သည် ရဟန္တာလည်း မဟုတ်သေးပေ၊ ရဟန္တာတို့ လျှောက်သောလမ်းတွင်လည်း မလျှောက်သေးပေ၊ ရဟန္တာဖြစ်စေသော သို့မဟုတ် ရဟန္တာတို့လျှောက်သောလမ်းသို့ ရောက်သွားစေသော တရားဓမ္မကိုလည်း သင် နားမလည်သေးပေ'

ကဿပ မာန်စွယ်ကျိုးသွားသည်။ သကျမုနိ၏ ခြေအစုံပေါ်တွင် မိမိဦးခေါင်းကိုတင်လျက် 'အရှင်သူမြတ်ဘုရား၊ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါ'ဟု လျှောက်ထားလိုက်သည်။ သကျမုနိက 'ကဿပ၊ သင်သည် ဆံကျစ်ရသေ့ငါးရာတို့၏ ဆရာဖြစ်၏။ သင်၏တပည့် ဆံကျစ်ရသေ့ငါးရာကို သင် မည်သို့မည်ပုံ စီစဉ်မည်နည်း။ သူတို့၏ သဘောဆန္ဒကို ရယူပါလေ' ဟု မိန့်ကြားတော်မူသည်။

ဥရုဝေလကဿပ၏ တပည့်များကလည်း 'ကျွန်ုပ်တို့သည် မဆွကပင် မဟာသမဏကို လေးစားကြည်ညိုနေသူများဖြစ်၍ ရှင်ရသေ့နှင့်အတူ

http://www.linhtet.com



မဟာသမဏ၏ထံတွင် ရဟန်းပြုလိုကြပါ၏'ဟု သူတို့ဆရာအား ပြောကြသည်။ အားလုံးပင် ဆံကျစ်များကိုလည်းကောင်း၊ ဆွမ်းဆန်ခံသောအိတ်များကိုလည်းကောင်း၊ မီးယဇ်ပူဇော်သော ပစ္စည်းကိရိယာများကိုလည်းကောင်း မြစ်ထဲမျှောလိုက်ကြပြီးလျှင် သကျမုနိဗုဒ္ဓထံသွား၍ 'အရှင်သူမြတ်ဘုရား၊ တပည့်တော်တို့ကို ရဟန်းပြုပေးတော်မူပါ' ဟု လျှောက်ကြသောအခါ သကျမုနိဗုဒ္ဓက 'ဧဟိဘိက္ခု၊ ရဟန်းတို့လာလှည့်၊ ဓမ္မသည် 'သွက္ခာတ'ဂုဏ်နှင့်ပြည့်စုံ၏။ ဒုက္ခဟူသမျှ ကင်းငြိမ်းပပျောက်ရန်အတွက် ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးကြလော့' ဟု မိန့်တော်မူသည်။

ဆံကျစ်များနှင့် ယဇ်ပူဇော်သောပစ္စည်းကိရိယာများ မြစ်ထဲမျောလာသည်ကို တွေ့ရသောအခါ နဒီကဿပသည် 'နောင်တော် ဥရုဝေလကဿပတော့ ဘေးဒုက္ခကြုံနေရပြီ ထင်တယ်' ဟု တွေးပြီးလျှင် သူ၏တပည့်သုံးရာနှင့် အတူတကွ ဥရုဝေလကဿပ ဘာများဖြစ်သနည်းဟု မေးမြန်းစုံစမ်းရန် ထွက်လာခဲ့သည်။ ဥရုဝေလကဿပက အကျိုးအကြောင်း ဆီးပြောသည်။

'နောင်တော်တွေ့တဲ့လမ်းသစ်က ပိုပြီးကောင်းလို့လား'

နဒီကဿပ စူးစမ်းလိုက်သည်။

'နောင်တော် အခုတွေ့ရတဲ့လမ်းသစ်က ပိုပြီးကောင်းတယ်၊ ပိုပြီး အဆင်မြင့်တယ်'

နဒီကဿပလည်း သူ၏တပည့်သုံးရာနှင့် အတူတကွ သကျမုနိဗုဒ္ဓ၏ တပည့်သာဝကအဖြစ် ခံယူလိုက်သည်။ ညီအငယ်ဆုံး ဂယာကဿပလည်း နောင်တော်နှစ်ပါး ပြောင်းလဲသွားပုံကို သိရသောအခါ သူ၏တပည့်နှစ်ရာကို ခေါ်လာခဲ့ပြီးလျှင် သကျမုနိဗုဒ္ဓထံတော်ပါး၌ ပဉ္စင်းအဖြစ် ခံယူလိုက်လေသည်။

သကျမုနိဗုဒ္ဓ၏ထံတော်တွင် ရဟန်းသံဃာပေါင်း တစ်ထောင်ခန့်မျှ ရှိနေပြီ။ သကျမုနိသည် နောက်လိုက်နောက်ပါ ရဟန်းသံဃာပေါင်း တစ်ထောင်ကို ခေါ်ဆောင်ပြီးလျှင် ဂယာသီသတောင်သို့ကြွလျက် ဗြဟ္မ

http://www.linhtet.com



ယောနိ၌ နေထိုင်သီတင်းသုံးတော်မူသည်။ ဗြဟ္မယောနိ၌ သီတင်းသုံးစဉ် သကျမုနိသည် ရဟန်းသံဃာပေါင်းတစ်ထောင်အား အဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူသည်။

'ရဟန်းတို့၊ အရာဝတ္ထုအားလုံး လောင်ကျွမ်းနေ၏။ မည်သည့် အရာဝတ္ထုများ လောင်ကျွမ်းနေသနည်း။ စက္ခု လောင်ကျွမ်းနေ၏။ ရူပါရုံ လောင်ကျွမ်းနေ၏။ စက္ခုဝိညာဉ် လောင်ကျွမ်းနေ၏။ သောတ လောင်ကျွမ်း နေ၏။ သဒ္ဒါရုံလောင်ကျွမ်းနေ၏။ သောတဝိညာဉ် လောင်ကျွမ်းနေ၏။ ဃာန လောင်ကျွမ်းနေ၏။ ဂန္ဓာရုံ လောင်ကျွမ်းနေ၏။ ဃာနဝိညာဉ် လောင်ကျွမ်းနေ ၏။ ဇိဝှာ လောင်ကျွမ်းနေ၏။ ရသာရုံ လောင်ကျွမ်းနေ၏။ ဇိဝှာဝိညာဉ် လောင်ကျွမ်းနေ၏။ ကာယ လောင်ကျွမ်းနေ၏။ ဖောဋ္ဌဗ္ဗာရုံ လောင်ကျွမ်း နေ၏။ ကာယဝိညာဉ် လောင်ကျွမ်းနေ၏။ မနော လောင်ကျွမ်းနေ၏။ ဓမ္မာရုံ လောင်ကျွမ်းနေ၏။ မနောဝိညာဏ် လောင်ကျွမ်းနေ၏။

'ရဟန်းတို့၊ ယင်းအမှန်တရားဖြစ်သော အနိစ္စသဘောကို သိမြင်သူ သည် နိဗ္ဗိန္ဒဖြစ်လာ၏။ နိဗ္ဗိန္ဒဖြစ်လာသူသည် ရာဂကင်းကွာသွား၏။ ရာဂကင်း ကွာသူသည် ဝိမုတ္တိတရား ရရှိသူဖြစ်လာ၏'

'ဤကား တထာဂတ ညွှန်ပြသောနိဗ္ဗာန်ဖြစ်၏။ ဤကား ဤကိုယ် ခန္ဓာ၌ တထာဂတ ညွှန်ကြားထောက်ပြသော လွတ်မြောက်ငြိမ်းချမ်းမှု မောက္ခ တရားဖြစ်၏'

သကျမုနိဗုဒ္ဓသည် ဂယာသီသ၌ အထိုက်အလျောက် နေထိုင်သီတင်း သုံးပြီးသောအခါ ရဟန်းသံဃာတော်ပေါင်းတစ်ထောင်နှင့် အတူတကွ ဒေသ စာရီကြွချီရင်း ရာဇဂြိုဟ်ရောက်သွားသည်။ မဂဓဘုရင် ဗိမ္ဗိသာရသည် သူ၏ ဥယျာဉ်မှူးထံမှ သကျမုနိဗုဒ္ဓ၏ ဂုဏ်သတင်းကို ကြားသိရပြီး ရာဇဂြိုဟ်မြို့ ပတိဋ္ဌဝနရှိ သုပတိဋ္ဌတစေတီယ၌ သီတင်းသုံးနေသည် ဆိုသည့်အကြောင်း ကိုလည်း သိရှိသွားသည်။

ဘုရင် ဗိမ္ဗိသာရသည် သကျမုနိဗုဒ္ဓကို ဖူးတွေ့ရန် မင်းပရိသတ်နှင့် အတူတကွ ကြွသွားသည်။ သကျမုနိအား ရှိခိုးဦးခိုက်ပြီးလျှင် သင့်တင့်

http://www.linhtet.com



လျှောက်ပတ်သောနေရာ၌ ထိုင်နေသည်။ ရဟန်းသံဃာများကြားထဲတွင် သကျမုနိနှင့်အတူတကွ ဥရုဝေလကဿပကို တွေ့ရသောအခါ ဗိမ္ဗိသာရမင်းကြီးနှင့် မှူးမတ်များသည် သမဏဂေါတမက ဥရုဝေလကဿပထံတွင် ရဟန်းပြုခြင်းဖြစ်သလော သို့မဟုတ် ဥရုဝေလကဿပက သမဏဂေါတမထံတွင် ရဟန်းပြုခြင်းဖြစ်သလောဟု သို့လော သို့လော တွေးတောယုံမှား သံသယဖြစ်ကြသည်။ ဗိမ္ဗိသာရမင်းကြီးနှင့် မှူးကြီးမတ်ကြီးများ၏ စိတ်အကြံကို သကျမုနိ သိရှိသွားသည်ဖြစ်၍ ဥရုဝေလကဿပအား...

'ငါ့ရှင် ကဿပ၊ သင်သည် မည်သည့်အရာကိုတွေ့ရ၍ မီးကို စွန့်ပစ်လိုက်ခြင်း ဖြစ်သနည်း၊ မီးယဇ်သည် သင့်ထံမှ မည်သို့မည်ပုံ ဖယ်ခွာသွားသနည်း'

ဥရုဝေလကဿပက သကျမုနိအား အလွန်တရာ နှိမ့်ချရိုကျိုးသော အမူအရာဖြင့် ပြန်လည်လျှောက်ထားသည်။

'အာရုံငါးပါးကို ခုံမင်တွယ်တာပြီး ပြုလုပ်သောယဇ်ပွဲဖြစ်ကြောင်း သိရှိနားလည်သွားသည့်အတွက် မီးယဇ်ပူဇော်သည့်အလုပ်ကို တပည့်တော် စွန့်ပစ်လိုက်ခြင်းဖြစ်ပါ၏'

'ငါ့ရှင် ကဿပ၊ မီးယဇ်ပူဇော်သည့်အလုပ်ကို သင်စိတ်ပါဝင်စားခြင်း မရှိတော့ဘူးဆိုလျှင် သင်၏စိတ်နှလုံးသည် မည်သည့်အရာ၌ မွေ့လျော်နေပါသနည်း'

'ရာဂ စသည်ကင်းသောနိဗ္ဗာန်ကို မျက်မှောက်ပြုနေရပြီဖြစ်၍ တပည့်တော်၏စိတ်သည် နိဗ္ဗာန်၌သာ မွေ့လျော်နေပါ၏...'

ယင်းသို့ ပြောပြီးလျှင် ဥရုဝေလကဿပသည် ထိုင်ရာမှထလျက် သကျမုနိ၏ ခြေတော်အစုံပေါ် ဦးခေါင်းတင်လျက် 'အရှင်သူမြတ်ဘုရား၊ အရှင်သူမြတ်ဘုရားသည် တပည့်တော်၏ ဆရာဖြစ်တော်မူပါ၏။ တပည့်တော်၏ သတ္တာဖြစ်တော်မူပါ၏။ တပည့်တော်၏ ဂုရုဖြစ်တော်မူပါ၏။ တပည့်တော်သည် အရှင်သူမြတ်ဘုရား၏ တပည့်သာဝက ဖြစ်ပါ၏...'ဟု ထပ်မံလျှောက်ထားလိုက်လေသည်။

http://www.linhtet.com



မဂဓဘုရင် ဗိမ္ဗိသာရနှင့် မှူးမတ်များသည် သံသယဒွိဟ ကင်းရှင်း သွားကြသည်။

နောက်ပိုင်း၌ ရဟန်းသံဃာတော်များ၏ စည်းဝေးသဘင်၌ သကျ မုနိဗုဒ္ဓသည် ဥရုဝေလကဿပအား ရဟန်းသံဃာအစုအဝေးတစ်ခုစီ၏ အကြီး အကဲများထဲတွင် အမှူးအချုပ်အဖြစ် ကြေညာတော်မူလိုက်လေသည်။ တခြား ရဟန်းသံဃာအစုအဝေးများ၌ ရဟန်းသံဃာအရေအတွက်သည် လျော့သွား သည်လည်း ရှိသည်။ တိုးလာသည်လည်း ရှိသည်။ ဥရုဝေလကဿပ၏ တပည့်သာဝက ရဟန်းသံဃာ အရေအတွက်ကမူ တစ်ထောင်ထက် လျော့ နည်းသွားသည်ဟူ၍ မရှိပေ။ ယင်း တစ်ထောင်အရေအတွက်ရှိသော ရဟန်း သံဃာတော်များက ရဟန်းပြုပေးသော ဆင့်ပွားရဟန်းသံဃာ ဦးရေကလည်း မနည်းပေ။ ။

http://www.linhtet.com

# ရှင်သီဝလိ

ရှင်သီဝလိသည် မဖြစ်ဖူးမြဲ ထူးကဲသောအင်္ဂါသုံးရပ်နှင့် ပြည့်စုံသူဖြစ်သည်။ မိခင်၏ ဝမ်းဗိုက်ထဲတွင် ခုနစ်နှစ် ပဋိသန္ဓေ နေရသည်။ မီးဖွားသောအခါ မိခင်သည် ခုနစ်ရက်ဝေဒနာကို ခံစားရပြီးမှ မီးဖွားသည်။ မွေးဖွားလာသည်နှင့်တစ်ပြိုင်နက် ကလေးသည် ဓမ္မသေနာပတိ ရှင်မဟာသာရိပုတြာနှင့် စကားပြောသည်။

ရှင်သီဝလိ၏ဇာတိသည် ပဇ္ဇနိကရွာဖြစ်သည်။ သူ၏မိခင်သည် သုပ္ပဝါသာအမည်ရှိ ကောလိယရာဇာ၏သမီးတော်ဖြစ်သည်။ သုပ္ပဝါသာသည် မွန်မြတ်သောခဲဖွယ်ဘောဇဉ်ကို လှူဒါန်းသူများထဲတွင် ရှေ့သွားခေါင်းဆောင်ဖြစ်သည်။ သူ၏ဖခင်သည် မဟာလိအမည်ရှိ လိစ္ဆဝီရာဇာဖြစ်သည်။

သုပ္ပဝါသာသည် ခုနစ်နှစ်တိုင်တိုင် ကိုယ်ဝန်ဆောင်နေခဲ့ရပြီး ရက်သတ္တပတ်ကြာမျှ ဝေဒနာခံစားရပြီးသည့်နောက်၌လည်း ကလေးဖွားမြင်မလာသောအခါ သူ၏ခင်ပွန်းသည်အား 'ကျွန်မ ကွယ်လွန်မသွားခင် သကျမုနိဗုဒ္ဓအား လှူဖွယ်ပစ္စည်းဝတ္ထု လှူဒါန်းလိုပါ၏' ဟု ပြောပြသည်။

ခင်ပွန်းသည်ဖြစ်သူက သကျမုနိဗုဒ္ဓထံ လှူဖွယ်ပစ္စည်းဝတ္ထုကို ပေးပို့လှူဒါန်းလိုက်သည်။ လှူဖွယ်ပစ္စည်းဝတ္ထုကို လက်ခံပြီးလျှင် သကျမုနိဗုဒ္ဓသည် သုပ္ပဝါသာကို မေတ္တာပို့တော်မူလိုက်သည်။ သကျမုနိဗုဒ္ဓ၏မေတ္တာတော်ကြောင့် သုပ္ပဝါသာ၏ဝမ်းဗိုက်တွင်းမှ ကလေးဖွားမြင်လာသည်။ ထိုအခါ

http://www.linhtet.com



သုပ္ပဝါသာက သူ၏ခင်ပွန်းသည်ကို 'ခုနစ်ရက်တိတိ သကျမုနိဗုဒ္ဓနှင့် တပည့်သံဃာအများကို ဆွမ်းလုပ်ကျွေးလိုပါ၏' ဟု ပြောပြသည်။

ရှင်မဟာမောဂ္ဂလာန်၏ ဒါယကာတစ်ဦးသည် ထိုနေ့အတွက် ဆွမ်းလုပ်ကျွေးရန် သကျမုနိဗုဒ္ဓကို ပင့်ဖိတ်ထားသည်။ သို့သော်လည်း သုပ္ပဝါသာကို အခွင့်အရေးပေးလိုသည့်အတွက် မိမိဆွမ်းဖိတ်ထားခြင်းကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

ကလေးမီးရှူးသန့်စင် ဖွားမြင်လာပြီးသည့်နောက်တွင် သကျမုနိဗုဒ္ဓသည် သုပ္ပဝါသာ၏ ပင့်ဖိတ်ချက်ကို လက်ခံတော်မူလိုက်သည်။ ထိုနေ့၊ ထိုရက်များ၌ သကျမုနိဗုဒ္ဓသည် ကောလိယတို့၏ပဇ္ဇနိကရွာ၌ပင် သီတင်းသုံးနေတော်မူသည်။

နံနက်အချိန်၌ သင်္ကန်းရုံလျက် သပိတ်ပိုက်ပြီးလျှင် သကျမုနိဗုဒ္ဓသည် သုပ္ပဝါသာတို့၏အိမ်သို့ ကြွသွားတော်မူသည်။ ကောလိယသမီးတော် သုပ္ပဝါသာသည် သကျမုနိဗုဒ္ဓအား မွန်မြတ်သောခဲဖွယ်ဘောဇဉ်များဖြင့် ဆွမ်းလုပ်ကျွေးသည်။ သကျမုနိဗုဒ္ဓ ဆွမ်းဘုဉ်းပေးပြီးသောအခါ သုပ္ပဝါသာသည် သင့်လျော်သော နေရာတစ်နေရာ၌ ထိုင်လိုက်သည်။ သကျမုနိဗုဒ္ဓက သုပ္ပဝါသာအား တရားဒေသနာ ဟောကြားတော်မူသည်။

'ဆွမ်းဘောဇဉ် လှူဒါန်းသူသည် ဆွမ်းဘောဇဉ် သုံးဆောင်သူအား အရာဝတ္ထုလေးမျိုးကို ပေးကမ်း၏။ မည်သည့်အရာဝတ္ထုများကို ပေးကမ်းသနည်း။ အသက်ကိုပေး၏။ အဆင်းကိုပေး၏။ ချမ်းသာသုခကို ပေး၏။ ခွန်အားဗလကိုပေး၏။ အသက်ပေးလှူသည့်အတွက် သုပ္ပဝါသာ ကိုယ်တိုင်လည်း အသက်ရှည်လိမ့်မည်။ အဆင်းပေးလှူသည့်အတွက် အဆင်းရှိလိမ့်မည်။ ချမ်းသာသုခပေးလှူသည့်အတွက် ချမ်းသာသုခ ရရှိလာလိမ့်မည်။ ခွန်အားဗလ ပေးလှူသည့်အတွက် ခွန်အားဗလ ရှိလာလိမ့်မည်'

ထို့နောက် သကျမုနိဗုဒ္ဓသည် မွန်မြတ်သောခဲဖွယ်ဘောဇဉ် လှူဒါန်းသူများထဲတွင် သုပ္ပဝါသာသည် အမှူးအချုပ် ရှေ့သွားခေါင်းဆောင်ဖြစ်၏ဟု ဟောပြတော်မူသည်။ သုပ္ပဝါသာသည် အဓိက ဥပသိကာများနှင့် တန်းတူ အဆင့်ကို ရရှိသွားပြီးလျှင် ဗုဒ္ဓစာပေများ၌ အနာထပိဏ်ကနှင့် ဝိသာခါတို့၏ အမည်နာမများနှင့်အတူ မှတ်တမ်းတင်ထားရသူ ဖြစ်လာခဲ့သည်။

http://www.linhtet.com



သုပ္ပဝါသာသည် ခုနစ်ရက်တိုင်တိုင် သကျမုနိအမှူးရှိသော ရဟန်း သံဃာတော်များအား ရိုသေလေးမြတ်စွာ ဆွမ်းလုပ်ကျွေးနေသည်။ ခုနစ်ရက် မြောက်သောနေ့၌ သုပ္ပဝါသာသည် ဖွားသစ်စကလေးကို ရဟန်းသံဃာများ၏ ရှေ့မှောက်ချီယူလာပြီးလျှင် သကျမုနိဗုဒ္ဓနှင့် ရဟန်းသံဃာများအား ရှိခိုးခိုင်း သည်။ ထိုအခါ ရှင်မဟာသာရိပုတြာက ကလေးကို မေးလိုက်သည်။

'ကလေးငယ်၊ သင်သည် ချမ်းချမ်းသာသာ နေခဲ့ရပါ၏လော' မည်ကဲ့သို့သော ဆင်းရဲဒုက္ခမျိုးကိုမှ မတွေ့ခဲ့ရဘူးလော'

'အရှင်သူမြတ်ဘုရား၊ ခုနစ်နှစ်တိုင်တိုင် ငရဲခံရသကဲ့သို့ အမိဝမ်း တိုက်အတွင်း နေလာခဲ့ရသည်မှာ ချမ်းသာသုခ ဘယ်မှာရှိနိုင်မည်နည်း'

ကလေးငယ်က ပြန်ပြောသည်။

သူ၏သားငယ်သည် ဓမ္မသေနာပတိ ရှင်သာရိပုတြာနှင့် ထူးထူး ခြားခြား စကားပြောသည်ကို တွေ့ရသောအခါ သုပ္ပဝါသာသည် အတိုင်း ထက်အလွန် ပီတိသောမနဿဖြစ်သွားသည်။ ထိုအခါ သကျမုနိဗုဒ္ဓက..

'သုပ္ပဝါသာ၊ ယခုသားမျိုး နောက်ထပ် ဘယ်နှယောက် လိုချင် သေးသနည်း' ဟု မေးတော်မူလိုက်သည်။

'ယခုလိုသားမျိုး နောက်ထပ် ခုနစ်ယောက်လိုချင်ပါတယ် အရှင် သူမြတ်ဘုရား'

သုပ္ပဝါသာက ပြန်လည်လျှောက်ထားသည်။

နှစ်အတန်ကြာသွားသောအခါ သုပ္ပဝါသာ၏သဘောတူညီချက်ဖြင့် သာရိပုတြာသည် သူငယ် သီဝလိကို ရှင်ရဟန်းပြုပေးလိုက်သည်။ ရှင်မဟာ မောဂ္ဂလာန်က ရှင်သီဝလိ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်လာသည်။

ရှင်ရဟန်းပြုသည့်နေ့က ရှင်သာရိပုတြာနှင့် စကားပြောသောခဏ ၌ပင် ရှင်သီဝလိသည် သောတာပန်အဆင့်ရောက်ရှိသွားသည်။

ရှင်ရဟန်းပြုပြီးသည့်နောက်တွင် ရှင်သီဝလိသည် လူသူဆိတ်သုဉ်း သောနေရာရှိ ကျောင်းသင်္ခမ်းတစ်ခု၌ နေထိုင်သီတင်းသုံးပြီးလျှင် တရား ဘာဝနာ ကျင့်ကြံအားထုတ်နေသည်။ ယင်းကဲ့သို့ တရားဘာဝနာ ကျင့်ကြံ အားထုတ်ရင်း ကိလေသာတရားများအပေါ်၌ အနိုင်ရရှိသွားသောကြောင့် ရှင်သီဝလိသည် ရဟန္တာအဆင့် ရောက်ရှိသွားသည်။

http://www.linhtet.com



တစ်နေ့သောအခါ၌ သကျမုနိဗုဒ္ဓသည် ရေဝတမထေရ်နှင့် တွေ့ဆုံရန် ခဒိရဝနရှားတောသို့ ကြွသွားတော်မူသည်။ သကျမုနိဗုဒ္ဓနှင့်အတူ ရှင်သာရိပုတြာ၊ ရှင်အာနန္ဒာတို့အပြင် အခြားရဟန္တာများစွာလည်း လိုက်ပါသွားကြမည်။ ယူဇနာသုံးဆယ်ဝေးသော ခရီးကို ကြွကြခြင်းဖြစ်သည်။ လမ်းခရီး၌ ဆွမ်းခဲဖွယ်ဘောဇဉ် အခက်အခဲမတွေ့စေရန် သကျမုနိဗုဒ္ဓသည် ရှင်သီဝလိကိုပါ ခေါ်ဆောင်သွားတော်မူသည်။ ရှင်သီဝလိ ရှိနေရုံမျှနှင့် လိုအပ်သောပစ္စည်းဝတ္ထုများ ရရှိတတ်သည့်အတွက်ကြောင့်ဖြစ်သည်။

ရှင်သီဝလိသည် ဆွမ်းခဲဖွယ်ဘောဇဉ်နှင့် အခြားလှူဖွယ်ပစ္စည်းဝတ္ထုအလှူရရှိသည့်နေရာ၌ အလွန်တရာ ဘုန်းကံကြီးမားသူဖြစ်သည်။ ထို့ကြောင့် သကျမုနိဗုဒ္ဓက ရှင်သီဝလိအား ဘုန်းကံကြီးမားသူများထဲတွင် ရှေ့သွားခေါင်းဆောင် အမှူးအချုပ်ဖြစ်၏ဟု ညွှန်ကြားပြောပြထားတော်မူခြင်းသည်။ ရှင်သီဝလိသည် သဲကန္တာရကိုသွားသွား၊ မည်သည့်နေရာကိုသွားသွား လိုအပ်သောပစ္စည်းမရရှိဘဲမနေဟု အဆိုရှိသည်။

တစ်ခါတွင် မိမိ၏ဘုန်းကံကို စစ်ဆေးကြည့်လိုသည့်အတွက် ရှင်သီဝလိသည် ရဟန်းသံဃာငါးရာနှင့်အတူ ဟိမဝန္တာသို့ ကြွသွားတော်မူ သည်။ ဟိမဝန္တာဒေသ၌လည်း ရှင်သီဝလိသည် လိုအပ်သောမည်သည့် ဝတ္ထုပစ္စည်းမျိုးကိုမဆို ရရှိလာသည်။ ဂန္ဓမာဒနတောင်တွင် နာဂဒတ္တအမည်ရှိ နတ်ဒေဝတာက ခုနစ်ရက်တိုင်တိုင် ရှင်သီဝလိကို ပြုစုလုပ်ကျွေးသည်။

ယနေ့ထက်တိုင်လည်း ရှင်သီဝလိသည် ဗုဒ္ဓဘာသာနိုင်ငံများ၌ အထူးအားဖြင့် သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၌ ပစ္စည်းလာဘ်လာဘ ရလိုသည့်အတွက် မိမိတို့၏အိမ်များ၊ ယာဉ်များ၌ ရှင်သီဝလိ၏ပုံ သို့မဟုတ် ရုပ်တု၏ရှေ့တွင် ဆီမီးနှင့်အမွှေးတိုင်စသည်တို့ကို ပူဇော်ကြသည်။ မြန်မာနိုင်ငံ၌ လူတချို့သည် ရှင်သီဝလိရုပ်တုသေးသေးကလေးကို ဆောင်ထားကြသည်။ ရှင်သီဝလိရုပ်တုသည် လာဘ်လာဘနှင့် ဥစ္စာခနေ ပွားများကြွယ်ဝစေသည်ဟု အယူရှိကြသည်။ ။

# နန္ဒမင်းသား

ပါဠိပိဋကတ်စာပေ၌ ပါရှိသော သကျမုနိဗုဒ္ဓ၏ ဆွေတော်မျိုးတော်များနှင့် တပည့်သာဝကများထဲတွင် နန္ဒသည် ထူးခြားမှုရှိသော အခန်းကဏ္ဍပိုင်ရှင်တစ်ဦး ဖြစ်နေသည်။ နန္ဒကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းသော ပုဂ္ဂိုလ်သည် ဖြစ်တောင့်ဖြစ်ခဲ၊ ကြုံတောင့်ကြုံခဲ ပုဂ္ဂိုလ်မျိုးဖြစ်သည်။ ထို့ကြောင့်ပင် သာသနာပြုဘုရင် ကနိရှကတင်သော စတုတ္ထသင်္ဂါယနာ (မဟာယာနဂိုဏ်း၏သင်္ဂါယနာ) ၌ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော 'ဗုဒ္ဓစရိတ' သက္ကတဘာသာ မဟာကဗျာကျမ်းပြု၊ သက္ကတစာပေ မဟာကဝိ အသဃောသသည် နန္ဒ၏အကြောင်းကို 'သုန္ဒရာနန္ဒ မဟာကဗျာ' (ညီတော်မင်းနန်) ဖြင့် ရေးသားဖွဲ့ဆိုထားခြင်းဖြစ်သည်။

ရှင်အာနန္ဒာသည် တခြားရဟန်းသံဃာတော်များထက် ကုသိုလ်ကံထူးသူ ပုဂ္ဂိုလ်ဖြစ်သည်။ သို့ရာတွင် အဓိပ္ပာယ်တစ်မျိုးဖြင့် ပြောရမည်ဆိုလျှင် နန္ဒက ရှင်အာနန္ဒာထက်ပင် ကုသိုလ်ထူးသူဟု ဆိုနိုင်သည်။ ရှင်အာနန္ဒာသည် သကျမုနိဗုဒ္ဓနှင့် ညီအစ်ကိုဝမ်းကွဲတော်သူ ဖြစ်သည်။ နန္ဒကမူ သကျမုနိဗုဒ္ဓနှင့် ဖအေတူ အမေကွဲ ညီအစ်ကိုတော်သူဖြစ်သည်။ သကျမုနိဗုဒ္ဓနှင့် နန္ဒ၏ခမည်းတော်မှာ သုဒ္ဓေါဒန ဘုရင်မင်းကြီးဖြစ်သော်လည်း သကျမုနိဗုဒ္ဓ၏မယ်တော်မှာ မာယာဒေဝီမိဖုရားဖြစ်ပြီး နန္ဒ၏မယ်တော်မှာ ပဇာပတိဂေါတမီဖြစ်သည်။

http://www.linhtet.com



သိဒ္ဓတ္ထဂေါတမ မီးရှူးသန့်စင်ဖွားမြင်ပြီးနောက် တစ်ပတ်အကြာတွင် မယ်တော်ဖြစ်သူ မဟာမာယာဒေဝီ ကွယ်လွန်သွားသည်။ ယင်းအချိန်ဝန်းကျင်၌ပင် မဟာပဇာပတိ ဂေါတမီက နန္ဒကိုမွေးဖွားသည်။ မဟာပဇာပတိဂေါတမီသည် သူ၏သားတော်နန္ဒကို နို့ထိန်းအားအပ်နှံပြီးလျှင် နန္ဒစို့ရမည့်နို့ကို သားတော်သိဒ္ဓတ္ထအား တိုက်ကျွေးသည်။ ယင်းအဖြစ်အပျက်သည် စဉ်းစားစရာ ကပ်ပါလာသော အဖြစ်အပျက်မျိုးဖြစ်သည်။ မိမိ၏သားကို နို့ထိန်းထံအပ်နှံလျက် အစ်မတော် (လင်တူမယား)၏သားကို နို့တိုက်သော မိခင်ရှိနိုင်ပါမည်လော။ သံသယနယ်ပယ်၏အပြင်ဘက် ထွက်နေသောအဖြစ်အပျက်မျိုး မဟုတ်ပေ။ သာမန်မိန်းမသားတစ်ယောက်အတွက်မှာမူ ယင်းအပြုအမူမျိုးကို ပြုလုပ်နိုင်ဖို့လွယ်လိမ့်မည် မဟုတ်ပေ။ နောက်တစ်ကြောင်းမှာ ကလေးနှစ်ယောက်လုံးကို တစ်ပြိုင်တည်းနို့တိုက်၍ ရနိုင်သည်။ သို့သော်လည်း ယင်းအတွေးသည် အတွေးမျှသာဖြစ်သည်။ ပါဠိပိဋကတ်ကျမ်းဂန်များ၌ ဖော်ပြပါရှိခြင်းသည်သာလျှင် ခိုင်လုံသောအထောက်အထားဟူ၍ မှတ်ယူရပေလိမ့်မည်။

နန္ဒသည် အတတ်ပညာ သင်ကြားဆည်းပူးခြင်းစသော ငယ်စဉ်ကာလက ပြုလုပ်ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်တာများကို သိဒ္ဓတ္ထမင်းသားနှင့်လည်းကောင်း၊ အာနန္ဒာစသော ညီအစ်ကိုတော်များနှင့်လည်းကောင်း ပြုလုပ်ဆောင်ရွက်ခဲ့ပြီးလျှင် ယင်းညီအစ်ကိုတော်များနှင့်အတူတကွပင် လုလင်အရွယ် တံစက်မြိတ်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် လုလင်အရွယ်၏ဘဝအရသာကို မခံစားရခင်မှာပင် သကျမုနိဗုဒ္ဓက လမ်းသစ်ကို ရှာဖွေတွေ့ရှိသည်ဖြစ်၍ ကပိလဝတ်သို့ ကြွလာပြီးလျှင် နန္ဒကို နန်းအိမ်မှ ခေါ်ဆောင်သွားသောကြောင့် နန္ဒသည် သူ၏နောင်တော် သကျမုနိဗုဒ္ဓ၏ နောက်သို့ လိုက်ပါသွားရရှာသည်။

ညီအစ်ကိုများနှင့် ခမည်းတော်သုဒ္ဓေါဒန၏ တိုက်တွန်းတောင်းပန်ချက်ကြောင့် သကျမုနိဗုဒ္ဓသည် ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွတော်မူလာသည်။ ရာဇဂြိုဟ်သို့ ရောက်ရှိလာပြီးနောက် သုံးရက်မြောက်နေ့တွင်

http://www.linhtet.com



သကျမုနိဗုဒ္ဓသည် နန္ဒမင်းသား၏စံအိမ်တော်သို့ ကြွရောက်တော်မူလာသည်။ ထိုနေ့က နန္ဒ၏စံအိမ်တော်တွင် နန္ဒမင်းသားနှင့် ဇနပဒကလျာဏီတို့၏ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားသည့်အခမ်းအနား ကျင်းပပြုလုပ်နေသည်။ ဆွမ်းအလှူခံပြီးနောက် သကျမုနိဗုဒ္ဓသည် နန္ဒ၏ကောင်းကျိုးအတွက် ဆင်ခြင်စဉ်းစားတော်မူသည်။ မိမိတွေ့ကြုံရရှိသော အမြိုက်သုဓာကို နန္ဒအားမျှဝေပေးလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။

နန္ဒမင်းသားအား မိမိ၏သပိတ်ကို ပိုက်စေပြီးလျှင် သကျမုနိဗုဒ္ဓသည် နန္ဒအား မိမိနောက်လိုက်လာရန် အရိပ်အမြွက်ပြလိုက်သည်။ သကျမုနိဗုဒ္ဓ ညွှန်ကြားသည့်အတိုင်းပင် နန္ဒသည် သကျမုနိဗုဒ္ဓနောက် လိုက်သွားသည်။ စံအိမ်တော်အပြင်ဘက် ရောက်လာသောအခါ နန္ဒသည် နောက်ဘက် သမင်လည်ပြန်ကြည့်လိုက်သည်။ ထိုအခါ ပြတင်းပေါက်မှ မိမိကိုမျှော်ကြည့်နေသော ဇနပဒကလျာဏီကို တွေ့မြင်သွားသည်။ ဇနပဒကလျာဏီက နူးညံ့ချိုသာသောအသံဖြင့် လှမ်းပြောလိုက်သည်။

'မောင်တော် အမြန်ပြန်လာခဲ့နော်'

ကျောင်းအရာမ်သို့ ရောက်ရှိလာသောအခါ သကျမုနိဗုဒ္ဓက နန္ဒကို ရဟန်းပြုရန် ညွှန်ကြားပြောပြတော်မူသည်။ သကျမုနိဗုဒ္ဓကိုယ်တိုင် ညွှန်ကြားပြောပြသောစကားဖြစ်သည်။ နန္ဒအနေနှင့် ငြင်းဆန်နိုင်သည့် အခြေအနေမရှိပေ။ မိမိကိုယ်တိုင် အလိုဆန္ဒမရှိသော်လည်း နန္ဒသည် ရဟန်းပြုလိုက်ရသည်။

သကျမုနိဗုဒ္ဓ၏ ညွှန်ကြားချက်ကို ပယ်ဖျက်နိုင်စွမ်းမရှိသောကြောင့် နန္ဒသည် ရဟန်းပြုလိုက်ရသော်လည်း နေ့တွေ ရက်တွေ ကုန်ဆုံးကျော်လွန်လာသည်နှင့်အမျှ သူ၏ချစ်သူ ဇနပဒကလျာဏီကို တမ်းတမ်းတတ ဖြစ်နေရှာသည်။ သူ၏စိတ်နှလုံးထဲတွင် အပူမီးတောက်လောင်နေသည်။ တစ်ရက်ပြီး တစ်ရက် တောက်လောင်လာသော သောကအပူမီးသည် ငြိမ်းအေးသွားခြင်းမရှိဘဲ သူ၏ကိုယ်ခန္ဓာပေါ်၌လည်း သောကမီးတောင် ပေါက်ကွဲခြင်း၏ အရိပ်လက္ခဏာများ ပေါ်ပေါက်လာသည်။

သကျမုနိဗုဒ္ဓသည် ကျွမ်းကျင်လိမ္မာသော သမားတော်တစ်ဦးကဲ့သို့ နန္ဒ၏အပြုအမူအားလုံးကို အကဲခတ်ကြည့်နေတော်မူသည်။ တစ်နေ့သ၌

http://www.linhtet.com



သကျမုနိဗုဒ္ဓသည် နန္ဒကို ဟိမဝန္တာတောင်သို့ ခေါ်ဆောင်သွားသည်။ လမ်းခရီး၌ မျောက်မတစ်ကောင်ကိုပြလျက် နန္ဒကိုမေးလိုက်သည်။

'အသို့နည်း နန္ဒ၊ ဇနပဒကလျာဏီက ဤမျောက်မထက် လှသလော'

နန္ဒက ပြန်လည်ဖြေကြားသည်။

'ဤမျောက်မထက် အဆတစ်ရာလှပါ၏ အရှင်ဘုရား'

တစ်နေ့သောအခါ၌ သကျမုနိဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ထိုအချိန်က နန္ဒလည်း ဇေတဝန်ကျောင်းတော်၌ပင် ရှိနေသည်။ နန္ဒသည် သီတင်းသုံးဖော် ရဟန်းတော်များအား သူခံစားနေရသောအကြောင်းကို ပြောပြသည်။

'တပည့်တော်သည် ဆန္ဒမရှိဘဲနှင့် ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးနေရပါ၏။ ယခုကဲ့သို့ ဆန္ဒမရှိဘဲ ဗြဟ္မစရိယအကျင့် ကျင့်သုံးနေရခြင်းသည် တပည့်တော်နှင့် လားလားမှ ထိုက်တန်သောအကျင့်မဟုတ်ပါ။ တပည့်တော် လုံးဝ စိတ်ပါဝင်စားခြင်း မရှိပါ'

ရဟန်းတစ်ပါးက နန္ဒ ရင်ဖွင့်ပြသည်ကို သကျမုနိဗုဒ္ဓအား လျှောက်ထားပြောပြလိုက်သည်။ ထိုအခါ သကျမုနိဗုဒ္ဓက ထိုရဟန်းအား 'နန္ဒကို သွားခေါ်ချေ' ဟု မိန့်တော်မူလိုက်သည်။

နန္ဒသည် သကျမုနိဗုဒ္ဓထံ ရောက်ရှိလာပြီးလျှင် သကျမုနိဗုဒ္ဓအား ရှိခိုးလျက် သင့်တော်သောနေရာတစ်နေရာ၌ ထိုင်လိုက်သည်။ ထိုအခါ သကျမုနိဗုဒ္ဓက နန္ဒကို မေးတော်မူသည်။

'နန္ဒ၊ သင်သည် စိတ်မပါဘဲ ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးဆောက်တည်နေရသည်ဟူ၍ လည်းကောင်း၊ ယင်းသို့ ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးဆောက်တည်နေရခြင်းသည် မိမိနှင့် မအပ်စပ်သောအရာဖြစ်၍ စိတ်ပါဝင်စားခြင်းမရှိဟူ၍လည်းကောင်း ပြောသည်ဆိုသည်မှာ မှန်သလော'

'မှန်ပါ၏ အရှင်ဘုရား၊ တပည့်တော် ပြောမိပါ၏ '

သကျမုနိဗုဒ္ဓက တစ်ဖန် မေးတော်မူလိုက်သည်။

http://www.linhtet.com



'မည်သည့်အကြောင်းကြောင့် ယခုလို စိတ်ထားမျိုးဖြစ်ပေါ်လာသနည်း'

'တပည့်တော် စံနန်းအိမ်က ထွက်လာချိန်မှာ ဇနပဒကလျာဏီက သူမ၏ဆံပင်ကို ဖြန့်ချပြီး မြန်မြန်လာခဲ့ပါ မောင်တော်ဟု မှာလိုက်သောကြောင့် တပည့်တော် စိတ်မတည်ငြိမ် ဖြစ်နေရပါ၏ အရှင်ဘုရား'

သကျမုနိဗုဒ္ဓသည် နန္ဒကိုခေါ်ဆောင်လျက် ဇေတဝန်ကျောင်းတော်မှ ပျောက်ကွယ်သွားပြီးလျှင် တာဝတိံသာနတ်ပြည်၌ သိကြားမင်းကို ဝိုင်းရံခစားနေကြသော အလှထိပ်ခေါင်တင် နတ်သမီးငါးရာကို ပြပြီးလျှင် နန္ဒကို မေးလိုက်သည်။

'နန္ဒ၊ နတ်သမီးငါးရာကို တွေ့မြင်ရပြီ မဟုတ်လား'

'တွေ့မြင်ရပါပြီ အရှင်ဘုရား'

'ဤနတ်သမီးများနှင့် သင်၏ ဇနပဒကလျာဏီ မည်သူကပိုလှသနည်း'

'ဤနတ်သမီးများနှင့် နှိုင်းစာလျှင် ဇနပဒကလျာဏီသည် မည်သည့်အရာမှ မဟုတ်တော့ပါဘုရား'

'ယင်းသို့ပြီးတကား ဤနတ်သမီးများကိုရလိုလျှင် ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးဆောက်တည်ရမည်'

သကျမုနိဗုဒ္ဓသည် နန္ဒကိုခေါ်ပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာသည်။ ယင်းအဖြစ်အပျက်ကို ဇေတဝန်ကျောင်းတော်က ရဟန်းသံဃာတော်များ သိသွားကြသောအခါ နန္ဒ၏ သီတင်းသုံးဖော် ရဟန်းတော်များက နန္ဒကိုပြောကြသည်။

'နန္ဒ၊ သင်သည် နတ်သမီးများကိုရဖို့ ရည်ရွယ်ချက်ဖြင့် ဗြဟ္မစရိယအကျင့် ကျင့်သုံးဆောက်တည်နေသည်ဆိုသည်မှာ မှန်ပါသလော'

ရဟန်းသံဃာတော်များ စစ်ဆေးမေးမြန်းသည်ကို ကြားရသောအခါ နန္ဒသည် အကြီးအကျယ် အရှက်ရသွားသည်။ ယင်းရဟန်းသံဃာတော်များနှင့် မတွေ့အောင် ဆိတ်ငြိမ်ရာသို့သွားပြီးလျှင် တစ်ကိုယ်တည်းနေလျက်

http://www.linhtet.com



အပ္ပမာဒ၊ မမေ့မလျော့သော လုံ့လဝီရိယဖြင့် တရားအကျင့်ကို ကျင့်ကြံအားထုတ်နေသောအခါ မကြာမီကာလအတွင်း၌ပင် အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်သွားသည်။ ထိုအခါ သကျမုနိဗုဒ္ဓက မိန့်တော်မူသည်။

'နန္ဒသည် အာသဝေါတရားများ ကုန်ခန်းသွားပြီဖြစ်၍ အနာသဝ ရဟန္တာအဆင့် ရောက်ရှိသွားပြီ၊ ယခု စိတ္တဝိမုတ္တိ စိတ်ငြိမ်းချမ်းမှု ရရှိသွားပြီဖြစ်၍ အသိဥာဏ်တရားကို နှလုံးသွင်းနေပြီ'

ညဥ့်အချိန်လွန်မြောက်သွားပြီး နောက်တစ်နေ့ ရောက်လာသောအခါ နန္ဒသည် သကျမုနိဗုဒ္ဓထံတော်သို့ ရောက်ရှိသွားသည်။ ရှိခိုးဝတ်ပြုပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာတစ်နေရာ၌ထိုင်ပြီး သကျမုနိဗုဒ္ဓအား...

'နတ်သမီးများနှင့်ပတ်သက်ပြီး တပည့်တော်အား မိန့်ကြားထားသောစကားကို ပြန်လည်ရုပ်သိမ်းတော်မူပါ' ဟု လျှောက်ထားတောင်းပန်လိုက်သည်။

ရဟန်းသံဃာတော်များ ရှေ့မှောက်၌ နန္ဒရဟန်းတော်နှင့်ပတ်သက်ပြီး သကျမုနိဗုဒ္ဓကိုယ်တိုင် 'ဣန္ဒြေများကို ထိန်းချုပ်သောရဟန်းများထဲတွင် နန္ဒသည် အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်ဖြစ်၏' ဟု ကြေညာတော်မူလိုက်သည်။ သကျမုနိဗုဒ္ဓသည် နန္ဒနှင့်ပတ်သက်ပြီး ချီးကျူးစကားဆက်ပြီး မိန့်တော်မူသည်။

'ရဟန်းတို့၊ နန္ဒသည် ချီးကျူးဂုဏ်ပြုထိုက်သောပုဂ္ဂိုလ် ဖြစ်၏။ နန္ဒသည် ဣန္ဒြေများပေါ်တွင် ထိန်းချုပ်နိုင်သောပုဂ္ဂိုလ်ဖြစ်၏။ ခဲဖွယ်ဘောဇဉ်နှင့်ပတ်သက်ပြီး အတိုင်းအတာပမာဏကို သိရှိနားလည်သူဖြစ်၏။သတိသမ္ပဇဉ် တရားနှင့် ပြည့်စုံသူဖြစ်၏'

ဇနပဒကလျာဏီနှင့် စုလျားရစ်ပတ် လက်ထပ်မည့်နေ့၌ပင် သကျမုနိဗုဒ္ဓသည် နန္ဒကို ရဟန်းပြုပေးလိုက်သည်။ ဇနပဒကလျာဏီနန္ဒာသည် သူ၏ မောင်တော်နန္ဒကို ဖွဲကောင်းကောင်းနှင့် စောင့်မျှော်နေခဲ့သည်။ သို့ရာတွင် မျှော်လင့်ချက် မရှိသည့်အဆုံး၌ သူလည်း ပဇာပတိဂေါတမီထံသွားပြီး ဘိက္ခုနီ ပြုလုပ်လိုက်သည်။ ယင်းသို့အားဖြင့် သကျမုနိနွယ်ဝင် သမီးပျိုအလှပေါင်းများ

http://www.linhtet.com



စွာတို့အနက် လင်ယောကျ်ား ရဟန်းပြုသည့်အတွက်ကြောင့်လည်းကောင်း၊ လင်ယောကျ်ားလောင်းလျာ ရဟန်းပြုသည့်အတွက်ကြောင့်လည်းကောင်း၊ ယင်းနိဗ္ဗာန်လမ်းမသို့ လျှောက်သွားကြသောဉီးရေသည် အဆမတန် များပြားလှပေသည်။

သကျမုနိဗုဒ္ဓသည် နန္ဒအား ထူးထူးခြားခြား မေတ္တာကရုဏာထားလျက် ရဟန်းဘောင်သွတ်သွင်းချီးမြှင့် ပေးလိုက်သည်။ သို့ရာတွင် သာသနာတော်တွင်း၌ ပျော်ပိုက်ခြင်းမရှိဘဲ ငြီးငွေ့နေသည်ကို တွေ့ရသောအခါ စိတ္တဗေဒ၏အကူအညီဖြင့် နန္ဒ၏စိတ်နှလုံးထဲက ကိလေသာတရားများကို ဖယ်ရှားပစ်လိုက်သည်။ မိမိ၏ကြံ့ခွဲမှုများအပေါ်တွင် ထိန်းချုပ်မှု အပြည့်အဝရရှိသွားသောအခါ နန္ဒကလည်း သကျမုနိဗုဒ္ဓအား မေတ္တာတရား၊ သဒ္ဓါတရား အပြည့်အဝဖြင့် အတိုင်းမရှိ ကျေးဇူးဉပကာရ တင်ရှိသွားသည်။

http://www.linhtet.com

# သုဘူတိ

'ငါ၏တဲသည် ကောင်းစွာအမိုးမိုးပြီးပြီ။ တဲအတွင်း လေမဝင်နိုင်တော့ပေ။ နေ၍ထိုင်၍လည်း သပ္ပါယမျှ၏။ နတ်ဒေဝတာများ မည်မျှပင် မိုးရွာသွန်း၊ ရွာသွန်း ငါ မမှုတော့ပြီ။ သတိအိမ်ဂေဟာ ဆောက်လုပ်ထားသော ငါ၏စိတ်နှလုံးသည် မယိမ်းမယိုင် ခိုင်မြဲနေပြီ။ လွတ်မြောက်ငြိမ်းချမ်းမှုကိုလည်း ရရှိနေပြီ။ နတ်ဒေဝတာများ မည်မျှပင် မိုးရွာသွန်း ရွာသွန်း ငါ မမှုတော့ပြီ'

*ထေရဂါထာ*

သုဘူတိမထေရ်၏နှုတ်မှ မြွက်ကြားသော ဥဒါန်းစကားဖြစ်သည်။ သုဘူတိမထေရ်သည် သကျမုနိဗုဒ္ဓ၏ တပည့်သာဝကများထဲတွင် ဧတဒဂ် နှစ်ထပ်ကွမ်းရသော ရဟန္တာဖြစ်သည်။ ဧတဒဂ်တစ်ခုမှာ 'အရဏ ဝိဟာရိနံ အဂ္ဂေါ'ဟူ၍ အရဏဝါသီ တောမှီရဟန်းများထဲတွင် အမြင့်ဆုံး၊ အမြတ်ဆုံး အဖြစ် ပေးထားသောဧတဒဂ်ဖြစ်သည်။ နောက်တစ်ခုမှာ 'ဒက္ခိဏေယျာနံ အဂ္ဂေါ'ဟူ၍ ဒက္ခိဏေယျ အလှူခံထိုက်သောရဟန်းများထဲတွင် အမြင့်ဆုံး၊ အမြတ်ဆုံးအဖြစ်ပေးသော ဧတဒဂ် ဖြစ်သည်။

http://www.linhtet.com



အထက်ပါ ဥဒါန်းစကားမှာ မဂဓဘုရင် ဗိမ္ဗိသာရက သုဘူတိအား တဲကျောင်းဆောက်လုပ်လှူဒါန်းသည့် အထိမ်းအမှတ်အတွက် မြွက်ကြားသော ဥဒါန်းစကား ဖြစ်သည်။ လှူဒါန်းရတော့မည့်အချိန် နီးကပ်လာပြီဖြစ်သော်လည်း တဲကျောင်းကို အမိုးမမိုးရသေးပေ။ ယင်းအခြေအနေ၌ ဗိမ္ဗိသာရဘုရင်က တဲကျောင်းအမိုး မိုးမပြီးခင် မိုးမရွာပါစေနှင့်ဟု ဆုတောင်းသည်။ ယင်းဆုတောင်းကို တောင်သူလယ်သမားများ သိသွားသောအခါ မိုးခေါင်ပြီး ကောက်ပဲသီးနှံ မအောင်မြင်မှာ စိုးရိမ်သွားကြသည်။ တောင်သူလယ်သမားများ၏ စိုးရိမ်သောကကို သိသွားသည်ဖြစ်၍ ကိုယ်ချင်းစာနာငဲ့ညှာ ထောက်ထားပြီးလျှင် သုဘူတိမထေရ်သည် 'ငါနေဖို့အတွက် သတိဂေဟာဆောက်လုပ်ထားပြီဖြစ်၍ မိုးရွာမှာ မပူရတော့ ...' ဟု ကြေညာလိုက်ခြင်း ဖြစ်သည်။

သုဘူတိသည် သုမနသူဌေးကြီး၏သား သုဒတ္တ (အနာထပိဏ်)၏ ညီဖြစ်သည်။ သုဒတ္တသည် သကျမုနိဗုဒ္ဓအား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း လှူဒါန်းသော ဇေတဝန်ကျောင်းဒါယကာ သူဌေးကြီးဖြစ်သည်။ လုလင်အရွယ် ငယ်စဉ်က သုဘူတိသည် ဉာဏ်ပညာထက်မြက်ပြီး အလားအလာရှိသူတစ်ဦး ဖြစ်၍ မိဘဖြစ်သူများသည် သားဖြစ်သူ၏ အနာဂတ်ကို မျှော်လင့်တောင့်တပြီး သုဘူတိအား အရိပ်တကြည့်ကြည့် ဖြစ်နေကြသည်။ သို့ရာတွင် အရွယ်ရောက်လာလေလေ၊ သုဘူတိကို လူတွေက မကြိုက်လေလေ ဖြစ်လာသည်။ နဂိုက သုဘူတိကို ဖူးဖူးမှုတ်ထားကြသော အိမ်နီးနားချင်းများကပင် သုဘူတိအပေါ် စိတ်ကုန်လာကြသည်။ သူ၏ ဘုကျကျပြောတတ်သော အလေ့အကျင့်ကြောင့် ပတ်ဝန်းကျင်ကလူများ သူနှင့် ခပ်ခွာခွာဖြစ်သွားကြသည်။

အချိန်ကြာမြင့်ရင့်ရော်လာသောအခါ သုဘူတိ၏ အမျက်ဒေါသ မြားဦးသည် မနုဿလူသားများဆီသို့သာမကဘဲ ကျေးငှက်တိရစ္ဆာန်များထံ သို့ပင် ရောက်သွားသည်။ ကောင်းကင်တွင်ပျံသွားသော ကျေးငှက်များကိုပင် အကြောင်းမရှိ အကြောင်းရှာလျက် ဆဲဆိုကြိမ်းမောင်းပြီး ကျောက်ခဲ၊ အုတ်ခဲနှင့် ပစ်ပေါက်သည်။ မိဘများနှင့် ဆွေမျိုးညာတကာများသည် သုဘူတိ၏ ဒေါသပြေပျောက်ရာပြေပျောက်ကြောင်း နည်းလမ်းရှာမတွေ့ ဖြစ်နေကြသည်။

http://www.linhtet.com



မိဘများနှင့် ရန်တကျက်ကျက်ဖြစ်နေပြီးနောက် တစ်နေ့သောအခါ၌ သုဘူတိသည် အိမ်ကထွက်ပြေးသည်။ တောတောင်တစ်ခွင် လှည့်လည်ပြီး သွားချင်ရာသွား၊ စားချင်ရာစားပြီး အိမ်ဘက်ခြေဦးပြန်မလှည့်တော့ပေ။ ဆိတ်ငြိမ်အေးချမ်းသော တောတောင်သဘာဝကလည်း သုဘူတိ၏ ဒေါသအမျက်ကို အေးငြိမ်းသွားအောင် မတတ်နိုင်ပေ။

သုဘူတိသည် တွေ့ရှိသမျှလူများနှင့် ကျေးငှက်တိရစ္ဆာန်များထံ ဒေါသမြားဦးလှည့်ထားပြီးလျှင် တဖြည်းဖြည်း တောနက်ရာသို့ရောက်ရှိသွားသည်။ ထိုတောတွင်းတစ်နေရာ၌ ပက်ပင်းတွေ့ရသော အဘိုးအိုတစ်ယောက် မေးလိုက်သောစကားကြောင့် သုဘူတိ အံ့အားသင့်သွားသည်။

'မောင်၊ တောထဲမှာ ဘာကြောင့် တစ်ယောက်တည်း အခုလို သွားလာနေတာလဲ'

သုဘူတိက ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

'လူတိုင်းက ကျုပ်ကို မခံချင်အောင်လုပ်တဲ့အတွက် ကျုပ် အိမ်က ထွက်ပြေးလာတယ်'

သုဘူတိ၏မျက်နှာတွင် တင်းမာမှု အတော်အတန် လျော့သွားသည်ကို တွေ့ရသောကြောင့် အဘိုးအိုက ပြောလိုက်ပြန်သည်။

'အမျက်ဒေါသဆိုတာ ကောင်းကျိုးပေးတာမျိုးမဟုတ်ဘူး၊ ဆိုးကျိုးကိုသာ ပေးတတ်တယ်၊ မောင့်အမျက်ဒေါသက မောင့်ကို ဒုက္ခရောက်အောင်သာ လုပ်လိမ့်မယ်၊ မောင့်ကို ဘယ်လိုနည်းနှင့်မှ အကျိုးပြုမှာမဟုတ်ဘူး၊ သာဝတ္ထိမြို့အနီးက ဇေတဝန်ကျောင်းတော်မှာ လူတွေကို မည်သို့မည်ပုံ မကောင်းမှုကိုပယ်ပြီး ကောင်းမှုကိုပြုလုပ်ရမယ်လို့ ဟောပြောညွှန်ပြနေတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ဦးရှိနေတယ်၊ မောင် သူ့ထံသွားပြီး သူညွှန်ကြားဟောပြတဲ့တရားကို နာစေချင်တယ်'

သုဘူတိတစ်ယောက် ကျွတ်ချိန်ရောက်လာပြီ။ သူ့အပေါ် ကလန်ကဆန် လုပ်သော ပတ်ဝန်းကျင်ကိုဆန့်ကျင်ပြီး ဒေါသအမျက်ခြောင်းခြောင်းထွက်ရလွန်းသဖြင့် ပင်ပန်းမောဟိုက်နေပြီ။ ထို့ကြောင့် အဘိုးအို ညွှန်ကြား

http://www.linhtet.com



ပြောပြသည်ကို စိတ်ပါဝင်စားသွားပြီးလျှင် အဘိုးအို ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ဇေတဝန်ကျောင်းတော် ဆောက်လုပ်လှူဒါန်းသော ကျောင်းဒါယကာမှာ သူ၏နောင်တော်ဖြစ်နေသည် ဆိုသည့်အချက်ကလည်း သုဘူတိ၏ခြေလှမ်းကို ဇေတဝန်ကျောင်းသို့ ရှေးရှုရန် လှုံ့ဆော်နေသကဲ့သို့ ဖြစ်နေသည်။

နံနက်ချိန် ဖြစ်သည်။ သာဝတ္ထိတစ်မြို့လုံးလိုလို ပျားပန်းခပ်မျှ တက်ကြွလှုပ်ရှားနေသည်။ သုဒတ္တသည် သူဆောက်လုပ်ထားသော ဇေတဝန်ကျောင်းတော်ကို သကျမုနိဗုဒ္ဓအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းမည့်နေ့ဖြစ်သည်။

သကျမုနိဗုဒ္ဓ၏ တရားဒေသနာတော်ကိုနာကြားရန် ဇေတဝန်ကျောင်းတော်၌ စုဝေးရောက်ရှိနေကြသော ပရိသတ်ထဲတွင် သုဘူတိလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ သကျမုနိဗုဒ္ဓ၏ ဝင်းလက်တောက်ပသော မျက်နှာတော်ဝန်းနှင့် ကြည်ညိုဖွယ်အပြုံးကို တွေ့မြင်ရသောအခါ သူ၏ အတွင်းသန္တာန်စိတ်၌ ဆန့်ကျင်ဘက်များက ဖန်တီးထားသော ရန်လိုစိတ် လွင့်စဉ်ပျောက်ကွယ်သွားသော သုဘူတိသည် သကျမုနိဗုဒ္ဓ၏ တပည့်သာဝက တစ်ဦးအဖြစ် ခံယူရန် ပိုင်းဖြတ်လိုက်သည်။

သကျမုနိဗုဒ္ဓအမှူးရှိသော သံဃာတော်မြတ်များအား ဇေတဝန်ကျောင်း လှူဒါန်းသောအခမ်းအနား ပြီးဆုံးသောအခါ သုဘူတိသည် သကျမုနိဗုဒ္ဓ၏ အပါးသို့ချဉ်းကပ်သွားပြီးလျှင် သူ့ကို သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ရန် တောင်းပန်လျှောက်ထားလိုက်လေသည်။

သကျမုနိဗုဒ္ဓသည် သုဘူတိ၏မျက်နှာကို ရှုစားတော်မူပြီးလျှင် မိန့်တော်မူလိုက်သည်။

'သင်၏မျက်နှာတွင် မခံချင်စိတ် ဒေါသအရိပ်အရောင် ပေါ်နေသည်။ ရဟန်းများ ကျင့်သုံးဆောက်တည်ရသော ဝိနည်းသိက္ခာပုဒ်၌ ဒေါသ၏ အခန်းကဏ္ဍမရှိပေ။ သာသနာ့ဘောင်အတွင်း ဝင်ရောက်လိုလျှင် ခန္တီတရားကို လက်ကိုင်ထားရမည်။ သင် ရဟန်းကျင့်ဝတ်ကို လိုက်နာကျင့်သုံးနိုင်

http://www.linhtet.com



ပါမည်လော'

သုဘူတိ ခပ်မဆိတ် ဖြစ်နေသည်။ သကျမုနိဗုဒ္ဓက ဆက်လက် မိန့်တော်မူသည်။

'အကယ်၍ သင်သည် မိမိ၏စိတ်သဘောကို ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ဘဲ အမြဲမပြတ် ဒေါသရှေ့ထားနေမည်ဆိုလျှင် တစ်နေ့ပြီးတစ်နေ့ အကုသိုလ်တရားများ ပွားများနေပြီးလျှင် နောက်ဆုံးတွင် ကုသိုလ်တရား၏ မျိုးစေ့ဗီဇများ ပျောက်ကွယ်ဆိတ်သုဉ်းသွားသည်အထိ ဖြစ်လာပေလိမ့်မည်။ လူတစ်ဦးတစ်ယောက်၏ အမျက်ဒေါသသည် ထိုသူ၏စိတ်နှလုံးကို မြွေဆိပ် တက်အောင်လုပ်ပြီးလျှင် မည်သည့်ဒုစရိုက်မျိုးကိုမဆို ကျူးလွန်စေသည်။ ဒေါသကြီးသူသည် မိမိ၏လှောင်အိမ်ထဲမှာ ပိတ်မိနေပြီး ထွက်ပေါက် ရှာ မတွေ့သည့် အခြေအနေမျိုးသို့ ရောက်သွားပေလိမ့်မည်'

သကျမုနိဗုဒ္ဓ၏ မိန့်တော်မူချက်ကို ကြားသိရသောအခါ သုဘူတိ သည် သူ၏ အတောမသတ်သည့် ဆင်းရဲဒုက္ခ၏အကြောင်းကို ပြတ်ပြတ် သားသား သိရှိနားလည်သွားသည်။ စိတ်နှလုံးငြိမ်းချမ်းမှုအတွက် ယောနိသော မနသိကာရထားဖို့ လိုအပ်သည်ဟု သိမြင်လာသည်ဖြစ်၍ သုဘူတိသည် ထစ်ခနဲဆိုလျှင် ထောင်းခနဲဒေါသထွက်သည့် အလေ့အကျင့် လျော့နည်း အားပျော့သွားသည်။ သူ ရန်မူခဲ့သောလူများက သူ့ကို ရန်တုံ့ပြန်လိမ့်မည် ဟူသောအကြောက်တရားက သူ့ကို အမြဲမပြတ် ခြောက်လှန့်နေသည်။ ဒေါသ အမျက်ခြောင်းခြောင်းထွက်ပြီး ဒုစရိုက်များကို မရေမတွက်နိုင် လောက်အောင် ကျူးလွန်ခဲ့သည့်အတွက် ကာလဝိပါက် နောက်ပိုးတက်လိမ့်မည်ဟူသော အတွေးကလည်း သူ့ကို ပါးစပ်ဖြဲပြနေသည်။ လူသားများကိုသာမက ကျေးငှက်တိရစ္ဆာန်များကိုပင် ဒုက္ခပေးခဲ့သည့်အတွက်လည်း နောင်တတစ်ဖန် ပူပန်မှုဖြစ်ပေါ်လာသည်။

သုဘူတိ သကျမုနိဗုဒ္ဓ၏ တပည့်သာဝကတစ်ပါး ဖြစ်လာသောအခါ သကျမုနိဗုဒ္ဓက သုဘူတိကို ဆုံးမစကား ညွှန်ကြားဟောပြသည်။

'အတိတ်က မိမိကျူးလွန်ခဲ့သော အပြစ်များ၏ အကျိုးအာနိသင်

http://www.linhtet.com



ကို ပယ်ဖျောက်သည့်နည်းလမ်းမှာ ပဋိစ္စသမုပ္ပာဒ်တရားကို သက်ဝင်ယုံကြည်ခြင်းဖြစ်၏။ မိမိ ရပ်တည်နေခြင်းသည် သူတစ်ပါး၏ ရပ်တည်ခြင်းအပေါ်၌ မှီခိုနေရ၏ဟု နားလည်သဘောပေါက်ရမည်။ သူတစ်ပါးကို အပြစ်တင်လိုသည့်စိတ် ဖြစ်ပေါ်လာခြင်းမှာ သူတစ်ပါး ရပ်တည်နေခြင်းသည် မိမိ ရပ်တည်နေသည့်အတွက်ကြောင့်ဖြစ်၏ဟူသော အတွေးကြောင့်ဖြစ်၏။ သူတစ်ပါးတို့က အဓိကမဟုတ်ဘဲ မိမိကသာ အဓိကဖြစ်၏ဟူသော ငါစွဲ၊ အတ္တစွဲကြောင့်ဖြစ်၏'

နောက်ပိုင်းတွင် သုဘူတိသည် သကျမုနိ ဟောကြားမိန့်မှာသည့်အတိုင်း တစ်သက်လုံး ကျင့်သုံးနေထိုင်သွားသည်။ မိမိအပေါ် မည်သူကဘာပြောပြော၊ မည်သူက ဘယ်လို ဝေဖန်ဝေဖန်၊ မည်သူက ဘယ်လိုလုပ်လုပ် ဒေါသမထွက်တော့ပေ။ ဒေါသကို ချိုးနှိမ်နှိပ်ကွပ်ရာ၌ အောင်မြင်မှုရရှိသူ ဖြစ်သွားသည်။ အတ္တစွဲ၊ သက္ကာယစွဲကို ပယ်ဖျောက်ပစ်လိုက်သည်ဖြစ်၍ ကိုယ်ကျိုးစွန့်လွှတ်သူ လုံးဝဖြစ်သွားသည်။ တခြားရဟန်းသံဃာတော်များကလည်း သုဘူတိမထေရ်အား တခြားရဟန်းသံဃာများထက် 'အနတ္တ' အယူအဆကို နားလည်သဘောပေါက်သည်ဟူ၍ ချီးကျူးထောမနာပြုကြသည်။

သဒ္ဓါမရှိဘဲနှင့် ကိုယ်ကျိုးစွန့်လွှတ်ဖို့ မဖြစ်နိုင်ပေ။ တစ်ချိန်တွင် သုဘူတိက သကျမုနိဗုဒ္ဓအား လျှောက်ထားလိုက်သည်။

'အရှင်ဘုရား၊ သဒ္ဓါ၏ သဘောသဘာဝသည် မည်သည့်အရာဖြစ်ပါသနည်း၊ သဒ္ဓါနှင့်ပြည့်စုံသူဖြစ်အောင် မည်ကဲ့သို့ ကျင့်ကြံအားထုတ်ရပါမည်နည်း…'

သကျမုနိဗုဒ္ဓက ပြန်လည်ဖြေကြားသည်။

'သီလကို စောင့်ထိန်းရမည်။ ဓမ္မကို နာယူလိုက်နာ ကျင့်သုံးရမည်။ သံဃာဘောင်အတွင်းမှာရှိသည့် သီတင်းသုံးဖော် ရဟန်းတော်များနှင့် ပြေပြေပြစ်ပြစ် ပေါင်းသင်းဆက်ဆံရမည်။ ဆုံးမစကားနာကြားရာ၌ ကျိုးကျိုးနွံနွံရှိရမည်။ သိက္ခာပုဒ်များကို ကျင့်သုံးရာ၌ သတိထားရမည်။ ဒေသနာတော်ကို

http://www.linhtet.com



လိုက်နာရာ၌ စိတ်ပါလက်ပါ ရှိရမည်...'

သကျမုနိဗုဒ္ဓ၏ မဟာသာဝကစာရင်းထဲတွင် ပါဝင်ခြင်းမရှိသော်လည်း သုဘူတိမထေရ်သည် သကျမုနိဗုဒ္ဓအား ရိုသေမြတ်နိုးလက်စုံမိုး၍ မိမိ၏ရပ်တည်မှုသည် သူတစ်ပါး၏ရပ်တည်မှုပေါ်၌ အခြေခံနေ၏ ဟူသော သကျမုနိဗုဒ္ဓ၏ မိန့်ဆိုချက်အတိုင်း ကျင့်ကြံအားထုတ်နေပြီးလျှင် နောက်ဆုံး၌ အရဟတ္တဖိုလ်အဆင့် ရောက်ရှိသွားသည်။

# အညာတကောဏ္ဍည

အညာတကောဏ္ဍညသည် ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အာနန္ဒာစသော ရဟန္တာများကဲ့သို့ ထင်ရှားကျော်ကြားခြင်း မရှိသော်လည်း သာသနာသမိုင်း၌ သူ့လိုရဟန်း နှစ်ပါးမရှိ ဟူသောအချက်ကိုမူ ငြင်းပယ်၍ ရလိမ့်မည်မဟုတ်ပေ။ အညာတကောဏ္ဍညသည် သကျမုနိဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါတရားကို ပထမဦးဆုံး နာကြားရသော ပထမဦးဆုံးတပည့်သာဝက ဖြစ်သည်။ သကျမုနိဗုဒ္ဓ ပထမဦးဆုံး ရဟန်းပြုပေးသော ပထမဆုံးရဟန်းတော်လည်းဖြစ်သည်။

ကောဏ္ဍညသည် ကပိလဝတ်အနီးရှိ ဒေါဏအမည်ရှိ ဗြာဟ္မဏရွာ၌ မွေးဖွားသည်။ သူ၏ဖခင် မဟာသာရဗြာဟ္မဏသည် အလွန်တရာ ကြွယ်ဝချမ်းသာသူဖြစ်သည်။ ကင်ပွန်းတပ်မင်္ဂလာ ကျင်းပသောနေ့၌ အမျိုးအနွယ်၏ အမည်ကိုယူလျက် ကောဏ္ဍညဟု အမည်မှည့်လိုက်သည်။ သူတို့၏ အမျိုးအနွယ်အမည်မှာ 'ကောဏ္ဍည' ဖြစ်သည်။

ထိုခေတ်က ပညာသင်ကြားရေး ထုံးတမ်းစဉ်လာအရ ကောဏ္ဍညသည် ဝေဒကျမ်းများကို သင်ကြားဆည်းပူးရသည်။ ဝေဒကျမ်းများနှင့်အတူ တကွ သာမုဒ္ဒိကပညာခေါ် လက္ခဏာဖတ်ပညာရပ်ကိုလည်း သူမတူအောင် သင်ကြားတတ်မြောက်ထားသည်။ အထူးအားဖြင့် မုခသာမုဒ္ဒိကပညာရပ်နှင့် ပတ်သက်၍မူ ကောဏ္ဍညကို နှစ်ယောက်မရှိဟု ထင်မှတ်ထားကြသည်။

http://www.linhtet.com



ကပိလဝတ်နေပြည်တော်၌ ဘုရင်သုဒ္ဓေါဒန၏ မိဖုရား မဟာမာယာ ဒေဝီတွင် သားရတနာ မီးဖွားသန့်စင်ဖွားမြင်လာသောအခါ ဘုရင်မင်းကြီးက ဖွားသစ်စသားတော်ကလေးအတွက် အနာဂတ်ဟောကိန်းထုတ်ရန် ဗြာဟ္မဏ ရှစ်ယောက်ကို ဖိတ်မန္တက ပြုလိုက်သည်။ ယင်းဗြာဟ္မဏရှစ်ယောက်ထဲတွင် ကောဏ္ဍညသည် အသက်အရွယ် အငယ်ဆုံးဖြစ်သည်။ တခြားဗြာဟ္မဏ ခုနစ်ယောက်တို့၏ အမည်နာမများမှာ ရာမ၊ ဓဇ၊ လက္ခဏ၊ မံတြီ၊ ဘောဇ၊ သုယာမ တို့ဖြစ်ကြသည်။ ဗြာဟ္မဏခုနစ်ယောက်တို့က သားတော်သိဒ္ဓတ္ထ၏ အနာဂတ်ကို နှစ်ခွပြောကြသည်။ လက်ချောင်းနှစ်ချောင်း ထောင်ပြလျက် 'အကယ်၍ သားတော်သိဒ္ဓတ္ထသည် အိမ်ရာတည်ထောင်လူ့ဘောင်၌ တစ်ချိန် လုံး နေသွားမည်ဆိုလျှင် စကြဝတေးမင်း ဖြစ်လိမ့်မည်၊ သို့မဟုတ် လူ့ဘောင် က ခွာရောင်ပြီး ရဟန်းဘောင် ဝင်ရောက်မည်ဆိုပါမူကား သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်' ဟူ၍ အနာဂတ်ဟောကိန်းထုတ်ကြသည်။

လုလင်ကောဏ္ဍညကမူ လက်တစ်ချောင်းတည်းကိုသာ ထောင်ပြ လျက် 'သူငယ်သည် အိမ်ရာတည်ထောင်လူ့ဘောင်၌ ရာသက်ပန်ရှိးမြေကျ နေသွားမည့်လက္ခဏာ ပါမလာပေ။ သူငယ်၏အင်္ဂါလက္ခဏာက သူငယ် သည် ဧကန်မုချ သမ္မာသမ္ဗုဒ္ဓဖြစ်လိမ့်မည်၊ ဧကန်မုချ သမ္မာသမ္ဗုဒ္ဓ ဖြစ်ရေး၌ မည်ကဲ့သို့သော အဟန့်အတားမျိုးမှမရှိ' ဟု ညွှန်ပြနေ၏။

မိမိတို့ထက် အသက်အရွယ်ငယ်၊ အတွေ့အကြုံလည်း နည်းသေး သော လုလင်ကောဏ္ဍည၏ ဟောကိန်းကို ကျန်ဗြာဟ္မဏများက လက်မခံ၍ မဖြစ်ကြပေ။ မိမိတို့ထက် ကောဏ္ဍညက ကျမ်းကျေသည်ဟု ထင်မှတ်ယူဆ ထားသည့်အတွက် ဖြစ်သည်။

ကောဏ္ဍညသည် သားတော်သိဒ္ဓတ္ထ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ရေး၌ စိုးစဉ်းမျှပင် သံသယမရှိပေ။ ထို့ကြောင့် သူကိုယ်တိုင်လည်း အိမ်ရာတည် ထောင် လူ့ဘောင်ကခွာပြီး တောထွက်ဖို့ဆုံးဖြတ်လျက် ပရိဗိုဇ်ဝတ်ပြီးလျှင် အနာဂတ်ကာလတွင် ပွင့်တော်မူလာမည့် သကျမုနိဗုဒ္ဓကို ငံ့လင့်နေသည်။ ပရိဗိုဇ်အဖြစ်နှင့် ကောဏ္ဍညသည် ကပိလဝတ်မှ ထွက်ခွာလာပြီးလျှင် ဥရု

http://www.linhtet.com



ဝေလသို့သွားသည်။ ဥရုဝေလ၏ သာယာကြည်နူးဖွယ် အခြေအနေသည် ကောဏ္ဍညကို ဆွဲဆောင်ထားသည်။ ဥရုဝေလထက် ငြိမ်းချမ်းသောနေရာကို ရှာမတွေ့ပေ။ ဥရုဝေလကသာ သိဒ္ဓတ္ထမင်းသား၏ မဟာဘိနိက္ခမန တောထွက်လာမည့်အချိန်ကို စောင့်စားနေသည်။

သားနှင့်မယားကိုလည်းကောင်း၊ နန်းစည်းစိမ်ကိုလည်းကောင်း ရှိသမျှအားလုံးကို စွန့်လွှတ်လျက် သိဒ္ဓတ္ထမင်းသား မဟာဘိနိက္ခမန တောထွက်သောနေ့၌ ကောဏ္ဍည၏ အနာဂတ်ဟောကိန်းသည် တစ်ဝက်မှန်သွားသည်။ သားတော်သိဒ္ဓတ္ထ၏ သတင်းကိုကြားရသောအခါ ကောဏ္ဍညသည် ထိုနက္ခတ်ဗေဒင်ပညာရှင် ဗြာဟ္မဏခုနစ်ဦးတို့၏ သားများထံသွားသည်။သားတော် သိဒ္ဓတ္ထ၏ အနာဂတ်ဟောကိန်းထုတ်ထားကြသော ထိုနက္ခတ်ဗေဒင်ပညာရှင် ဗြာဟ္မဏခုနစ်ဦးမှာမူ လူ့လောကတွင် မရှိတော့ပေ။ ကွယ်လွန်သေဆုံးသွားကြပြီ။ ထိုဗြာဟ္မဏခုနစ်ဦးတို့၏ သားများကို ကောဏ္ဍညက ပြောပြသည်။

'သားတော်သိဒ္ဓတ္ထ ရဟန်းပြုသွားပြီ၊ ဧကန်မုချ သမ္မာသမ္ဗုဒ္ဓ ဖြစ်လာတော့မည်။ အကယ်၍ သင်တို့၏ဖခမည်းတော်များ အသက်ထင်ရှားရှိနေကြမည်ဆိုလျှင် သင်တို့၏ဖခမည်းတော်များလည်း ယခုအချိန်တွင် အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်ခွာပြီး ရဟန်းပြုကြမည်မှာ အမှန်ဖြစ်၏။ အကယ်၍ သင်တို့ ဆန္ဒရှိကြသည်ဆိုလျှင် ယနေ့ပင် ထိုမဟာပုရိသထံသွားပြီး ရဟန်းပြုကြစေချင်၏'

ဗြာဟ္မဏသားခုနစ်ယောက်တို့သည် တစ်သဘောတည်းမရှိကြပေ။ ဗြာဟ္မဏသားသုံးယောက်က ရဟန်းဘောင်ဝင်ရောက်လိုစိတ် မရှိကြပေ။ ကျန်လေးယောက်ကသာ ရဟန်းပြုကြသည်။ ကောဏ္ဍညသည် ယင်းလေးယောက်တို့၏ ခေါင်းဆောင်လမ်းပြဖြစ်သည်။ နောင်သောအခါ၌ သူတို့ငါးဦးသည် 'ပဉ္စဝဂ္ဂီ'အမည်ဖြင့် ထင်ရှားကျော်စောလာသည်။

ဟိုနေရာသည်နေရာ လှည့်လည်သွားလာပြီးနောက် ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထသည် ဥရုဝေလကိုသာလျှင် မွေ့လျော်ဖွယ်ကောင်းသော တရားကျင့်ရာ 'တပေါဘူမိ'အဖြစ် ရွေးချယ်လိုက်သည်။ ကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂီတို့

http://www.linhtet.com



လည်း ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားကိုရှာရင်း ဥရုဝေလရှိ သိဒ္ဓတ္ထရှိသော နေရာသို့ရောက်လာကြသည်။ 'ဘုရားပွင့်တော့မည်... ဘုရားပွင့်တော့မည်' ဟု မျှော်လင့်စောင့်စားရင်းနှင့် ပဥ္စဝဂ္ဂီငါးဦးတို့သည် ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထကို ပြုစုလုပ်ကျွေးနေလာခဲ့ကြသည်။

ဒုက္ကရစရိယာအကျင့် ကျင့်နေသော သိဒ္ဓတ္ထသည် အစာအာဟာရကို တဖြည်းဖြည်းလျှော့လာခဲ့ရာ နောက်ဆုံး၌ လုံးဝမစားတော့ဘဲ ယတိပြတ်ဖြတ်ပစ်လိုက်သည်။ အစာမစားဘဲနေသောကြောင့် အားအင်ချည့်နဲ့လာသည်။ ဝင်းလက်တောက်ပနေသော ကိုယ်ခန္ဓာအရောင်သည် ညစ်နွမ်းမည်းနက်လာပြီးလျှင် ချည့်နဲ့အားပျော့လာသည်။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးများ ပျောက်ကွယ်တိမ်မြုပ်သွားကြသည်။ အသက်အောင့်ပြီး တရားအကျင့်ကျင့်သောအခါ နာကျင်ခံခက်သော ဝေဒနာခံစားလာရသည်။ စင်္ကြံလျှောက်နေစဉ် ကုန်းပေါ်က လဲကျသွားသည်။ သတိပြန်ရလာသောအခါ 'ဤခက်ခဲသောအကျင့် ဒုက္ကရစရိယသည် သမ္မာသမ္ဗောဓိဉာဏ် ရရှိရေးအတွက် နည်းလမ်းမဟုတ်' ဟု သိမြင်သဘောပေါက်သွားသည်။ ပြန်၍ဆွမ်းခံပြီး တစ်စတစ်စ အာဟာရ ပြန်မှီဝဲသည်။ မကြာမီ နေ့ရက်အတောအတွင်း၌ပင် ကိုယ်ရောင်ကိုယ်ဝါ ပုံမှန်ရွှေရောင်ပြန်တောက်လာသည်။

ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ပြုစုလုပ်ကျွေးနေကြသော ပဥ္စဝဂ္ဂီငါးဦးတို့သည် သိဒ္ဓတ္ထအပေါ်တွင် ယုံကြည်မှုမရှိကြတော့ပေ။ သူတို့၏ ကြိုးပမ်းချက်ဟူသမျှကို အကျိုးမရှိ အချည်းနှီး အလဟဿဖြစ်သွားပြီဟု ထင်မှတ်သွားကြသည်။

'ခြောက်နှစ်တာကာလကြာသည်အထိ ဒုက္ကရစရိယာအကျင့် ကျင့်သော်လည်း ဗောဓိဉာဏ်အလင်း မရရှိသည့်ပုဂ္ဂိုလ်သည် ယခုဆွမ်းခံစားသောအခါ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်လာတော့မည်နည်း။ သိဒ္ဓတ္ထသည် ရမ္မက်ရှိသူဖြစ်သွားပြီဖြစ်၍ သူ၏အကျင့်တရားကို ဖောက်ဖျက်ပစ်လိုက်ပြီ'

ယင်းသို့ဆုံးဖြတ်လိုက်ကြပြီးလျှင် ပဥ္စဝဂ္ဂီငါးဦးတို့သည် ဝန်စည်စလယ်များကို ထုပ်ပိုးပြီး ဣသိပတန မိဂဒါဝုန်သို့ ထွက်ခွာသွားကြသည်။

http://www.linhtet.com



လက်တစ်ချောင်းထောင်ပြီး 'သိဒ္ဓတ္ထသည် သမ္မာသမ္ဗုဒ္ဓဘုရား စင်စစ်ဧကန်ဖြစ်မည်'ဟု အတပ်ဟောထားသူမှာ ပဥ္စဝဂ္ဂီငါးဦးတို့၏ ခေါင်းဆောင်လမ်းပြ ကောဏ္ဍညဖြစ်သည်။ သို့သော်လည်း ကောဏ္ဍညကိုယ်တိုင်ပင် အထုပ်အပိုးပြင်ပြီး ဥရုဝေလမှ စွန့်ခွာသွားသည်ကိုထောက်လျှင် သိဒ္ဓတ္ထနှင့် ပတ်သက်သည့် သူ၏အနာဂတ်ဟောကိန်းကို သူကိုယ်တိုင်ကပင် ယုံကြည်ပုံမရတော့ပေ။ သူ၏ဟောကိန်းကို ယုံကြည်နေသေးသည်ဆိုလျှင် ကောဏ္ဍညသည် သိဒ္ဓတ္ထထံတွင် ဆက်လက်နေဦးမည်မှာ အမှန်ဖြစ်သည်။

ဣသိပတန မိဂဒါဝုန်ရောက်သွားကြပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့သည် မည်သို့မည်ပုံ စခန်းသွားကြသည်ဆိုသည်ကိုမူ မသိရပေ။ သို့ရာတွင် ဥရုဝေလ၌ သိဒ္ဓတ္ထကို ပြုစုလုပ်ကျွေးရင်း ခြောက်နှစ်ခြောက်မိုး အချိန်တွေ အလဟဿဖြုန်းသွားရသည့်အတွက် နောင်တရနေပုံပေါ်နေကြသည်။

သမ္မာသမ္ဗောဓိဉာဏ် အလင်းရရှိပြီးသည့်နောက်တွင် သကျမုနိဗုဒ္ဓသည် ဒုက္ကရစရိယအကျင့် ကျင့်ကြံအားထုတ်နေစဉ်အတွင်း သူ့ကို ခြေဆုပ်လက်နယ် ပြုစုလုပ်ကျွေးနေကြသော ပဥ္စဝဂ္ဂီငါးဦးကို သတိရလာသည်။ မိမိ၏တရားဦးအတွက် ပဥ္စဝဂ္ဂီငါးဦးထက် သင့်လျော်လျောက်ပတ်သည့် အခြားမည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုမျှ ကြည့်မမြင်ပေ။ ထို့ကြောင့် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောကြားရန် ဣသိပတန မိဂဒါဝုန်သို့ ကြွသွားသည်။

သကျမုနိဗုဒ္ဓကြွလာသည်ကို အဝေးကလှမ်းမြင်ရသောအခါ ပဥ္စဝဂ္ဂီငါးဦးတို့သည် တစ်ဦးနှင့်တစ်ဦး လက်တို့ပြီးတိုင်ပင်ကြသည်။ 'အချင်းတို့၊ ဟောဟိုမှာ အကျင့်ပျက်သမဏ ဂေါတမကြွလာတယ်၊ သူ့ကို အရိုအသေမပြုကြစတမ်း၊ ခရီးဦးကြို မပြုကြစတမ်း၊ သူ့သပိတ်နှင့် သင်္ကန်းကိုလည်း ဆွဲမယူကြစတမ်း၊ နေရာထိုင်ခင်း တစ်ခုကိုတော့ ပြင်ပေးနိုင်တယ်၊ သူထိုင်လိုက ထိုင်ပါစေ'

သို့ရာတွင် သကျမုနိဗုဒ္ဓ သူတို့အနီးသို့ ရောက်လာလေလေ၊ ပဥ္စဝဂ္ဂီငါးဦးတို့သည် သူတို့၏ဆုံးဖြတ်ချက်က ရွေ့ရှားသွားလေလေဖြစ်သည်။ သမဏ

http://www.linhtet.com



ဂေါတမကို အရှိအသေမပြုစတမ်း၊ ခရီးဦးကြိုမပြုစတမ်းဟူသော သူတို့၏ အဓိဋ္ဌာန်သည် သဲထဲရေသွန် ဖြစ်သွားသည်။ နည်းမျိုးစုံနှင့် သကျမုနိဗုဒ္ဓကို ခရီးဦးကြိုကြသည်။

သကျမုနိဗုဒ္ဓကို ပဉ္စဝဂ္ဂီတို့က 'အာဝုသော' (ငါ့ရှင်) ဟု ခေါ်ကြသောအခါ သကျမုနိဗုဒ္ဓက 'ရဟန်းတို့ တထာဂတကို အမည်တပ်၍လည်း မခေါ်ကောင်းပေ၊ 'အာဝုသော' (ငါ့ရှင်) ဟူ၍လည်း မခေါ်ကောင်းပေ၊ တထာဂတသည် အရဟန္တဖြစ်နေပြီ၊ သမ္မာသမ္ဗုဒ္ဓဖြစ်နေပြီ' ဟု မိန့်မြွက်သည်။

သို့ရာတွင် ပဉ္စဝဂ္ဂီငါးဦးတို့က သကျမုနိဗုဒ္ဓအား သူတို့၏ မကျေနပ်ချက်ကို ပြောပြနေကြသည်။ ရင်ဖွင့်နေကြသည်။

'သမဏဂေါတမ၊ သင်သည် ထိုမျှလောက် ဒုက္ကရစရိယာ ကျင့်ကြံအားထုတ်ခဲ့သော်လည်း အရိယမဂ်ဉာဏ်ကို မရရှိခဲ့၊ ဥတ္တရိမနုဿဓမ္မကို မရရှိခဲ့၊ ယခု အကျင့်တရား မကျင့်တော့သည့်အချိန်၌ မည်သည့်တရားထူးကို ရရှိတော့မည်နည်း'

သကျမုနိဗုဒ္ဓက ပြန်လည်ရှင်းပြသည်။

'ရဟန်းတို့၊ ယခင်က သင်တို့ကို ငါ ယခုလို ပြောပြခဲ့ဖူးပါသလော'

'မပြောခဲ့ဘူးပါ ဘန္တေ' (အရှင်ဘုရား)'

ဤတစ်ကြိမ်၌မူ ပဉ္စဝဂ္ဂီတို့က သကျမုနိဗုဒ္ဓကို 'ဘန္တေ' (အရှင်ဘုရား) ဟု ခေါ်လိုက်ကြသည်။

ပဉ္စဝဂ္ဂီငါးဦးတို့သည် နောက်ဆုံး၌ သကျမုနိဗုဒ္ဓ၏ ဖွင့်ဟမိန့်ကြားချက်ကို လက်ခံနာယူလိုက်ကြသည်။

ပဉ္စဝဂ္ဂီငါးဦးတို့အား သကျမုနိဗုဒ္ဓဟောကြားသော ဓမ္မစက္ကပဝတ္တန (ဓမ္မစကြာ)သုတ်သည် ဗုဒ္ဓ၏ ဒေသနာတော်များထဲက တရားဦး၊ ဒေသနာဦးအဖြစ် ထင်ရှားကျော်ကြားနေသော တရားဒေသနာ ဖြစ်သည်။

သကျမုနိဗုဒ္ဓက ပဉ္စဝဂ္ဂီငါးဦးတို့ကို ဤသို့ ဟောကြားတော်မူသည်။

'ရဟန်းတို့၊ ဤအစွန်းတရားနှစ်ခု၊ အလွန်တရားနှစ်ခုကို ရဟန်းများ မကျင့်သုံးသင့်ပေ။ မည်သည့် အစွန်းတရားနှစ်ခု ဖြစ်သနည်း။ မည်သည့်

အလွန်တရားနှစ်ခု ဖြစ်သနည်း။ (၁) ပထမအစွန်း သို့မဟုတ် အလွန်တရား သည် ယုတ်ညံ့၏။ အရပ်သူအရပ်သားတို့၏ အလေ့ဖြစ်၏။ ပုထုဇဉ်တို့၏ အလေ့ဖြစ်၏။ အရိယာမဟုတ်သူတို့၏ အလေ့ဖြစ်၏။ အကျိုးမရှိသော အလေ့ ဖြစ်၏။ (၂) ဒုတိယအစွန်း သို့မဟုတ် အလွန်တရားသည် ပင်ပန်းဆင်းရဲ၏။ အရိယာပုဂ္ဂိုလ်တို့၏ အကျင့်မဟုတ်။ အကျိုးမရှိသော အကျင့်ဖြစ်၏။ မိမိ ကိုယ်ကိုညှဉ်းပန်းနှိပ်စက်ရာရောက်၏။ ရဟန်းတို့… ယင်းအစွန်းတရား သို့မဟုတ် အလွန်တရားနှစ်ပါးကို ဝေးစွာရှောင်ကြဉ်ပြီးလျှင် တထာဂတသည် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို တွေ့မြင်သိရှိ၏။ ယင်း မဇ္ဈိမပဋိပဒါလမ်းစဉ်သည် ပညာမျက်စိပေး၏။ အသိဉာဏ်ပေး၏။ ငြိမ်းချမ်းမှု ဥပသမအတွက်ဖြစ်၏။ ထူးထူးခြားခြား သိရန်အတွက်ဖြစ်၏။ ထိုးထွင်း၍ သိရန်အတွက်ဖြစ်၏။ သမ္ဗောဓိဉာဏ်အတွက်ဖြစ်၏။ နိဗ္ဗာန်အတွက်ဖြစ်၏။ ယင်း အရိယအဋ္ဌင်္ဂိက မဂ္ဂအင်္ဂါရှစ်ပါးရှိသောလမ်းစဉ်(မဂ္ဂင်ရှစ်ပါး)ကား အဘယ်နည်း။ သမ္မာဒိဋ္ဌိ (ကောင်းသောအမြင်)၊ သမ္မာသင်္ကပ္ပ (ကောင်းသောအကြံ)၊ သမ္မာဝါစာ (ကောင်းသောစကား)၊ သမ္မာကမ္မန္တ (ကောင်းသောအလုပ်)၊ သမ္မာအာဇီဝ (ကောင်းသောအသက်မွေးမှု)၊ သမ္မာဝါယာမ (ကောင်းသော ကြိုးစားအား ထုတ်မှု)၊ သမ္မာသတိ (ကောင်းသောသတိ)၊ သမ္မာသမာဓိ (ကောင်းသော သမာဓိ) တို့ဖြစ်ကြ၏။'

သကျမုနိဗုဒ္ဓ ဟောကြားသော ဓမ္မစက္ကပဝတ္တနသုတ်ကို နာကြား ရသောအခါ ပဥ္စဝဂ္ဂီတို့သည် သကျမုနိဗုဒ္ဓနှင့်ပတ်သက်ပြီး အမြင်မှန်ရရှိလာပြီး လျှင် သာဓုအနုမောဒနာ ခေါ်ကြသည်။ ဓမ္မစက္ကပဝတ္တနသုတ် နာကြားနေစဉ် ကောဏ္ဍညသည် 'ယံကိဉ္စိ ဥဒယဓမ္မံ သဗ္ဗံတံ နိရောဓံ ' (ဖြစ်ပေါ်လာသော တရားမှန်သမျှ ပျက်စီးသွားရသော တရားသာဖြစ်၏)ဟူသော တရားသဘော ကို နားလည်သဘောပေါက်သွားသည်။ ကောဏ္ဍညနောက်တွင် တခြားပဥ္စဝဂ္ဂီ ဖြစ်ကြသော ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိတို့လည်း ဓမ္မအသိ၊ ဓမ္မအမြင် ရရှိသွားကြပြီးလျှင် 'ဖြစ်ပေါ်လာသည့် တရားမှန်သမျှ ခြွင်းချက်မရှိ ချုပ်ငြိမ်း သွားရသောတရားသာ ဖြစ်၏'ဟု သိမြင်သဘောပေါက် နားလည်သွားကြ သည်။ ဓမ္မအမြင်၊ ဓမ္မအသိ ရရှိသွားသောအခါ ကောဏ္ဍညက သူ့ကိုရဟန်း

http://www.linhtet.com



ပြုပေးပါရန် လျှောက်ထားတောင်းပန်သည်ဖြစ်၍ သကျမုနိဗုဒ္ဓက 'ဧဟိဘိက္ခု (ရဟန်း၊ လာလှည့်)၊ ဓမ္မသည် သွက္ခာတ ဖြစ်၏။ ဒုက္ခချုပ်ငြိမ်း သွားစေရန် အတွက် ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးဆောက်တည်ပါလေ' ဟူ၍ မိန့်မြွက်တော်မူလိုက်သည်နှင့် ကောဏ္ဍည ရဟန်းဖြစ်သွားသည်။ ကျန် ပဉ္စဝဂ္ဂီလေးဦးလည်း ထိုနည်းအတိုင်း ရဟန်းဖြစ်သွားကြသည်။

ကောဏ္ဍညသည် သကျမုနိဗုဒ္ဓ၏ ဒေသနာတော်ကို ပထမဦးဆုံး နားလည်သဘောပေါက်ပြီး အဦးဆုံး ရဟန်းဘဝရောက်သွားသော၊ အစောဆုံး တပည့်သာဝကဖြစ်သည်။ ကောဏ္ဍည တိတိကျကျ၊ မှန်မှန်ကန်ကန် ဓမ္မအသိ ဓမ္မအမြင် ရရှိသွားပြီဆိုသည်ကို သိရှိတော်မူသောအခါ သကျမုနိဗုဒ္ဓသည် 'အညာသိဝတ သော ကောဏ္ဍညော၊ အညာသိဝတ သော ကောဏ္ဍညော' (ကောဏ္ဍည... သင်သည် ဓမ္မအသိ၊ ဓမ္မအမြင် ရရှိသွားပြီ ) ဟု ဥဒါန်းစကား ကျူးရင့် ပြောကြားတော်မူသည်။ ကောဏ္ဍညလည်း 'အညာတ ကောဏ္ဍည' ဟု အမည်တွင်သွားသည်။

နောက်ပိုင်း၌ သကျမုနိဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်ရှိ ရဟန်း သံဃာများ၏ စည်းဝေးသဘင်တစ်ခုတွင် 'ငါ၏ဓမ္မကို သိမြင်သဘောပေါက် သူများထဲတွင် အညာတကောဏ္ဍညသည် အမြင့်ဆုံးအမြတ်ဆုံး ဧတဒဂ်ရ သူ ဖြစ်၏'ဟု မိန့်တော်မူသည်။ နောက်တစ်ချိန်၌လည်း 'ရပ်ခြင်း ဣရိယာပုထ် ဖြင့် အချိန်အကြာဆုံးရပ်နိုင်သူ ငါ့တပည့်များထဲတွင် (ရတ္တညူနံ) ကောဏ္ဍည သည် အမြင့်ဆုံးအမြတ်ဆုံး ဧတဒဂ်ရသူဖြစ်၏'ဟု မိန့်ကြား တော်မူသည်။ ထို့ကြောင့် သကျမုနိဗုဒ္ဓ၏ သာသနာတော်တွင် အညာတကောဏ္ဍညသည် နှစ်ထပ်ကွမ်း ဧတဒဂ်ရသူဖြစ်လာသည်။

သို့သော်လည်း သကျမုနိဗုဒ္ဓ တရားဒေသနာ ဟောကြားချိန်၌ အညာတကောဏ္ဍညသည် ရဟန်းသံဃာစည်းဝေးသဘင်၌ အဂ္ဂသာဝက နှစ်ပါး၏နောက်၌ ထိုင်သည်။ သကျမုနိဗုဒ္ဓ၏ အနီး၌ထိုင်လျှင် မိမိအတွက် လည်းကောင်း၊ အခြားရဟန်းသံဃာများအတွက်လည်းကောင်း အဆင်မပြေ မှာ စိုးရိမ်သည့်အတွက်ဖြစ်သည်။

http://www.linhtet.com



ဒေါဏဝတ္ထုရွာ၌ပင် မန္တာနီအမည်ရှိ ကောဏ္ဍည၏နှမတစ်ယောက်ရှိသည်။ မန္တာနီတွင် ပုဏ္ဏအမည်ရှိ သားယောကျာ်းတစ်ယောက်ရှိသည်။ ဣသိပတ္တန မိဂဒါဝုန်၌ ဓမ္မစက္ကပဝတ္တနသုတ် ဟောကြားပြီးနောက် သကျမုနိဗုဒ္ဓ ရာဇဂြိုဟ်၌ သီတင်းသုံးနေတော်မူစဉ် ကောဏ္ဍညမထေရ်သည် ဒေါဏဝတ္ထုရွာသို့ကြွသွားပြီး မန္တာနီ၏သား သူ့တူကို ရဟန်းဘောင် သွတ်သွင်းပေးလိုက်သည်။ ထိုရဟန်းသည် ပုဏ္ဏမန္တာနီဘွဲ့အမည်ဖြင့် ထင်ရှားကျော်ကြားသွားသည်။

ကောဏ္ဍညမထေရ်သည် ဒေါဏဝတ္ထုရွာမှ သကျမုနိဗုဒ္ဓ သီတင်းသုံးနေတော်မူသော ရာဇဂြိုဟ်သို့ ပြန်လာသည်။ ကောဏ္ဍညသည် လူကြားသူကြားထဲတွင် နေချင်စိတ်မရှိတော့ဘဲ လူနှင့်သူနှင့်ဝေးရာ တောဝနာတစ်ခုတွင် အေးအေးဆေးဆေး ဆိတ်ဆိတ်ငြိမ်ငြိမ် နေထိုင်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်ဖြစ်၍ သကျမုနိဗုဒ္ဓထံ ခွင့်ပန်သည်။ သကျမုနိဗုဒ္ဓထံမှ ခွင့်ရရှိသောအခါ မန္ဒာကိနီမြစ်ကမ်းပါးရှိ ဆဒ္ဒန္တတောသို့သွားပြီး ဆယ့်နှစ်နှစ်ကြာမျှ နေထိုင်သည်။ တောထဲတွင် ဆင်များက ကောဏ္ဍညမထေရ်အား နှာမောင်းဖြင့် စားဖွယ်များကိုယူလာပြီး ကပ်ကြသည့်အပြင် တခြားနည်းမျိုးစုံဖြင့်လည်း ပြုစုလုပ်ကျွေးကြသည်။

ဇီဝိန်ချုပ်ချိန် နီးကပ်လာပြီဆိုသည့်အကြောင်းကို သိရှိလာသောအခါ ကောဏ္ဍညမထေရ်သည် သကျမုနိထံ နောက်ဆုံးဖူးမြော်ရန်အလို့ငှာ ကြွသွားသည်။ သကျမုနိဗုဒ္ဓအား ဖူးမြော်လျက် အနူးအညွတ် ခွင့်လွှတ်မှုရရှိလာသောအခါ နေရင်းစွဲဆဒ္ဒန္တတောသို့ ပြန်ကြွသွားသည်။ ထို့နောက် ရက်အနည်းငယ်အတောအတွင်း၌ပင် ကောဏ္ဍညမထေရ်သည် ဆဒ္ဒန္တတောထဲ၌ ပရိနိဗ္ဗာန်ပြုသွားသည်။

ကောဏ္ဍညမထေရ် ပရိနိဗ္ဗာန်ပြုသောအခါ ဟိမဝန္တာတစ်တောလုံး ယူကျုံးမရ ဖြစ်ကြသည်ဟု အဆိုရှိကြသည်။ သူ၏ရှေ့ပန၌ အနုရုဒ္ဓမထေရ်အမှူးရှိသော ရဟန်းသံဃာပေါင်းငါးရာ ကြွရောက်ချီးမြှင့်ကြသည်။ ကောဏ္ဍညမထေရ်၏ ဓာတ်တော်မွေတော်များကို ဝေဠုဝန်သို့ သယ်ဆောင်လာကြသည်။ သကျမုနိဗုဒ္ဓကိုယ်တော်တိုင် လက်တော်ဖြင့် ကောဏ္ဍညမထေရ်၏

http://www.linhtet.com



ဓာတ်တော်မွေတော်များကို စေတီပုထိုးတွင် ဌာပနာထားတော်မူလိုက်သည်။ ထိုစေတီပုထိုးသည် သူ့လက်ထက်တိုင်အောင် တည်ရှိနေသည်ဟု ရှင်မဟာဗုဒ္ဓဃောသက သံယုတ္တနိကာယ် အဋ္ဌကထာ၌ ဆိုထားသည်။

အညာတကောဏ္ဍည၏ 'ထေရဂါထာ' ၌ လူတစ်ဦးတစ်ယောက်အား မြင့်ရာသို့ ခေါ်ဆောင်သွားသော ဂါထာများပါရှိသည်။

http://www.linhtet.com

# ရဋ္ဌပါလ

ရဋ္ဌပါလသည် ရဟန်းပြုခွင့်ပေးပါရန် မိဘနှစ်ပါးထံ အနူးအညွတ် တောင်းပန်သော်လည်း ရဟန်းပြုခွင့်မရရှိသောအခါ အစာငတ်ခံလျက် တိုက်ပွဲဝင်သည်။ နေပူပြင်းသဖြင့် လောလောပူနေသော သဲမြေပြင်ပေါ်တွင်ထိုင်လျက် 'သေချင်သေသွားပစေ၊ ရဟန်းပြုခွင့်မရက ငါမထ' ဟူသော အစာငတ်ခံသည် ကုရုတိုင်းသူဌေးသား ရဋ္ဌပါလ၏ ရဟန်းပြုခွင့်ရရှိရေးအတွက် တိုက်ပွဲလက်နက်ဖြစ်သည်။

ရဋ္ဌပါလသည် ကုရုတိုင်း ထုလ္လကောဋ္ဌိတရွာ၌ သူဌေးတစ်ဦး၏ အိမ်ထောင်စု၌ မွေးဖွားသည်။ သူ၏မိသားစုသည် ထိုရွာတွင် အများ၏လေးစားခြင်း ခံရသည်။ ရဋ္ဌပါလသည် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ဘဝဖြင့် ကြီးပြင်းလာခဲ့ရပြီး မိဘနှစ်ပါးက သူ့ကို အိမ်ထောင်ချပေးထားလိုက်သည်။

ထိုအချိန်၌ သကျမုနိဗုဒ္ဓသည် ကုရုတိုင်းသို့ ဒေသစာရီကြွချီလာသည်။ နောက်လိုက်နောက်ပါ ရဟန်းသံဃာများစွာနှင့် အတူတကွ ထုလ္လကောဋ္ဌိတရွာသို့ ဆိုက်ရောက်လာသည်။ ရွာသူရွာသား၊ သူဌေးသူကြွယ်များသည် သကျမုနိဗုဒ္ဓ မိမိတို့ရွာသို့ ကြွရောက်တော်မူလာသည့်သတင်း ကြားသိသွားကြသည်။ သကျမုနိဗုဒ္ဓသည် အရဟန္တဖြစ်၏။ သမ္မာသမ္ဗုဒ္ဓဖြစ်၏။

http://www.linhtet.com



ပုရိသဓမ္မသာရထိဖြစ်၏။ ဝိဇ္ဇာစရဏနှင့် ပြည့်စုံ၏။ နတ်နှင့်လူတို့၏ သတ္ထာဆရာဖြစ်၏။ ယင်းသို့သော ဗုဒ္ဓ၏ဂုဏ်တော်များကိုလည်း ကြားသိထားကြသည်။ ရွာသူရွာသားများသည် သကျမုနိဗုဒ္ဓ သူတို့ရွာသို့ ကြွလာသည့်အတွက် မိမိတို့၏ကံကို ချီးကျူးစကားပြောပြီး သကျမုနိဗုဒ္ဓထံ ဖူးမြော်ကန်တော့ရန် ရောက်ရှိသွားကြသည်။ သူတို့ထဲမှ တချို့က သကျမုနိဗုဒ္ဓကို ရှိခိုးဦးခိုက်ပြီး တစ်နေရာ၌ ထိုင်လိုက်ကြသည်။ တချို့က ကျန်းမာကြောင်း၊ ချမ်းသာကြောင်း လျှောက်ထားလျက် တစ်နေရာတွင် ထိုင်လိုက်ကြသည်။ တချို့က မိမိတို့၏ အမျိုးအနွယ်နှင့် အမည်နာမကိုပြောကြားလျက် တစ်နေရာ၌ ထိုင်လိုက်ကြသည်။ တချို့ကမူ မည်သို့မျှ စကားမပဟဲ တိတ်တဆိတ် ထိုင်လိုက်ကြသည်။ သကျမုနိဗုဒ္ဓသည် ယင်းပုဂ္ဂိုလ်အားလုံးကို တရားဒေသနာ ဟောကြားတော်မူသည်။

ရဋ္ဌပါလက တွေးတောစဉ်းစားကြည့်သည်။

'အိမ်မှာနေပြီး သကျမုနိ ဗုဒ္ဓ၏ တရားဓမ္မအားလျော်စွာ အပြည့်အဝ ကျင့်သုံးဆောက်တည်ဖို့ဆိုသည်မှာ မလွယ်ကူပေ။ ဦးပြည်းကတုံးတုံးလျက် သင်္ကန်းဝတ်ရုံပြီး ရဟန်းပြုလိုက်လျှင် သကျမုနိဗုဒ္ဓ၏ တရားဓမ္မအတိုင်း အပြည့်အဝလိုက်နာကျင့်သုံးနိုင်သူ ဖြစ် သွားပေလိမ့်မည်'

သကျမုနိဗုဒ္ဓ၏ တရားဒေသနာကို နာကြားပြီးသောအခါ ရွာသူရွာသားအားလုံး ကိုယ့်အိမ်ကိုယ်ပြန်သွားကြသည်။ ထိုအခါ သူကြွယ်သား ရဋ္ဌပါလသည် သကျမုနိဗုဒ္ဓအနီးသို့ ချဉ်းကပ်သွားပြီးလျှင် ရှိခိုးဝတ်ပြုလျက် တစ်နေရာ၌ ထိုင်လိုက်သည်။

'အရှင်သူမြတ်ဘုရား၊ အရှင်သူမြတ်ဘုရား ဟောကြားသော တရားဓမ္မကို သိရှိနားလည်လာသည်နှင့် တပည့်တော်သည် အိမ်၌နေပြီး ဗြဟ္မစရိယ အကျင့် ကျင့်သုံးဆောက်တည်ကြည့်ဖို့ မလွယ်ကူဟူသည့်အကြောင်း နားလည်သဘောပေါက်လာပါ၏။ တပည့်တော် ရဟန်းပြုလိုပါ၏။ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဘုရား'

သကျမုနိဗုဒ္ဓက ပြန်လည်မိန့်တော်မူလိုက်သည်။

http://www.linhtet.com



'ရဟန်းပြုရန်အတွက် မိဘတို့၏ခွင့်ပြုချက်လိုအပ်သည်၊ မိဘ ခွင့်ပြုချက် သင် ရရှိပါသလော'

'မရရှိပါ အရှင်ဘုရား'

'မိဘခွင့်ပြုချက် မရရှိသောပုဂ္ဂိုလ်ကို တထာဂတသည် ရဟန်းပြုပေးရိုး ထုံးစံမရှိပေ'

'တပည့်တော် မိဘနှစ်ပါး၏ ခွင့်ပြုချက်ရအောင် တောင်းပါမည်'

ရဋ္ဌပါလသည် သကျမုနိဗုဒ္ဓကို ရှိခိုးပြီးလျှင် အိမ်ပြန်သွားပြီး မိဘနှစ်ပါးထံ 'ကျွန်ုပ်ကို သကျမုနိဗုဒ္ဓထံတွင် ရဟန်းပြုခွင့်ပေးကြပါ'ဟု တောင်းဆိုသည်။ ထိုအကြိမ်၌လည်း မိဘနှစ်ပါးက ရဋ္ဌပါလ၏ တောင်းဆိုချက်ကို လက်မခံပေ။

'သား ရဋ္ဌပါလ၊ သင်သည် ငါတို့၏ တစ်ဦးတည်းသောသားဖြစ်၏။ ငါတို့ ချစ်မငြီးသော တစ်ဦးတည်းသောသားဖြစ်၏။ မကြောင့်မကြ၊ မတောင့်မတဘဲ နေရသည့်အတွက် သင်သည် မည်ကဲ့သို့သောဒုက္ခမျိုးကိုမှ မသိနားမလည်ပေ။ ငါတို့ ဖူးဖူးမှုတ်ထားသော တစ်ဦးတည်းသောသားဖြစ်၍ သင့်ကို ငါတို့ ရဟန်းပြုခွင့်မပေးနိုင်ပေ'

ရဋ္ဌပါလက သုံးကြိမ်သုံးခါ တောင်းပန်သည်။ သုံးကြိမ်သုံးခါလုံးပင် မိဘများကလည်း ရဋ္ဌပါလ၏ တောင်းပန်ချက်ကို ငြင်းပယ်ကြသည်။ ထိုအခါ ရဋ္ဌပါလသည် မိဘနှစ်ပါးက သူ၏ ရဟန်းပြုလိုသောဆန္ဒကို မလိုက်လျောကြသည့်အတွက် နေပူအရှိန်ကြောင့် ခြစ်ခြစ်တောက်ပူနေသော မြေကြီးပေါ်တွင်ထိုင်ပြီးလျှင် 'ရဟန်းပြုခွင့်မရမချင်း သေချင်သေပါစေ၊ ငါ ဤနေရာက မထ'ဟု အဓိဋ္ဌာန်ပြုပြီးလျှင် ထိုနေ့အဖို့ အစာမစားဘဲ နေသည်။ နောက်တစ်နေ့တွင်လည်း အစာမစားပေ။ ယင်းသို့အားဖြင့် ရက်သတ္တတစ်ပတ်တိတိ အစာမစားဘဲ ထိုင်နေသည်။ ရဋ္ဌပါလ၏ ဖွဲအဓိဋ္ဌာန်ကို တွေ့ရသောအခါ မိဘနှစ်ပါးသည် စိုးရိမ်ပူပန်သွားပြီး သူတို့၏သားအား 'သား၊ အစာမစားဘဲ မနေပါနှင့်၊ ထပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေပါ၊ ဆင်းရဲဒုက္ခမခံချင်ပါနှင့်၊ အိမ်မှာနေပြီး ကုသိုလ်ကောင်းမှုပြုလျှင်လည်း ရနိုင်သည်မဟုတ်လား'ဟု နားချကြသည်။

http://www.linhtet.com



သို့ရာတွင် ရဋ္ဌပါလသည် မတုန်မလှုပ် ကျောက်ရုပ်အတိုင်းသာ ဖြစ်နေသည်။ သူ၏မိဘနှစ်ပါးသည် သူတို့သားကို ချော့သော်လည်း ပျော့မလာသည့်ကိုတွေ့ရ၍ သား၏မိတ်ဆွေသူငယ်ချင်းများထံသွားပြီး 'မောင်တို့၏ သူငယ်ချင်း ရဋ္ဌပါလကို ရဟန်းမပြုအောင် နားချကြပါဦး၊ မောင်တို့၏ စကားကို ရဋ္ဌပါလ နားထောင်ပါလိမ့်မည်' ဟု ပြောကြသည်။ ရဋ္ဌပါလ၏ မိဘနှစ်ပါးက မရမက တိုက်တွန်းသောကြောင့် ရဋ္ဌပါလ၏ သူငယ်ချင်းများသည် ရဋ္ဌပါလထံသွားပြီး နားချကြပြန်သည်။ သို့ရာတွင် ရဋ္ဌပါလသည် မည်ကဲ့သို့မှ အဖြေပြန်မပေးဘဲ မတုန်မလှုပ် ငုတ်တုတ်သာ ထိုင်နေသည်။ မိမိတို့ ကြိုးစားအားထုတ်သော်လည်း အောင်မြင်မှုမရှိသောကြောင့် ရဋ္ဌပါလ၏ သူငယ်ချင်းများသည် ရဋ္ဌပါလ၏ မိဘနှစ်ပါးကိုပြောကြသည်။

'ရဋ္ဌပါလသည် အခင်းမရှိသော မြေကြီးပေါ်တွင် ထိုင်နေသည်မှာ နေ့ရက်ပေါင်းများစွာ ကြာသွားပြီ။ သေချင် သေသွားနိုင်သည်။ ရဟန်းပြုခွင့်မပေးလျှင် ထိုနေရာ၌ပင် သူ ကွယ်လွန်သွားလိမ့်မည်။ ရဟန်းပြုခွင့်ပေးလျှင် ရဟန်းဘဝရောက်နေသော သူ့ကို အသက်မသေဘဲ တွေ့မြင်နေရလိမ့်ဦးမည်။ ထို့ကြောင့် ရဋ္ဌပါလအား ရဟန်းပြုခွင့်ပေးလိုက်ပါဟု ကျွန်ုပ်တို့ အနူးအညွတ်တောင်းပန်ပါ၏'

ယင်းသို့ အကြောက်အကန် ပြောကြသောကြောင့် နောက်ဆုံး၌ ရဋ္ဌပါလသည် ရဟန်းပြုခွင့် ရရှိသွားသည်။ ထိုအခါကျမှပင် ရဋ္ဌပါလသည် သူ၏ အစာငတ်ခံဆန္ဒပြခြင်းကို ရပ်ပစ်လိုက်ပြီး သကျမုနိဗုဒ္ဓထံသွားသည်။

'တပည့်တော်မိဘနှစ်ပါးထံမှ တပည့်တော် ရဟန်းပြုခွင့်ရရှိပါပြီ၊ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါ' ဟု လျှောက်ထားလိုက်သည်။ ထိုအခါကျမှ သကျမုနိဗုဒ္ဓက ရဋ္ဌပါလကို ရဟန်းပြုပေးလိုက်သည်။ ရက်သတ္တနှစ်ပတ်ကြာသောအခါ သကျမုနိဗုဒ္ဓသည် ထိုရွာမှ သာဝတ္ထိသို့ ကြွသွားတော်မူသည်။ ရဋ္ဌပါလလည်း သကျမုနိဗုဒ္ဓနှင့်အတူ လိုက်ပါသွားသည်။ သာဝတ္ထိတွင် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးကြသည်။ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးရင်း ရဋ္ဌပါလသည် တရားအကျင့်

http://www.linhtet.com



ကျင့်ကြံအားထုတ်ရာ တိုတောင်းသောကာလအတွင်း၌ပင် မိမိ၏ရည်မှန်းချက် ပြည့်စုံအောင်မြင်သွားပြီး ရဟန္တာတစ်ပါးဖြစ်လာသည်။

ရဋ္ဌပါလသည် မိဘနှစ်ပါးထံမှ ရဟန်းပြုခွင့်ရရှိသောအချိန်က မိဘနှစ်ပါးအား သူပေးခဲ့သောကတိကို သတိရလာသည်။ မိဘနှစ်ပါးနှင့်တွေ့ရန် သူ၏ ဇာတိရွာသို့သွားရမည်။ ထို့ကြောင့် သကျမုနိဗုဒ္ဓအား 'အရှင်သူမြတ်ဘုရား၊ အရှင်သူမြတ်ဘုရားထံမှ အခွင့်ရမည်ဆိုလျှင် တပည့်တော် မိဘ နှစ်ပါးကို ကတိပေးထားသည့်အတိုင်း တပည့်တော်မိဘနှစ်ပါးနှင့် တွေ့ဆုံရန် သွားလိုပါ၏ အရှင်ဘုရား' ဟု လျှောက်ထားလိုက်သည်။ သကျမုနိဗုဒ္ဓသည် ရဋ္ဌပါလ၏ စိတ်အကြံကို သိရှိတော်မူသည်။ ရဋ္ဌပါလသည် ရဟန်းဘဝကို စွန့်လွှတ်လျက် လူ့ဘောင်ပြန်ရောက်သွားမည် မဟုတ်ဟူ၍ အပြည့်အဝယုံကြည်စိတ်ချမှုရှိသောကြောင့် ရဋ္ဌပါလအား 'သင် စိတ်ရှိသည့်အတိုင်း ပြုလုပ်ဆောင်ရွက်နိုင်၏' ဟူ၍ မိန့်တော်မူလိုက်သည်။

သကျမုနိဗုဒ္ဓထံမှ ရွာပြန်ခွင့်ရရှိသောအခါ ရဋ္ဌပါလသည် သကျမုနိဗုဒ္ဓကို ရှိခိုးပြီးလျှင် သပိတ်နှင့်သင်္ကန်းကိုယူလျက် ထုလ္လကောဋ္ဌိကရွာသို့ ကြွသွားသည်။ ယာဉ်မစီးဘဲ ခြေလျင်ခရီးကြွသွားသောကြောင့် အချိန်အတန်ကြာမှ ထုလ္လကောဋ္ဌိကရွာသို့ ရောက်သွားသည်။ ဘုရင်ကောရဗျ၏ မိဂစီရအမည်ရှိ ဥယျာဉ်၌ သီတင်းသုံးနေသည်။ ရဟန်းသံဃာတို့၏ ထုံးတမ်းစည်းကမ်းအတိုင်း နံနက်အချိန်၌ သင်္ကန်းရုံပြီးလျှင် သပိတ်ပိုက်လျက် ဆွမ်းအလို့ငှာ ရွာထဲကြွသွားသည်။ အခြားအိမ်များ၌ ရပ်တန့်ခြင်းမပြုဘဲ မိမိ၏ မိဘအိမ်သို့ ကြွသွားသည်။ ထိုအချိန်၌ သူ၏ဖခင်သည် သင်္ကန်းဝတ်ရုံထားသော ရဟန်းတစ်ပါး ကြွလာသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရ သောကြောင့်

'ဤ ဦးပြည်းခေါင်းတုံး ရဟန်းသမဏများသည် ငါ၏တစ်ဦးတည်းသောသားကို ရဟန်းပြုပေးသူများဖြစ်ကြ၏' ဟု ရေရွတ်လိုက်သည်။

ရဋ္ဌပါလသည် ဖခင်၏အိမ်မှ ဆွမ်းအလှူကိုလည်း မရပေ။ ခရီးဦးကြိုပြုခြင်းကိုလည်း မခံရပေ။ ရေရွတ်ကြိမ်းမောင်းခြင်းကိုသာ ရရှိသွားသည်။ ထိုအချိန်၌ သိုးနေသောပဲဟင်းကို စွန့်ပစ်ရန်အတွက် အိမ်အပြင်

http://www.linhtet.com



ဘက်ထွက်လာသော ကျွန်မကိုတွေ့ရ၍ ရဋ္ဌပါလက 'နှမ သင်၏ လက်ထဲက ပဲဟင်းလွှင့်ပစ်မလို့လား၊ ငါ၏ သပိတ်ထဲ လောင်းထည့်ပါလား' ဟု ပြောလိုက်သည်။

ရဋ္ဌပါလ၏ သပိတ်ထဲ ပဲဟင်းအသိုးလောင်းထည့်သော ကျွန်မသည် ရဋ္ဌပါလ၏ ပုံပန်းသဏ္ဌာန်နှင့်အသံကို မှတ်မိသွားသည်ဖြစ်၍ အိမ်ရှင်မထံ အပြေးကလေးသွားပြီးလျှင် 'သခင်မ၊ သခင်မတို့၏သား ပြန်လာပြီ' ဟု ပြောပြလိုက်သည်။

'ညည်း မှန်သောစကားပြောသည်ဆိုလျှင် ညည်းကို ဤနေ့ ဤရက်မှစပြီး ကျွန်ဘဝက လွတ်မြောက်သွားပြီလို့သာ မှတ်ပေတော့'

ယင်းသို့ အိမ်ရှင်မက ကျွန်မအားပြောပြပြီး အနီးသို့ ရောက်ရှိလာသော အိမ်ရှင်သူကြွယ်အားလည်း သားပြန်လာပြီဆိုသည့်အကြောင်း သတင်းကောင်းပါးလိုက် သည်။ ကိုယ်ရုံကိုပြင်ဝတ်ပြီးလျှင် အိမ်ရှင်သူကြွယ်သည် ပဲဟင်းအသိုးစားနေသော ရဋ္ဌပါလထံသွားလျက် 'ဟင်... သား ရဋ္ဌပါလ ပဲဟင်းအသိုးကို စားနေပါကလား၊ အိမ်ထဲဝင်လေ' ဟု ပြောသည်။ ရဋ္ဌပါလက ပြန်ပြောလိုက်သည်။ 'အိမ်ရာကိုစွန့်ခွာလျက် သံဃာဘောင်အတွင်း ရှင်ရဟန်းပြုသူ ကျွန်ုပ်တို့အတွက် အိမ်ဘယ်မှာ ရှိမည်နည်း။ ကျွန်ုပ် သင်၏ အိမ်ရောက်သွား၏။ သင်၏အိမ်က အလှူဒါနကိုလည်း မရရှိခဲ့။ ခရီးဦးကြိုပြုခြင်းကိုလည်း မရရှိခဲ့။ ရေရွတ်ကြိမ်းမောင်းခြင်းကိုသာ ရရှိခဲ့၏'

'သား ရဋ္ဌပါလ အိမ်ထဲဝင်ပါ'

'ယနေ့ ကျွန်ုပ် ခဲဖွယ်ဘောဇဉ် စားသုံးပြီးသွားပြီ'

'ယင်းသို့ဖြစ်လျှင် သား ရဋ္ဌပါလ... နက်ဖြန်အတွက် ခဲဖွယ်ဘောဇဉ်ကို လက်ခံပါ'

ရဋ္ဌပါလသည် တုဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းအားဖြင့် ဖခင်၏ ပင့်ဖိတ်ခြင်းကို လက်ခံကြောင်းပြလိုက်သည်။

နောက်တစ်နေ့၌ ရဋ္ဌပါလ၏ဖခင်သည် ရွှေငွေရတနာများကို အဆင်သင့်ထုတ်ယူထားပြီးလျှင် အနံ့အရသာနှင့်ပြည့်စုံသော ခဲဖွယ်ဘောဇဉ်

http://www.linhtet.com



များကိုလည်း အဆင်သင့်လုပ်ထားသည်။ ထို့နောက် ရဋ္ဌပါလထံသွားပြီး ခဲဖွယ်ဘောဇဉ် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း အကြောင်းကြားသည်။ ရဋ္ဌပါလသည် သက်နဲ့ရုံလျက် သပိတ်ပိုက်ပြီး ဖခင်နောက်လိုက်သွားသည်။

ရွှေငွေရတနာများ ထည့်ထားသော ခွက်၏အဖုံးကိုဖွင့်လျက် ဖခင်ဖြစ်သူက ပြောလိုက်သည်။

'သား ရဋ္ဌပါလ၊ ဤ ရွှေငွေရတနာများသည် သင့်မိခင်ဘက်က ဥစ္စာခနများ ဖြစ်ကြသည်။ ဖခင်နှင့်အဘိုးဘက်က ဥစ္စာရတနာများမှာ တသီးတခြားဖြစ်သည်။ ဤရွှေငွေရတနာများသည် သား ရဋ္ဌပါလအတွက်ဖြစ်၏။ ရဟန်းဘဝကိုစွန့်လွှတ်လျက် လူ့ဘောင်ပြန်လာပြီး ဤရွှေငွေရတနာများကို သုံးဆောင်ခံစားရင်း ကုသိုလ်ကောင်းမှုပြုလုပ်ပါလေ'

'သူကြွယ် ဒါယကာ၊ ကျွန်ုပ် ပြောပြသည်ကို လက်ခံနာယူမည်ဆိုလျှင် ဤရွှေငွေရတနာများကို ဂင်္ဂါမြစ်ထဲ မျှောပစ်လိုက်ပါလေ'

ဖခင်ဖြစ်သူ၏ ဒုတိယလက်နက်မှာ ရဋ္ဌပါလ၏ ရဟန်းဘဝမရောက်ခင်က ဇနီးများဖြစ်သည်။ ယောက္ခမထံမှ အရိပ်အမြွက်သိရှိရသောကြောင့် ဇနီးမယားတစ်ယောက်သည် ရဋ္ဌပါလအနီးသို့သွားပြီးလျှင် ရဋ္ဌပါလ၏ ခြေအစုံကိုဦးခိုက်လျက် 'အရှင့်သား၊ ဗြဟ္မစရိယအကျင့် ကျင့်သုံးနေခြင်းသည် နတ်သမီးကညာများကို ရလိုသည့်အတွက် မဟုတ်လား၊ ယင်းနတ်သမီးကညာများက ကျွန်ုပ်တို့ထက် ပိုပြီးလှပါသလား'

'နှမတို့၊ ငါတို့သည် နတ်သမီးကညာများအတွက် ဗြဟ္မစရိယအကျင့် ကျင့်သုံးဆောက်တည်နေခြင်းမဟုတ်ပေ'

လင်ယောကျ်ားထံမှ နှမဟု ခေါ်သံကြားရသောကြောင့် ရဋ္ဌပါလ၏ ဇနီးမယားမောင်းမများသည် နေရာ၌ပင် သတိမေ့သွားကြသည်။ ရဋ္ဌပါလသည် စိတ်မရှည်တော့ပြီဖြစ်သောကြောင့် သူ၏ဖခင်အား 'သူကြွယ် ဒါယကာ၊ ဆွမ်းလုပ်ကျွေး မည်ဆိုလျှင် ဆွမ်းလုပ်ကျွေးပါတော့' ဟု ပြောလိုက်သည်။

'ဆွမ်းဘောဇဉ် အဆင်သင့်ရှိနေပါ၏' ဟု ပြောပြီးလျှင် ဖခင်ဖြစ်သူသည် ရဋ္ဌပါလကို ဆွမ်းလုပ်ကျွေးသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ

http://www.linhtet.com



ရဋ္ဌပါလသည် ဘ၀၏အနှစ်သာရမရှိပုံနှင့် မတည်မြဲပုံ တရားဓမ္မကို ဟောကြား သည်။ ထို့နောက် ရဋ္ဌပါလသည် သူ၏ဖခင်အိမ်မှ ထွက်ခွာခဲ့ပြီး ကုရုဘုရင်၏ ဥယျာဉ်သို့ကြွလာပြီးလျှင် အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ထိုင် နေသည်။

ဥယျာဉ်လာကြည့်မည်ဖြစ်၍ ရှင်းလင်းထားဖို့ ဘုရင်ကြီးကအမိန့် ပေးထားသည်ဖြစ်၍ ဥယျာဉ်မှူးသည် ဥယျာဉ်ထဲတွင် လုပ်စရာအလုပ်များ ကို လုပ်နေသည်။ ထိုအခိုက် သစ်ပင်ရင်း၌ထိုင်နေသော ရဋ္ဌပါလကို တွေ့သွား သည်။ ဥယျာဉ်မှူးသည် ဘုရင်မင်းကြီးထံမှောက် သွားရောက်ပြီးလျှင် ဥယျာဉ် ကိုလာကြည့်လိုလျှင် ကြည့်နိုင်ပြီဖြစ်ကြောင်း အကြောင်းကြားလျက် သစ်ပင်တစ်ပင်အောက်၌ ရဋ္ဌပါလ ရှိနေသည်ဆိုသည့်အကြောင်းကိုလည်း ပြောပြလိုက်သည်။ ဘုရင်မင်းကြီးသည် ရဋ္ဌပါလအကြောင်းကို ကြားသိပြီး နေပြီဖြစ်သည်။ 'ယနေ့ ဥယျာဉ် လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်သေးဘူး၊ ယနေ့ ငါ ထိုရဟန်းကိုသွားကြည့်မည်' ဟု မိန့်ကြားလိုက်ပြီးလျှင် ဘုရင် မင်းကြီးသည် နောက်လိုက်နောက်ပါများကိုခေါ်လျက် ရဋ္ဌပါလထံသွားသည်။ ရဋ္ဌပါလကိုတွေ့ရသောအခါ ဘုရင်မင်းကြီးက ရဋ္ဌပါလကို မေးခွန်းထုတ် လိုက်သည်။

'လူတစ်ဦးတစ်ယောက်အနေနှင့် ဆံမုတ်ဆိတ်ပယ်ပြီး ဖန်ရည် သင်္ကန်းဝတ်ရုံလျက် လူ့ဘောင်ကခွာရှောင်သွားခြင်း၌ အကြောင်းတရား လေးမျိုးရှိ၏။ ဇရာပိုင်းသို့ရောက်လာခြင်း၊ ကျန်းမာရေးချို့ယွင်းလာခြင်း၊ ဆင်းရဲခြင်း၊ နီးစပ်သောဆွေမျိုးမိတ်သင်္ဂဟများ ကွယ်လွန်သွားခြင်းများ ဖြစ်ကြ၏။ သို့သော် သင် ရဋ္ဌပါလသည် အရွယ်ကောင်းတုန်းဖြစ်၏။ ဆံပင် များလည်း နက်မှောင်နေပြီး ဆံပင်ဖြူတစ်မျှင်မှပင် မရှိသေးပေ။ သန်တုန်း မြန်တုန်းအရွယ်ဖြစ်၏။ အိုမင်းရင့်ရော်ခြင်း၏ မည်သည့်အကြောင်းလက္ခဏာ မျိုးမှ ဖြစ်လာရန် စိုးရိမ်စရာမရှိသေးပေ။ ယင်းသို့ဖြစ်ပါလျက် သင် ရဋ္ဌပါလ သည် အဘယ်ကြောင့် လူ့ဘောင်ကခွာရှောင်ပြီး ရဟန်းဘောင်ရောက်သွား သနည်း'

http://www.linhtet.com



'သင် ရဋ္ဌပါလသည် မကျန်းမမာဖြစ်ခြင်းလည်းမရှိ၊ အကျပ်အတည်း တစ်စုံတစ်ရာလည်းမရှိ၊ ကျန်းမာရေးလည်း ကောင်းနေ၏။ သင် ရဋ္ဌပါလသည် ကျန်းမာရေးချွတ်ယွင်းခြင်းကြောင့် ဖြစ်ပေါ်လာသော မည်သည့် လက္ခဏာမျိုးမှ ဖြစ်ပေါ်လာစရာအကြောင်း မရှိပေ။ သင် ရဋ္ဌပါလသည် အဘယ်ကြောင့် လူ့ဘောင်ကခွာရှောင်ပြီး ရဟန်းဘောင်ဝင်ရောက်သွားသနည်း'

'သင် ရဋ္ဌပါလသည် ဆင်းရဲသူ ဆင်းရဲသားလည်း မဟုတ်ပေ၊ ပစ္စည်းဥစ္စာချို့တဲ့သူလည်း မဟုတ်ပေ။ ဆင်းရဲခြင်း၊ ပစ္စည်းဥစ္စာချို့တဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော မည်သည့်လက္ခဏာမျိုးမှ သင် ရဋ္ဌပါလတွင် ဖြစ်ပေါ်လာစရာအကြောင်းမရှိပေ။ သင် ရဋ္ဌပါလသည် လူ့ဘောင်က ခွာရှောင်ပြီး အဘယ်ကြောင့် ရဟန်းဘောင် ဝင်ရောက်သွားသနည်း'

'သင် ရဋ္ဌပါလမှာ ဆွေမျိုးမိတ်သင်္ဂဟ ချို့တဲ့ခြင်းမရှိ၊ ဆွေမျိုးမိတ်သင်္ဂဟများ ကွယ်လွန်သေဆုံးသွားသောကြောင့် ဖြစ်ပေါ်လာသော မည်သည့်စိုးရိမ်မှုများမှ ဖြစ်ပေါ်လာစရာအကြောင်းမရှိပေ။ သင် ရဋ္ဌပါလသည် အဘယ်ကြောင့် လူ့ဘောင်ကခွာရှောင်ပြီး ရဟန်းဘောင် ဝင်ရောက်သွားသနည်း'

ရဋ္ဌပါလက ဘုရင်မင်းကြီး မေးမြန်းသော မေးခွန်းအားလုံးကို ပြန်လည်ဖြေကြားသည်။

'ဘုရင်မင်းကြီး၊ ကျွန်ုပ်သည် လေးမျိုးလေးပါးသော အကြောင်းအရာများကို သိလည်းသိ၏။ မြင်လည်းမြင်၏၊ သိလည်းသိတော်မူသော၊ မြင်လည်းမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ်ထံမှလည်း ကြားရ၏။ ဘဝသံသရာသည် အမြဲမရှိ၊ အနိစ္စဖြစ်၏။ အမြဲမပြတ် ပြောင်းလဲနေ၏။ ဘဝသံသရာ၏ အရှင်သခင် စောင့်ရှောက်သူဟူ၍ မည်သူမှမရှိ၊ ကျွန်ုပ်တို့သည် ဘာတစ်ခုမျှမဟုတ်ပေ။ ကျွန်ုပ်တို့သည် အားလုံးကို နောက်တွင် ထားခဲ့ပြီး သွားကြရမည်သာဖြစ်၏။ တဏှာရာဂမီး နှိပ်စက်ခြင်းခံနေရသည့် အတွက် ဘဝသံသရာတွင် ဆင်းရဲဒုက္ခရောက်နေရခြင်း ဖြစ်၏'

http://www.linhtet.com



ရဋ္ဌပါလမိန့်ကြားသောစကားကို ကြားရသောအခါ ဘုရင်မင်းကြီးသည် 'အံ့ဖွယ်ကောင်းပေစွ… အံ့ဖွယ်ကောင်းပေစွ၊ ယင်းအကြောင်းအရာနှင့်ပတ်သက်ပြီး တထာဂတ၏တရားသည် အလွန်မှန်ကန်ပါပေသည်' ဟု ပြောကြားသည်။

ထုလ္လကောဋ္ဌိတရွာ၌ နေ့ရက်အတန်ကြာ နေထိုင်သီတင်းသုံးပြီးလျှင် ရဋ္ဌပါလမထေရ်သည် သကျမုနိဗုဒ္ဓသီတင်းသုံးရာ သာဝတ္ထိသို့ ပြန်ကြွသွားသည်။ တစ်နေ့သ၌ သကျမုနိဗုဒ္ဓက ရဟန်းသံဃာတော်များ၏ စည်းဝေးသဘင်၌ ရဟန်း ရဋ္ဌပါလ၏အကြောင်း ချီးကျူးစကားပြောရင်း 'သဒ္ဓါတရားအခြေခံလျက် ရဟန်းပြုကြသူများထဲတွင် ရဋ္ဌပါလသည် အမြင့်ဆုံး၊ အမြတ်ဆုံး ရှေ့သွားခေါင်းဆောင်ဖြစ်၏' ဟု မိန့်မြွက်တော်မူသည်။

www.linhtet.com

# အင်္ဂုလိမာလ

အလွန်တရာ ကျယ်ပြန့်ကြီးမားသော စစ်တပ်ရှိသည့် ပသေနဒီ ကောသလမင်းကြီး ပြုလုပ်နိုင်စွမ်းမရှိသောအလုပ်ကို သကျမုနိဗုဒ္ဓက စကား ဝါကျတစ်ခွန်းတည်းဖြင့် ထမြောက်အောင်မြင်အောင် ပြုလုပ်နိုင်တော်မူသည်။ သကျမုနိဗုဒ္ဓ၏ အဆုံးအမမှာ 'နဟိဝေရေန ဝေရာနိ သမ္မန္တီဓ ကုဒါစနံ' (ရန်တုံ့ပြန်မှု ပြုလုပ်ခြင်းအားဖြင့် မည်သည့်အခါမျှ ရန်မီးငြိမ်းအေးမသွား နိုင်) ဟူ၍ ဖြစ်သည်။

ကောသလဘုရင်၏ တိုင်းနိုင်ငံ၊ ဇာလိနီတောအုပ်တွင် အင်္ဂုလိမာလ အမည်ရှိ ဓားပြတစ်ယောက် နေထိုင်သည်။ သူ၏လက်သည် အခါခပ်သိမ်း သွေးပေကျံနေသည်။ သူ၏အလုပ်သည် ခရီးသွား ခရီးလာများကို သတ်ဖြတ် ခြင်းဖြစ်သည်။ အင်္ဂုလိမာလသည် မနုဿလူသားတို့ကို အမုန်းပွားနေသူ ဖြစ်ပြီး သူ၏အဖော်အပေါင်းများမှာ တိရစ္ဆာန်များနှင့် ကျေးငှက်များဖြစ်သည်။

သူ့ကို ထိတ်လန့်ကြောက်ရွံ့ကြသောကြောင့် အနီးအနားက ရွာသူ ရွာသားများသည် မိမိတို့ရွာကို ပစ်ပြေးကုန်ကြသည်ဖြစ်၍ ရွာအတော်များများ မှာ လူဆိတ်သုဉ်းပြီး တိမ်ကောသွားကြပြီ။ ရွာသားများသာမက မြို့ပေါ်က လူများပင် ထိတ်လန့်တကြား ဖြစ်နေကြသည်။ အင်္ဂုလိမာလသည် ဘဂ္ဂဝ ဗြာဟ္မဏ၏သားဖြစ်သည်။ သူ့မိခင်၏အမည်မှာ သန္တာနီဖြစ်သည်။ ဘဂ္ဂဝ

http://www.linhtet.com



ဗြာဟ္မဏသည် ပသေနဒီကောသလမင်းကြီး၏ နန်းတော်၌ ဘုရင့်ပုရောဟိတ် ဖြစ်သည်။

စောရနက္ခတ်နှင့်ယှဉ်၍ မွေးသည်ဟုအဆိုရှိသော အင်္ဂုလိမာလ မွေးဖွားလာသောညဥ့်၌ နန်းတော်နှင့်မြို့တော်အတွင်းရှိ လက်နက်အားလုံး တဝင်းဝင်းတလက်လက် ဖြစ်သွားသည်။ သို့သော်လည်း လက်နက်များ၏ ယင်းထူးခြားလာသော အခြေအနေကြောင့် မည်သူ့ကိုမျှ ထိခိုက်သွားသည် ဟူ၍ မကြားရပေ။ ထို့ကြောင့် သူငယ်၏အမည်ကို 'အဟိံသက'ဟု မှည့်ခေါ် ထားကြသည်။

အချိန်တန်အရွယ်ရောက်လာသောအခါ ဖခင်ဖြစ်သူက အဟိံသက ကို ပညာသင်ကြားဆည်းပူးရန် တက္ကသီလာသို့ ပို့လိုက်သည်။ ထိုခေတ် ထိုအချိန်ကာလက သက္ကသီလာ၏ဆရာ ဒိသာပါမောက္ခအထံတွင် နှစ်မျိုး နှစ်စားသော တပည့်ကျောင်းသားများ ပညာသင်ယူနေကြသည်။ တစ်မျိုးမှာ အဖိုးအခပေး၍ ပညာသင်ယူသော တပည့်ကျောင်းသားများဖြစ်ပြီး၊ နောက် တစ်မျိုးက အဖိုးအခပေးနိုင်ခြင်းမရှိဘဲ ပညာသင်ယူနေကြသော ကျောင်းသား များဖြစ်သည်။ ဒုတိယအမျိုးအစား တပည့်ကျောင်းသားများကို 'ဓမ္မန္တေ ဝါသိက' ဟု ခေါ်သည်။

အဟိံသကသည် ဒုတိယအမျိုးအစား တပည့်ကျောင်းသားဖြစ်၍ တပည့်ကျင့်ဝတ် မချွတ်လိုက်နာပြီး ဆရာ့အလိုကျ စည်းကမ်းသေဝပ်စွာ နေသည်။ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသည်။ မမှန်သောစကားကို ပြောလေ့ မရှိပေ။ ချိုသာနစ်လိုဖွယ်ကောင်းသော စကားများကိုသာ ပြောဆိုသည်။ ဒိသာပါမောက္ခကလည်း အဟိံသကကို ချစ်သည်။ ဆရာ၏အချစ်တော် ဖြစ်လာသောအခါ တခြားတပည့်ကျောင်းသားများသည် အဟိံသကကို မနာလို ဝန်တိုဖြစ်ပြီး အဟိံသက ပျက်စီးရာပျက်စီးကြောင်း ကြံနေကြသည်။

'ပညာအရည်အချင်းရှိလာတဲ့အတွက် အဟိံသကကို ပညာမဲ့သူ ငတုံး ငအလို့လည်း ပြောလို့မရဘူး၊ ကိုယ်ကျင့်တရားနှင့် ပြည့်စုံတဲ့အတွက် အကျင့်ပျက်လို့လည်း ပြောလို့မရဘူး၊ အမျိုးကောင်းထဲက ဖြစ်တဲ့အတွက် အမျိုးပျက်

http://www.linhtet.com



အမျိုးယုတ်လို့လည်း ခေါ်လို့မရဘူး၊ အဟိံသကကို တက္ကသိုလာ လောကထဲကဖယ်ပစ်ဖို့ ဘယ်လိုလုပ်ကြမလဲ'

အဟိံသက ပျက်စီးရာ ပျက်စီးကြောင်း တိုင်ပင်ဆွေးနွေးနေကြသော ကျောင်းသားတစ်ယောက်က 'ဒိသာပါမောက္ခနှင့် ရန်တိုက်ပေးပြီး အဟိံသကကို ရှင်းပစ်လိုက်ရင် မကောင်းဘူးလား' ဟု အကြံဉာဏ်ပေးသည်။

အပြစ်မဲ့သူတစ်ဦးတစ်ယောက်ကို ရှင်းလင်းပစ်ရန်အတွက် လူ့ယဉ်ကျေးမှု၌ ယင်းလက်နက်ထက် အစွမ်းထက်သော တခြားလက်နက် ရှာတွေ့ဖို့ ခဲယဉ်းပေလိမ့်မည်။ လူတို့သည် မည်မျှပညာရှိသော်လည်း၊ မည်မျှသူရသတ္တိနှင့် ပြည့်စုံသော်လည်း မိန်းမနှင့်ပတ်သက်၍ စဉ်းစားသောအခါ ဂုဏ်သိက္ခာမှန်သမျှ၊ ထူးခြားချက်ဟူသမျှ နှစ်ပြားမတန်အောင် ဖြစ်သွားတတ်ကြသည်။ မိန်းမသည် ယောကျ်ား၏အားနည်းချက်ဖြစ်သည်။ ယောကျ်ားသည် မိန်းမ၏အားနည်းချက်ဖြစ်သည်။

အဟိံသကနှင့် ဆန့်ကျင်ဘက်ဖြစ်သော တက္ကသိုလာတပည့် ကျောင်းသားများသည် အုပ်စုသုံးစုခွဲလိုက်သည်။ ပထမအုပ်စုသည် ဒိသာပါမောက္ခထံ သွားကြသည်။ ထိုကျောင်းသားများကို 'တပည့်တို့ ဘာကိစ္စရှိလို့လဲ' ဟု မေးလိုက်သည်။

'ဆရာကြီးအိမ်မှာ ဇာတ်လမ်းတစ်ပုဒ် ကြားနေရတယ် ဆရာကြီး'

'ဘယ်လို ဇာတ်လမ်းလဲ'

'အဟိံသကတစ်ယောက် ဆရာကြီးအိမ်အတွင်းရေးကို မဲ့စွန်းထင်းအောင် လုပ်နေပါတယ်'

'မင်းတို့ ဘာတွေလာပြောနေကြတာလဲ၊ သွားကြ၊ ငါ့သားနှင့် ငါ့ကို အကြောင်းမဲ့သက်သက် စိတ်ဝမ်းကွဲအောင် လာလုပ်မနေကြနှင့်'

ဒိသာပါမောက္ခသည် အဟိံသကအကြောင်း မကောင်းပြောသော တပည့်များကို ကြိမ်းမောင်းလွှတ်လိုက်သည်။

ထို့နောက်တွင် ဒုတိယအုပ်စုကလည်းကောင်း၊ တတိယအုပ်စုကလည်းကောင်း ဒိသာပါမောက္ခကြီးထံလာပြီး ပထမအုပ်စုပြောသည့်အတိုင်းပင် ပြောကြသည်။

http://www.linhtet.com



'တကယ်လို့ ကျွန်ုပ်တို့ ပြောတာမယုံဘူးဆိုရင် ဆရာကြီးကိုယ်တိုင် စုံစမ်းစစ်ဆေးကြည့်ပါ'

ဒိသာပါမောက္ခသည် ဇနီးမယားနှင့် အဟိံသကအပေါ်တွင် သံသယ မကင်း ဖြစ်လာသည်။ ဇနီးမယားအပေါ်၌ သံသယဖြစ်လာခြင်းသည် သူ၏ အကြီးမားဆုံးသောအားနည်းချက် သို့မဟုတ် ရောဂါဝေဒနာဖြစ်သည်။ ယင်း သံသယသည် နှစ်ဦးစလုံးကို ပြဿဝရောက်သွားအောင် လောင်မြိုက်ပေ လိမ့်မည်။

ဒိသာပါမောက္ခ၏စိတ်နှလုံးထဲတွင် သို့လောသို့လော ဖြစ်လာသည်။

'သူတို့နှစ်ယောက် ကျင့်ဝတ်ဖောက်ပြားတဲ့ဆက်ဆံမှု ပြုလုပ်နေ ကြတယ်ထင်တယ်၊ အဟိံသကအား သတ်ပစ်လိုက်ရင် ကောင်းမလား၊ တကယ်လို့ သတ်ပစ်လိုက်မယ်ဆိုရင် ဒိသာပါမောက္ခဟာ သူ့ဆီမှာ ပညာ လာသင်တဲ့ တပည့်ကျောင်းသားကို အပြစ်တစ်စုံတစ်ရာကြောင့် သတ်ပစ်လိုက် တယ်လို့ သိသွားကြပြီး ငါ့ထံ ဘယ်တပည့်ကျောင်းသားမှ လာကြတော့မှာ မဟုတ်။ အဲဒီအခြေအနေမျိုးရောက်သွားရင် ငါ၏ ကျော်စောကိတ္တိနှင့် လာဘ် သပ္ပကာ ဆုံးရှုံးနစ်နာသွားလိမ့်မယ်'

ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် ထိုနည်းလမ်းကို မသုံးတော့ဘဲ အခြားနည်းလမ်း တစ်လမ်းဖြင့် အဟိံသကကို ရှင်းပစ်ဖို့ ဆုံးဖြတ်လိုက်သည်။ အဟိံသကကို လူပေါင်းတစ်ထောင်ကို သတ်စေပြီး လူပေါင်းတစ်ထောင်၏ လက်ညှိုးပေါင်းတစ်ထောင်နှင့် ဆရာကြေးအဖြစ် ကန်တော့ရမည်ဟု တောင်းဆိုလိုက်မည်ဆိုပါက မိမိတောင်းဆိုသည့်အတိုင်း ပြုလုပ်လျှင် အဟိံ သကသည် တစ်ယောက်ယောက်၏လက်ချက်နှင့် အသက်မထွက်ဘဲ နေလိမ့် မည်မဟုတ်ပေ။ ယင်းသို့ စိတ်ကူးပြီးလျှင် ဒိသာပါမောက္ခသည် အဟိံသကကို သူ၏အပါးသို့ ခေါ်လိုက်သည်။

'ငါ့သားကို ဆရာ တစ်ခုပြောပြမယ်၊ ငါ့သား ပညာသင်လို့ ပြီးဆုံး သွားပြီ။ ပညာသင်လို့ ပြီးဆုံးသွားတဲ့အခါ တပည့်အနေနှင့် ဆရာကြေး ပေးဖို့ လိုလာလိမ့်မယ်။ ငါ့သားထံက ဆရာကြေးအဖြစ် ကြေးငွေခနေ မလို

http://www.linhtet.com



ချင်ဘူး၊ ငါ့သား လူပေါင်းတစ်ထောင်သတ်ပြီး၊ လူပေါင်းတစ်ထောင်က လက်ညှိုးတစ်ချောင်းစီဖြတ်ယူပြီး ဆရာကြေးအဖြစ် ပေးစေချင်တယ်'

'ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့ဟာ သူတစ်ပါးအသက် ညှဉ်းဆဲသတ်ဖြတ်ခြင်းမပြုတဲ့ အဟိံသက အမျိုးအနွယ်မှာ မွေးဖွားလာရတဲ့ လူတွေဖြစ်ပါတယ်၊ ဆရာကြီးပြောသလို ဆရာကြေးပေးဖို့အတွက် လူတွေကို ကျွန်ုပ်မသတ်နိုင်ပါဘူး'

အဟိံသကက ပြန်လည်ပြောပြလိုက်သည်။

'ဆရာကြေးမပေးဘဲနှင့် တတ်မြောက်လာတဲ့ အတတ်ပညာဆိုတာ အကျိုးဖြစ်ထွန်းမှု ရှိမလာနိုင်ဘူး ငါ့သား'

တပည့်ကျောင်းသားတိုင်း မိမိတို့တတ်မြောက်ထားသော အတတ်ပညာ၏ အကျိုးဖြစ်ထွန်းမှုကို လိုလားသူများသာ ဖြစ်ကြသည်။ အဟိံသကလည်း မိမိတတ်မြောက်ထားသော အတတ်ပညာအကျိုးဖြစ်ထွန်းလာမှုကို မလိုလားဘဲ နေမည်မဟုတ်၍ ဒိသာပါမောက္ခ၏အမိန့်ကို မလိုက်နာချင်ဘဲ လိုက်နာရလေတော့သည်။

အဟိံသကသည် သူ၏ဆရာ ဒိသာပါမောက္ခကို ရှိခိုးဦးညွှတ်ပြီး လျှင် ဓားဆွဲလျက် ကောသလတိုင်းပြည်အတွင်းက ဇာလိနီတောအုပ်ထဲဝင်သွားပြီး လက်ညှိုးပေါင်းတစ်ထောင်ရအောင် တွေ့သမျှခရီးသွားခရီးလာများကို သတ်သည်။ သေသူတစ်ယောက်စီ၏ လက်ညှိုးတစ်ချောင်းစီကို သီတံဖြင့် သီပြီး ပန်းကုံးပမာ လည်ပင်းတွင်ဆွဲထားသည်။ ထို့ကြောင့် သူ၏အမည်သည် 'အင်္ဂုလိမာလ'ဟု တွင်နေသည်။

အင်္ဂုလိမာလကို ထိတ်လန့်ကြောက်ရွံ့သောကြောင့် ဇာလိနီတောအုပ်ထဲတွင် မည်သူမျှ အသွားအလာမလုပ်ကြသောအခါ အင်္ဂုလိမာလသည် ညဥ့်အချိန်၌ ရွာများသို့ သွားသည်။ အိမ်တံခါးကိုဖွင့်လျက် လူတို့ကို သတ်ဖြတ်ပြီး လက်ချောင်းဖြတ်ယူသည်။ ထို့ကြောင့် သုံးယူဇနာအတွင်းက လူများသည် ရွာများကို စွန့်လွှတ်လျက် သာဝတ္ထိမြို့အနီးအနားတစ်ဝိုက်၌ တဲထိုးပြီး နေကြသည်။ ပြည်သူပြည်သားများသည် ဘုရင်မင်းကြီးအား...

http://www.linhtet.com



'အရှင်မင်းကြီး၊ တိုင်းပြည်နိုင်ငံတွင် ဓားပြကြီး အင်္ဂုလိမာလ သောင်းကျန်းနေပါသည်' ဟု အကြောင်းကြားကြသည်။ ဘုရင်မင်းကြီးသည် အင်္ဂုလိမာလကို ဖမ်းဆီးရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားအားထုတ်သည်။ သို့သော်လည်း မည်သို့ပင်ကြိုးစားအားထုတ်စေကာမူ အင်္ဂုလိမာလကို ဖမ်းမမိပေ။ ဘုရင်မင်းကြီးသည် အင်္ဂုလိမာလရန်က ပြည်သူပြည်သားများကို အကာအကွယ်မပေးနိုင်အောင် ဖြစ်နေသည်။

ထိုအချိန်၌ သကျမုနိဗုဒ္ဓသည် သာဝတ္ထိရှိ အနာထပိဏ်သူဋ္ဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသည်။ အင်္ဂုလိမာလအကြောင်းကို ကြားသိရသော သကျမုနိဗုဒ္ဓသည် ဓားပြအင်္ဂုလိမာလကို လူကောင်းတစ်ယောက်ဖြစ်လာအောင်၊ သူတော်သူမြတ် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာ အောင် ပြုလုပ်မည်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ တစ်နေ့တွင် အင်္ဂုလိ မာလရှိသည်ဟု ကြားရသောနေရာသို့ သကျမုနိဗုဒ္ဓ ကြွလာသည်ကို မြင်ရ သောအခါ နွားကျောင်းနေသူများ၊ လယ်ထွန်နေသူများ၊ ခရီးသွား ခရီးလာ များက 'သမဏ၊ ဟိုဘက်ကြွတော်မမူပါနှင့်၊ အင်္ဂုလိမာလစက်ကွင်းထဲ ရောက်သွားလိမ့်မယ်' ဟု အော်ဟစ်ပြောကြသည်။

တထာဂတသည် မည်သို့မျှ ပြန်လည်မိန့်ကြားခြင်းမရှိဘဲ သွားမြဲ လမ်းကိုသာ သွားနေတော်မူသည်။ လူပေါင်းများစွာတို့က အော်ဟစ်သတိပေး ကြသော်လည်း ဦးတည်နေသော အရပ်မျက်နှာကို ပြောင်းလဲခြင်းမရှိဘဲ ယင်းအရပ်မျက်နှာဆီသို့သာ သွားမြဲသွားနေသည်။

အင်္ဂုလိမာလဆိုသူမှာ မည်သူနည်း။ မည်သည့်နေရာက ရောက်လာ သနည်း။ မည်သူမျှ အင်္ဂုလိမာလ ဇာစ်မြစ်ကို မသိကြပေ။ သားရာပုံတော်ဖွင့် နေသော အင်္ဂုလိမာလ၏မိခင်သည် သူ့သားအကြောင်းကို သိရှိသွားသည်ဖြစ်၍ တစ်နေ့တွင် သူ့သားရှိသည်ဟု ကြားရသောနေရာဆီသို့ ထွက်လာခဲ့သည်။ သူ့သားကို ဖျောင်းဖျောင်းဖျဖျ ဆုံးမစကားပြောလိုသော အာသီသဖြင့် သားရှိရာသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်၌ အင်္ဂုလိမာလသည် သူ၏ ' အင်္ဂုလိမာလ' လက်ချောင်း ပန်းကုံးတွင် လက်ချောင်းတစ်ထောင်ပြည့်ဖို့ လိုနေသေးသည်။ နောက်ထပ်

http://www.linhtet.com



လက်ချောင်းရဖို့ အရေးတကြီးဖြစ်နေသော အင်္ဂုလိမာလသည် သူ၏မိခင် လာသောလမ်းဆီသို့ လှမ်းကြည့်လျက် မိခင်ဖြစ်သူကိုသတ်ပြီး မိခင်ဖြစ်သူ၏ လက်ချောင်းကိုဖြတ်ယူဖို့ စိတ်ကူးနေစဉ် သကျမုနိဗုဒ္ဓ သူ့အနီးကြွလာသည် ကို မြင်သွားပြန်သည်။ ထိုအခါ မိခင်ဖြစ်သူကိုထားခဲ့ပြီး သကျမုနိဗုဒ္ဓ နောက် ပြေးလိုက်သည်။

အစပထမတွင် သကျမုနိဗုဒ္ဓတစ်ပါးတည်း ကြွလာသည်ကို မြင်ရ သောကြောင့် အံ့အားသင့်သွားသည်။ လူလေးဆယ်၊ လူငါးဆယ်လောက် ပေါင်းပြီး သွားဖို့ရန်အတွက်ပင် ထိတ်လန့်ကြောက်ရွံ့နေသောနေရာသို့ သကျမုနိ ဗုဒ္ဓတစ်ပါးတည်း ကြွလာသည်ကိုမြင်ရသောအခါ အင်္ဂုလိမာလသည် ဘယ်မှာ အံ့အားမသင့်ဘဲ နေမည်နည်း။ သကျမုနိဗုဒ္ဓသည် ပုံမှန်အတိုင်း ခြေလှမ်းလှမ်း နေတော်မူခြင်းသာဖြစ်သည်။ သို့ရာတွင် အင်္ဂုလိမာလသည် သကျမုနိဗုဒ္ဓ နောက် အပြေးလိုက်သွားသော်လည်း သကျမုနိဗုဒ္ဓကို မီအောင်မလိုက်နိုင်ဘဲ ဖြစ်နေသည်။

အင်္ဂုလိမာလက စဉ်းစားကြည့်သည်။

'ထူးဆန်းလှပါကလား၊ အံ့ဖွယ်ကောင်းလှပါကလား၊ ယခုအချိန် အထိ ငါသည် အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးသွားနေသော ဆင်ကိုဖြစ်စေ၊ မြင်းကိုဖြစ်စေ၊ ယာဉ်ကိုဖြစ်စေ၊ သမင်ကိုဖြစ်စေ မီအောင်လိုက်နိုင်ခဲ့သည်။ ယခု အားကုန်ထုတ်ပြီး ပြေးပါသော်လည်း မှန်မှန်လျှောက်သွားနေသော ဤသမဏကို မီအောင်မလိုက်နိုင်ပါကလား'

အင်္ဂုလိမာလသည် ရပ်တန့်လျက် သကျမုနိဗုဒ္ဓကို အော်ပြော လိုက်သည်။

'သမဏ ရပ်လိုက်ပါ'

သကျမုနိဗုဒ္ဓက ပြန်ပြောလိုက်သည်။

'အင်္ဂုလိမာလ ငါ ရပ်တန့်နေသည်၊ သင်လည်း ယခု မကောင်းမှု အလုပ်ကို ရပ်တန့်ပစ်လိုက်လော့၊ ဤနေရာသို့ ငါလာခြင်းသည် သင့်ကို လမ်းမှန်ပေါ်ရောက်သွားစေဖို့အတွက် လာရခြင်းဖြစ်၏၊ သင်၏အတွင်းသန္တာန်

http://www.linhtet.com



ထဲက စိတ်ကောင်းစိတ်မြတ်သည် ယခု ပျက်စီးပျောက်ကွယ်သွားခြင်း မရှိသေးပေ။ အကယ်၍ ယင်းစိတ်ကောင်းစိတ်မြတ်ကို တစ်ကြိမ်တစ်ခါလောက် အခါအခွင့်ပေးလိုက်မည်ဆိုလျှင် သင်၏ဘဝသည် အကြီးအကျယ် အပြောင်းအလဲ ဖြစ်လာပေလိမ့်မည်'

သကျမုနိဗုဒ္ဓ၏ အမြိုက်စကားသည် အင်္ဂုလိမာလအပေါ်တွင် သြဇာသက်ရောက်မှု ရှိသွားသည်။ အညှို့ခံအရှုံးပေးလိုက်ပြီးလျှင် အင်္ဂုလိမာလ စဉ်းစားကြည့်သည်။

'နောက်ဆုံးပိတ်ကျတော့ ဤသမဏသည် ငါ့ကို အနိုင်ယူလိုက်ပြီ။ သကျမုနိဗုဒ္ဓသည် သူ၏အမြိုက်စကားဖြင့် ကြမ်းတမ်းရက်စက်သော လူသတ်သမားကို သူ့အလိုပါအောင် ပြုလုပ်လိုက်ပြီ'

ယင်းသို့ စဉ်းစားပြီးလျှင် အင်္ဂုလိမာလသည် သူ၏လည်ပင်းတွင် ဆွဲထားသော လက်ချောင်းပန်းကုံးကိုဖြုတ်၍ လွှင့်ပစ်လိုက်ပြီးနောက် သကျမုနိဗုဒ္ဓ၏ ခြေတော်အစုံပေါ်တွင် လဲလျောင်းလိုက်သည်။ လူနတ်ဗြဟ္မာသတ္တဝါ တို့၏ ဆရာအရှင်ဖြစ်တော်မူသော သကျမုနိဗုဒ္ဓက 'လာလှည့်ရဟန်း' ဟု မိန့်ကြားလိုက်သောအခါ ထိုခဏ၌ပင် အင်္ဂုလိမာလသည် ရဟန်းအသွင်ဖြစ်သွားသည်။ သကျမုနိဗုဒ္ဓသည် အင်္ဂုလိမာလကို နောက်တော်ပါးက ခေါ်ဆောင်ခဲ့ပြီးလျှင် သာဝတ္ထိရှိ ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူသည်။

တစ်နေ့သောအခါ၌ ပသေနဒီကောသလမင်းကြီးသည် သကျမုနိဗုဒ္ဓကို ဖူးမြော်ကန်တော့ရန် ဇေတဝန်ကျောင်းသို့ကြွသွားသည်။ ဗုဒ္ဓက ဘုရင်မင်းကြီးကို မေးလိုက်သည်။

'ဘုရင်မင်းကြီး... သင် မင်းကြီးသည် မဂဓဘုရင် ဗိမ္ဗိသာရနှင့် အဆင်မပြေဖြစ်နေ၍လား၊ သို့တည်းမဟုတ် ဝေသာလီက လိစ္ဆဝီမင်းတို့နှင့် ဖြစ်စေ သို့မဟုတ် တခြားဆန့်ကျင်ဘက် အင်အားစုများနှင့်ဖြစ်စေ ကတောက်ကဆဖြစ်နေ၍လား၊ သင် မင်းကြီးကို အကဲခတ်ရသည်မှာ ပြဿနာတစ်ခုခုနှင့် ရင်ဆိုင်နေရပုံပေါ်၏'

"အရှင်သူမြတ်ဘုရား မိန့်ကြားတော်မူသလို တခြားတိုင်းပြည်များ

http://www.linhtet.com



က ဘုရင်များနှင့် အဆင်မပြေ အစေးမကပ်သည့်အတွက် ပြဿနာ တစ်စုံ တစ်ရာ ရင်ဆိုင်နေရခြင်းမဟုတ်ပါ။ တပည့်တော်၏တိုင်းနိုင်ငံ၌ အင်္ဂုလိမာလ အမည်ရှိ ဓားပြတစ်ယောက် သောင်းကျန်းနေပါ၏။ အင်္ဂုလိမာလသည် တပည့်တော်၏ ပြည်သူပြည်သားများကို ညှဉ်းဆဲသတ်ဖြတ်နေပါ၏။ တပည့် တော် အင်္ဂုလိမာလကို ဖမ်းဆီးပြီး အပြစ်ဒဏ်ပေးဖို့ ကြိုးစားအားထုတ် နေ ပါ၏။ သို့ရာတွင် ယခုအထိ တပည့်တော်၏ကြိုးစားအားထုတ်မှု ထမြောက် အောင်မြင်ခြင်း မရှိသေးပါဘုရား'

'ဘုရင်မင်းကြီး၊ အကယ်၍ အင်္ဂုလိမာလသည် ယခုအခါတွင် ဆံမုတ်ဆိတ်ပယ်လျက် ဖန်ရည်သင်္ကန်းဝတ်ရုံပြီး ရဟန်းတစ်ပါးဖြစ်လာပြီး လျှင် မည်သူ့ကိုမှလည်း မသတ်ဖြတ်၊ မုသားစကားကိုလည်း မပြောဆို၊ အဒိန္နဒါနကံကိုလည်း မကျူးလွန်၊ တစ်နေ့ ဆွမ်းတစ်နပ်သာ စားနေသည် ဆိုလျှင် သင်မင်းကြီး သူ့ကို မည်သို့မည်ပုံ ပြုမူဆက်ဆံမည်နည်း'

'အရှင်သူမြတ်ဘုရား၊ တပည့်တော်သည် သူ့ကို ရှိခိုးဦးမခိုက်ဘဲ နေ၍ ရလိမ့်မည်မဟုတ်ပါ၊ သူကြွလာလျှင် တပည့်တော် မတ်တတ်ရပ်ပြီး သူ့ကိုထိုင်ပါဟု တောင်းပန်လျှောက်ထားရလိမ့်မည်။ တခြားလိုအပ်ချက်များ ကိုလည်း လက်ခံပါမည့်အကြောင်း တောင်းပန်ရလိမ့်မည်။ သူ့ လုံခြုံရေး အတွက်လည်း အစီအစဉ်ပြုလုပ်ပေးရလိမ့်မည်။ သို့သော် ဤမျှယုတ်မာ သော၊ ဤမျှအဆင့်နိမ့်ကျသောလူသည် ဘယ်မှာသီလရှိသူတစ်ယောက် ဖြစ်လာနိုင်ပါမည်နည်း'

ထိုအချိန်၌ အင်္ဂုလိမာလသည် သကျမုနိဗုဒ္ဓနှင့် မလှမ်းမကမ်း တစ်နေရာ၌ ထိုင်နေသည်။ သကျမုနိဗုဒ္ဓသည် ညာဘက်လက်တော်ကိုထုတ် လျက် အင်္ဂုလိမာလဘက် ညွှန်ပြပြီးလျှင် 'ဘုရင်မင်းကြီး... ဟိုမှာကြည့်စမ်း၊ ဘယ်သူလဲ၊ အင်္ဂုလိမာလမဟုတ်လား' ဟု မိန့်တော်မူလိုက်သည်။ ဘုရင် မင်းကြီးသည် အင်္ဂုလိမာလကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် ပါးစပ် အဟောင်းသားဖြစ်သွားပြီးလျှင် ကြောက်ဒူးတုန်လာသည်။ ကောသလမင်းကြီး ၏ အခြေအနေကို တွေ့မြင်ရသောကြောင့် သကျမုနိဗုဒ္ဓက...

http://www.linhtet.com



'ဘုရင်မင်းကြီး... ကြောက်ရွံ့ခြင်းမဖြစ်ပါနှင့်၊ ဤနေရာသည် ထိတ်လန့်ကြောက်ရွံ့စရာ နေရာမဟုတ်ပါ' ဟု မိန့်တော်မူလိုက်သည်။

ကောသလမင်းကြီး၏ ထိတ်လန့်တုန်လှုပ်ခြင်းသည် ပျောက်ကွယ်သွားသည်။ အင်္ဂုလိမာလ၏ အနီးကပ်သွားလျက် 'အရှင်ဘုရား အင်္ဂုလိမာလအစစ်ဟုတ်ပါရဲ့လား' ဟု မေးလိုက်သည်။

'ဟုတ်ပါတယ် အရှင်မင်းကြီး'

'အရှင်ဘုရား၏ ဖခင်သည် မည်သည့်အမျိုးအနွယ် ဖြစ်ပါသနည်း၊ အရှင်ဘုရား၏မိခင်သည် မည်သည့်အမျိုးအနွယ် ဖြစ်ပါသနည်း'

'ကျွန်ုပ် ဂဂ္ဂမေတ္တာယဏီ၏ သားဖြစ်ပါသည်၊ အရှင်မင်းကြီး စိတ်ရွှင်လန်းချမ်းမြေ့စွာ နေထိုင်ပါ'

'တပည့်တော် ယနေ့ကစပြီး သင် ရဟန်း၏ လိုအပ်ချက်အားလုံး ဖြည့်တင်းပါမည်'

'အရှင်မင်းကြီး၊ ကျွန်ုပ် မည်သည့်အရာဝတ္ထုကိုမှ အလိုမရှိပါ၊ ကျွန်ုပ်ထံတွင် မည်သည့်အရာဝတ္ထုမျိုးမဆို အပြည့်အစုံရှိပါ၏'

အင်္ဂုလိမာလသည် ရဟန်းဖြစ်ပြီး မကြာခင်ပင် ဓုတင်ကျင့်သုံးဆောက်တည်သည်။ တောထဲတွင်နေထိုင်သည်။ ဆွမ်းခံ၍ရသမျှနှင့်သာ တင်းတိမ်ရောင့်ရဲသည်။ တိစီဝရိတ် သင်္ကန်းသုံးထည်မျှကိုသာ ဝတ်ရုံသည်။ တိစီဝရိတ် သင်္ကန်းသုံးထည်သည်လည်း အဝတ်စများကို ချုပ်ထားသော သင်္ကန်းမျှသာ ဖြစ်သည်။ ထို့ကြောင့် အင်္ဂုလိမာလသည် ကောသလဘုရင်မင်းကြီးထံမှ မည်သည့်ပစ္စည်းဝတ္ထုကိုမျှ လက်ခံယူလိုသောဆန္ဒ မပြခြင်းဖြစ်သည်။

သကျမုနိဗုဒ္ဓထံ ပြန်လည်ရောက်ရှိလာသောအခါ ဘုရင်မင်းကြီးက တအံ့တသြလျှောက်ထား ပြောပြလိုက်သည်။

'အရှင်သူမြတ်ဘုရား၊ မဖြစ်စဖူး ထူးကဲသောအဖြစ်အပျက် ဖြစ်ပါ၏၊ အံ့ဖွယ်အဖြစ်အပျက် ဖြစ်ပါ၏၊ အရှင်မြတ်ဘုရားသည် လူရိုင်းကို ယဉ်ကျေးသိမ်မွေ့အောင် ပြုလုပ်တော်မူလိုက်ပြီ၊ ဆုံးမ၍မရသောသူကို

http://www.linhtet.com



ဦးကျိုးသွားအောင် ဆုံးမတော်မူလိုက်ပြီ၊ မငြိမ်သက်သောသူကို ငြိမ်သက်အောင် ပြုတော်မူလိုက်ပြီ၊ တပည့်တော်အနေနှင့် တုတ်ဓားကိုအသုံးပြု၍ မိမိအလိုပါအောင် မလုပ်နိုင်သောသူကို အရှင်သူမြတ်ဘုရားက စကား တစ်ခွန်းတည်းနှင့် မိမိအလိုပါအောင် ပြုလုပ် တော်မူလိုက်ပြီ၊ တပည့်တော်ကို သွားခွင့်ပြုတော်မူပါဘုရား၊ တပည့်တော်တွင် ပြုလုပ်ဆောင်ရွက်ဖွယ် အလုပ်ကိစ္စများစွာ ရှိနေပါ၏'

ကောသလမင်းကြီးသည် သကျမုနိဗုဒ္ဓကို ခွင့်ပန်လျက် ရှိခိုးဦးခိုက်ပြီးလျှင် ပြန်လည်ထွက်ခွာ သွားသည်။

တစ်နေ့သ၌ အင်္ဂုလိမာလမထေရ်သည် နံနက်ခင်းအချိန် သင်္ကန်း ရုံပြီးလျှင် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွရောက်လာသောအခါ ကိုယ်လေး လက်ဝန်ရှိသော မိန်းမတစ်ယောက် ညည်းညူနေသည်ကို တွေ့မြင်ရသည်။

ထိုမိန်းမသည် မီးမဖွားမီ ခံစားရသောဝေဒနာကို အလူးအလိုမ့်ခံစား နေရရှာသည်။ ထိုမိန်းမ၏အခြေအနေကို တွေ့မြင်ရသောအခါ အင်္ဂုလိမာလက 'သတ္တဝါများသည် ဒုက္ခခံစားနေကြရ၏။ ရှိရှိသမျှသတ္တဝါများသည် ဒုက္ခနှင့် မကင်းကြပါကလား' ဟု ပြောလိုက်သည်။

ဆွမ်းကိစ္စပြီး၍ သကျမုနိဗုဒ္ဓထံတော်သို့ ရောက်သွားသောအခါ အင်္ဂုလိမာလသည် သကျမုနိဗုဒ္ဓအား ထိုမိန်းမအကြောင်း လျှောက်ထားပြော ပြလိုက်သည်။ ထိုအခါ သကျမုနိဗုဒ္ဓက အင်္ဂုလိမာလကို မိန့်တော်မူသည်။

'အင်္ဂုလိမာလ... ထိုမိန်းမထံသွားပြီး ပြောချေ၊ နှမ.. အကယ်၍ ငါသည် သက်ရှိလူများကို အသက်သေစေလိုသောစိတ်ဖြင့် သတ်ဖြတ်ခြင်း မပြုခဲ့ရိုးမှန်လျှင် ယင်းသစ္စာစကားကြောင့် သင် နှမ ဒုက္ခကင်းဝေးပါစေ၊ သင်၏ အာဝေဏိကဝေဒနာ ပျောက်ကင်းပါစေ' ဟု အဓိဋ္ဌာန်ပြုစေခိုင်းသည်။

အင်္ဂုလိမာလက ပြန်လည်လျှောက်ထားသည်။

'အရှင်သူမြတ်ဘုရား၊ ယင်းသို့ပြောပါလျှင် တပည့်တော် မုသား စကားဆိုရာမရောက်ပေဘူးလား၊ တပည့်တော်သည် အသက်ပေါင်းများစွာကို သေစေလိုသောစိတ်ဖြင့် သတ်ဖြတ်ခဲ့ခြင်းဖြစ်ပါ၏'

http://www.linhtet.com



'ယင်းသို့ပြီးတကား အင်္ဂုလိမာလ၊ ထိုမိန်းမကို ဤသို့ပြောပါလေ၊ နှမ... အကယ်၍ ငါသည် အရိယဇာတိအဖြစ်နှင့် မွေးဖွားလာသောအခါက စ၍ သေစေလိုသောစိတ်ထားနှင့် သက်ရှိသတ္တဝါကို သတ်ဖြတ်ခြင်း မပြုလုပ်ရိုး အမှန်ပါ၊ ယင်းသစ္စာစကားကြောင့် သင်နှင့် သင်၏ကိုယ်ဝန်ဆောင်သည့်ဒုက္ခ ကင်းငြိမ်းသွားပါစေ'

'အရှင်ဘုရားအမိန့်အတိုင်း တပည့်တော်ဆောင်ရွက်ပါမည်'

ယင်းသို့ပြောပြီးလျှင် အင်္ဂုလိမာလသည် ထိုမိန်းမထံ တစ်ဖန် သွားလျက် သကျမုနိဗုဒ္ဓ မိန့်တော်မူသည့်အတိုင်း ပြောလိုက်သည်။ ထိုအခါ ကိုယ်ဝန်ဆောင်မိန်းမအပေါ်တွင် သြဇာအရှိန်အဝါ သက်ရောက်မှုရှိသွားပြီး လျှင် ကလေးမီးဖွားလာသည်။

ဆိတ်ငြိမ်သောနေရာ၌ ဘာဝနာပွားများအားထုတ်သော အင်္ဂုလိမာလသည် မကြာမီအတောအတွင်း၌ပင် ရဟန္တာဖြစ်သွားပြီးလျှင် ဘဝ လွတ်မြောက်မှု ရရှိသောပုဂ္ဂိုလ်များထဲတွင် တစ်ပါးအပါအဝင် ဖြစ်လာသည်။

တစ်နေ့သ၌ အင်္ဂုလိမာလသာည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံထွက်လာသည်။ လူတစ်ယောက်က အင်္ဂုလိမာလ၏ ဦးခေါင်းကို ခဲနှင့်ပေါက်ပြီး ထွက်ပြေးသည်။ အခြားတစ်ယောက်က အင်္ဂုလိမာလကို တုတ်နှင့်ရိုက်သည်။ တခြားတစ်ယောက်က ကျောက်ခဲနှင့်ပေါက်သည်။ အင်္ဂုလိမာလ၏ ဦးခေါင်းမှ သွေးများစီးကျလာသည်။ သူ၏သပိတ်လည်း ကွဲသွားသည်။ သင်္ကန်းလည်း စုတ်သွားသည်။ အကြီးအကျယ် ဒဏ်ရာရသွားသည်။ ခပ်လှမ်းလှမ်းမှလာသော အင်္ဂုလိမာလကို တွေ့ရသောအခါ သကျမုနိဗုဒ္ဓက ကြင်နာသော အသံတော်ဖြင့် မိန့်တော်မူလိုက်သည်။

'အင်္ဂုလိမာလ သည်းခံစိတ်ထားရမည်'

ဆိတ်ငြိမ်သောနေရာ၌ ဝိမုတ္တိရသကို ခံစားနေရင်း အင်္ဂုလိမာလက မြွက်ကြားသည်။

'ယခင်က မေ့လျော့ပေါ့တန်စွာနေခဲ့သော်လည်း နောက်ပိုင်း၌ သတိတရားရရှိလာသောပုဂ္ဂိုလ်သည် မိုးတိမ်တိုက်အတွင်းမှ လွတ်မြောက်လာသော လမင်းကဲ့သို့ လောကကို ထွန်းလင်းတောက်ပစေလိမ့်မည်'

http://www.linhtet.com



'ငါ၏ရန်သူများလည်း ယင်းသင်ခန်းစာကို ရယူကြရလိမ့်မည်။ ယင်းသခန်းစာကို လက်ခံပြီးလျှင် ပညာလမ်းကြောင်းတွင် လျှောက်သွားကြရလိမ့်မည်။ ငါ၏ရန်သူများလည်း ချစ်ခင်ကြင်နာခြင်း၊ နှိမ့်ချခြင်း၊ သည်းခံခြင်း သင်ခန်းစာများကို လက်ခံကြရလိမ့်မည်။ ယင်းသင်ခန်းစာများအတိုင်း ကျင့်သုံးကြရလိမ့်မည်'

'အင်္ဂုလိမာလအဖြစ်ဖြင့် ငါသည် နိမ့်ကျယုတ်ညံ့ခဲ့သည်။ အောက်ဘက် ဦးခေါင်းစိုက်နေသည်။ ငါသည် ရေအလျင်ဖြင့် အကြေသို့စီးဆင်းသွားနေသည်။ တထာဂတသည် ငါ့ကို ကြည်းကုန်းပေါ် တင်ပေးသည်။ အင်္ဂုလိမာလအဖြစ်ဖြင့် ငါသည် မိမိ၏လက်ကို သွေးစွန်းစေခဲ့သည်။ ယခုအခါ၌ ငါသည် အပြည့်အဝလွတ်မြောက်မှု ရရှိသွားပြီ'

ရဟန်းပြုပြီး မကြာခင်ကာလအတောအတွင်း၌ပင် အင်္ဂုလိမာလ ခန္ဓာဝန်ချသွားသည်ဟု အဆိုရှိသည်။ ။

# ယသ

လုလင်ယသ၏ဖခင်သည် ဗာရာဏသီ၌နေသော သြဇာတိက္ကမရှိသူ သူကြွယ်တစ်ဦးဖြစ်သည်။ ယင်းကဲ့သို့ ဥစ္စာဓနကုံလုံကြွယ်ဝသောသူဌေး သူကြွယ်တစ်ဦး၏မိသားစု၌ ဧကပုတ္တ တစ်ဦးတည်းသောသားအဖြစ် မွေးဖွားလာသူတစ်ဦးအတွက် ဥစ္စာပစ္စည်းချို့တဲ့နေသည်ဟုဆိုလျှင် ယုံတမ်းစကားဟု ပြောကြမည်လားမသိပေ။ ထိုခေတ်လူ့အဖွဲ့အစည်း၏ စည်းစနစ်အတိုင်း လုလင်ယသအတွက် စည်းစိမ်ချမ်းသာခံစားစရာ အရာဝတ္ထုအမျိုးမျိုးသည် လက်တစ်ကမ်း၌ အဆင်သင့်ရှိနေသည်။ ထိုခေတ် လူ့အဖွဲ့အစည်း၌ ဥစ္စာဓန ကြွယ်ဝချမ်းသာပြီး မယား ဟောတစ်ယောက်၊ ဟောတစ်ယောက်ယူသူများအား ဂုဏ်ရှိသူ၊ သြဇာတိက္ကမရှိသူအဖြစ် ထင်မှတ်ယူဆထားကြပုံရသည်။ ထို့ကြောင့် လုလင်ယသတို့၏ အိမ်ထောင်မိသားစု၌ လိုလေသေးမရှိ၊ စည်းစိမ်ခံစားစရာ အဆောင်အယောင် အပြည့်ရှိနေသည်။

လုလင်ယသသည် အိမ်ထောင်ရက်သားကျပြီးသူ တစ်ဦးဖြစ်သည်။ သူ့အတွက် လောကီအာရုံခံစားစရာ ဘာတစ်ခုမျှ ချို့တဲ့ယုတ်လျော့နေသည် မရှိပေ။ သူ၏ဖခင်က သူ့အတွက် ရာသီဥတုအလိုက်စံနေရန် စံအိမ်များကို ဆောက်လုပ်ပေးထားသည်။ ယင်းစံအိမ်များ၌ လုလင်ယသသည် ရာသီဥတု

http://www.linhtet.com



အားလျော်စွာ စည်းစိမ်ချမ်းသာ ခံစား၊ စံစားနေသည်။ ယင်းသို့ ဘာမဆို လိုတရနေသောဘဝမျိုးဖြင့် နေထိုင်ရခြင်းသည် ဥစ္စာနေကြွယ်ဝချမ်းသာသော သူဌေး သူကြွယ်တစ်ဦးတစ်ယောက်၏ မိသားစုအတွက် အဆန်းမဟုတ်ပေ။

လုလင်ယသ၏လက်တစ်ကမ်း၌ စည်းစိမ်ချမ်းသာခံစားစရာ ပစ္စည်းဥစ္စာများနှင့် ကာမဂုဏ်အာရုံများ အဆင့်သင့်ရှိနေသည်။ သို့ရာတွင် စိတ်ငြိမ်းချမ်းမှု၊ စိတ်ချမ်းသာမှုကိုမူ ကြေးငွေခန ဘယ်လောက်ပုံပေးပြီး ဝယ်ယူသော်လည်း ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ လုလင်ယသ၏အထံ၌ လောကီအာရုံ ကာမဂုဏ်နှင့် ခံစားစံစားစရာပစ္စည်းဝတ္ထုများ အပြည့်ရှိနေသော်လည်း ချို့တဲ့သောအရာတစ်ခု ရှိနေသည်။ ယင်းအရာမှာ စိတ်ငြိမ်းချမ်းမှု၊ စိတ်ချမ်းသာမှု ဖြစ်သည်။ ငွေကြေးခနနှင့် ငွေကြေးခန၏ အကူအညီဖြင့်ရရှိသော ရုပ်ပိုင်းဆိုင်ရာ စည်းစိမ်ခံစားစရာ၊ စံစားစရာများ ပတ်လည်ဝိုင်းနေသော်လည်း လုလင်ယသ၏ စိတ်နှလုံးထဲတွင် မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှု၊ ယောက်ယက်ခတ်မှုများ ထကြွလှုပ်ရှားနေကြသည်။ မိမိ၏အတွင်းသန္တာန်၌ တစ်စုံတစ်ခု ချို့တဲ့နေသည်ဟု ထင်ရသော်လည်း မည်သည့်ချို့တဲ့မှုဖြစ်သနည်းဟု ပြတ်ပြတ်သားသား သရုပ်သကန် ထင်ပေါ်မလာပေ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဘာမဆိုလိုတရနေသော်လည်း တစ်ခါတစ်ရံ၌ အကြောင်းမဲ့ မိမိ၏ပစ္စုပ္ပန် အခြေအနေကို ကျေနပ်အားရခြင်းမရှိဘဲ ဖြစ်နေတတ်သည်။

လုလင်ယသသည် တဖြည်းဖြည်း မိမိ၏ဘဝကို အနှစ်မရှိ၊ အကာ အတိသာဖြစ်သည်ဟူ၍ ထင်မှတ်လာပြီးလျှင် နေရထိုင်ရသည်မှာ ငြီးငွေ့ သလိုလို ဖြစ်လာသောကြောင့် သူ၏ဘဝ၌ အပြောင်းအလဲပြုလုပ်လိုသည့် ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့ရာတွင် မည်ကဲ့သို့သော အပြောင်းအလဲမျိုးပြုလုပ်မည်ဆိုသည်ကိုမူ သူကိုယ်တိုင်ပင် မသိနားမလည် ဖြစ်နေသည်။

စံအိမ်တော်များ၏ နံရံထဲတွင်နေရသည်မှာ မွန်းကျပ်လာသည်။ အကျဉ်းခံနေရသူ တစ်ဦးတစ်ယောက်သည် ပြင်ပကမ္ဘာကို ကြည့်လိုသည့်ဆန္ဒ ထက်ထန်အားကောင်းနေသကဲ့သို့ပင် ယသ၏အခြေအနေလည်း ထိုအတိုင်း ဖြစ်နေသည်။ အစောင့်များ၏အလစ်တွင် အကျဉ်းစခန်းထဲက ထွက်ပြေးလို

http://www.linhtet.com



သည့်စိတ် ပေါက်လာသည်။ ယင်းအခြေအနေ၌ ထွက်ပြေးဖို့ အသင့်လျော်ဆုံး အချိန်မှာ ညဥ့်နက်သန်းခေါင်အချိန်မှတစ်ပါး တခြားမည်သည့်အချိန် ရှိနိုင်ဦး မည်နည်း။

ယသသည် မွတ်သိပ်နေသည့်နှလုံးဖြင့် ထလိုက်သည်။ စံအိမ်တော် အပြင်ဘက်ထွက်လိုသည့် အာသာဆန္ဒ ပြင်းပြင်းပြပြ ပေါ်ပေါက်လာသည်။ မိမိ၏ပတ်ဝန်းကျင်၌ရှိသော ရှုကွင်းရှုကွက်များကို တစ်ချက်ဝေ့ကြည့်လိုက် သည်။ ကျွန်မများနှင့် အခြွေအရံများ ပုံပျက်ပန်းပျက် အိပ်ပျော်နေကြသည် မှာ သုသာန်သင်္ချိုင်းသဖွယ် ဖြစ်နေသည်။ ယင်းရှုခင်းရှုကွက်များကို တွေ့မြင်ရ သောကြောင့် ယသသည် လောကီလူ့ဘောင်ကို ငြီးငွေ့သည့်စိတ် ပိုမိုဖြစ်ပေါ် လာသည်။ မုန်တိုင်းထန်နေသော စိတ်နှလုံးဖြင့် စံအိမ်တော်အပြင်ဘက် ထွက် လိုက်သည်။ သူ၏ခြေထောက်နှစ်ဖက်သည် အလိုလိုပင် မွေ့လျော်ဖွယ်ကောင်း သော ဣသိပတန မိဂဒါဝုန်တောဆီသို့ လှမ်းသွားနေသည်။

ထိုအချိန်၌ သကျမုနိဗုဒ္ဓသည် ညဥ့်၏နောက်ဆုံးယာမ်၌ ထတော် မူပြီးလျှင် လွင်ပြင်တစ်နေရာ၌ စင်္ကြံကြွနေသော ကုန်းမို့မို့ပေါ်က ဆင်းသက် လာပြီး နေရာတစ်နေရာ၌ ထိုင်တော်မူလိုက်သည်။ သကျမုနိဗုဒ္ဓ၏အနီးသို့ ရောက်သွားသောအခါ ယသ၏နှုတ်မှ 'စိတ်နှလုံးပူလောင်လှပါကလား၊ စိတ် မချမ်းမသာ ဖြစ်ရပါကလား' ဟူသော ညည်းတွားသံပေါ်လာသည်။

သကျမုနိ ဗုဒ္ဓက ယသကို ကြင်နာဖွယ်အပြည့်နှင့် အားပေးစကား မိန့်တော်မူလိုက်သည်။

'ယသ၊ ဤနေရာ၌ စိတ်နှလုံးပူလောင်စရာ မရှိပေ။ဤနေရာ၌စိတ် မချမ်းသာစရာ မရှိပေ။ ဤနေရာသို့လာပြီး စိတ်နှလုံးချမ်းမြေ့စွာ ထိုင်ပါလေ'

ရေနစ်သူ မြက်ဖုတ်တစ်ခု ဆွဲကိုင်မိသကဲ့သို့ ယသသည် သကျမုနိ ဗုဒ္ဓ၏ အားပေးစကားကြောင့် စိတ်သက်သာမှု ရရှိသွားသည်။ တောတစ်ခွင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေအေးသည် ယသ၏ ကိုယ်နှင့်နှလုံးကို ငြိမ်းချမ်းမှုပေးနေသည်။ သကျမုနိဗုဒ္ဓ၏စကားသည် သူ၏အပေါ်တွင် ပဥ္စလက် အစွမ်းသဖွယ် ဩဇာသက်ရောက်မှုရှိသွားသည်ဖြစ်၍ ယသသည် ကလေး

သူငယ်တစ်ယောက်အသွင်ကဲ့သို့ သကျမုနိဗုဒ္ဓ၏ ရှေ့တော်မှောက်တွင် သွားရောက်ထိုင်လိုက်သည်။

လယ်သမားသည် လယ်ကွက်ထဲတွင် စပါးပျိုးခင်းမြေကို ထွန်ယက်ပြီး ပျိုးကြဲ၍ရအောင် ပြုလုပ်သကဲ့သို့ သကျမုနိဗုဒ္ဓသည် ယသအား စိတ်တည်တံ့ခိုင်မြဲလာစေရန်အတွက် အမျိုးမျိုးသောဇာတ်လမ်းများကို ထုတ်ဆောင်ပြောပြပြီးလျှင် အဆုံးအမဩဝါဒပေးသည်။ ယသ၏ စိတ်နှလုံးတည်ငြိမ်ကြည်နူးရလာပြီးနောက် တရားသိမြင်သဘောပေါက်နိုင်သည့် အခြေအနေရောက်ရှိလာသည်ကို တွေ့မြင်ရသောအခါ သကျမုနိဗုဒ္ဓသည် ဝိမုတ္တိမဂ္ဂလွတ်မြောက်မှုလမ်းစဉ်ကို ညွှန်ကြားဟောပြတော်မူသည်။ သကျမုနိဗုဒ္ဓ၏ ဒေသနာအကျဉ်းချုပ်မှာ *'ဒုက္ခရှိ၏၊ ဒုက္ခ၏ အကြောင်းတရားလည်းရှိ၏၊ ဒုက္ခချုပ်ငြိမ်းပျောက်ကွယ်သွားခြင်းလည်း ဖြစ်နိုင်၏၊ ဒုက္ခချုပ်ငြိမ်းပျောက်ကွယ်သွားခြင်း၏ လမ်းစဉ်လည်းရှိ၏'* ဟူ၍ ဖြစ်သည်။

အစက်အပြောက်မရှိဘဲ ပကတိဖြူစင်နေသောအဝတ်သည် အရောင်ဆိုးသောအခါ စွဲလွယ်သကဲ့သို့ သကျမုနိဗုဒ္ဓ၏ တရားဒေသနာကို နာကြားရသောအခါ ယသသည် တစ်ထိုင်တည်းနှင့်ပင် 'ဖြစ်ပေါ်လာသောအရာဝတ္ထုအားလုံးသည် ပျောက်ကွယ်ချုပ်ငြိမ်းသွားတတ်၏' ဟူ၍ သိမြင်သဘောပေါက်လာပြီးလျှင် ညစ်ကြေးကင်းစင်သော ဓမ္မအမြင်စက္ခု ဖြစ်ပေါ်လာသည်။

ယသ၏စံအိမ်၌ကား နံနက်မိုးသောက် အလင်းရောက်လာသည်နှင့် ယသကိုရှာမတွေ့သောကြောင့် သူ၏ဇနီးသည် ထိတ်ထိတ်ပြာပြာ ဖြစ်သွားပြီးလျှင် ယသ၏မိခင်ကို အကျိုးအကြောင်း ပြောပြလိုက်သည်။ ယသ၏မိခင်သည် သူမ၏ခင်ပွန်း၊ သူကြွယ်ကြီးထံသွားလျက် 'သူကြွယ်ကြီး၊ ရှင့်သားတော်မောင် ယသတစ်ယောက် အိမ်မှာရှာမတွေ့ပါလား' ဟု ပြောပြလိုက်သည်။

သူကြွယ်ကြီးသည် သူ၏သားယသကို နေရာအနှံ့ ပိုက်စိပ်တိုက်အရှာခိုင်းသည်။ အစေအပါးသူခစားများသည် အရပ်လေးမျက်နှာဖြန့်ပြီး

http://www.linhtet.com



ရှာကြသည်။ သူကြွယ်ကြီးကိုယ်တိုင်လည်း ဣသိပတန မိဂဒါဝုန်တောဘက် ထွက်လာသည်။ လမ်းတွင် သူကြွယ်ကြီးသည် သူ့သား၏ ရွှေကွပ်ဖိနပ်ရာ တွေ့မြင်ရသောကြောင့် ယင်းခြေရာအတိုင်း လိုက်သွားသည်။ သကျမုနိဗုဒ္ဓ သည် သူကြွယ်ကြီးလာသည်ကို တွေ့မြင်ရသည်ဖြစ်၍ ယသကို သူ၏ဖခင် သူကြွယ်ကြီး မမြင်နိုင်အောင် ဖန်တီးထားလိုက်သည်။

'အရှင်သူမြတ်ဘုရား၊ တပည့်တော်၏သား ယသကို တွေ့မြင်တော်မူပါသလားဘုရား'

'သူကြွယ် ထိုင်ပါလေ၊ ဤနေရာ၌ထိုင်သော အသင်သူကြွယ်သည် ဤနေရာ၌ထိုင်နေသော သင်၏သား ယသကို တွေ့မြင်ရပါလိမ့်မည်'

သကျမုနိဗုဒ္ဓက ပြန်လည်ပြောကြားတော်မူလိုက်သည်။

သကျမုနိဗုဒ္ဓ၏စကားကို ကြားရသောအခါ သူကြွယ်ကြီးသည် ကျေနပ်အားရသွားသည်။ ဖခင်တစ်ဦးအနေနှင့် ယင်းထက်ပိုပြီး စိတ်ရွှင်လန်းချမ်းမြေ့စရာ တခြားအကြောင်းအရာ ဘယ်မှာရှိတော့မည်နည်း။ သူကြွယ်ကြီးသည် သကျမုနိဗုဒ္ဓအား ရှိခိုးဦးတိုက်ပြီးလျှင် သင့်တင့်လျှောက်ပတ်သော နေရာတစ်နေရာ၌ ထိုင်လိုက်သည်။

သကျမုနိဗုဒ္ဓက သူကြွယ်ကြီးအား တရားဒေသနာ ဟောကြားတော်မူသည်။ သူကြွယ်ကြီးသည် သကျမုနိဗုဒ္ဓ ညွှန်ကြားဟောပြသော တရားဒေသနာတော်ကို နားလည်သဘောပေါက်သွားသည်ဖြစ်၍ စိတ်နှလုံးထဲတွင် လင်းရောင်ခြည်သစ် ထွန်းလင်းတောက်ပလာပြီး ဤသို့ ဥဒါန်းကျူးရင့်လိုက်သည်။

'အံ့ဖွယ်ကောင်းလှပေစွတကား...၊ အံ့ဖွယ်ကောင်းလှပေစွတကား၊ မှောက်ထားသည်ကို လှန်လိုက်သကဲ့သို့လည်းကောင်း၊ ဖုံးထားသည်ကို ဖွင့်လိုက်သကဲ့သို့လည်းကောင်း၊ လမ်းပျောက်သူကို လမ်းပြလိုက်သကဲ့သို့လည်းကောင်း၊ အမိုက်မှောင်ထဲတွင် ဆီမီးထွန်းညှိလိုက်သကဲ့သို့လည်းကောင်း၊ သကျမုနိဗုဒ္ဓသည် အမျိုးမျိုးအပြားပြားအားဖြင့် ဓမ္မအလင်းရောင် ထွန်းလင်းတောက်ပစေတော်မူခဲ့၏။ တပည့်တော်သည် ဗုဒ္ဓထံတော်တွင် လည်းကောင်း၊

http://www.linhtet.com



ဓမ္မ၏အထံတော်တွင်လည်းကောင်း၊ သံဃာထံတော်တွင်လည်းကောင်း၊ ခိုလှုံလဲလျောင်းခြင်းကို ပြုလုပ်လိုက်ပါ၏။ ယနေ့မှစပြီးလျှင် အရှင်သူမြတ်ဘုရားသည် တပည့်တော်အား သရဏဂုံသုံးပါးဆောက်တည်သော တပည့်ဥပါသိကာအဖြစ် လက်ခံတော်မူပါဘုရား'

ယင်းသို့အားဖြင့် ယသ၏ ဖခင်သည် ပထမဦးဆုံးအကြိမ် သရဏဂုံသုံးပါးဆောက်တည်သူ ပထမဦးဆုံးတပည့်ဥပါသိကာ ဖြစ်သွားသည်။

ယသ၏ဖခင်အား သကျမုနိဗုဒ္ဓ တရားဓမ္မညွှန်ကြားဟောပြနေစဉ် ယသသည် သကျမုနိဗုဒ္ဓ၏ တရားဒေသနာကို ကြားနာရသည့်အတိုင်း အလေးအနက် ဆင်ခြင်သုံးသပ်သောအခါ စိတ်နှလုံးထဲက ကိလေသာအညစ်အကြေးများ လွင့်စဉ်ပျောက်ကွယ်သွားသည်။ ယင်းအခြေအနေကို သိရသောကြောင့် သကျမုနိဗုဒ္ဓသည် ယသကို အိမ်ရာတည်ထောင် လူ့ဘောင်ပြန်သွားပြီး ကာမဂုဏ် ရွှံ့ညွှန်ထဲတွင် တစ်ဖန်ကျံနစ်မည်မဟုတ်တော့သည်ကို သိရှိတော်မူသောကြောင့် သူ့ဖခင်နှင့် တွေ့ဆုံပေးလိုက်သည်။ သားကိုတွေ့ရသောအခါ ဖခင်ဖြစ်သူက 'သား ယသ၊ သားမိခင် ရင်ဘတ်စည်တီး ငိုကြီးချက်မဖြစ်နေ၏။ မိခင်ကို သား အာယုဒါန အသက်ချမ်းသာအောင် ပြုလုပ်စေချင်တယ်' ဟု ပြောလိုက်သည်။

ယသက သကျမုနိဗုဒ္ဓကို လှမ်းကြည့်လိုက်သောအခါ သကျမုနိဗုဒ္ဓက သူကြွယ်ကို လှမ်းပြောလိုက်သည်။

'သူကြွယ်၊ သင် သူကြွယ် မည်သို့ထင်သနည်း။ သင် တရားသဘောကို မျက်မှောက်ပြုသကဲ့သို့ပင် ယသလည်း တရားဓမ္မအမြင် ပေါ်ပေါက်လာပြီဖြစ်၍ လွတ်မြောက်ငြိမ်းချမ်းသူ ဖြစ်သွားပြီ။ သင်၏သားယသသည် ယခင်ကကဲ့သို့ ကာမဂုဏ်အာရုံများကို တစ်ဖန်ပြန်ပြီး ခံစား၊ စံစားမည်ဟု သင် ထင်မှတ်သလော'

သူကြွယ်ကြီးသည် သကျမုနိဗုဒ္ဓ၏ အလိုဆန္ဒအတိုင်း လိုက်နာဆောင်ရွက်လိုက်လေသည်။ နောက်ဆုံးတွင် သူကြွယ်ကြီးသည် ယသနှင့်အတူ သကျမုနိဗုဒ္ဓကို နောက်တစ်နေ့အတွက် ဆွမ်းလုပ်ကျွေးလိုသောကြောင့် မိမိ၏

http://www.linhtet.com



အိမ်သို့ကြွရောက်ရန် ပင့်ဖိတ်လိုက်သည်။ သကျမုနိဗုဒ္ဓက ဆိတ်ဆိတ်နေခြင်းအားဖြင့် လက်ခံတော်မူလိုက်သည်။ ဖခင်ပြန်သွားသောအခါ ယသသည် သကျမုနိဗုဒ္ဓအား ရဟန်းပြုပေးပါရန် တောင်းပန်လိုက်သည်။

'အရှင်သူမြတ်ဘုရား၏ထံတော်၌ တပည့်တော်အား ရဟန်းပြုခွင့် ပေးတော်မူပါ'

'ဧဟိ ဘိက္ခု' ဟု မိန့်တော်မူပြီးလျှင် သကျမုနိဗုဒ္ဓသည် ယသကို ရဟန်းဘဝသို့ရောက်အောင် ပို့ဆောင်တော်မူလိုက်သည်။ ယသသည် ရဟန်းတစ်ပါးဖြစ်သွားသည်။ ရဟန်းတစ်ပါးဖြစ်သွားပြီးလျှင် သကျမုနိဗုဒ္ဓ၏ ဆဋ္ဌမတပည့်သာဝကဖြစ်ပြီး လောက၌ သတ္တမရဟန္တာအရှင်မြတ် ဖြစ်သွားသည်။

နောက်တစ်နေ့တွင် သကျမုနိဗုဒ္ဓသည် သပိတ်နှင့်သင်္ကန်းဆောင်ပြီးလျှင် ယသအား နောက်လိုက်နောက်ပါ ရဟန်းအဖြစ်ခေါ်လျက် သူကြွယ်ကြီး၏ အိမ်ဂေဟာသို့ ကြွသွားတော်မူသည်။ သူကြွယ်ကြီးအိမ်သို့ ရောက်သွားသောအခါ ယသ၏မိခင်နှင့်ဇနီးဟောင်းသည် သကျမုနိထံလာပြီး ရှိခိုးဦးခိုက်ကြသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ သကျမုနိဗုဒ္ဓက တရားဒေသနာဟောကြားတော်မူသည်။ အားလုံးပင် သကျမုနိဗုဒ္ဓ၏တရားကို သိမြင်သဘောပေါက်သွားကြသည်။ ယသ၏မိခင်နှင့် ဇနီးဟောင်းသည် သရဏဂုံဆောက်တည် ပြီးလျှင် သကျမုနိဗုဒ္ဓ၏ ဥပါသိကာများ ဖြစ်သွားကြသည်။ သူတို့နှစ်ဦးသည် ပထမဦးဆုံး သရဏဂုံသုံးပါးဆောက်တည်သော ဥပါသိကာမများ ဖြစ်ကြ သည်။

ယသ၏မိတ်ဆွေသူငယ်ချင်းများဖြစ်ကြသော ဝိမလ၊ ဗာဟု၊ ပုဏ္ဏဇိတ၊ ဂဝံပတိတို့သည်လည်း သူတို့၏ မိတ်ဆွေသူငယ်ချင်း ယသတစ်ယောက် လူ့ဘောင်ခွာရှောင်ပြီး ရဟန်းဘောင်ဝင်ရောက်သွားပြီဆိုသည့်သတင်း ကြားသိကြသောအခါ အချင်းချင်းတိုင်ပင်ဆွေးနွေးကြသည်။

'ယသကို အကျွတ်တရားရစေပြီး ရဟန်းဘောင်ဝင်ရောက်ဖို့ လှုံ့ဆော်သောဓမ္မသည် မည်ကဲ့သို့သောအရာမျိုး ဖြစ်သည်ဆိုသည်ကို ငါတို့လည်း သွားရောက်စုံစမ်းကြည့်ရှုသင့်သည်'

http://www.linhtet.com



ယင်းသို့ တိုင်ပင်ဆွေးနွေးပြီးလျှင် ရဟန်းတော် ယသထံသွားလျက် ရိုသေလေးမြတ်စွာ ရှိခိုးဦးတိုက်ကြသည်။ ယသက သူ၏မိတ်ဆွေသူငယ်ချင်းများကို သကျမုနိဗုဒ္ဓထံ ခေါ်ဆောင်သွားပြီးလျှင် 'အရှင်သူမြတ်ဘုရား၊ ဤပုဂ္ဂိုလ်လေးယောက်သည် လူ့ဘောင်တွင်နေစဉ်က တပည့်တော်၏ မိတ်ဆွေသူငယ်ချင်း အမျိုးကောင်းသားလုလင်တို့ဖြစ်ကြပါ၏။ လုလင်လေးယောက်ကို တရားဒေသနာ ချီးမြှင့်မစတော်မူပါ'

သကျမုနိဗုဒ္ဓသည် လုလင်လေးယောက်ကိုလည်း တရားဒေသနာ ဟောကြားတော်မူသည်။ ဒေသနာ၏အဆုံး၌ လုလင်လေးယောက်တို့သည် သူတို့ကိုလည်း ရဟန်းပြုပေးပါရန် သကျမုနိဗုဒ္ဓအား လျှောက်ထားတောင်းပန်ကြသည်။ သကျမုနိဗုဒ္ဓက 'လာလှည့် ရဟန်းတို့...၊ ဓမ္မသည် ကောင်းစွာ ဟောကြားအပ်သောတရားဖြစ်၏။ ဒုက္ခကင်းငြိမ်း ပျောက်ကွယ်သွားစေရန် အတွက် ဗြဟ္မစရိယတရားဖြစ်၏။ ဒုက္ခကင်းငြိမ်း ပျောက်ကွယ်သွားစေရန် အတွက် ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးကြလော့' ဟု မိန့်တော်မူပြီးလျှင် လုလင်လေးယောက်ကို ရဟန်းပြုပေးလိုက်သည်။ ယင်းသို့အားဖြင့် တခြားအမျိုးအဆွေ၊ အမျိုးကောင်းသား ငါးဆယ်တို့လည်း ယသ၏အကြောင်းကို ကြားသိကြသည်ဖြစ်၍ ယသပြုလုပ်သည့်နည်းအတိုင်း လူ့ဘောင်ကခွာရှောင်ပြီး ရဟန်းဘောင်ဝင်ရောက်လာကြသည်။

ယသ၏အတိတ်ဘဝကဇာတ်ကြောင်းမှာ ဤသို့ဖြစ်သည်။ ယသနှင့်သူ့မိတ်ဆွေသူငယ်ချင်းလေးယောက်တို့သည် နေရာအနှံ့အပြား လှည့်လည်သွားလာကြပြီး လူမှုရေးအလုပ်များကို လုပ်ကိုင်ဆောင်ရွက်ပေးကြသည်။ တစ်နေ့သောအခါ၌ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်၏အလောင်းကို တွေ့မြင်ကြ၍ ကိုယ်ဝန်ဆောင်မိန်းမအလောင်းကို မီးသင်္ဂြိုဟ်ရမည့်ကိစ္စကို ယသအား လွှဲအပ်ပြီးလျှင် ကျန်မိတ်ဆွေသူငယ်ချင်း လေးယောက်သည် သုသာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။ ယသသည် အလောင်းကို မီးသင်္ဂြိုဟ်ချိန်၌ လူ့ကိုယ်ခန္ဓာ၏ စင်ကြယ်သန့်ရှင်းခြင်း မရှိပုံကို တွေ့မြင်ရသည်ဖြစ်၍ သတိသံဝေဂရရှိသွားပြီးလျှင် ယင်းအဖြစ်အပျက်ကို မိတ်ဆွေသူငယ်ချင်းများအား

http://www.linhtet.com



လည်းကောင်း၊ နောက်ပိုင်းတွင် သူ၏ မိဘနှစ်ပါးနှင့်ဇနီးမယားကိုလည်း ပြောပြသည်။ အားလုံးကပင် ယသပြောပြချက်ကို လက်ခံကြသည်။ အတိတ်ဘဝက ယင်းအဖြစ်အပျက်ကြောင့် ဤဘဝ၌လည်း ယသသည် လောကီလူ့ဘောင်တွင်နေရသည်ကို ငြီးငွေ့လာပြီးလျှင် မိမိနှင့်အတူ မိတ်ဆွေသူငယ်ချင်းများကိုလည်း ရဟန်းဘောင်ဝင်ရောက်ရန် လှုံ့ဆော်ရာ၌ ထမြောက်အောင်မြင်သွားသည်။ ။

# စူဠပန္ထက

ကမ္ဘာဦးအစကာလက လူတို့သည် တစ်မျိုးတည်းတစ်စားတည်း သာဖြစ်သည်။ မည်သို့မျှ ကွဲပြားခြားနားခြင်းမရှိပေ။ ပဒေသရာဇ်ခေတ်ရောက်လာသည်နှင့် လူလူချင်း မည်မျှ ကွဲပြားခြားနားသွားသနည်းဆိုလျှင် တစ်ယောက်က ကျေးကျွန်ဖြစ်ပြီး အခြားတစ်ယောက်က သခင်ဖြစ်လာ၏။ လူ့အဖွဲ့အစည်း၏ ဇာတ်ဆရာများသည် လူ့အဖွဲ့အစည်းကို လူတန်းစားအသီးသီးအဖြစ် ခွဲခြားသတ်မှတ်ပစ်လိုက်သည်။

ယင်းစနစ်ကို ဆန့်ကျင်ဘက်ပြုသူများနှင့် လူမှုရေးပြုပြင်သူများ ပေါ်ပေါက်လာကြသည်။ လူ့အဖွဲ့အစည်းကို ချည်နှောင်သော အနှောင်အဖွဲ့များ ပေါ်ပေါက်လာသော်လည်း လူ့နှလုံးသားထဲက စီးဆင်းလာသည့် မေတ္တာရေအလျင်ကိုမူ ပိတ်ပင်တားမြစ်ခြင်းငှာ မစွမ်းနိုင်ကြပေ။ ယင်းကဲ့သို့သော မေတ္တာကရုဏာနှင့်ပတ်သက်သည့် ဂါထာမန္တန်များသည် အတိတ်၏စာမျက်နှာများတွင် ပုံနှိပ်ဖော်ပြထားသည်ကို တွေ့မြင်ရသည်။ ယင်းကဲ့သို့ လူသား၏နှလုံးသားမှထွက်ပေါ်လာသောမေတ္တာကို လူ့အဖွဲ့အစည်းကြီးကိုင်သူ အချို့က ပစ်ပယ်ထားကြသည်။

စူဠပန္ထကနှင့် မဟာပန္ထကတို့၏မိခင်သည် ရာဇဂြိုဟ်သူကြွယ်ကြီး ဓနသေဋ္ဌိ၏ သမီးဖြစ်သည်။ ထိုခေတ်ထိုအချိန်က ကျေးကျွန်စနစ် ထွန်းကား

http://www.linhtet.com



ပြန့်ပွားနေသည်။ ကျေးကျွန်များကို အရောင်းအဝယ်ပြုလုပ်ကြသည်။ ကျွန်နှင့် ကျွန်မများသည် လူသားများမဟုတ်ကြပေ။ ကျွန်နှင့်ကျွန်မများကို ရောင်းချင် သလိုရောင်းနိုင်သော၊ ဝယ်ချင်သလိုဝယ်ယူနိုင်သော ကုန်ပစ္စည်းတစ်မျိုး သဖွယ် ဖြစ်နေကြသည်။

ခနသေဋ္ဌေး၏ သမီးသည် အိမ်တွင်အလုပ်လုပ်နေသော ကျွန်တစ် ယောက်နှင့် ချစ်ကြိုးသွယ်မိသွားသည်။ လူ့ဘောင် လူ့အဖွဲ့အစည်း၏ စည်းရိုး အပြင်ဘက်ထွက်ဖို့ရန်အတွက်မှာ မိမိတို့အတွက် မည်မျှခက်ခဲသော အလုပ် ဖြစ်သည်ဆိုသည်ကို သူတို့နှစ်ယောက်စလုံး သိရှိနားလည်ကြသည်။ သို့သော် လည်း တစ်ယောက်နှင့်တစ်ယောက် မစွန့်ပစ်နိုင်ကြပေ။ အိမ်တွင် လင်မယား အဖြစ်လည်း နေ၍မရကြပေ။ ထို့ကြောင့် လူမသိသူမသိ မထင်မရှားနေရ သော နေရာတစ်နေရာသို့ သွားပြီးနေကြရန် ဆုံးဖြတ်လိုက်ကြသည်။

သူဌေးသမီးသည် အဖိုးထိုက်အဖိုးတန် လက်ဝတ်တန်ဆာ ရတနာ များကိုထုပ်ပိုးပြီးလျှင် ညတစ်ည၌ သူ၏ချစ်သူနှင့်အတူ ထွက်ပြေးသွားကြ သည်။ နေ့ရက်အတန်ကြာမျှ ထိုနေရာ၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြသည်။ ကိုယ်ဝန်အရင့်အမာ ရှိလာသောအခါ သူဌေးသမီးသည် သူ၏ဘဝကို နောင်တ ရလာပြီးလျှင် မိဘအိမ်သွားပြီး မီးဖွားလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော် လည်း သူ၏လင်ယောကျ်ားက ဇနီးမယား၏အကြံကို လက်မခံပေ။ ဇနီး မယား၏ အကြံအတိုင်းပြုလုပ်လျှင် နှာခေါင်းကျည်ပွေ့ တွေ့ရလိမ့်မည်ဟူ၍ ယုံကြည်နေသည်။ ထို့ကြောင့် နက်ဖြန်သွားမည်၊ သဘက်သွားမည်ဟု နေ့ရွှေ့ ညရွှေ့ လုပ်နေသည်။

ယင်းသို့အားဖြင့် မီးဖွားချိန်နီးကပ်လာသောအခါ သူဌေးသမီးသည် လင်ယောကျ်ားလိုက်မပါလျှင်လည်း နေပါစေ၊ လင်ယောကျ်ားမရှိခိုက် တစ် ယောက်တည်းသွားမည်ဟု ဆုံးဖြတ်ပြီးလျှင် အိမ်ကထွက်လာခဲ့သည်။ လင် ယောကျ်ား အိမ်ပြန်ရောက်သောအခါ အိမ်နီးနားချင်းကပြောပြ၍ သူ၏ဇနီး မယားနောက်လိုက်သွားသည်။ သူဌေးသမီးသည် ရာဇဂြိုဟ်မရောက်ခင် လမ်း ခုလတ်၌ပင် မီးဖွားသည်။ သူ၏ မိဘရပ်ထံသွားလိုသောကိစ္စသည် လမ်းခရီး

http://www.linhtet.com



၌ပင် ပြီးစီးထမြောက်သွားသည်ဖြစ်၍ လင်ယောကျ်ားက သူ၏ဇနီးကို အိမ်ပြန်ခေါ်လာခဲ့သည်။ လမ်းခရီး၌ မွေးဖွားသောကြောင့် သား၏အမည်ကို 'ပန္ထက' ဟု မှည့်ထားကြသည်။ ဒုတိယသား ဖွားမြင်သောအခါ၌လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ သားနှစ်ယောက်လုံး လမ်းခရီး၌ မွေးဖွားလာသူများဖြစ်ကြသောကြောင့် သားအကြီး၏အမည်ကို 'မဟာပန္ထက'ဟု မှည့်ခေါ်ပြီး သားအငယ်၏အမည်က 'စူဠပန္ထက' ဟု မှည့်ခေါ်ထားကြသည်။

မဟာပန္ထကနှင့်စူဠပန္ထကတို့ အရွယ်ရောက်လာသောအခါ တခြားရွယ်တူတန်းတူကလေးများနှင့်အတူ ကစားကြသည်။ ထိုအခါ တခြားကလေးများ၏ ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားခေါ်သံများကို ကြားရသည်ဖြစ်၍ မဟာပန္ထကနှင့်စူဠပန္ထကတို့သည် သူတို့၏မိခင်ထံသွားပြီး 'အမေ၊ တခြားကလေးတွေမှာ ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားများရှိကြပြီး သားတို့မှာတော့ ဘယ်သူမှမရှိပါကလား' ဟု မေးမြန်းစုံစမ်းကြသည်။

'သားတို့ အဘိုးအဘွား ဒီမှာမရှိဘူး၊ ရာဇဂြိုဟ်မှာ နေကြတယ်၊ ရာဇဂြိုဟ်မှာ သားတို့ တခြားဆွေမျိုးတွေလည်းရှိတယ်'

'အဲဒီလိုဆိုရင် သားတို့ ရာဇဂြိုဟ်ကို ဘာကြောင့်မသွားသလဲ'

မဟာပန္ထကက မေးလိုက်သည်။

မိခင်ဖြစ်သူသည် သားငယ်နှစ်ယောက်ကိုအကျိုးအကြောင်း မည်သို့မည်ပုံပြောပြမည်နည်း။ ပြောပြ၍လည်း ကလေးငယ်နှစ်ယောက်က နားလည်နိုင်စွမ်းရှိကြပါမည်လော။ ကလေးနှစ်ယောက်ကမူ ယင်းမေးခွန်းကိုပင် မကြာခဏ မေးမြန်းနေကြသည်။ တစ်နေ့သ၌ မိခင်ဖြစ်သူသည် ကလေးနှစ်ယောက်၏ ဖခင်ဖြစ်သူကို ပြောပြသည်။

'သူတို့၏အဘိုးအဘွားထံ သွားဖို့အတွက် ကလေးများက နေ့စဉ် နေ့တိုင်း ကျွန်မကို နားပူနားဆာ လုပ်နေကြတယ်၊ ကလေးတွေကိုခေါ်ပြီး ကျွန်မတို့ ရာဇဂြိုဟ်သွားရရင်မကောင်းဘူးလား၊ အမေနှင့်အဖေတို့ ကျွန်မတို့ အသားကို ကိုက်စားကြမှာမဟုတ်ပါဘူး၊ သူတို့မြေးနှစ်ယောက်ကို တွေ့ရင် အားရဝမ်းသာမဖြစ်ဘဲ နေကြမှာမဟုတ်ပါဘူး၊ ကျွန်မတို့ ကိုယ်တိုင်သွားရမှာ

http://www.linhtet.com



ဝန်လေးနေမယ်ဆိုရင်လည်း ကလေးတွေကို သူတို့အဘိုးအဘွားထံ တစ်နည်းနည်းနှင့် ပို့လိုက်ရင်မကောင်းဘူးလား'

လင်မယားနှစ်ယောက်သည် ကလေးနှစ်ယောက်ကိုခေါ်ပြီး ရာဇဂြိုဟ်မြို့ဘက် ထွက်လာကြသည်။ ရာဇဂြိုဟ်ရောက်လာသောအခါ မြို့တံခါးအနီးက ဇရပ်တစ်ခုတွင် တည်းခိုနေကြသည်။ နောက်တစ်နေ့တွင် သူဌေးသမီးသည် ကလေးနှစ်ယောက်နှင့်အတူ သူတို့ ရာဇဂြိုဟ်ရောက်လာသည်ဆိုသည့်အကြောင်း သူ၏မိဘထံ သတင်းပို့လိုက်သည်။ သမီး၏သတင်းစကားကြားသိရသောအခါ သူကြွယ်ကြီးသည် သမီးစေလွှတ်လိုက်သော တမန်နှင့်ပင် သမီးထံသတင်းပြန်ပို့လိုက်သည်။ 'ဤကမ္ဘာလောက၌ ငါတို့မှာ သားလည်း မရှိဘူး၊ သမီးလည်းမရှိဘူး၊ ငါတို့မျက်မှောက်ကိုမလာကြနှင့်။ ယခုပို့လိုက် သောကြေးငွေခနကိုယူပြီး မင်းတို့နှစ်ယောက် သွားချင်သည့်နေရာသွားပြီး စိတ်ချမ်းသာကိုယ်ချမ်းသာနေကြ၊ ကလေးနှစ်ယောက်ကို ငါတို့ထံပို့လိုက်ကြ'

သမီးဖြစ်သူသည် ဖခင်ပေးလိုက်သော ငွေကြေးခနကိုယူလျက် ကလေးနှစ်ယောက်ကို တမန်၏လက်ထဲထည့်ပြီး မိဘအိမ်သို့ ပို့လိုက်သည်။ သူတို့နှစ်ယောက်ကမူ မထင်မရှား တခြားနေရာသို့ ထွက်ခွာသွားကြသည်။ ထိုအချိန်မှအစပြု၍ မဟာပန္ထကနှင့် စူဠပန္ထက ညီအစ်ကိုနှစ်ယောက်တို့သည် သူတို့၏ အဘိုးအဘွားများထံတွင် နေထိုင်နေကြသည်။

သကျမုနိဗုဒ္ဓ ရာဇဂြိုဟ်၌ နေထိုင်သီတင်းသုံးတော်မူသောအခါ မဟာပန္ထကသည် သူ၏အဘိုးနှင့်အတူလိုက်သွားပြီး သကျမုနိဗုဒ္ဓ၏ တရားကိုနာကြားသည်။ အမြဲမပြတ် တရားဓမ္မနာယူနေသောအခါ သူငယ်မဟာပန္ထက၏ စိတ်နှလုံးသည် ရှင်ရဟန်းပြုလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ တစ်နေ့သောအခါ၌ မဟာပန္ထကသည် သူ၏အဘိုးအား 'တကယ်လို့ အဘိုး အခွင့်ပေးမယ်ဆိုရင် ကျွန်တော် ရှင်ရဟန်းပြုလိုပါတယ်' ဟု ပြောလိုက်သည်။

'ငါ့မြေးက ဘယ်လို ပြောတာလဲ၊ တစ်လောကလုံးမှာ ယခုလို ရှင်ရဟန်းပြုတာလောက် မြင့်မြတ်တဲ့အရာဝတ္ထုရယ်လို့ ဘယ်မှာမှမရှိဘူး၊ ငါ့မြေး ရှင်ရဟန်းပြုချင်သပဆိုရင် ပြုသာပြု'

http://www.linhtet.com



သူကြွယ်ကြီးက သူ့မြေးကို အားပေးစကား ပြောလိုက်သည်။ နောက်တစ်နေ့ ဓနသေဋ္ဌိသည် မဟာပန္ထကကိုခေါ်ပြီး သကျမုနိဗုဒ္ဓထံ ရောက်သွားသောအခါ သကျမုနိဗုဒ္ဓက 'အသို့နည်း သူဌေးကြီး၊ သင် သူဌေးကြီး ကလေးရနေသလော' ဟု မေးလိုက်သည်။

'မှန်ပါ၏ အရှင်ဘုရား၊ တပည့်တော်၏ ဤမြေးက အရှင်သူမြတ်ဘုရား၏ထံတော်တွင် ရှင်ရဟန်းပြုလိုသောစိတ်ဆန္ဒ ဖြစ်ပေါ်နေပါ၏ အရှင်ဘုရား'

သကျမုနိဗုဒ္ဓက မဟာပန္ထကကို ရှင်ရဟန်းပြုပေးလိုက်သည်။ အသက်ပြည့်လာသောအခါ မဟာပန္ထကသည် ဥပသမ္ပဒ ရဟန်းပြုပြီးလျှင် ဓမ္မကိုနှလုံးသွင်းသည်ဖြစ်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်အဆင့် ရောက်ရှိသွားသည်။ ရဟန်းဘဝ၏ ချမ်းသာသုခကိုခံစားရင်း မဟာပန္ထကသည် 'ငါ ဤချမ်းသာသုခကို စူဠပန္ထကအားလည်း ပေးနိုင်၏' ဟု စဉ်းစားဆင်ခြင်ပြီးလျှင် တစ်နေ့သောအခါ၌ အဘိုးဖြစ်သူ၏ အိမ်သို့သွားပြီး အဘိုးဖြစ်သူအား 'အကယ်၍ သူဌေးကြီးခွင့်ပေးမည်ဆိုလျှင် ကျွန်ုပ် စူဠပန္ထကကိုလည်း ရှင်ရဟန်းပြုပေးလို၏' ဟု ပြောပြသည်။

'အရှင်ဘုရား သဘောရှိသလို ပြုလုပ်ဆောင်ရွက်နိုင်ပါ၏'

သူဌေးကြီးက ဝမ်းသာအားရ ပြန်ပြောလိုက်သည်။

'မြေးနှစ်ယောက်ကို ရဟန်းဘောင် သွတ်သွင်းပေးလိုက်ခြင်းက သာကောင်းပေလိမ့်မည်။ ယင်းသို့မဟုတ်ပါမူကား တစ်စုံတစ်ယောက်က မေးလာလျှင် ကျွန်တစ်ယောက်နှင့်လိုက်ပြေးသော သမီး၏သားများဖြစ်သည် ဆိုသည့်အကြောင်းကို မပြောဘဲနေ၍ ဖြစ်လိမ့်မည်မဟုတ်ပေ။ မြေးနှစ် ယောက်တာဝန်က လွတ်ကင်းသွားပေလိမ့်မည်' ဟူ၍လည်း သူဌေးကြီးက စဉ်းစားဆင်ခြင်နေမိသည်။

မဟာပန္ထကသည် သူ၏ညီငယ် စူဠပန္ထကကိုလည်း ရှင်ရဟန်း ပြုပေးလိုက်သည်။ ထိုအချိန်၌ စူဠပန္ထက၏အသက်သည် ဆယ့်ရှစ်နှစ်အရွယ် ရောက်နေပြီ။ ရှင်ရဟန်းဖြစ်လာသောအခါ စူဠပန္ထကသည် ဂါထာတစ်ပုဒ်ကို

http://www.linhtet.com



လေးလတိတိ ကျက်သော်လည်း ကျက်၍မရဖြစ်နေသည်။ ညီငယ် ဉာဏ်ထိုင်းသည်ကိုတွေ့ရသောအခါ မဟာပန္ထကစိတ်ညစ်သွားပြီး စူဠပန္ထကကို မာန်မဲကြိမ်းမောင်းသည်။

'မင်း ဂါထာတစ်ပုဒ်ကို လေးလတိတိ ကျက်ပေမယ့်မရဘူး၊ မင်း သာသနာတော်တွင်းမှာ ရှင်ရဟန်းဘဝနှင့် နေထိုက်တဲ့လူလည်းမဟုတ်ဘူး၊ ဓမ္မကို သိမြင်နားလည်မယ့်လူလည်း မဟုတ်ဘူး၊ အိမ်ကိုသာပြန်သွားပေတော့'

သို့ရာတွင် စူဠပန္ထကသည် သကျမုနိဗုဒ္ဓ ဟောပြောညွှန်ကြားသော ဓမ္မကို အလွန်လေးစားကြည်ညိုသူဖြစ်သည်။ထို့ကြောင့် အိမ်ပြန်နေလိုသည့် စိတ်ဆန္ဒ လုံးဝမရှိပေ။

တစ်နေ့သ၌ ကုမာရဘစ္စဇီဝက၏အိမ်တွင် သကျမုနိဗုဒ္ဓနှင့် တခြားသံဃာတော်အားလုံးကို ပင့်ဖိတ်ပြီးဆွမ်းကျွေးသည်။ ထိုအချိန်၌ ဇီဝက၏ အိမ်သို့ကြွပြီး ဆွမ်းစားဖို့ကိစ္စ စီမံသူမှာ မဟာပန္ထကဖြစ်သည်။ တစ်ရက် ကြိုတင်ပြီး မဟာပန္ထကကို သူ၏အိမ်ဂေဟာသို့ ဆွမ်းစားကြွမည့် ရဟန်းတော်များ၏အရေအတွက်ကို ဇီဝက မေးမြန်းစုံစမ်းကြည့်သည့်အခါ မဟာပန္ထကက သံဃာအပါး ငါးရာကြွမည်ဖြစ်ကြောင်း၊ စူဠပန္ထကမှတစ်ပါး တခြားသံဃာတော်အားလုံး ဆွမ်းစားကြွလိမ့်မည်ဖြစ်ကြောင်း ပြောပြလိုက်သည်။ စူဠပန္ထကက သူ၏ နောင်တော်ပြောပြသောစကားကို ကြားသွားသည်ဖြစ်၍ စဉ်းစားကြည့်သည်။

'ငါ၏နောင်တော်မထေရ်သည် ငါ့ကိုချန်ထားပြီး တခြားသံဃာအားလုံးအတွက် ဆွမ်းပင့်ဖိတ်ခြင်းကို လက်ခံလိုက်သည်။ ငါသည်နောင်တော်၏ စိတ်ခိုးလိုးခုလုဖြစ်စရာအကြောင်း ဖြစ်နေ၏။ ငါ့အတွက် ဤ သာသနာတော်တွင်း၌နေပြီး တရားဓမ္မကို သင်ကြားအားထုတ်နေ၍ မည်သို့ အကျိုးရှိနိုင်အံ့နည်း။ အိမ်ရာတည်ထောင် လူ့ဘောင်ပြန်သွားပြီး ကုသိုလ်ကောင်းမှုများကို တစ်သက်လုံး လုပ်သွားတော့မည်'

ယင်းသို့စဉ်းစားပြီးလျှင် နောက်တစ်နေ့ နံနက်စောစောအချိန်တွင် ကျောင်းတိုက်အတွင်းမှ ထွက်ခွာသွားဖို့ ဆုံးဖြတ်လိုက်သည်။ သကျမုနိဗုဒ္ဓ

http://www.linhtet.com



သည် စူဠပန္ထက ထွက်ခွာသွားမည့်လမ်းမ၌ ရှိသောတံခါးပေါက်အနီးတွင် စင်္ကြံကြွနေတော်မူသည်။ ဝင်းတံခါးမှ အပြင်ဘက်ထွက်တော့မည်လုပ်စဉ်မှာပင် စူဠပန္ထကသည် သကျမုနိဗုဒ္ဓကို တွေ့မြင်သွားသည်ဖြစ်၍ အနီးသို့သွားပြီး ရှိခိုးဦးခိုက်လိုက်သည်။ သကျမုနိဗုဒ္ဓက စူဠပန္ထကကို မေးတော်မူလိုက်သည်။

'စူဠပန္ထက... အချိန်မတော် မည်သည့်နေရာ သွားမလို့လဲ"

'တပည့်တော်၏နောင်တော်က နှင်ထုတ်လိုက်သည့်အတွက် တပည့်တော် ကျောင်းကထွက်ခွာလာခြင်း ဖြစ်ပါသည်။ တပည့်တော် ရှင်ရဟန်းဘဝကို စွန့်လွှတ်ရပါတော့မည်'

သကျမုနိဗုဒ္ဓသည် စူဠပန္ထကအား အကျိုးအကြောင်း ရှင်းလင်းပြောပြပြီးလျှင် လက်တော်ဖြင့် စူဠပန္ထကကိုဆွဲခေါ်ခဲ့ပြီး ဂန္ဓကုဋီ၏ရှေ့၌ ထိုင်ခိုင်းလျက် စူဠပန္ထက၏လက်ထဲတွင် အဝတ်စတစ်စပေးရင်း မိန့်တော်မူလိုက်သည်။

'ဤအဝတ်စကို လက်တစ်ဖက်နှင့်ကိုင်ပြီး အခြားလက်တစ်ဖက်ဖြင့် ပွတ်သပ်နေပြီးလျှင် '*ရဇောဟရဏံ*' ဟု ရွတ်ဖတ်သရဇ္ဈာယ်နေပါ' ဟု မိန့်တော်မူလိုက်သည်။ စူဠပန္ထကသည် သကျမုနိဗုဒ္ဓ မိန့်တော်မူသည့်အတိုင်း လိုက်နာဆောင်ရွက်သည်။

နံနက်ချိန်၌ ရဟန်းသံဃာတော်များသည် ဇီဝက၏အိမ်ဂေဟာသို့ ဆွမ်းဘုဉ်းပေး ကြွသွားတော်မူကြသည်။ စူဠပန္ထကသည် နေရှိသည့်ဘက်ကို ကြည့်ရင်း ဂန္ဓကုဋီ၏ရှေ့၌ထိုင်လျက် သကျမုနိဗုဒ္ဓပေးထားသော အဝတ်ဖြူတစ်စကို လက်နှင့်ပွတ်သပ်နေသည်။ အကြိမ်များစွာပွတ်သပ်နေသောကြောင့် ချွေးစိုနေသောလက်ဖြင့် ထိနေရသည့်အတွက် အဝတ်ဖြူညစ်သွားသည်။ ထိုအခါ စူဠပန္ထက 'ဤအဝတ်ဖြူစသည် ယခုညစ်နွမ်းသွားပြီ၊ ပြောင်းလဲသွားပြီ၊ ထိုနည်းအတိုင်းပင် ကမ္ဘာလောကတစ်ခုလုံးသည် အနိစ္စဖြစ်၏။ အမြဲတည်ရှိမနေပေ။ အပြောင်းအလဲဖြစ်နေ၏' ဟု တွေးတောမိပြီးလျှင် မိမိအတွင်းသန္တာန်ထဲက မြူမှုန်အညစ်အကြေးကို ဗုဒ္ဓ၏ ဓမ္မရေဖြင့် ဆေးကြောပစ်လိုက်သည်။ အနိစ္စတရား၏ သဘောသဘာဝကို သိမြင်နားလည်သွားသည်။ စိတ်နှလုံးထဲက ကိလေသာတရားများ ပျက်စီးပျောက်ကွယ် သွားကြသည်။ အပြင်အပက

http://www.linhtet.com



ဤအဝတ်သည် ညစ်နွမ်းသွားသည်။ စိတ်နှလုံးထဲတွင်လည်း ရာဂစသော မြူမှုန်အညစ်အကြေးများ ရှိနေသည်။ ယင်းမြူမှုန်အညစ်အကြေးများကို သန့်စင်သွားအောင်လုပ်ပြီးလျှင် ဉာဏ်အလင်းရရှိသွားသည်။ ထိုအချိန်၌ စူဠ ပန္ထက၏နှုတ်မှ ဂါထာအချို့ သူ့အလိုလို ထွက်ပေါ်လာကြသည်။ စူဠပန္ထက ရဟန္တာဖြစ်သွားသည်။ သကျမုနိဗုဒ္ဓက စူဠပန္ထက၏စိတ်ကို သိမြင်သွားသည်။

ဇီဝက၏အိမ်၌ သကျမုနိဗုဒ္ဓနှင့်တကွ ရဟန်းသံဃာတော်များသည် ဆွမ်းဘုဉ်းပေးရန် ထိုင်လိုက်ကြသည်။ ဇီဝကက သကျမုနိဗုဒ္ဓ၏လက်ကို သန့်စင်ရန် ရေယူလာသောအခါ သကျမုနိဗုဒ္ဓက ဟန့်တားထားလိုက်ပြီး 'ဇီဝက၊ ကျောင်းမှာ ရဟန်းတစ်ပါးကျန်နေသေးတယ်' ဟု မိန့်တော်မူလိုက် သည်။

မဟာပန္ထကက ပြောလိုက်သည်။

'အရှင်သူမြတ်ဘုရား၊ ကျောင်းမှာ ရဟန်းတစ်ပါးမှ ကျန်မနေ တော့ပါ'

သကျမုနိဗုဒ္ဓက တစ်ဖန်ထပ်ပြီး မိန့်တော်မူလိုက်သည်။

'ဇီဝက၊ ကျောင်းမှာ ရဟန်းတစ်ပါးကျန်နေသေးတယ်'

ကျောင်းတိုက်၌ ရဟန်းကျန်သေးသလား၊ မကျန်ဘူးလား ကြည့်ဖို့ ရန်အတွက် ဇီဝကသည် လူတစ်ယောက်ကို စေလွှတ်လိုက်သည်။ စူဠပန္ထက သည် 'ငါ၏နောင်တော်က ကျောင်းတွင် ရဟန်းတစ်ပါးမှ မရှိတော့ဘူးဟူ၍ ပြော၏။ ကျောင်း၌ ရဟန်းများ ကျန်ရှိနေသေးသည်ဆိုသည့်အကြောင်းကို ငါပြမည် 'ဟု စဉ်းစားပြီးလျှင် ဇီဝကလွှတ်လိုက်သောလူအား ကျောင်းတွင် ရဟန်းတော်အရေအတွက် အများအပြားရှိသည်ဆိုသည်ကို ပြလိုက်သည်။ ဇီဝကလွှတ်လိုက်သောလူက ဇီဝကကို ထိုအကြောင်း ပြန်လည်ပြောပြသည်။

သကျမုနိဗုဒ္ဓက ထိုလူအား 'ကျောင်းသို့ တစ်ဖန်ပြန်သွားပြီး စူဠပန္ထကအမည်ရှိ ရဟန်းကိုပင့်ခဲ့ပါ' ဟု အမိန့်ရှိတော်မူလိုက်သည်။ ထို ပုဂ္ဂိုလ်သည် ကျောင်းသို့ တစ်ဖန်ပြန်သွားပြီး စူဠပန္ထကအမည်ရှိ ရဟန်းကို စုံစမ်းမေးမြန်းသောအခါ ရဟန်းပုဂ္ဂိုလ်တိုင်းက မိမိတို့သည် စူဠပန္ထကအမည်ရှိ

ရဟန်းပုဂ္ဂိုလ်ဖြစ်ကြောင်းကို ပြောပြကြသည်။ သကျမုနိဗုဒ္ဓက ဇီဝက၏ တပည့်ကို 'ပထမဦးစွာ မိမိကိုယ်မိမိ စူဠပန္ထကဟုပြောပြသော ရဟန်းပုဂ္ဂိုလ်ကို ဆွဲခေါ်ခဲ့ပါ၊ ကျန်ရဟန်းပုဂ္ဂိုလ်များ ပျောက်ကွယ်သွားကြလိမ့်မည်'ဟု မိန့်တော်မူပြန်သည်ဖြစ်၍ ထိုပုဂ္ဂိုလ်က သကျမုနိဗုဒ္ဓ မိန့်တော်မူသည့်အတိုင်း ပြုလုပ်ဆောင်ရွက်သည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ သကျမုနိဗုဒ္ဓက 'ဇီဝက.. စူဠပန္ထက၏ သပိတ်ကို ယူပါလော့၊ ယနေ့ စူဠပန္ထကပဲ အနုမောဒနာတရား ဟောကြားလိမ့်မည်'ဟု မိန့်ကြားတော်မူလိုက်သည်။ ဇီဝကသည် သကျမုနိဗုဒ္ဓ ညွှန်ကြားသည့်အတိုင်း ပြုလုပ်ဆောင်ရွက်သည်။ စူဠပန္ထကသည် ခြင်္သေ့မင်း၏ ရဲရင့်သောအသံမျိုးဖြင့် ပညာနှင့်ပြည့်စုံသည့် တရားဒေသနာကို ဟောကြားတော်မူလေသည်။

သကျမုနိဗုဒ္ဓနှင့်အတူ ရဟန်းသံဃာအားလုံး ကျောင်းသို့ပြန်ကြွသွားကြသည်။ တထာဂတသည် အနားယူရန်အတွက် ဂန္ဓကုဋီအတွင်း၌ ဝင်ရောက်သွားသည်။ နေလွဲမွန်းတည့်ချိန်ရောက်လာသောအခါ ရဟန်းသံဃာတော်များသည် တစ်နေရာ၌ထိုင်ကြပြီး ယင်းမဖြစ်ဖူးမြဲ ထူးကဲသောအဖြစ်အပျက်နှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားနေကြသည်။

စူဠပန္ထကသည် အထူးအားဖြင့် ရူပဈာန်နှင့် သမာဓိတရား၌ ကျွမ်းကျင်သူဖြစ်ပြီး သူ၏နောင်တော် မဟာပန္ထကကမူ အရူပဈာန်နှင့် ဝိပဿနာဘာဝနာ၌ ကျွမ်းကျင်မှုရှိသူဖြစ်သည်။

တစ်နေ့သောအခါ၌ သာဝတ္ထိပြည်တွင် ဘိက္ခုနီများအား တရားဓမ္မဟောကြားရန် စူဠပန္ထကအလှည့်ရောက်လာသည်။ ဘိက္ခုနီများသည် စူဠပန္ထကထံမှ ထူးထူးခြားခြား တရားဓမ္မ နာကြားကြရလိမ့်မည်ဟူ၍ မျှော်လင့်ချက် မထားကြပေ။ အကြောင်းမူကား စူဠပန္ထကသည် ဂါထာတစ်ပုဒ်ကို လေးလတိတိကျက်သော်လည်း ကျက်၍မရဟူသောသတင်းကို ကြားသိထားကြသည့်အတွက်ကြောင့် ဖြစ်သည်။

စူဠပန္ထကသည် ဘိက္ခုနီများအား တရားဒေသနာဟောကြားပြီး တအံ့တသြဖြစ်သွားစေခဲ့သည်။ ဘိက္ခုနီအားလုံး စိတ်ပါဝင်စားစွာဖြင့် စူဠ

http://www.linhtet.com



ပန္ထကေ၏ တရားဒေသနာကို နာကြားကြသည်။ ယင်းသတင်းကို ကြားရသော အခါ သကျမုနိဗုဒ္ဓက 'ညဥ့်အချိန်ကျရောက်သည်အထိ ဘိက္ခုနီများကို တရား ဒေသနာ ဟောကြားခြင်းမပြုလုပ်ရ၊ အကြောင်းမူကား ညဥ့်အချိန်ရောက်လာ လျှင် တရားဒေသနာ နာကြား၍အပြီး ဘိက္ခုနီများအနေနှင့် မိမိတို့ကျောင်း ပြန်သွားဖို့အတွက် အချိန်နောက်ကျနေလိမ့်မည် ဖြစ်သည့်အတွက်ကြောင့် ဖြစ်၏' ဟူ၍ စူဠပန္ထကကို သတိပေးတော်မူသည်။

တစ်ကြိမ်တွင် သကျမုနိဗုဒ္ဓသည် စူဠပန္ထကကို ချီးကျူးထောမနာ ပြုသည့်အနေဖြင့် 'စူဠပန္ထကသည် သတိစွမ်းအားဖြင့် ရုပ်ကိုတည်ဆောက် ရာ၌ ရှေ့သွားခေါင်းဆောင်ဖြစ်၏' ဟူ၍ မိန့်ကြားတော်မူသည်။ ။

http://www.linhtet.com

# ကုမာရကဿပ

သူ၏မိခင်မှာ ဘိက္ခုနီဖြစ်သည်။ သူမွေးဖွားသောနေရာမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းဖြစ်သည်။ သူသည် ဘုရင်ဗိမ္ဗိသာရ၏နန်းတော်၌ ကြီးပြင်းလာပြီး ခုနစ်နှစ်သားအရွယ်၌ ရှင်သာမဏေ ဖြစ်လာသည်။

ကုမာရကဿပ၏မိခင်သည် ရာဇဂြိုဟ်သူကြွယ်၏သမီး ဖြစ်သည်။ ငယ်စဉ်ကပင် သကျမုနိဗုဒ္ဓ၏တရားတော်ကို နာကြားရသောကြောင့် သာသနာ့ဘောင်ဝင်ရောက်လိုသော အဆုံးအပိုင်းအခြားမရှိသည့် အလိုဆန္ဒ ဖြစ်ပေါ်လာသည်။ သို့ရာတွင် မိဘ၏ခွင့်ပြုချက် မရရှိသောကြောင့် အလိုဆန္ဒရှိ သည့်အတိုင်း သာသနာ့ဘောင်အတွင်း ဝင်ရောက်နိုင်ခွင့် မရရှိခဲ့ပေ။

အချိန်တန်အရွယ်ရောက်လာသောအခါ ကဿပ၏မိခင်သည် သူဌေးသားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားသည်။ သို့ရာတွင် ထိုအချိန်ထိ သာသနာ့ဘောင် ဝင်ရောက်လိုသောအကြံကို မလျှော့သေးပေ။ လင်ယောကျ်ား အိမ်၏နံရံအတွင်း ရောက်ရှိသွားသောအခါ အနေရကျပ်လာသည်။ လင်ယောကျ်ားက သူ့ကိုအတိုင်းမရှိ ချစ်မြတ်နိုးသည်။ အတိုင်းမသိ ချစ်မြတ်နိုးသည့်အတွက် ဇနီးမယားအလိုရှိသမျှကို ပြည့်ဝအောင်ဆောင်ရွက်ပေး ခြင်းသည် မိမိအတွက် အလွန်တရာစိတ်ချမ်းသာစရာဖြစ်သည်ဟု ထင်မှတ်ယူဆနေသူဖြစ်သည်။

http://www.linhtet.com



တစ်နေ့သောအခါ၌ ကဿပ၏မိခင်သည် သူ၏လင်ယောကျ်ား အား သူ့ကို သာသနာ့ဘောင်အတွင်း ဝင်ရောက်ခွင့်ပေးရန် တောင်းပန်သည်။ လင်ယောကျ်ားဖြစ်သူသည် သူ့ဇနီးမယားကို စိတ်ပျက်သွားအောင် မလုပ်လိုသည့်အတွက် သာသနာ့ဘောင်အတွင်း ဝင်ရောက်ခွင့်ပေးလိုက်ပြီးလျှင် အခမ်းအနားနှင့် ဘိက္ခုနီပြုပေးလိုက်သည်။ ကံမကောင်း အကြောင်းမသင့်သော ကြောင့် ဒေဝဒတ္တ၏ဘက်တော်သား ဘိက္ခုနီများထံတွင် ဘိက္ခုနီပြုပေးလိုက် ခြင်းဖြစ်သွားသည်။ ယင်းသို့ ဒေဝဒတ္တ၏ဘက်တော်သား ဘိက္ခုနီများထံ ရောက်သွားသည်ဆိုသည်ကို ကဿပ၏မယ်တော်က မသိပေ။

ဘိက္ခုနီပြုပြီး မကြာမီ ရက်အတောအတွင်း ကဿပ၏မယ်တော်သည် မိခင်တစ်ယောက်ဖြစ်လာမည့် အမှတ်လက္ခဏာပေါ်လာသည်။ ယင်းအခြေအနေကို တွေ့မြင်ရသည်ဖြစ်၍ ပတ်ဝန်းကျင်ရှိ ဘိက္ခုနီများသည် သွားပုပ်လေလွင့် တီးတိုးစကားပြောကြသည်။ ကဿပမယ်တော်ကိုလည်း 'ဘယ်သူ့ကိုယ်ဝန်လဲ' ဟု မေးမြန်းစုံစမ်းကြည့်ကြသည်။

'ကျုပ် မသိဘူး၊ ကျုပ် သီလ မည်သည့်နည်းနှင့်မှ ကျိုးပျက်ဖောက်ပြားသွားခြင်းမရှိဘူး'

တခြားဘိက္ခုနီများက ကဿပ၏မယ်တော်၏စကားကို မယုံကြည်ကြပေ။ ယင်းသတင်းကို ဒေဝဒတ္တနားပေါက်ကြားအောင် ပြောပြလိုက်ကြသည်။ ဒေဝဒတ္တသည် ကဿပမယ်တော်ကို အကျင့်ဖောက်ပြားသူဟု ထင်မှတ်သွားပြီး နာမည်မပျက်စေလိုသည့်အတွက် ကိုယ်ဝန်နှင့်အတူ သတ်ပစ်လိုက်ရန် အကြံရသည်။ ဒေဝဒတ္တ၏အကြံကို သိရှိရသောအခါ အပြစ်မဲ့သူဘိက္ခုနီသည် ထိတ်လန့်ကြောက်ရွံ့သောကြောင့် တုန်လှုပ်ချောက်ချား သွားသည်။ သူ၏အကျိုးလိုလားသူ ဘိက္ခုနီတစ်ပါးကို အနူးအညွတ် တောင်းပန်သည်။

'ဒေဝဒတ္တသည် ကျုပ်ကို မဆင်ခြင်မစဉ်းစားဘဲ သတ်ပစ်ဖို့ လိုလားနေသည်။ ကျုပ် ဒေဝဒတ္တအတွက် သာသနာ့ဘောင် ဝင်ရောက်လာခြင်း မဟုတ်ပေ။ ကျုပ်ကို ရှင်တော်ဗုဒ္ဓထံခေါ်သွားပါ။ ရှင်တော်ဗုဒ္ဓက အဆုံးအဖြတ်ပေးပါလိမ့်မည်'

http://www.linhtet.com



ကဿပ၏မယ်တော်ကို သူ၏အလိုဆန္ဒအတိုင်း သကျမုနိထံခေါ်သွားပြီး အကျိုးအကြောင်းပြောပြလိုက်သည်။ ကဿပမယ်တော်၏ ကိုယ်ဝန်သည် အိမ်ရှင်မဘဝဖြင့်နေရစဉ်က ကိုယ်ဝန်ဖြစ်သည်ဆိုသည်ကို သိတော်မူသော်လည်း သကျမုနိဗုဒ္ဓသည် လူအကဲ့ရဲ့လွတ်စေရန်အတွက် ဘုရင်ဗိမ္ဗိသာရ၊ အနာထပိဏ္ဍိကသူဌေး၊ သူဌေး၏ညီငယ်၊ ဝိသာခါနှင့် အခြားထင်ရှားသူများကိုခေါ်စေပြီးလျှင် ကိုယ်ဝန်ကိုအစစ်ဆေးခိုင်းလျက် ယင်းဝိနည်းကံကို အဆုံးအဖြတ်ပေးရန် ဝိနည်းမိုရ်ဥပါလိမထေရ်ထံ လွှဲအပ်လိုက်သည်။

ဥပါလိမထေရ်သည် ဘုရင်အစရှိသော အစုအဝေးကို အစည်းအဝေးခန်းမသို့ ဖိတ်ခေါ်လိုက်သည်။ ဝိသာခါသည် ကဿပမယ်တော်ကို အခန်းထဲခေါ်သွားပြီးလျှင် မေးမြန်းလျက် ကိုယ်ဝန်ကိုစစ်ဆေးကြည့်သည်။ ကိုယ်ဝန်ဆောင်သူအား ကိုယ်ဝန်နှင့်ပတ်သက်သည့် ရက်လစသည်တို့ကို စုံစမ်းကြည့်သည်။ ထို့နောက် ဝိသာခါက ဥပါလိမထေရ်အား အိမ်ရှင်မဘဝက ရခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း၊ ကိုယ်ဝန်ရှိနေသည်ကို မသိသောကြောင့် ဘိက္ခုနီပြုခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။ ဥပါလိမထေရ်သည် စည်းဝေးသဘင်၏အလယ်၌ ကဿပမယ်တော်အား အပြစ်မရှိ ပရိသုဒ္ဓ စင်စစ်ဖြစ်၏ဟု ကြေညာလိုက်သည်။

ကလေးမျက်နှာမြင်လာသောအခါ ဘုရင်ဗိမ္ဗိသာရက ကလေးကို နန်းတော်ခေါ်သွားပြီး အထိန်းတော်တစ်ယောက်ထံ အပ်ထားလိုက်သည်။ ကလေးသည် တခြားကလေးများနှင့်အတူ နန်းတော်၌နေသည်။ တစ်နေ့သ၌ ကစားနေကြစဉ် ကဿပမယ်တော်၏သားက အခြားကလေးတစ်ယောက် ကို ရိုက်လိုက်သည်။ သူ့ကို အမေမရှိဟုပြောသည့်အတွက် ရိုက်လိုက်ခြင်း ဖြစ်သည်။ ကုမာရကဿပက ဘုရင်မင်းကြီးထံသွားပြီး 'အရှင်မင်းကြီး၊ ကျွန်ုပ်မိခင် ဘယ်မှာလဲ' ဟု မေးလိုက်သည်။

ဘုရင်မင်းကြီးက အထိန်းတစ်ယောက်ကိုပြလျက် 'အဲဒါ မင်းအမေ' ဟု ပြောလိုက်သည်။

'အရှင်မင်းကြီး ဒီမိန်းမဟာ ကျွန်ုပ်အမေ မဟုတ်ဘူး'

ကလေးငယ်က ပြန်ပြောသည်။

http://www.linhtet.com



ဤသူငယ်ကို လှည့်ပြော၍ရလိမ့်မည်မဟုတ်ဟု တွေးပြီးလျှင် ဘုရင်မင်းကြီးက 'ကလေး မင်းအမေက ဘိက္ခုနီ' ဟု ပြောလိုက်သည်။ ထိုအချိန်က ကုမာရကဿပသည် ခုနစ်နှစ်သားအရွယ်ရောက်နေပြီ။ မိခင်ချစ်စိတ်ရှိနေ သည်မှာ အဆန်းမဟုတ်ပေ။ မိခင်ကို ကြည့်လိုသည့်အတွက် မရိုးမရွ ဖြစ်နေ သည်။ သူငယ်၏အသိစိတ်ဖြင့် ပြောလိုက်သည်။

'အရှင်မင်းကြီး ကျွန်ုပ်လည်း ရှင်ရဟန်းပြုလိုပါ၏'

ကလေးသူငယ်ဆန္ဒကို ကြားရသောအခါ ဘုရင်မင်းကြီးသည် ခုနစ်နှစ်သားအရွယ်မျှသာရှိသေးသော ကုမာရကဿပကို သကျမုနိဗုဒ္ဓထံ ခေါ်သွားပြီး သာသနာ့ဘောင်အတွင်း သွတ်သွင်းပေးလိုက်သည်။ ကလေး သူငယ် ကုမာရအရွယ်၌ ရှင်ရဟန်းပြုသောကြောင့်လည်းကောင်း၊ သားတော် တစ်ပါးကဲ့သို့ နန်းတော်၌ ကြီးပြင်းလာရသောကြောင့်လည်းကောင်း သူ၏ အမည်သည် ကုမာရကဿပဟု တွင်နေသည်။ ကုမာရကဿပသည် ယင်း အမည်နာမဖြင့်သာလျှင် ထင်ရှားကျော်ကြားနေသည်။ သကျမုနိဗုဒ္ဓက သူ့ကို စားဖွယ်တစ်ခုခု ပေးလိုသောအခါ 'ကုမာရကဿပ' ဟူသော အမည်နာမ ဖြင့်သာ ခေါ်လေ့ရှိသည်။

ရှင်ရဟန်းဖြစ်သွားပြီးသောအခါ ကုမာရကဿပသည် သကျမုနိဗုဒ္ဓ ထံမှ ဝိပဿနာဘာဝနာနှင့်ပတ်သက်၍ သင်ကြားလေ့လာပြီးလျှင် တောအုပ် အတွင်းသို့ ထွက်ခွာသွားသည်။ တောအုပ်အတွင်း၌ နေ့ရက်ကြာကြာ နေ၍ မရပေ။ သကျမုနိဗုဒ္ဓထံပြန်လာပြီး ဝိပဿနာဘာဝနာနှင့်ပတ်သက်၍ ထပ်မံ သင်ကြားလေ့လာပြီးလျှင် တစ်ဖန် တောတွင်းသို့ပြန်သွားသည်။ ကုမာရ ကဿပသည် ဝိပဿနာဘာဝနာပွားများ အားထုတ်သောကြောင့် ရဟန္တာ ဖြစ်သွားသည်။

ကုမာရကဿပကို မိမိနှင့်အတူ မထားနိုင်သောကြောင့်လည်း ကောင်း၊ မိမိသားကို မမြင်တွေ့ရသောကြောင့်လည်းကောင်း သူ၏မိခင်သည် သားသောကကြောင့် ဆယ့်နှစ်နှစ်တိတိ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရှာ သည်။ သားနှင့်ကင်းကွာနေရသောဒုက္ခကို မျိုသိပ်ထားခြင်းငှာ မစွမ်းနိုင်ပေ။

http://www.linhtet.com



တစ်နေ့သ၌ ကဿပမိခင် ဘိက္ခုနီသည် လမ်းတစ်လမ်းတွင် ဆွမ်းခံနေသော ကုမာရကဿပကို တွေ့မြင်ရသည်ဖြစ်၍ သားချစ်သည့်ဇောအရှိန်ကို ထိန်းချုပ်မထားနိုင်သောကြောင့် ' သား... သား' ဟုအော်ဟစ်ပြီး သူ့သားကို ဖမ်းဆွဲရန် ပြေးသွားသည်။ သူ၏ရင်သားနှစ်မွှာမှ နို့များပန်းထွက်လာသည်ဖြစ်၍ သင်္ကန်းတစ်ခုလုံး နို့ရည်ရွှဲရွှဲစိုသွားသည်။ ဘိက္ခုနီသည် အတင်းလူးလဲထပြီးလျှင် ကုမာရကဿပ၏အနီးသို့သွားလျက် ကုမာရကဿပ၏လက်ကို ဖမ်းဆွဲထားလိုက်သည်။ ထိုအခါ သားဖြစ်သူ ရဟန်းက စဉ်းစားကြည့်သည်။

'ငါ့ကို တွယ်တာနေသောသံယောဇဉ်သည် သူ၏ အရဟတ္တဖိုလ်ရရှိရေးလမ်းကြောင်း၌ အနှောင့်အယှက် အဟန့်အတား ဖြစ်နေလိမ့်မည်။ အကယ်၍ ယခုအချိန်၌ ငါစကားချိုချိုသာသာ ပြောပြလိုက်လျှင် သူ၏ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်သွားလိမ့်မည်'

ယင်းသို့စဉ်းစားပြီးလျှင် ကုမာရကဿပသည် သူ၏မိခင်အား...

'သင်သည် သံယောဇဉ်တရားကို ဖယ်ရှားမပစ်နိုင်လျှင် သာသာနာ့ဘောင်ဝင်ရောက်နေ၍ အကျိုးမည်သို့ရှိနိုင်မည်နည်း' ဟု ပြောလိုက် သည်။

ဆယ့်နှစ်နှစ်ကြာပြီးသည့်နောက် သားထံမှ မိခင်အပေါ်ထားသော ချစ်ခြင်းမေတ္တာစကား တစ်လုံးတစ်လေကြားရမည့်အစား ရင့်သီးသောစကားကို ကြားရသောကြောင့် သားအပေါ်တွင်ထားသောသံယောဇဉ် ပျက်စီးကွယ်ပျောက်သွားပြီးလျှင် ကုမာရကဿပမယ်တော်သည် ထိုနေ့၌ပင် အာသဝေါကုန်ခန်းသော ရဟန္တာမ ဖြစ်သွားသည်။

ကုမာရကဿပသည် ဩဇာအရှိန်အဝါကြီးမားသော ဓမ္မကထိကတစ်ပါးဖြစ်သည်။ ပါယာသိဘုရင်နှင့်ဆွေးနွေးသော သူ၏စကားကိုကြည့် လျှင် ထိုအချက် သိသာထင်ရှားသွားလိမ့်မည်။ ကုမာရကဿပသည် တခြားရဟန်းသံဃာအစုအဝေးနှင့် အတူတကွ ကောသလတိုင်း၌ လှည့်လည်သွားလာနေရင်း သေတဗျမြို့ရောက်သွားပြီးလျှင် သေတဗျမြို့၏မြောက်ဘက်ရှိ သိံသမတော၌ သီတင်းသုံးနေသည်။ ပါယာသိသည် ပသေနဒီကောသလ

http://www.linhtet.com



မင်းကြီး မြှောက်စားသည်ကို ခံရသူတစ်ဦးဖြစ်သည်။ သို့သော်လည်း ဘုရားမဲ့၊ တရားမဲ့ နတ္ထိကဝါဒီတစ်ဦး လုံးလုံးဖြစ်သည်။ ပရလောကမရှိ၊ ကုသိုလ်ကောင်းမှုဟူ၍မရှိ၊ အကုသိုလ်မကောင်းမှုဟူ၍လည်းမရှိ၊ ကံ၏အကျိုးဟူ၍ လည်းမရှိဟူသော အယူအဆကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသူဖြစ်သည်။ ယင်းအယူအဆကို လက်ခံယုံကြည်ထားသူ တစ်ဦးအနေနှင့် ပါယာသိသည် ကုမာရကဿပထံရောက်သွားပြီးလျှင် ကုမာရကဿပအား ကံတရားနှင့်ပတ်သက်၍လည်းကောင်း၊ ပုနဗ္ဘဝ ဘဝတစ်ဖန်မွေးဖွားလာခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြသည်။ ယင်းအဖြစ်အပျက်သည် သကျမုနိဗုဒ္ဓ၏ခတ်တော်များကို ဌာပနာပြီး စေတီပုထိုးတည်ပြီးသည့်နောက်မှ ဖြစ်ပျက်သည့်အဖြစ်အပျက် ဟူ၍ပြောကြသည်။

သူ၏စကားအရာ ကျွမ်းကျင်လိမ္မာမှုကို တွေ့မြင်ရသောကြောင့် ကုမာရကဿပသည် တရားစကားဟောပြရာ၌ ရှေ့သွားခေါင်းဆောင်ဖြစ်သည်ဟူ၍ အသိအမှတ်ပြုခံထားရသော ပုဂ္ဂိုလ်ဖြစ်သည်။

အသက်နှစ်ဆယ် တင်းတင်းပြည့်သည့်အချိန်ကျမှ ကုမာရကဿပသည် ဥပသမ္ပဒ ရဟန်းအဖြစ်သို့ရောက်သည်။ သူ့ကို ပဋိသန္ဓေခံသောအခါ သူ၏အသက် နှစ်ဆယ်ပြည့်မပြည့် သံသယကသံသယ ဖြစ်သည်။ ထိုအခါ မိခင်၏ဝမ်းတိုက်အတွင်း၌ ပဋိသန္ဓေနေခဲ့ရသော ရက်များနှင့် ပူးပေါင်းလျက် အသက်နှစ်ဆယ်ပြည့်သည်ဟူ၍ သကျမုနိဗုဒ္ဓက သံဃာများ၏ သံသယကို ရှင်းလင်းပေးတော်မူသည်။

http://www.linhtet.com

# စိတ္တမထေရ်

စိတ္တဟတ္ထိသာရိပုတ္တသည် ကောသလတိုင်း သာဝတ္ထိ၌နေသော တောင်သူလယ်သမား လုလင်တစ်ယောက်ဖြစ်သည်။ နေ့တိုင်းနေ့တိုင်း နံနက်စောစောအချိန်၌ စိတ္တသည် မြို့အပြင်ဘက်၌ရှိသော လယ်ယာသို့သွားလျက် ညနေမှောင်ရီသန်းလာသည့်အချိန်အထိ လယ်ယာအလုပ်လုပ်ရသည်။ တစ်နေ့သောအခါ၌ လယ်ထဲတွင် နေ့လယ်မွန်းတည့်ချိန်မတိုင်မီ အလုပ်လုပ်၍ ပြီးသွားသောကြောင့် စိတ္တသည် သကျမုနိဗုဒ္ဓ သီတင်းသုံးနေတော်မူသော ဇေတဝန်ကျောင်းတော်အနီးသို့သွားရန် ဆုံးဖြတ်လိုက်သည်။ သကျမုနိဗုဒ္ဓ၏ တရားဒေသနာတော်ကို နာကြားသူများ၏ အရေအတွက်သည် နေ့စဉ်နေ့တိုင်း များသည်ထက်များလာသည်။ စိတ္တသည် သကျမျိုးနွယ် ဘုရင့်သားတော် အဖြစ် မွေးဖွားလာပြီး သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်တော်မူလာသော သကျမုနိ၏ တရားဒေသနာတော်ကို နာကြားလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။

ဇေတဝန်ကျောင်းတော်သည် နွေဦး၏ ကြည်လင်သောအလင်းရောင်ဖြင့် ကြည်နူးသာယာဖွယ်ဖြစ်နေသော ဥယျာဉ်ထဲတွင် ငြိမ်သက်စွာ လဲလျောင်းနေသည်။ ကျောင်းတော်နှင့် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း မမြင်တွေ့ရပေ။ ဇေတဝန်ကျောင်းတော်

http://www.linhtet.com



၏ ဝင်းပေါက်ဝ၌ ရပ်နေသောစိတ္တသည် တိတ်ဆိတ်ငြိမ်သက်ပြီး လူသူ တစ်ဦးယောက်ကိုမျှ မတွေ့ရသောကြောင့် လှည့်ပြန်မည်လုပ်သည်။ ထိုအခါ နောက်မှ 'ဘာ့ကြောင့် ပြန်မယ်လုပ်တာလဲ' ဟူသော အသံတစ်သံပေါ်လာ သည်။ နောက်ဘက်လှည့်ကြည့်လိုက်သောအခါ မျက်နှာတွင် အပြုံးပေါ်နေ သောမထေရ်တစ်ပါးကို အံ့သြစွာတွေ့မြင်ရသည်။ မထေရ်၏လက်ထဲတွင် ခဲဖွယ်ဘောဇဉ်အပြည့်ရှိနေသောသပိတ်ကို တွေ့မြင်ရသည်ဖြစ်၍ မထေရ်သည် ဆွမ်းခံရာမှ ပြန်ကြွလာသောမထေရ်ဖြစ်မည်ဟု စိတ္တထင်မှတ်သွားသည်။

စိတ္တ၏ဝမ်းဗိုက်ထဲတွင် တကြုတ်ကြုတ်မြည်လာသည်။ တစ်နံနက် လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရသည်။ အချိန်ကလည်း မွန်းတည့်ချိန်ရောက် နေပြီ။ စိတ္တကို စူးစိုက်ကြည့်ရှုရင်း မထေရ်က အပြုံးဖြင့်ပြောလိုက်သည်။

'အတိတ်ကကံကြောင့် ကျုပ်တို့တစ်တွေ ယခုလို လာဆုံကြတာဖြစ် တယ်။ ကျုပ်ကျွေးတဲ့ ခဲဖွယ်ဘောဇဉ်ကို စားသွားပါဦးလား'

စိတ္တသည် အချိန်အတန်ကြာမျှ မရွှံ့မရဲဖြစ်နေသည်။ သို့ရာတွင် မိမိကိုယ်တိုင် သတိမပြုမိမှာပင် သူ၏လက်က ဆန့်တန်းလျက်သားဖြစ်နေ သည်။ မထေရ်သည် စိတ္တလို တောင်သူလယ်သမားတစ်ယောက်၏ ခံတွင်းနှင့် တွေ့ဖူးဟန်မတူသော အနံ့အရသာနှင့် ပြည့်စုံသည့် ခဲဖွယ်ဘောဇဉ်ကို စိတ္တ လက်ထဲထည့်လိုက်သည်။

နောက်ပိုင်း၌ စိတ္တသည် သူ့ကို မထေရ်ကျွေးသော အနံ့အရသာနှင့် ပြည့်စုံသည့် ခဲဖွယ်ဘောဇဉ်ကို မကြာခဏသတိရနေသည်။ လယ်ထဲတွင် တစ်နေ့လုံး အလုပ်လုပ်ရသည့်အတွက် ပင်ပန်းပြီး ဆာလောင်မွတ်သိပ်လာသည့် အခါများ၌ စဉ်းစားဆင်ခြင်မိသည်။ 'ငါတို့လို တောင်သူလယ်သမားများဟာ နေ့စဉ်ရက်ဆက် တစ်နေ့လုံး ချွေးတလုံးလုံးနဲ့ အလုပ်လုပ်ကြရပေမယ့် မထေရ် ကျွေးတဲ့ ခဲဖွယ်ဘောဇဉ်မျိုးကို တစ်ခါမှမစားခဲ့ကြရဘူး။ တကယ်လို့ ငါရဟန်း ပြုလိုက်ရင် မထေရ်ကျွေးတဲ့ အစားကောင်းအသောက်ကောင်းများကို နေ့စဉ် ရက်ဆက် စားရလိမ့်မယ်။ ရဟန်းဘဝနဲ့ လုပ်ရမယ့်အလုပ်က လွန်ရော၊ ကျုံရော တရားဟောတဲ့အလုပ်နဲ့ ဆွမ်းခံထွက်တဲ့အလုပ်လောက်သာ ရှိလိမ့် မယ်'

http://www.linhtet.com



စိတ္တလုပ်ရသော လယ်အလုပ်မှာ စားကောင်းသောက်ဖွယ်စားရဖို့ နှင့် ကြည့်လေ ဝေးလေ ဖြစ်နေသည်။ နောက်ဆုံး စိတ္တသည် ပင်ပင်ပန်းပန်း အလုပ်မလုပ်ရဘဲ မကြောင့်မကြ၊ မတောင့်မတ နေရသည့်ဘဝမျိုးဖြင့် နေ သွားရန် ရဟန်းပြုဖို့ ဆုံးဖြတ်လိုက်သည်။ ထို့နောက် မကြာမီ တစ်နေ့သော အခါ၌ စိတ္တသည် ဇေတဝန်ကျောင်းတော်သွားပြီး ရဟန်းပြုလိုသောဆန္ဒကို ထုတ်ဖော်ပြောပြလိုက်သည်။ သူ၏တောင်းဆိုချက်သည် သကျမုနိ၏နား တော်ပေါက်သွားပြီး သကျမုနိဗုဒ္ဓက မဆိုင်းမတွ ရဟန်းပြုခွင့်ပေးလိုက်သော ကြောင့် အားလုံးတအံ့တသြ ဖြစ်သွားကြသည်။

ရဟန်းအဖြစ်ဖြင့် စိတ္တ၏ ဘဝသစ်အစပြုလာခဲ့သည်။ သို့ရာတွင် စိတ္တသည် မိမိထင်ခဲ့သလို ရဟန်းဘဝသည် ခပ်လွယ်လွယ်နေ၍ရသောဘဝ မဟုတ်သည်ကို သိရှိနားလည်သွားသည်။ ပထမဦးစွာ ရဟန်းအဖြစ်နှင့်လိုက်နာ ကျင့်သုံးရသော သိက္ခာပုဒ်အများအပြားရှိနေသည်။ ရဟန်းတစ်ပါးသည် နံနက် ချိန်မှစ၍ ညအချိန်အထိ ဘာဝနာပွားများအားထုတ်ရသည်။ နံနက် ဆွမ်းခံချိန် ၌လည်း သာဝတ္ထိမြို့တွင်း တစ်အိမ်ပြီးတစ်အိမ် ဆွမ်းခံထွက်ရသည်။ ရဟန်း များထဲတွင် ထေရ်ကြီး ဝါကြီးဖြစ်သူ ရဟန်းများအတွက် ဆောင်ရွက်စရာ တာဝန်ဝတ္တရားများစွာရှိနေသည်။ အားလပ်နေသည့် အချိန်အတောအတွင်း ၌လည်း ရဟန်းများသည် တရားဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်နိုင် အောင် အရအမိ ကျက်မှတ်ရသည်။ စိတ္တသည် စားကောင်းသောက်ဖွယ်များ ကို စားသောက်လိုသော်လည်း နေ့စဉ်နေ့တိုင်း ထမင်းကြမ်း၊ ဟင်းကြမ်းများ ကိုသာ ရရှိသည်။

တစ်လလောက်ကျော်သွားသောအခါ စိတ္တသည် ရဟန်းဘဝနှင့် နေရသည်ကို စိတ်ပျက်လာပြီးလျှင် တစ်ညသောအခါ၌ ကျောင်းတိုက်မှအိမ်သို့ ထွက်ပြေးသွားပြီး နောက်တစ်နေ့နံနက်ချိန်၌ သူ့လယ်အလုပ်ကို ပြန်လုပ်နေ သည်။ သို့ရာတွင် နှစ်ရက်သုံးရက်လောက် ကြာလာသောအခါ ဆောင်းရာသီ ဥတု၌ ကရော်ကမယ် ဆောက်ထားသောအိမ်ကို လေအေးတိုက်ခတ်သကဲ့သို့ ပင်ပင်ပန်းပန်းလုပ်ရသော အလုပ်သည် သူ့ကို နှိပ်စက်ကလူ ပြုလာပြန်သည်။

http://www.linhtet.com



ထို့ကြောင့် စိတ္တသည် ဘဝကြမ်းဟုထင်မှတ်ရသော ရဟန်းဘဝကို တစ်ဖန် တောင့်တလာမိပြန်သည်။ သာမဏေငယ်၊ ရဟန်းငယ်များအား မဟာထေရ်များ အပင်ပန်းခံလျက် သင်ကြားပြသသော ဘဝသစ်နှင့်ပတ်သက်သည့်အခြေအနေကို တွေ့မြင်ရသောအခါ စိတ္တသည် ယင်းဘဝသစ်၏ အခြေအနေသည် ပင်ပန်းဆင်းရဲမှု ကင်းသည်ဟူ၍ သဘောပေါက်လာပြန်ပြီးလျှင် ဇေတဝန်ကျောင်းသို့ သွားသောလမ်းပေါ် ပြန်ရောက်နေပြန်သည်။

စိတ္တသည် ရဟန်းများ သီတင်းသုံးသော ကျောင်းတိုက်သို့ရောက်ရှိသွားပြန်သည်။ ရဟန်းအချို့က သူ့ကိုမည်သို့မျှ အမှတ်မထားဘဲ ကြိုဆိုကြပြန်သည်။ စိတ္တသည် အလုံးကြီးကျသွားပြီးလျှင် ယခုတစ်ကြိမ်၌မူ မည်မျှ လောကအကြမ်းပတမ်းခံရစေကာမူ ရဟန်းကျင့်ဝတ် ကျင့်ကြံအားထုတ်လျက် ဓမ္မကိုလေ့လာဆည်းပူးမည်ဟူ၍ သန္နိဋ္ဌာန်ချမှတ်လိုက်သည်။ ငယ်ရွယ်စဉ်က မိမိအား လိမ္မာရေးခြားရှိသည်ဟု လူကြီးသူမများ ချီးကျူးစကားပြောခဲ့သည်ကို စိတ္တပြန်လည်သတိရလာပြီးလျှင် အကယ်၍ လုံ့လဥဿာဟနှင့် ကြိုးစားအားထုတ်မည်ဆိုလျှင် မိမိလည်း ရဟန်းကောင်းတစ်ပါးဖြစ်လာပြီး ဥဇ္ဇာအလင်းမရရှိဘဲ နေမည်မဟုတ်ဟူ၍ ကိုယ့်ကိုယ်ကို စိတ်ဓာတ်ခိုင်မာလာ အောင် ပြုလုပ်သည်။ ရှိရှိသမျှစွမ်းအားကိုထုတ်လျက် ဘာဝနာတရား ပွားများအားထုတ်သည်။ သို့သော်လည်း ခြောက်လကျော်လွန်လာခဲ့ပြီဖြစ်သော်လည်း၊ တစ်နှစ်ကျော်လွန်လာခဲ့ပြီဖြစ်သော်လည်း စိတ္တသည် မိမိကိုယ်ကို ယောက်ယက်ခတ်နေခြင်းက လွတ်ကင်းသွားအောင် မပြုလုပ်နိုင်ပေ။ ပျင်းရိငြီးငွေ့ခြင်း မကြာခဏပေါ်လာပြီးလျှင် လောကီအာရုံ ကာမဂုဏ်ဆီသို့ စိတ်ပြန်လည်သွားပြန်သည်။

စိတ္တသည် စိတ်မထိန်းနိုင်တော့ဘဲ ညဥ့်၏အကာအကွယ်ကိုယူပြီးလျှင် ကျောင်းတိုက်ကထွက်လာပြီး အိမ်ဘက်ဦးလှည့်ပြန်သည်။ သို့ရာတွင် စိတ္တသည် မိမိ၏နှလုံးသားထဲတွင် တစ်နေ့တခြား အားကောင်းလာသော 'သုည' အတွေးမှ လွတ်မြောက်သွားအောင် ပြုလုပ်နိုင်ခြင်းမရှိပေ။ မည်သို့ပင် ပြုလုပ်ပြုလုပ် စိတ္တသည် ခံရပ်နိုင်ဖွယ်မရှိသော အထီးကျန်ဘဝ၏ လွှမ်းမိုး

http://www.linhtet.com



နိပ်စက်ခြင်းကို ခံနေရသည်ဖြစ်၍ ကျောင်းဘက်တစ်ဖန် ဦးမလှည့်ဘဲနေ၍ မရတော့ပေ။

ခွင့်ပြုချက်မရဘဲ နှစ်ကြိမ်တိုင်တိုင် မိမိ၏အဓိဋ္ဌာန်ကို ချိုးဖောက် လျက် လူ့ဘောင်လူ့ဘဝ ပြန်သွားသောစိတ္တသည် ယခုတစ်ကြိမ်၌မူ မိမိကို ခွင့်လွှတ်မှခွင့်လွှတ်ပါမည်လား ဟူသောအတွေးဖြင့် သီတင်းသုံးဖော်ဖြစ်ခဲ့သော ရဟန်းများထံ တစ်ဖန်ရောက်သွားပြန်သည်။ သို့ရာတွင် သူ့ကိုကြည့်သော ရဟန်းများ၏မျက်လုံးတွင် ကြင်နာထောက်ထားမှု အပြည့်ရှိနေသည်ကို တွေ့ မြင်ရသောကြောင့် အားတက်သွားပြီးလျှင် မိမိ၏အဓိဋ္ဌာန်များကို ပြန်လည် အစကောက်ပြန်သည်။

စိတ္တသည် ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါ ရဟန်းဘောင်နှင့်လူ့ဘောင် လွန်းထိုးလုပ်နေသနည်း။ ဘယ်လောက်ကြိုးစားအားထုတ် အားထုတ်၊ စိတ္တ သည် မောဟတရားကို အနိုင်ရအောင် စွမ်းဆောင်နိုင်ခြင်းမရှိပေ။ သို့ရာတွင် ယင်းကဲ့သို့ကျောင်းသွားလိုက်၊ အိမ်ပြန်လိုက်လုပ်နေသော သူ၏လွန်းထိုးဘဝ အတောအတွင်း၌ပင် စိတ္တသည် တဖြည်းဖြည်း ဓမ္မနှင့်ပတ်သက်ပြီး သိမြင် နားလည်မှုရှိလာပြီးလျှင် နောက်ဆုံး၌ အသိပညာနှင့်ပတ်သက်၍ မဟာထေရ် များနှင့် တန်းတူရည်တူအဆင့်သို့ ရောက်ရှိလာပြီး သူ၏သီတင်းသုံးဖော် ရဟန်းများ၏ တောင်းပန်ချက်အရ ဓမ္မကိုဟောပြနိုင်သည့် အခြေအနေသို့ပင် ရောက်ရှိလာသည်။ ထိုအခါ စိတ္တသည် စိတ်မကောင်းစရာ မာန်မာနတရား၏ သားကောင်ဖြစ်သွားပြန်သည်။

တစ်ချိန်တွင် စိတ္တမထေရ်သည် ကာသိတိုင်း ဗာရာဏသီအနီး၌ ရှိသော မိဂဒါဝုန်၌ သကျမုနိဗုဒ္ဓနှင့် အတူတကွနေထိုင်ရင်း တရားဘာဝနာ ကျင့်ကြံအားထုတ်နေသည်။ ထိုနေရာ၌ မဟာထေရ်များလည်းရှိနေကြပြီး နေ့စဉ်နေ့တိုင်း ဓမ္မသာကစ္ဆာတရား ဆွေးနွေးနေကြသည်။ စိတ္တသည် ဓမ္မ သာကစ္ဆာနေရာသို့ သွားရောက်နားထောင်သည်။ သို့ရာတွင် မိမိအနေနှင့် ဗုဒ္ဓဟောကြားမှုသော တရားဒေသနာတော်နှင့်ပတ်သက်ပြီး ပိုင်ပိုင်နိုင်နိုင် ရှိသည်ဟူသော ယုံကြည်ချက်အပြည့်အဝဖြင့် မဟာထေရ်များ၏ ဓမ္မသာကစ္ဆာ

တရား ဆွေးနွေးနေချိန်၌ အကြိမ်များစွာပါဝင်ပြီး သူ၏အယူအဆများကို တင်ပြသည်။ ထိုအခါ ဓမ္မဆွေးနွေးပွဲကို အနှောင့်အယှက်ပေးရမည်လားဟူ၍ စိတ်ခုသွားပြီးလျှင် မဟာကောဋ္ဌိတ မဟာထေရ်က စိတ္တကို မာန်မဲကြိမ်းမောင်း လိုက်သည်။ 'စိတ္တဟတ္ထိသာရိပုတ္တ၊ မဟာထေရ်များ ဆွေးနွေးနေကြသည့် ဓမ္မသာကစ္ဆာမှာ မိမိအယူအဆများကို လာတင်ပြပြီး အနှောင့်အယှက်မပေး ပါနှင့်။ အကယ်၍ မိမိ၏အယူအဆကို ဆွေးနွေးလိုပါလျှင် တခြားမဟာထေရ် များ ဆွေးနွေးပြောကြားသည်များကို ပြီးအောင်စောင့်ပြီးမှ မိမိ အယူအဆကို တင်ပြနိုင်သည်'

စိတ္တကို လိုလားသော မထေရ်တစ်ပါးက ပြောပြသည်။

'အရှင် မဟာကောဋ္ဌိတ၊ စိတ္တကို စိတ်ပျက်သွားအောင် မပြုလုပ် ပါနှင့်။ စိတ္တသည် အရှင်ဘုရားများ၏ တရားဆွေးနွေးပွဲ၌ အရှင်ဘုရားများနှင့် တန်းတူရည်တူ ဆွေးနွေးပြောကြားနိုင်စွမ်းရှိသူဖြစ်၍ ယခုကဲ့သို့ သူ့ အယူ အဆကို တင်ပြနေခြင်းဖြစ်ပါ၏'

မဟာကောဋ္ဌိတမထေရ်သည် တည်ကြည်လေးနက်စွာ ဦးခေါင်း ညိတ်လိုက်ပြီးလျှင် ပြန်လည်ပြောကြားသည်။

'ဓမ္မကို စိတ္တ ကျကျနနလေ့လာပြီး အကြားအမြင်ရှိသူ ပညာရှိ တစ်ယောက်ဖြစ်နေသည် ဆိုသည်ကို ကျွန်ုပ်သိပါ၏။ သို့ရာတွင် လူပေါင်း များစွာကို ကျွန်ုပ်တွေ့ဖူး၏။ သူတို့သည် မိမိတို့၏ဆရာသမားများနှင့် တခြား ထင်ရှားသောပုဂ္ဂိုလ်များ၏ရှေ့မှောက်၌ ကျိုးနွံသည့်အမူအရာကို ပြကြသော် လည်း အတွင်းစိတ်ထဲကမူ ပညာမာန် ထောင်လွှားနေသူများဖြစ်ကြ၏။ သူ တို့သည် လောကီလူ့ဘောင်က လူများနှင့်လည်းကောင်း၊ ဘုရင်များ၊ မှူးမတ် များနှင့်လည်းကောင်း၊ လူကုံထံများနှင့်လည်းကောင်း အထိအတွေ့ များကြ ပြီးလျှင် တဖြည်းဖြည်း၊ တစ်စတစ်စ လောကီအာရုံကာမဂုဏ် အသိုက်အဝန်း ထဲရောက်သွားကြပြီး လိုချင်တပ်မက်မှု အပြည့်ရှိသူများ ဖြစ်လာကြ၏။ ထို့ကြောင့် တစ်မဂ်တစ်ဖိုလ်မရသေးသူများအဖို့ လောကီလူ့ဘောင်က လူများ နှင့် တရားဓမ္မဟောပြသည့်ကိစ္စမျိုးနှင့်ဖြစ်စေကာမူ အထိအတွေ့များခြင်းသည် အလွန်တရာ အန္တရာယ်ကြီးမား၏'

http://www.linhtet.com



မဟာကောဋ္ဌိတသည် စိတ္တ၏အကျိုးအတွက် ယင်းကဲ့သို့ ဆုံးမစကား ဖွင့်ဟပြောကြားခြင်းဖြစ်သည်။ သို့ရာတွင် စိတ္တသည် မဟာကောဋ္ဌိတ၏ ဆုံးမစကားကို အလေးအနက်ထားခြင်းမရှိသောကြောင့် ဘာဝနာလမ်းစဉ်မှ တစ်ကြိမ်သွေဖည်သွားပြန်သည်။

စိတ္တသည် သကျမုနိနှင့်အတူ ကောသလတိုင်း၏ အနောက်မြောက်ဘက်ရှိ ကုရုတိုင်းသို့ ရောက်သွားပြီးလျှင် ကမ္မသဒ္ဓမ္မရွာ၌ သီတင်းသုံးလျက် ထိုဒေသ၌ရှိသောလူများကို တရားဒေသနာ ဟောကြားနေသည်။ လူပေါင်းများစွာတို့၏ အကြည်ညိုခံနေရသောစိတ္တသည် လောကီလူ့ဘောင်ကလူများနှင့် ရင်းရင်းနှီးနှီး ထိတွေ့ခွင့်များစွာရရှိနေပြီးလျှင် မိမိနှင့်ထိတွေ့မှုရှိသော လောကီလူ့ဘောင်ထဲကလူများ၏ သက်သက်သာသာ နေရသောဘဝကို အားကျလာသည်။ သာသနာ့ဘောင်၌ နှစ်ပေါင်းများစွာနေခဲ့ပြီး ဓမ္မနှင့် ပတ်သက်၍ ဆရာတစ်ဆူဟု ခေါ်ရလောက်အောင်ဖြစ်နေပြီးမှ လောကီ လူ့ဘောင်ကလူများနှင့် ထွေးရောယှက်တင်နေရစေကာမူ နောက်ကြောင်း ပြန်မသွားတော့ဟု စိတ္တဆင်ခြင်စဉ်းစားသည်။ သို့ရာတွင် လူ့ဘောင်က လူများ နှင့် အတူတကွ အချိန်ကြာကြာ နေလာရသောအခါ စိတ္တသည် ရဟန်း ကျင့်ဝတ်သိက္ခာပုဒ်များကို ကျူးလွန်ဖောက်ဖျက်သည့် အခြေအနေသို့ပင် ရောက်ရှိလာသည်။

ရဟန်းကျင့်ဝတ် ဖောက်ဖျက်ကျူးလွန်နေသော စိတ္တ၏သတင်းသည် ကမ္မသဒ္ဓမ္မရွာသို့ ရောက်ရှိလာကြသော သံဃာတော်များနှင့် ရှင်အာနန္ဒာ၏ နားသို့အထိ ပေါက်ကြားသွားသည်။ ရှင်အာနန္ဒာသည် စိတ္တနေသည်ဟုဆိုသော အဆောင်ငယ်တစ်ခု၏ ဝင်းဝသို့ရောက်ရှိသွားသောအခါ အဆောင်ထဲကြည့်လိုက်သည်တွင် စိတ္တ၏ဘေးတွင် မိန်းမပျိုအလှနှစ်ယောက်ကို တွေ့မြင်သွားသည်။ စိတ္တသည် ဝင်းတံခါးပေါက်၌ တစ်ယောက်ယောက် ရပ်နေသည်ဆိုသည်ကို သိရှိသွားသည်ဖြစ်၍ ဝင်းတံခါးပေါက်နားသို့ လျှောက်သွားသော အခါ ဝင်းတံခါးပေါက်ဝ၌ ရပ်နေသူမှာ မည်သူဖြစ်သည်ဆိုသည်ကို မှတ်မိသွားသည်။

http://www.linhtet.com



စိတ္တသည် မျက်စိပွတ်ကြည့်လိုက်သောအခါ သူ၏အမှုးအရှုး အခြေအနေသည် လွင့်ပါးပျောက်ပျက်သွားသည်။ နံနက်ခင်း နေရောင်ခြည်အောက်၌ ဝင်းတံခါးဝတွင် မတ်တတ်ရပ်နေသူမှာ အာနန္ဒာမထေရ် ဖြစ်နေသည်ကို သိရှိသွားသည်။ ရှင်အာနန္ဒာသည် စိတ်ပျက်ဝမ်းနည်းသောအကြည့်ဖြင့် စိတ္တကို ငေးစိုက်ကြည့်ရှုနေသည်။ စိတ္တသည် ကြက်သီးမွေးညင်းထသွားပြီးလျှင် အာနန္ဒာ၏ရှေ့မှောက်၌ ပစ်လှဲလိုက်လျက် ရှိုက်ကြီးတငင် ဖြစ်နေသည်။

စိတ္တ၏အဆောင်မှ ပြန်လည်ထွက်ခွာသွားသော ရှင်အာနန္ဒာသည် သူမြင်တွေ့ခဲ့ရသမျှကို သကျမုနိအား လျှောက်ထားပြောပြလိုက်သည်။ သကျမုနိက ခေါင်းညိတ်ပြီး မိန့်တော်မူလိုက်သည်။

'လူ၏စိတ်ကို ထိန်းချုပ် ထားဖို့ မလွယ်ကူပေ။ တစ်မဂ်တစ်ဖိုလ် မရရှိသေးသမျှ ကာလပတ်လုံး မိမိ၏သတိကို လက်လွှတ်စပယ် ပြုလုပ်ထားမည်ဆိုလျှင် လောကီအာရုံကာမဂုဏ် အပြည့်ရှိသောဘဝသို့ ပြန်လည်သွားရန် စိုးရိမ်နေရတုန်းပင်ဖြစ်သည်။ အကယ်၍ လောကီအာရုံကာမဂုဏ်ဝန်းကျင်၌ နေမည်ဆိုလျှင် လောဘ၊ မောဟ၊ တဏှာ ဝဲဂယက်အတွင်း သက်ဆင်းကျရောက်သွားမှာ စိုးရိမ်ရ၏။ စိတ္တသည် သူ၏ လေးလံသောအတိတ်ကံကြောင့် မောဟဝဲဂယက်အတွင်း သက်ဆင်းကျရောက်နေ၏။ သို့သော်လည်း ယခုအချိန်ကစ၍ နောက်ပိုင်းရက်သတ္တတစ်ပတ်ကြာသောအခါ စိတ္တသည် ငါ့ထံလာပြီး သူ့ကို ရဟန်းဘောင်အတွင်း တစ်ဖန်သွတ်သွင်းချီးမြှင့်ရန် လျှောက်ထားတောင်းပန်လိမ့်မည်။ ထိုအခါ၌ စိတ္တသည် ဗောဓိဉာဏ်အလင်းရရှိသူတစ်ဦး ဖြစ်လာလိမ့်မည်'

ရက်သတ္တတစ်ပတ်လွန်လာသည်။ စိတ္တသည် သကျမုနိထံရောက်ရှိလာပြီးလျှင် မိမိကျူးလွန်ခဲ့သော အမှားများအတွက် အကြီးအကျယ် နောင်တရရှိသည်ဆိုသည့်အကြောင်း ဖွင့်ဟတောင်းပန်လျက် မိမိအား သာသနာ့ဘောင်အတွင်း တစ်ဖန်ပြန်သွတ်သွင်းရန် သကျမုနိဗုဒ္ဓအား လျှောက်ထားတောင်းပန်သည်။

စိတ္တသည် လောကီလူ့ဘောင်အတွင်း ထပ်ခါထပ်ခါ ဦးလှည့်သွားသူဖြစ်သည်။ သို့သော်လည်း နောက်ဆုံး မိမိအတွက် ဓမ္မမှတစ်ပါး တခြား

http://www.linhtet.com



လမ်း မရှိဆိုသည်ကို နားလည်သဘောပေါက်သွားသည်။ ထို့ကြောင့် ဘာဝနာတရားကို တသမတ်တည်း စူးစူးစိုက်စိုက် ပွားများအားထုတ်သည်ဖြစ်၍ သောတာပန်အဆင့်ရောက်ရှိသွားပြီးလျှင် မကြာမီအတောအတွင်း၌ပင် တစ်မဂ်တစ်ဖိုလ်ရရှိသူ ဖြစ်သွားသည်။

သူ၏ နောက်ခံအကြောင်းများကို သိနေကြသောကြောင့် စိတ္တတစ်မဂ်တစ်ဖိုလ် ရသွားသည်ဆိုသည်ကို မယုံကြည်ကြပေ။ သို့ရာတွင် စိတ္တသည် သူ့အပေါ်တွင် ယုံမှားသံသယဖြစ်နေကြသည်ကို သတိမထားဘဲ ဘာဝနာတရားများကို ဆက်လက်ပွားများအားထုတ်ပြီးလျှင် မိမိသိမြင်သဘောပေါက်ထားသော ဓမ္မကိုလည်း လူအများအား ဟောကြားနေသည်။ သို့သော်လည်း မကြာမီအတောအတွင်း၌ပင် စိတ္တမထေရ်ရရှိသော ဇောဓိဥ္ဇာဏ်အလင်းနှင့်ပတ်သက်၍ သံသယမရှိကြတော့ဘဲ သီတင်းသုံးဖော်ရဟန်းအားလုံးက သူ့ကို လေးစားမြတ်နိုးမှုရှိလာကြသည်။

မိမိ၏စိတ်ကို ထိန်းချုပ်ကွပ်ကဲနည်း သင်ကြားတတ်မြောက်လာပြီးနောက် ဇောဓိဥ္ဇာဏ်အလင်းရရှိသော စိတ္တမထေရ်နှင့်ပတ်သက်ပြီး သကျမုနိမိန့်မှာခဲ့သောစကားများကို ဓမ္မပဒ၌ မှတ်တမ်းတင်ထားသည်။

'ထိန်းချုပ်ကွပ်ကဲဖို့ရန် မလွယ်ကူသောစိတ်ကို လွတ်ထွက်မသွားအောင် ထိန်းချုပ်ကွပ်ကဲနိုင်လျှင် အကျိုးထူးတရား ရရှိနိုင်၏။ ထိန်းချုပ်ကွပ်ကဲထားသော စိတ်နှလုံးသည် စိတ်နှလုံးရွှင်လန်းချမ်းမြေ့ဖွယ်ကို ဆောင်ကြဉ်းလာတတ်၏' ။ ။

http://www.linhtet.com

# ရေဝတ

ဇမ္ဗူဒိပ်ကျွန်း၏ ခလေ့ထုံးစံတစ်ခုအရ သူသည် ကလေးအရွယ်ငယ်စဉ်ကပင် လက်ထပ်ထိမ်းမြားခဲ့ရသူတစ်ဦးဖြစ်သည်။ လက်ထပ်ထိမ်းမြားသောနေ့၌ အသက်၁၂၀အရွယ် အဘွားအိုကို တွေ့မြင်ရသောကြောင့် မိမိနှင့် တကွ မိမိဇနီးမယား၏ အခြေအနေလည်း ထိုကဲ့သို့ပင် ဖြစ်လာလိမ့်မည်ဟု တွေးလျက် မင်္ဂလာမဏ္ဍပ်ထဲကပင် ထွက်ပြေးသွားသည်။

ရေဝတသည် ဓမ္မသေနာပတိ ရှင်သာရိပုတြာ၏ ညီအငယ်ဆုံးဖြစ် သည်။ တစ်ယောက်ပြီးတစ်ယောက် အိမ်ကထွက်ခွာသွားကြသည်ကို တွေ့ မြင်ရသောကြောင့် ရှင်သာရိပုတြာ၏မိခင်သည် အကြီးအကျယ် စိတ်မချမ်း မသာဖြစ်ခဲ့ရသည်။ ရှင်သာရိပုတြာ၏မိခင်သည် သကျမုနိဗုဒ္ဓ၏ ဓမ္မကိုလည်း ယုံကြည်မှုရှိသူ မဟုတ်ပေ။ သားအငယ်ဆုံးကိုတော့ အိမ်မှာပဲနေစေပြီး ရှေးဟောင်းထုံးတမ်းစဉ်လာကို ထိန်းသိမ်းစေလိုသည့် ဆန္ဒထက်သန်နေသူ ဖြစ်သည်။ ထို့ကြောင့် ခုနစ်နှစ်သားအရွယ်၌ပင် ရေဝတကို အိမ်ထောင်ချပေး လိုက်သည်။

ထုထည်ကြီးမားသော စည်းစိမ်ဥစ္စာကို စွန့်လွှတ်လျက် သာရိပုတြာ ရဟန်းပြုသွားသောအခါ သူ၏သုံးဦးသော နှမများဖြစ်ကြသည့် စာလာ၊ ဥပစာလာ၊ သီသုပစာလာတို့နှင့်တကွ ညီများဖြစ်ကြသော စန္ဒနှင့် ဥပသေန

http://www.linhtet.com



တို့လည်း သာသနာ့ဘောင်ဝင်ရောက်သွားကြသည်။ ယင်းညီအစ်ကိုမောင်နှမအားလုံးသည် သာရိပုတြာ၏ ဘဝသြဇာလွှမ်းမိုးမှုခံရသောကြောင့် သာရိပုတြာနောက် လိုက်သွားကြခြင်းဖြစ်သည်။ အိမ်တွင် ညီအငယ်ဆုံး ရေဝတ တစ်ယောက်သာ ကျန်နေခဲ့သည်။

မိခင်ဖြစ်သူသည် သားကြီးသာရိပုတြာအပေါ်တွင် ကျန်သားသမီး များကို အိမ်ကခေါ်ထုတ်သွားသည့်အတွက် မကျေမချမ်းဖြစ်နေသည်။ သားအငယ်ဆုံးရေဝတ၏ အလှည့်ရောက်များလာမည်လားဟုလည်း စိုးရိမ်တကြီး ဖြစ်နေသည်။

လက်ထပ်မင်္ဂလာအခမ်းအနား ပြီးဆုံးသွားပြီး လက်ထပ်မင်္ဂလာ စီတန်းလှည့်လည်ပွဲ စတင်မည်ပြုသောအခါ လူကြီးသူမများက သတို့သားနှင့် သတို့သမီးကို ဆုမွန်ပေးကြသည်။ သူတို့ပေးသောဆုမွန်မှာ 'မိမိတို့၏ အဘွားလို အသက်ရာကျော်ရှည်ပါစေ' ဟူ၍ဖြစ်သည်။

'ဘယ်မှာလဲ ကျွန်တော့်အဘွား' ရေဝတက သူ့အဘွားဆိုသူကို ကြည့်ရှုလိုသည့် ဆန္ဒပြုသောအခါ ရေဝတအား သူ့အဘွားဆိုသူကို ပြကြသည်။ သူ၏အဘွားသည် အသက်၁၂၀အရွယ် ရှိနေပြီ။ အဘွားဆိုသူကို မြင်တွေ့ရသောအခါ ရေဝတက 'ငါ၏သတို့သမီးလည်း သူ့အဘွားလို အိုမင်းရွတ်တွမသွားဘဲ နေလိမ့်မည်မဟုတ်။ ဘဝကြင်ဖော်အရသာ ဘယ်မှာရှိမှာလဲ' ဟု တွေးပြီးလျှင် အိမ်ကထွက်ပြေးဖို့ ဆုံးဖြတ်လိုက်သည်။

စီတန်းလှည့်လည်ပွဲ အတန်ငယ်ဝေးကွာသောနေရာသို့ ရောက်သွားသောအခါ ရေဝတသည် အပေါ့အပါးသွားလိုသည့် ဟန်ဆောင်လျက် ယာဉ်ပေါ်မှဆင်းပြီးလျှင် ချုံပုတ်တစ်ခုထဲ ဝင်သွားသည်။ သတို့သမီးငယ်နှင့် မင်္ဂလာ စီတန်းလှည့်လည်ပွဲ ဆင်နွှဲသူများသည် ရေဝတ လာနိုးလာနိုးနှင့် စောင့်မျှော်နေကြသည်။ သို့ရာတွင် ရေဝတတစ်ယောက် ပေါ်မလာတော့ပေ။

တိတ်တိတ်ကလေး ထွက်ပြေးသွားသော ရေဝတသည် အနီးအနား၌ ရှိသော ကျောင်းသို့ရောက်သွားပြီးလျှင် မိမိအကြောင်းကိုပြောပြလျက် ရှင်ရဟန်းပြုပေးဖို့ လျှောက်ထားတောင်းပန်သည်။ ရေဝတအကြောင်း သိရ

http://www.linhtet.com



သည်နှင့် ရဟန်းသံဃာများက ရေဝတကို ရှင်ရဟန်းပြုပေးလိုက်ကြသည်။ ရေဝတ၏ အနာဂတ်ကို သိရှိထားသော ရှင်သာရိပုတြာက ကျောင်းတိုက်ရှိ ရဟန်းသံဃာများအား မိဘခွင့်ပြုချက်မရသော်လည်း သူ၏ညီငယ် ရေဝတ ရောက်လာလျှင် ရှင်ရဟန်းပြုပေးလိုက်ကြရန် ပြောထားသည်ဟု အဆိုရှိသည်။

ရေဝတ ရှင်ရဟန်းပြုလိုက်ပြီဆိုသည့်သတင်း ကြားသိရသောအခါ ရှင်သာရိပုတြာသည် ရေဝတကို ကြည့်ရှုလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်ဖြစ်၍ တထာဂတအား မေးမြန်းစုံစမ်းကြည့်သောအခါ တထာဂတက 'သာရိပုတြာ၊ မလောနှင့်ဦး၊ နေ့ရက်အတန်ငယ်ကြာမှ စောင့်ဆိုင်းနေပါ၊ ငါလည်း သင်နှင့် အတူလိုက်မည်' ဟု မိန့်တော်မူသည်။

ရေဝတသည် မိမိ၏ဥပဇ္ဈာယ်ဆရာထံမှ သွန်သင်ညွှန်ပြချက် ရရှိသောအခါ ရှားတောသို့ထွက်ခွာသွားလျက် ရှားတော၌နေပြီး ဘာဝနာပွားများ အားထုတ်သည်တွင် ကိလေသာ တဏှာရာဂကုန်ခန်းသွားသည်ဖြစ်၍ ရဟန္တာ ဖြစ်မည့်ဆဲဆဲ ဖြစ်လာသည်။ ရေဝတသည် ဝါတွင်းသုံးလ ကာလအတွင်း ရှားတော၌ပင် နေထိုင်သီတင်းသုံးသည်။

နေ့ရက်အတန်ကြာသွားသောအခါ သာရိပုတြာသည် နောက်ထပ် တစ်ကြိမ် တထာဂတထံတော်သို့သွားလျက် ရေဝတကို သွားကြည့်လိုသော ကိစ္စနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားပြန်သည်။ ထိုအခါ တထာဂတ လည်း ကြွတော်မူရန် အဆင့်သင့်ဖြစ်သွားသည်။ လမ်းခရီးမှာ ရှည်လည်း ရှည်လျားသည်။ ခက်ခက်ခဲခဲလည်း သွားရသည်။ ထို့ကြောင့် လမ်းခရီး၌ ခဲဖွယ်ဘောဇဉ်စသည်များနှင့် ပတ်သက်ပြီး ပြဿနာမရှိစေရန် ဘုန်းရှင် ကံရှင် သီဝလိမထေရ်ကိုခေါ်သွားသည်။ တထာဂတသည် ရဟန်းသံဃာပေါင်း အမြောက်အမြားနှင့် ကြွသွားတော်မူရာ နှစ်လလောက်ကြာမှ ရှားတောသို့ ရောက်ရှိသွားသည်။ ရှားတောမှ သာဝတ္ထိသို့ ပြန်ကြွလာသည်။

ရေဝတကို တထာဂတ သွားကြည့်သည်ဆိုသော သတင်းကို ဝိသာခါ ကြားသိသွားသည်။ တထာဂတသည် ဝိသာခါ၏ပုဗ္ဗာရုံကျောင်းတိုက် ၌ သီတင်းသုံးနေတော်မူသည်။ နောက်တစ်နေ့တွင် တထာဂတသည် ဝိသာခါ

http://www.linhtet.com



၏ ပင့်ဖိတ်ချက်အရ ဝိသာခါ၏အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူသည်။ ဆွမ်းလုပ်ကျွေးပြီးသောအခါ ဝိသာခါက တထာဂတကို ရှိခိုးဦးခိုက်ပြီးလျှင် 'အရှင်သူမြတ်ဘုရား၊ ရေဝတ ရှားတော၌ သီတင်းသုံးနေသည်ဟု ရဟန်းသံဃာတချို့ထံမှ ကြားသိရပါ၏။ အရှင်သူမြတ်ဘုရား ရေဝတကို သွားကြည့်သည်ဟုလည်း ကြားသိရပါ၏။ ရေဝတအကြောင်း အကြီးအကျယ်ချီးကျူးပြောဆိုကြသည်ကိုလည်း တပည့်တော်ကြားသိရပါ၏။ ရှားတောသည် အမှန်တကယ် နှစ်လိုဖွယ်ရှိပါသလားဘုရား' ဟု မေးမြန်းလျှောက်ထားလိုက်သည်။

တထာဂတက ပြန်လည်မိန့်ကြားတော်မူသည်။

'ဥပါသိကာ၊ ရွာဖြစ်ဖြစ်၊ တောဖြစ်ဖြစ် မည်သည့်နေရာ၌မဆို ရဟန္တာများ သီတင်းသုံးသည့် နေရာမှန်သမျှသည် နှစ်လိုဖွယ်ကောင်းသောနေရာများချည်းဖြစ်ကြ၏'

ရေဝတသည် အမြဲတစေ ရှားတော၌သာ သီတင်းသုံးနေသည်။ အရည်ကင် ဓူတင်ဆောင်ရခြင်းကို အလွန်တရာနှစ်သက်သူဖြစ်သည်။ တောအုပ်အတွင်း၌ သီတင်းသုံးသည့်အတွက်ကြောင့်လည်း ထင်ရှားကျော်ကြားနေသူဖြစ်သည်။ တထာဂတက ရေဝတအား အရညဝါသီ တောမှီရဟန်းများထဲတွင် အကြီးအမှူးရဟန်းဖြစ်သည်ဟူ၍ပင် ကြေညာထားတော်မူသည်။

ရေဝတမထေရ်သည် မကြာခဏ သကျမုနိဗုဒ္ဓနှင့် ရှင်သာရိပုတြာကို ဖူးတွေ့ရန် ရှားတောမှသာဝတ္ထိသို့ သွားလေ့ရှိသည်။ ယင်းမှာ ရေဝတအတွက် ကျင့်ဝတ်တစ်ခုကဲ့သို့ ဖြစ်နေသည်။ သာဝတ္ထိ၌ နေ့ရက်အတန်ကြာနေလျက် သကျမုနိဗုဒ္ဓနှင့် ရှင်သာရိပုတြာထံမှ အဆုံးအမ ဒေသနာတော်များကို နာကြားပြီး ရှားတောသို့ တစ်ဖန်ပြန်သွားလေ့ရှိသည်။

ရေဝတသည် တစ်ကိုယ်တည်းနေရခြင်းကိုသာ နှစ်သက်သူဖြစ်သည်။ စကားမပြော တုဏှိဘောနေရခြင်းကိုလည်း လေးစားမြတ်နိုးသူဖြစ်သည်။ စကားမပြော တုဏှိဘောနေသည့်အတွက် တစ်ခါတစ်ရံ လူတွေကသူ့ကို အထင်မှား အမြင်မှားဖြစ်ကြသည်။ တစ်ခါက ရေဝတသည် သကျမုနိဗုဒ္ဓနှင့်သာရိပုတြာကို ဖူးတွေ့ရန် သာဝတ္ထိသို့ ကြွလာသည်။ ရေဝတ ရောက်ရှိ

http://www.linhtet.com



လာသည်ဟူသောသတင်း ကြားသိရသည်ဖြစ်၍ အပေါင်းအသင်းများစွာကို ခေါ်လျက် ရေဝတ၏တရားကိုနာရန် အတုလသူကြွယ်ရောက်ရှိလာသော အခါ ရေဝတသည် အတုလသူကြွယ်အမျိုးရှိသောလူများကို အဆုံးအမ ဥပဒေ သပေးဖို့ ငြင်းဆန်သည်။ မိမိတစ်ဦးတည်းနေရသောအရသာကို ခံစားနေသည် ဟုပြောလျက် အတုလသူကြွယ်အမျိုးရှိသောလူများကိုပြန်လွှတ်လိုက်သော အခါ အတုလသူကြွယ်သည် မကျေမနပ်ဖြစ်သွားပြီးလျှင် သူ့အဖော်များကိုခေါ်လျက်ပြန်သွားသည်။

ထိုနည်းအတိုင်းပင် တစ်ကြိမ်ကလည်း သမ္ဗုဒ္ဓနီမထေရ်သည် ရေဝတအား အထင်မှားသွားဖူးသည်။ သမ္ဗုဒ္ဓနီမထေရ်သည် အမြဲမပြတ် ဝတ်ထားလျက် တံမြက်စည်းလှည်းသူဖြစ်သည်။ ထို့ကြောင့် သူ၏ ဘွဲ့အမည်မှာလည်း သမ္ဗုဒ္ဓနီဟု တွင်နေခြင်းဖြစ်သည်။ တစ်နေ့၌ ရေဝတ၏အခန်းထဲ တံမြက်စည်းလှည်းဖို့ သမ္ဗုဒ္ဓနီသွားသောအခါ ရေဝတသည် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် ဘာဝနာပွားများ အားထုတ်နေသည်။ သမ္ဗုဒ္ဓနီက ဒီရဟန်း အပျင်းထူလှပါကလားဟု အထင်ရောက်သွားသည်။ သမ္ဗုဒ္ဓနီ၏ စိတ်ထဲကအကြံကို သိရှိသွားသည်ဖြစ်၍ ရေဝတသည် သမ္ဗုဒ္ဓနီကို ရေချိုးပြီးပါက သူ့ထံလာခဲ့ရန် ခေါ်လိုက်သည်။ ရေချိုးပြီးသောအခါ သမ္ဗုဒ္ဓနီသည် ရေဝတထံ ရောက်ရှိသွားသည်။ ရေဝတက သမ္ဗုဒ္ဓနီကို ရဟန်းတာဝန်နှင့်ပတ်သက်ပြီး ညွှန်ကြားပြောပြလိုက်သည်။ ရေဝတ၏ညွှန်ကြားပြောပြချက်ကို ကြားနာရသောကြောင့် သမ္ဗုဒ္ဓနီသည် ရဟန္တာဖြစ်သွားသည်။ ထို့နောက် သမ္ဗုဒ္ဓနီသည် တံမြက်စည်းမလှည်းတော့ပေ။ တံမြက်စည်းမလှည်းသောကြောင့် အခန်းအားလုံး အမှိုက်တင်းကျမ်းဖြစ်နေသည်။ ထိုသတင်း တထာဂတထံ ရောက်ရှိ သွားသောအခါ တထာဂတက 'ယခု သမ္ဗုဒ္ဓနီအတွက် တံမြက်စည်းလှည်းသောအလုပ် လုပ်စရာမလိုတော့ပြီဖြစ်၍ သမ္ဗုဒ္ဓနီသည် အပြစ်ရှိသူမဟုတ်ပေ' ဟု မိန့်တော်မူသည်။

အိမ်ကထွက်ခွာလာပြီးနောက် အချိန်အတန်ကြာသွားသောအခါ ရေဝတသည် သူ၏ဇာတိရွာသို့ရောက်သွားသည်။ သူ၏ရွာမှပြန်လာသောအခါ ရေဝတသည် လက်ချည်းပြန်မလာပေ။ နမသုံးယောက်၏သားများကို ခေါ်

http://www.linhtet.com



ဆောင်လာသည်။ ယင်းသတင်းကြားရသောကြောင့် ရှင်သာရိပုတြာသည် ရေဝတနှင့် သူ၏တူများကိုတွေ့ရန် ကြွသွားသည်။ မကြာမီအချိန်အတော အတွင်း၌ပင် ရေဝတသည် သူ၏တူတော်မောင်သုံးယောက်ကို တရားဓမ္မညွှန် ကြားပြောပြသည်။ ညီတော်၏သဘောသဘာဝနှင့် အပြုအမူကိုသိမြင်ရသော ကြောင့် သာရိပုတြာသည် အလွန်တရာကျေနပ်အားရသွားသည်ဖြစ်၍ ညီတော် ရေဝတကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ဂါထာနှစ်ပုဒ် မြွက်ကြားသည်။

တစ်ကြိမ်ကလည်း ရေဝတသည် သူ၏ ဆောင်ရွက်နေကျ ကျင့်ဝတ် အတိုင်းပင် သာဝတ္ထိသို့ ကြွသွားသည်။ ယခုအကြိမ်သည် သူ၏ နောက်ဆုံး ခရီးဖြစ်သည်။ တထာဂတထံမှ အဆုံးအမဥပဒေသကို နာယူပြီးသောအခါ ရှင်သာရိပုတြာနှင့်တွေ့ဆုံပြီး သူ၏ကျင့်ဝတ်စည်းကမ်းအတိုင်းပင် မြို့နှင့်မနီး မဝေးရှိ တောအုပ်ထဲတွင် နေထိုင်သီတင်းသုံးရန် ကြွသွားသည်။ သူခိုးတချို့ သည် တခြားအိမ်များမှ ပစ္စည်းဥစ္စာများကိုခိုးယူလျက် မင်းချင်းယောကျ်ား များ၏ရန်ကိုကြောက်သောကြောင့် ပြေးလာကြသည်။ သူခိုးများသည် ခိုးရာပါ ပစ္စည်းများကို ရေဝတသီတင်းသုံးသောနေရာ၌ ပစ်ချခဲ့ကြပြီး ထွက်ပြေး တိမ်းရှောင်သွားကြသည်။ မင်းချင်းယောကျ်ားများသည် သူခိုးများကို နောက်ယောင်ခံလျက်လိုက်လာကြရာ ရေဝတနေထိုင်သီတင်းသုံးသော နေရာ၌ ခိုးရာပါပစ္စည်းများကို တွေ့သွားကြသည်ဖြစ်၍ ရေဝတကို သူခိုး အောက်မေ့ပြီး မင်းချင်းယောကျ်ားများသည် ဘုရင်ထံခေါ်သွားကြသည်။ ဘုရင်ကစစ်ဆေးမေးမြန်းသောအခါ ရေဝတသည် သူ သူခိုးမဟုတ်ကြောင်း ရှင်းလင်းပြောပြပြီးလျှင် တစ်ပြိုင်နက်တည်းမှာပင် ဘုရင်ကို အဆုံးအမ ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ဂါထာအဖွဲ့များကို ရွတ်ဆိုပြောပြသွားသည်။ နောက်ဆုံး၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေရင်းကပင် ရေဝတသည် ကောင်းကင်သို့ ပျံကြွသွားပြီးလျှင် ကောင်းကင်၌ သူ့အလိုလို မီးလောင်ကျွမ်း မသွားမချင်း မလှုပ်မရှား တည်ရှိနေသည်ဟု ဆိုသည်။ ။

# ဒဗ္ဗ မထေရ်

ရဟန်းတော် ဒဗ္ဗမလ္လပုတ္တနှင့်ပတ်သက်၍ ထေရဂါထာ၌ ဤသို့ ဖော်ပြထားသည်။

'ဆိုဆုံးမဖို့မလွယ်သော ဒဗ္ဗသည် သူ့ကိုယ်သူ ဆုံးမခြင်းအားဖြင့် လိမ္မာရေးခြားရှိသူဖြစ်သွား၏။ တင်းတိမ်ရောင့်ရဲသူဖြစ်သွား၏။ သံသယ ဝိစိကိစ္ဆာများ ရှင်းလင်းပျောက်ကွယ်သွား၏။ အောင်နိုင်သူဖြစ်သွား၏။ ထိတ်လန့်ကြောက်ရွံ့ခြင်းဟူသမျှ ဆိတ်သုဉ်းသွား၏။ အဘယ့်ကြောင့်ဆိုသော် ဒဗ္ဗသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရရှိသွားသူဖြစ်သောကြောင့်တည်း'

ဒဗ္ဗသည် တခြားရဟန်းသံဃာများအတွက် လိုအပ်သော အကျိုး ဆောင်ရွက်မှုများကို ပြုလုပ်ဆောင်ရွက်ပေးသော ရဟန်းတစ်ပါးဖြစ်သည်။ ရဟန်းများ၏အခန်းများကို သန့်စင်ပေးသည်။ ရဟန်းများ၏ အိပ်ရာနေရာကို ခင်းကျင်းပေးသည်။ ရဟန်းများအတွက် ဆွမ်းကိစ္စစသည်များကို စီမံပေး သည်။ ဒဗ္ဗသည် အထင်မှားအမြင်မှား ခံရသည့်အချိန်အခါများလည်းရှိသည်။ တခြားရဟန်းများ၏ မဟုတ်မမှန် လုပ်ကြံပြောဆို ပြစ်တင်ဝေဖန်မှုများကိုပင် ခံရသူလည်းဖြစ်သည်။ ယင်းအထင်မှားအမြင်မှားများကို ကျော်လွန်သွားပြီး ရှင်းရှင်းလင်းလင်းဖြစ်သွားသောအချိန်၌ ဒဗ္ဗသည် သူ့အကြောင်းကို သူကိုယ် တိုင် အထက်ဖော်ပြပါ ဂါထာဖြင့်ထုတ်ဖော်ပြောပြလိုက်သည်။

http://www.linhtet.com



ဒဗ္ဗသည် သကျမုနိဗုဒ္ဓ မီးရှူးသန့်စင်ဖွားမြင်ခဲ့သော သကျတိုင်းအနီးရှိ မလ္လပြည်ရှိ မင်းမျိုးမင်းနွယ်မိသားစုမှ မွေးဖွားလာသူ ဖြစ်သည်။ ဒဗ္ဗ ခုနစ်နှစ်သားအရွယ်ရောက်လာသောအခါ သကျမုနိသည် တရားဒေသနာ ဟောကြားရန် မလ္လသို့လာသည်။ ဒဗ္ဗ မွေးဖွားလာပြီး မကြာခင် မိခင်ဖြစ်သူ ကွယ်လွန်အနိစ္စရောက်သွားသောကြောင့် ကလေးသူငယ်ကို မွေးမြူကြည့်ရှု လာခဲ့သော ကလေး၏အဘွားဖြစ်သူ တရားရှင်သည် သကျမုနိ၏ တရား ဒေသနာ နာကြားရန် ဒဗ္ဗကိုခေါ်သွားသည်။ သကျမုနိဗုဒ္ဓသည် သူငယ်အတွက် ကြည်ညိုဖွယ် အသွင်ဆောင်နေသည်။ သကျမုနိဗုဒ္ဓထံမှ ရောင်ခြည်တော်များ ဖြာထွက်နေသည်ဟုပင် ဒဗ္ဗထင်မှတ်သွားသည်။ သူ၏မိခင်က သူ့ကို တစ်ကြိမ် ပွေ့ပိုက်ချီယူလိုက်သကဲ့သို့ပင် ဒဗ္ဗသည် ငြိမ်းချမ်းမှုလည်း ရရှိသွားသည်။ လုံခြုံမှုလည်း ရရှိသွားသည်။

အဘွားဖြစ်သူက ဒဗ္ဗကိုပြောပြသည်။

'သကျမုနိဗုဒ္ဓသည် လူတို့တွင် အထွတ်ဆုံး၊ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်၏။ မိမိနန်းအိမ်ကိုလည်း စွန့်ခွာလာခဲ့သူဖြစ်၏။ မိမိထီးနန်းစည်းစိမ်ကိုလည်း ထားပစ်ခဲ့သူဖြစ်၏။ တရားအကျင့် ကျင့်ကြံအားထုတ်သည်ဖြစ်၍ နောက်ဆုံး၌ ဤကမ္ဘာလောကတွင် ဒုက္ခဖိစီး နှိပ်စက်ခြင်းခံရသူများကို ကယ်တင်ရန်အလို့ ငှာ ဉာဏ်အလင်းရရှိပြီး သမ္မာသမ္ဗုဒ္ဓစင်စစ် ဧကန်ဘုရားဖြစ်လာသူ ပုဂ္ဂိုလ် ဖြစ်၏'

အဘွား၏ပြောကြားချက်သည် မြေးဖြစ်သူဒဗ္ဗအပေါ်တွင် အကြီး အကျယ် သြဇာသက်ရောက်မှုရှိသွားပြီးလျှင် 'ငါလည်း သကျမုနိဗုဒ္ဓ၏ တပည့်သာဝကလုပ်မည်' ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ဥမမည်စာမမြောက် အရွယ်မရောက်ခင်ကပင် မိခင်ကွယ်လွန်သွားသောကြောင့် သကျမုနိဗုဒ္ဓနှင့် တွေ့ဆုံလိုသော အလိုဆန္ဒသည် တစ်နေ့တခြား ထက်သန်အားကောင်းနေပုံရ သည်။ နောက်ဆုံး ဆယ့်လေးနှစ်သားအရွယ်၌ သူ့မိသားစု၏ သဘောတူညီ ချက်အရ ဒဗ္ဗသည် သာသနာ့ဘောင်အတွင်း ရှင်ရဟန်းဖြစ်လာသည်။ အသက် ဆယ့်ခြောက်နှစ်သားအရွယ်တွင် ဘာဝနာတရား ကျင့်ကြံအားထုတ်သောအခါ

http://www.linhtet.com



သစ္စာလေးပါးတရားနှင့် မဂ္ဂင်တရားရှစ်ပါးကို နှိုက်နှိုက်ချွတ်ချွတ် သိမြင်သဘောပေါက်သွားပြီးလျှင် ရဟန္တာအဆင့် ရောက်ရှိလာပြီး၊ တဏှာရာဂကိလေသာတရားများ ကုန်ခန်းပျောက်ကွယ်သွားပြီး နောက်ထပ်တစ်ဖန် ဇာတိဒုက္ခကို မတွေ့ကြုံရတော့ဘဲ လွတ်မြောက်ငြိမ်းချမ်းမှုအပြည့်ရှိသည့် အန္တိမဘဝသို့ ရောက်ရှိသွားသည်။

အသက်နှစ်ဆယ်အရွယ်၌ ဥပသမ္ပဒ ပဉ္စင်းဖြစ်လာသောအခါ ဒဗ္ဗသည် ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်သည်။ အရွယ်ငယ်ငယ်နှင့် ဗုဒ္ဓ၏တရားဒေသနာတော်ကို နာကြားရပြီး သစ္စာတရားတော်ကို နက်နက်နဲနဲလေ့လာရခြင်းသည် မိမိအတွက် အလွန်တရာ ကံကောင်းထောက်မသောအခွင့်အရေးဖြစ်၏။ သို့ရာတွင် သစ္စာတရား၏နယ်မြေအတွင်း အပြည့်အဝဝင်ရောက်သွားပြီး သက္ကာယဒိဋ္ဌိကို ခြွင်းချက်မရှိ ဖျက်ဆီးပစ်ဖို့ရန်အတွက် နောက်ထပ်အကျင့်တရား ပြင်းပြင်းထန်ထန်ကျင့်ဖို့ လိုအပ်သည်ဟူ၍ ဆုံးဖြတ်လိုက်သည်။

ဒဗ္ဗသည် ရဟန်းသံဃာအားလုံးအား ရိုရိုးဦးခိုက်ပြီးလျှင် ရဟန်းသံဃာများ၏ နေ့စဉ်လိုအပ်သော အလုပ်ကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ပေးမည်ဟူ၍လည်း သန္နိဋ္ဌာန်ချလိုက်သည်။ ယင်းဆုံးဖြတ်ချက်အတိုင်း ပြုလုပ်ဆောင်ရွက်ခြင်းသည် ဒဗ္ဗ၏တရားအကျင့် ဖြစ်လာပေလိမ့်မည်။ သကျမုနိဗုဒ္ဓထံမှ သူ၏စီမံကိန်းနှင့်ပတ်သက်ပြီး သဘောတူညီချက် ရရှိသောအခါ ဒဗ္ဗသည် တခြားရဟန်းသံဃာများအတွက် ကိုယ်ကျိုးမဖက်၊ မျက်နှာမရွေးအကျိုးဆောင်ရွက်ပေးမည်ဟူသော သူ၏ဆုံးဖြတ်ချက်ကို အားသစ်လောင်းပေးလိုက်သည်။

ဒဗ္ဗပြုလုပ်ဆောင်ရွက်သော အလုပ်များထဲက အခက်ခဲဆုံးအလုပ်မှာ ရဟန်းသံဃာတော်များအတွက် ဝေပုံကျ ဆွမ်းဟင်းခွဲဝေပေးရသော အလုပ်ဖြစ်သည်။ ဒကာ၊ ဒကာမများလှူဒါန်းသော ဆွမ်းဟင်းနှင့် ရဟန်းသံဃာတော်များ ဆွမ်းခံ၍ရရှိလာသော ဆွမ်းဟင်းများကို ဝေပုံကျခွဲဝေပေးသောအခါ ဒဗ္ဗသည် မည်သည့်ရဟန်းများက ဆွမ်းဟင်း ပိုပိုမိုမို အလိုရှိကြသည် ဆိုသည်

http://www.linhtet.com



ကိုလည်းကောင်း၊ မည်သည့်ရဟန်းသံဃာများက တော်ရုံတန်ရုံလောက်သာ အလိုရှိကြသည် ဆိုသည်ကိုလည်းကောင်း အမှတ်အသားပြုထားသည်။

တစ်နေ့သ၌ ရဟန်းသံဃာတော်များအတွက် ဆွမ်းဟင်းခွဲဝေပေးသည့်အလုပ်ကို ဒဗ္ဗပြုလုပ်နေစဉ် လာဠုဒါယီအမည်ရှိ ရဟန်းတစ်ပါးသည် ဒဗ္ဗထံရောက်ရှိလာပြီး မကျေနပ်သည့် အမူအရာဖြင့် ပြောပြသည်။

'သင့်ကို ကျုပ်တို့အတွက် ဆွမ်းဟင်းဝေခြမ်းပေးခွင့် မည်သူကပေးထားသလဲ။ တစ်နေ့က ကျုပ် ဆွမ်းဟင်း စားကြွင်းစားကျန်ကိုသာရတယ်။ သင် မတရားဘူး။ ဒီကနေ့ကစပြီး ရဟန်းသံဃာတော်များအတွက် ဆွမ်းဟင်းခွဲဝေပေးတဲ့ အလုပ် ကျုပ်လုပ်မယ်'

လာဠုဒါယီ၏တောင်းဆိုချက်ကို ရဟန်းသံဃာတော်များက လက်ခံလိုက်သောအခါ ဒဗ္ဗသည် ယင်းအလုပ်ကို လုပ်ခွင့်မရှိတော့ပေ။ ရဟန်းသံဃာများအတွက် တရားမျှတစွာ မျက်နှာမလိုက် ဆွမ်းဟင်းခွဲခြမ်းပေးသောသူ၏အလုပ်ကို တခြားရဟန်းသံဃာများက ဟက်ဟက်ပက်ပက် မရှိသည့်အတွက် ဒဗ္ဗ စိတ်မကောင်းဖြစ်သွားသည်။

လာဠုဒါယီသည် ရဟန်းတစ်ပါးဖြစ်ပြီး လောကီအာရုံ ကာမဂုဏ်များကို စွန့်လွှတ်လာခဲ့သူတစ်ဦးအဖြစ် ထင်မှတ်ယူဆခြင်း ခံရသူဖြစ်သည်။ သို့ရာတွင် လာဠုဒါယီသည် မိမိရရှိသောဝေစုနှင့် တခြားရဟန်းများ ရရှိသောဝေစုကို နှိုင်းယှဉ်ပြီးလျှင် ဒဗ္ဗ၏ ဆွမ်းဟင်းဝေခြမ်းသည့်အလုပ်ကို တရားမျှတမှုမရှိဟု အော်ကြီးဟစ်ကျယ် ဝေဖန်ပြောဆိုလာသည်။ လာဠုဒါယီ အဘယ့်ကြောင့် သာသနာ့ဘောင်အတွင်း ဝင်ရောက်လာရသနည်းဟူ၍ ဒဗ္ဗ တအံ့တသြဖြစ်နေသည်။

နှစ်ရက်သုံးရက် ကြာသွားသည်။ လာဠုဒါယီသည် ရဟန်းသံဃာတော်များအတွက် ဆွမ်းဟင်းဝေခြမ်းပေးသည့်အလုပ် စတင်ပြုလုပ်သည့်အခါ အခြေအနေ ထင်ရှားပြတ်သားသွားသည်။ ရဟန်းသံဃာတော်များအတွက် ဒဗ္ဗ ဝေခြမ်းပေးခြင်းက မျှမျှတတရှိသည်ဟူ၍ ရဟန်းသံဃာတော်များ ရုတ်ခြည်းနားလည်သဘောပေါက်သွားသည်။ ဒဗ္ဗက စဉ်းစားကြည့်သည်။

http://www.linhtet.com



'ယခုအလုပ်မျိုးသည် စိတ်တိုင်းကျဖို့ မလွယ်သောအလုပ်ဖြစ်သည်။ လူစေ့ တက်စေ့ လက်ခံနိုင်ဖို့ မလွယ်သည့်အလုပ်ဖြစ်သော်လည်း ငါ့အဖို့ကား လုပ်သင့်လုပ်အပ်သော အလုပ်တစ်ခုဖြစ်သည်'

ယင်းကဲ့သို့ အတွေးရောက်နေသော ဒဗ္ဗအား တခြားရဟန်း သံဃာတော်များက အချိန်မကြာမီအတောအတွင်း သူ၏ တာဝန်ဝတ္တရားဟောင်းကို ပြန်လည်လုပ်ကိုင်ရန် တောင်းပန်ကြသည်။

နှစ်အနည်းငယ် ကြာသွားပြီးနောက် တစ်နေ့သောအခါ၌ ရာဇဂြိုဟ်မှ သူကြွယ်တစ်ဦး ဝေဠုဝန်ကျောင်းတော် ရောက်ရှိလာသည်။ ဒဗ္ဗ ဟောကြားသောတရားကို နာကြားရသည်ဖြစ်၍ ထိုသူကြွယ်က ပြောလိုက်သည်။ 'အရှင်ဘုရားဟောကြားသော တရားစကားများကြောင့် နတ်ပြည်၊ နတ်လောက၌ မွေးဖွားလာဖို့အတွက် ကုသိုလ်ကောင်းမှု ပြုလိုသည့်ဆန္ဒ ဖြစ်ပေါ်လာပါ၏။ မနက်ဖြန် တပည့်တော် လှူဒါန်းမည့်ဆွမ်းကိုလက်ခံရန် တပည့်တော်၏အိမ်သို့ ရဟန်းသံဃာတော်များကြွရောက်ရန် ပင့်ဖိတ်ပါ၏ အရှင်ဘုရား'

မိမိပင့်ဖိတ်ချက်ကို ဒဗ္ဗလက်ခံကြောင်း သိရသောအခါ သူကြွယ်သည် မည်သည့်ရဟန်းသံဃာများ သူ၏အိမ်သို့ ဆွမ်းအလှူဒါန လက်ခံရန် ကြွရောက်ကြမည်နည်းဟု မေးမြန်းစုံစမ်းကြည့်သည်။ မေတ္တေယျနှင့် ဘုမ္မဇက ရဟန်းနှစ်ပါး ကြွကြလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်ဖြစ်၍ သူကြွယ်မျက်နှာပျက်သွားသည်။ ညီအစ်ကိုဖြစ်ကြသော ယင်းရဟန်းနှစ်ပါး အာကြမ်းလျှာကြမ်း၊ စရိုက်ကြမ်းဖြစ်သည် ဆိုသည့်သတင်းသည် ဒါယကာ၊ ဒါယိကာမများ၏ အသိုက်အဝန်းအထိ ရောက်ရှိနေသည်။ သို့ရာတွင် ဆွမ်းလုပ်ကျွေးလိုသော ဒကာ၊ ဒကာမသည် မိမိစေတနာ သဒ္ဓါတရားရှိသည့်ရဟန်းကို ရွေးချယ်ပင့်ပိုင်ခွင့် မရှိသောကြောင့် ထိုသူကြွယ်သည် ဒဗ္ဗအမိန့်ရှိသောရဟန်းနှစ်ပါးကို စိတ်ထဲကမပါသော်လည်း သဘောတူလိုက်ရသည်။

အိမ်ပြန်ရောက်လာသောအခါ သူကြွယ်သည် စိတ်ပေါက်ပေါက်နှင့် အိမ်ဖော်အား 'ငါ့တို့ နက်ဖြန်ခါ ဟိုတန်ဖိုးမရှိတဲ့ မေတ္တေယျနှင့်ဘုမ္မဇက ရဟန်းနှစ်ပါးကို ဆွမ်းကျွေးရလိမ့်မယ်၊ အဲဒီရဟန်းနှစ်ပါး ရောက်လာချိန်မှာ

http://www.linhtet.com



ငါတို့ ဆန်စပါးသိုလှောင်ထားတဲ့ စပါးကျီကိုပြပြီး ငါတို့မှာရှိတဲ့ အညံ့ဆုံးဆန် ချက်ပြီးကျွေးရလိမ့်မယ်'

အမှန်က မေတ္တေယျနှင့်ဘုမ္မဇက ရဟန်းနှစ်ပါးသည် သူတို့နှင့် ပတ်သက်သော သူကြွယ်၏သဘောထားကို မရိပ်မိကြပေ။ သူကြွယ်က သူတို့ကို ဆွမ်းလုပ်ကျွေးမည်ဆိုသဖြင့် အားရဝမ်းသာဖြစ်သွားကြပြီးနောက် တစ်နေ့နံနက်ချိန်၌ ရာဇဂြိုဟ်ရှိ သူကြွယ်၏အိမ်သို့ ကြွသွားကြသည်။ သူကြွယ်၏အိမ်မှ အိမ်ဖော်လုပ်သူကသာ ဆီးကြိုနေသည်ကိုတွေ့ရ၍ ရဟန်း နှစ်ပါးသည် တအံ့တသြဖြစ်သွားသည်။ စပါးကျီထဲခေါ်သွားပြီး ရဟန်းနှစ်ပါး ကို ကြမ်းပေ့ဆိုသည့် ဆန်စပါးကိုပြလျက် သူတို့စားဖို့အတွက် ထိုဆန်စပါးဖြင့် ချက်ထားသောဆွမ်းကို မြင်ရသောအခါ ရဟန်းနှစ်ပါးသည် အကြီးအကျယ် ဒေါသထွက်သွားကြပြီးလျှင် မိမိတို့ အိမ်ရှင်သူကြွယ်ကြီးဖိတ်၍ လာရကြောင်း၊ သူကြွယ် ယခုဘယ်မှာနေသည်ကို သိလိုကြောင်း ပြောကြသည်။

'အိမ်ရှင်သူကြွယ်ကြီး အရေးတကြီးကိစ္စနဲ့ ခရီးထွက်သွားရပါတယ်၊ အိမ်ရှင်သူကြွယ်ကြီးက တပည့်တော်ကို ယခုလို ရဟန်းနှစ်ပါးအား ကျွေးမွေး ရမည်ဟု အမိန့်ပေးထားခဲ့တဲ့အတွက် တပည့်တော် ယခုအရှင်ဘုရားတို့ကို ဆွမ်းလုပ်ကျွေးရခြင်းဖြစ်ပါတယ်'

အိမ်ဖော်ဖြစ်သူက လျှောက်ထား ပြောပြလိုက်သည်။

မေတ္တေယျက ပြန်ပြောသည်။

'ကျီထဲမှာတွေ့ရတဲ့ဆန်မျိုးနဲ့ ငါတို့ကို ချက်ကျွေးတာလား'

'မှန်ပါတယ် အရှင်ဘုရား၊ အိမ်ရှင်သူကြွယ်ကြီး အမိန့်ပေးသွားတဲ့ အတိုင်း ကျွေးရခြင်းဖြစ်ပါတယ်'

'မင်းတို့သူကြွယ်ကြီးက ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ ဒီလိုဆွမ်းမျိုးကို ငါတို့စားပါ့မလား'

မေတ္တေယျက ဒေါသနှင့်အော်ပြောလိုက်သည်။ မိမိတို့၏ရှေ့မှောက် ၌ ချထားသော ဆွမ်းပွဲကို ခြေနှင့်ကန်ကျောက်လိုက်ပြီးလျှင် မေတ္တေယျနှင့် ဘုမ္မဇကတို့သည် ဝေဠုဝန်ကျောင်းသို့ ပြန်ကြွသွားကြသည်။ ဒေါသထွက်လွန်း မက ထွက်သည်ဖြစ်၍ တုန်နေသောမေတ္တေယျက ပြောလိုက်သည်။

http://www.linhtet.com



'ဒါ ဒဗ္ဗရဲ့ အကြံဖြစ်မှာပဲ၊ ဒါယကာတစ်ယောက်ကို ဆွမ်းကျွေး အဖိတ်ခိုင်းပြီး ကျုပ်တို့ကို အရှက်ရအောင်လုပ်တဲ့အတွက် ကျုပ်တို့ကို ဒဗ္ဗ အကြွေးပြန်မဆပ်ဘဲ နေလို့မရအောင် လုပ်ရလိမ့်မယ်'

ထိုအချိန်အတောအတွင်း မေတ္တေယျနှင့် အကျွမ်းတဝင်ရှိနေသော ဘိက္ခုနီတစ်ဦးကို မေတ္တေယျက သူ့အကြံပြောပြသည်။

'နှမ၊ ဒဗ္ဗအမည်ရှိတဲ့ ရဟန်းကို သင် နှမ သိတယ်မဟုတ်လား၊ ဒဗ္ဗဟာ အပြင်ပန်းမှာ တရားရှင်ဖြစ်သလိုလို ဟန်ဆောင်နေပေမယ့် အမှန် ကတော့ ကျုပ်တို့ရဟန်းနှစ်ပါးကို အာဃာတထားပြီး စော်ကားတဲ့အလုပ်ကို တစ်လျှောက်လုံးလုပ်လာခဲ့တယ်၊ ယနေ့လည်း သူနှင့် ဒကာတစ်ယောက် ပေါင်းပြီး ကျုပ်နဲ့ကျုပ်ညီဘုမ္မဇကကို အရှက်တကွဲ အကျိုးနည်းအောင်လုပ် တယ်၊ ဒါပေမဲ့ ကျုပ်တို့ရဲ့ ခန္တီတရားကလည်း သူ့အတိုင်းအတာနဲ့ပဲ ရှိနေ လိမ့်မယ်၊ ကျုပ်တို့ သူ့ကို တစ်ခုခုလုပ်ရလိမ့်မယ်၊ နှမ ကျုပ်တို့ကို ကူညီမလား'

'မကူညီဘဲနေလို့ ဘယ်မှာဖြစ်ပါမလဲ၊ ဒဗ္ဗ ယခုလိုလုပ်တာ အင်မတန်မှားတဲ့အလုပ် လုပ်တာဖြစ်တယ်'

'ကောင်းပြီ၊ ယခုလို အကျင့်ပျက်တစ်ယောက် ရဟန်းဘောင် ရောက်နေတာ ကျုပ်တို့ရဟန်းလောကအတွက် ရှက်ဖွယ်လိလိ ဖြစ်စရာ ကောင်းလှပါတယ်၊ အဲဒါကြောင့် နှမ ဗုဒ္ဓထံသွားပြီး ရဟန်းဒဗ္ဗက နှမကို မတော်မတရား အကျင့်သီလပျက်အောင် ဖျက်ဆီးပစ်တယ်လို့ လျှောက်ထား ရမယ်၊ အဲဒီလိုလုပ်တာဟာ သံဃာဘောင် စင်ကြယ်သန့်ရှင်းစေဖို့အတွက် အလွန်တရာ လိုအပ်တဲ့အလုပ်ဖြစ်တယ်'

အရိုးခံဘိက္ခုနီသည် မေတ္တေယျပြောပြသည်ကို လက်ခံသွားပြီးလျှင် ဗုဒ္ဓ၏ရှေ့တော်မှောက် သွားရောက်ပြီး မေတ္တေယျ အကြံပေးသည့်အတိုင်း ဗုဒ္ဓကိုလျှောက်ထားပြောပြလိုက်သည်။ ထိုအခါ ဗုဒ္ဓက ဒဗ္ဗရဟန်းအား သံဃာ များ၏ ရှေ့မှောက်သို့ခေါ်ပြီးလျှင် မေးမြန်းစုံစမ်းသည်။

'ဒဗ္ဗ၊ သင့်ကို ပထမပါရာဇိက သိက္ခာပုဒ်ကျူးလွန်သည်ဟု စွပ်စွဲ ထား၏။ စွပ်စွဲထားသည့်အတိုင်း သင်သည် ပထမပါရာဇိက သိက္ခာပုဒ်ကို ကျူးလွန်ပါသလား'

http://www.linhtet.com



ဒဗ္ဗသည် ဗုဒ္ဓကို စူးစိုက်ကြည့်ရှုပြီးလျှင် ပြန်လည်ဖြေကြားလိုက်သည်။

'သူတို့စွပ်စွဲသလို တပည့်တော် ပါရာဇိကသိက္ခာပုဒ် ကျူးလွန်တယ်၊ မကျူးလွန်ဘူးဆိုတာ တခြားပုဂ္ဂိုလ်များထက် အရှင်မြတ်ဘုရားက ပို၍သိရှိတော်မူ၏ အရှင်ဘုရား'

သို့ရာတွင် ဗုဒ္ဓသည် ယင်းမေးခွန်းကိုပင် ထပ်မံမေးမြန်းတော်မူ သည်။

'ဒဗ္ဗ၊ သင် ပထမပါရာဇိကသိက္ခာပုဒ်ကို ကျူးလွန်သလား'

'တပည့်တော် ပထမပါရာဇိကသိက္ခာပုဒ် ကျူးလွန်သည်၊ မကျူးလွန်ဆိုသည်မှာ အရှင်သူမြတ်ဘုရား သိတော်မူသည့်အတိုင်းသာဖြစ်ပါ၏'

ဒဗ္ဗကလည်း အလားတူအဖြေကိုပင် ပြန်လည်ဖြေကြားသည်။ သို့ရာတွင် သူ၏အတွင်းမနေ့ာထဲက 'တထာဂတသည် မေတ္တေယျနှင့် ဘုမ္မဇကတို့၏စကားကို အမှန်တကယ် ယုံကြည်နေပါသလား၊ အရှင်သူမြတ် ဘုရားသည် ငါ့ကို အကျင့်ပျက်ရဟန်းတစ်ပါးလို့ ထင်မှတ်နေသလား၊ သာသနာတော်အတွင်း၌ ငါကျင့်ကြံအားထုတ်ခဲ့သမျှ အချည်းနှီးအလဟဿ ဖြစ်များသွားကြပြီလား' ဟုတွေးပြီး ဒဗ္ဗ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေ သည်။

ဒဗ္ဗသည် ယင်းကဲ့သို့ စိတ်မချမ်းမသာဖြစ်နေစဉ် ဗုဒ္ဓ၏ ဩဇာအပြည့်အဝရှိသောအသံတော်ကြောင့် သတိပြန်ဝင်လာသည်။

'ဒဗ္ဗ၊ သင် ပထမပါရာဇိက သိက္ခာပုဒ် ကျူးလွန်သည်၊ မကျူးလွန်သည်ဆိုသည်ကို သံဃာတော်များ၏ရှေ့မှောက်၌ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား ပြောပြရမည်'

ထိုအချိန်၌ ဒဗ္ဗသည် နိုးကြားမှုရှိသလိုလို ဖြစ်လာသည်။

'အရှင်မြတ်ဘုရား၊ ယင်းစွပ်စွဲချက်သည် အခြေအမြစ်လုံးဝမရှိပါဘုရား'

ယင်းကဲ့သို့ လျှောက်ထားပြောပြသောအခါ သူ၏နှလုံးသားမှ

http://www.linhtet.com



မည်းနက်သောတိမ်ထုတိမ်တိုက် လွင့်စဉ်သကဲ့သို့ ထင်မှတ်သွားသည်။ ဒဗ္ဗ၏ ဖွင့်ဟပြောပြချက်ကို ဗုဒ္ဓနှင့်ရဟန်းသံဃာအများက မှန်သောစကားဖြစ်သည်ဟူ၍ လက်ခံသွားကြသည်။ ထို့နောက် မေတ္တေယျနှင့် ဘုမ္မဇကရဟန်းနှစ်ပါးကို သံဃာတော်များရှေ့မှောက်လာရန် တစ်ဖန်ခေါ်ပြန်သည်။ ထိုရဟန်းနှစ်ပါးသည် ဗုဒ္ဓ၏ထွင်းဖောက်စူးရှသောအမြင်၏ ရှေ့မှောက်၌ ကွယ်ဝှက်ဖုံးဖိမထားနိုင်တော့သည်ဖြစ်၍ ဒဗ္ဗ၏အမည်နာမသည် ရှင်းရှင်းလင်းလင်း ဖြစ်သွားသည်။

ယင်းအတွေ့အကြုံသည် ဒဗ္ဗအား အရာဝတ္ထုများကို အမြင်သစ်ဖြင့်ကြည့်ရှုရန် နည်းပေးလမ်းပြ ပြုလုပ်လိုက်သည်။ ထိုအချိန်အထိ ဒဗ္ဗသည် ယခုလိုအသေးအဖွဲအလုပ်ကိစ္စများနှင့် ပတ်သက်ပြီး မိမိလုံ့လဝီရိယစိုက် ထုတ်၍ကြိုးစားအားထုတ်ခြင်းကို တခြားရဟန်းသံဃာများက ချီးကျူးစကားပြောကြားကြလိမ့်မည်ဟူ၍ အတွင်းကျိတ်ပြီး မျှော်လင့်လာခဲ့သည်။ သို့ရာတွင် ယင်းအတွေးအခေါ်သည်ပင် မိမိကိုယ်မိမိ တွယ်တာကပ်ငြိခြင်းတစ်မျိုးပင်ဖြစ်သည်။ ရဟန်းသံဃာတော်များကို အကျိုးပြုရန်အတွက် မိမိအနေနှင့်ကြိုးစားအားထုတ်မှု ပြုလုပ်လေလေ၊ မိမိကိုယ်မိမိ တွယ်တာကပ်ငြိခြင်းအားကောင်းလာလေလေဖြစ်သည်။ ယင်းသဘောကို ဖျက်ဆီးပစ်ရန်အတွက် ဒဗ္ဗသည် ပို၍ကြီးမားသောစွမ်းအားဖြင့်လည်းကောင်း၊ သန့်ရှင်းစင်ကြယ် သောနှလုံးသားဖြင့် လည်းကောင်း ရဟန်းသံဃာအတွက် အကျိုးပြုရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုနောက် မကြာမီအချိန်အတောအတွင်း၌ပင် ဧည့်သည်အာဂန္တုရဟန်းများ ညဥ့်အချိန်ကြွရောက်လာသည့်အခါ ကျောင်းတိုက်ရှိရာကို ညွှန်ပြသော ဒဗ္ဗ၏လက်ညှိုးက ရောင်ခြည်များ ပေါ်ထွက်လာသည်ဟူသော ကောလာဟလစကား ပြန့်ပွားသွားသည်။ ယင်းလျှို့ဝှက်အသိခက်သော ရောင်ခြည်ကို စူးစမ်းလိုသည့်အတွက် အချို့ရဟန်းများသည် ညဥ့်အမှောင်ရောက်လာသည့်အချိန်၌ ဒဗ္ဗအား ကျောင်းတိုက်သို့သွားသောလမ်းကို စုံစမ်းကြသည်။ ဒဗ္ဗက ယင်းရဟန်းများကို စိတ်ရှည်လက်ရှည် လမ်းပြသည့်အတွက် မှောင်မိုက်နေသော ကျောင်းဝင်းတစ်လျှောက် အခက်အခဲမရှိ လမ်းလျှောက်

http://www.linhtet.com



ကြွသွားနိုင်ကြသည်။ ဒဗ္ဗ၏နောက်မှ လိုက်ပါသွားသောရဟန်းများသည် ထူးခြားဆန်းကြယ်သောရောင်ခြည် ဖြာထွက်နေသည့် ဒဗ္ဗ၏လက်ညှိုးကို တွေ့မြင်ကြရသည်။

ယင်းသို့အားဖြင့် ဒဗ္ဗမလ္လပုတ္တသည် ရဟန်းသံဃာအတွက် အကျိုးပြုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်သည့်အတွက် သီတင်းသုံးဖော်ရဟန်းတော်များ၏ လေးစားခြင်း၊ ကျေးဇူးတင်ခြင်းခံရပြီးလျှင် အဆင့်မြင့် ဇောမိဉာဏ်အလင်းရရှိနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားသည်။ ။

# ၉၄

ဝဇ္ဇီဂဏနိုင်ငံ၏နေပြည်တော် ဝေသာလီသည် စည်ပင်ကြွယ်ဝသော ကူးသန်းရောင်းဝယ်ရေးမြို့ဖြစ်သည်။ ဇမ္ဗူဒိပ်ကျွန်း၏ကုန်သွယ်ရေး လမ်းကြောင်းများလည်း ဝေသာလီကို ဖြတ်သွားကြသည်။ ပြည်ပနှင့်ဆက်သွယ် လျက်ရောင်းဝယ်ဖောက်ကား လုပ်ကြသည့်အတွက် ကိုကိုတက်ချမ်းသာ ကြွယ်ဝသော သူဌေးသူကြွယ်များလည်း ဝေသာလီ၌နေကြသည်။ 'မဟာ သေဋ္ဌိ' ဘွဲ့ထူးဂုဏ်ထူး ရရှိနေကြသော ယင်းသူကြွယ်များထဲတွင် 'ဥဂ္ဂ' အမည်ရှိ သူကြွယ်တစ်ဦးရှိသည်။ ဥဂ္ဂသူကြွယ်သည် အလွန်တရာ ကြီးမား သော သင်္ဘောကြီးတစ်စင်း ပိုင်ဆိုင်သူဖြစ်ပြီး ဥဂ္ဂ၏သင်္ဘောသည် ဂင်္ဂါမြစ်ကို စုန်ဆင်းလျက် အပြောကျယ်သော ပင်လယ်ခရီးအထိ အသွားအလာရှိသော သင်္ဘောကြီးဖြစ်သည်။

ဥဂ္ဂသည် ကူးသန်းရောင်းဝယ်ရန်အလို့ငှာ ခရီးသွားကုန်သည်အုပ်စုများကို ဝေးကွာသီခေါင်သော တိုင်းပြည်နိုင်ငံများသို့အထိ စေလွှတ်ခဲ့သည်။ ယင်းကဲ့သို့ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှု ပြုလုပ်သောကြောင့် ဥဂ္ဂသည် နေ့ချင်းညချင်း ကိုကိုတက်ကြွယ်ဝချမ်းသာသူ တစ်ဦးဖြစ်လာသည်။

'ကမ္ဘာလောက၌ ကြေးငွေဓနကို အသုံးပြုလျှင် ဘာမဆိုလုပ်၍ရ၏။ ကြေးငွေဓနဖြင့် အရှင်သခင်လုပ်၍ရ၏။ ဘုရင်ဧကရာဇ် လုပ်၍ရ၏။ ကြေးငွေ

http://www.linhtet.com



ခနေ အသုံးပြုခြင်းအားဖြင့် မှူးမတ်များကိုလည်းကောင်း၊ ဘုရင်ဇကေရာဇ်ကို လည်းကောင်း မိမိရှေ့မှောက်၌ ဒူးထောက်ခိုင်း၍ရ၏။ ကြေးငွေခနေ ပိုင်ထား လျှင် မရမရှိသော အရာဝတ္ထုဟူ၍ မရှိပေ’

ယင်းအတွေးအခေါ်သည် ဥဂ္ဂ၏ ဘဝဒဿနဖြစ်သည်။ ဝေသာလီ၌ စံအိမ်ကြီးတစ်ဆောင် ဆောက်လုပ်ပြီးလျှင် ယင်းစံအိမ်ကြီး၌ စွဲမက်စရာ ကောင်းသော မယားလေးယောက်တင်ထားသည်။ မယားလေးယောက်သည် ကျိုးနွံသောအလုပ်အကျွေးများအဖြစ်နှင့် ဥဂ္ဂ၏အရိပ်အကဲကို မပြတ်အကဲခတ် ကြည့်နေပြီး ဥဂ္ဂအတွက် ဘာမဆိုလိုလေသေးမရှိအောင် ဖြည့်တင်းပေးနေကြ သည်။ မယားလေးယောက်အပြင် ဥဂ္ဂတွင် သူခစားနှင့် အလုပ်အကျွေးများ လည်း အရေအတွက်များစွာရှိကြသည်။ ယင်းသူခစားများနှင့် အလုပ်အကျွေး များသည်လည်း သူတို့အရှင်သခင်၏ အမိန့်ညွှန်ကြားအတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်နေကြသည်။ ယင်းသို့အားဖြင့် လူတစ်ယောက်အနေနှင့် ဘာမဆို လိုတရနိုင်သည့် အခြေအနေရှိနေသော်လည်း တစ်ခုခုချို့တဲ့နေသည် ဟု ထင်နေရသည်။ ကာသိတိုင်းဖြစ် ပိုးထည်အဝတ်များကို ဝတ်ရုံနိုင်သည်။ စားပွဲပေါ်တွင် အနံ့အရသာနှင့်ပြည့်စုံသော စားဖွယ်သောက်ဖွယ်များနှင့် သေရည်သေရက် အပြည့်ရှိနေသည်။ သို့သော်လည်း ဥဂ္ဂသည် ကျေနပ်အားရ သည့် အခြေအနေမရှိပေ။ ဝေသာလီမြို့ပေါ်ရှိ အလှဆုံး၊ အချောဆုံး၊ နှစ်ခြိုက် ဖွယ်အကောင်းဆုံး မိန်းမပျိုအလှများကို မိမိ၏အလုပ်အကျွေးများအဖြစ် လည်းကောင်း၊ သီချင်းသည်များအဖြစ်လည်းကောင်း၊ ကချေသည်များအဖြစ် လည်းကောင်း ရွေးချယ်သတ်မှတ်ထားသော်လည်း မိမိဘဝတွင် လိုအပ်နေ သည့်အရာ တစ်ခုရှိနေသေးသည်ဟူ၍ ထင်မှတ်နေသည်။ ကာမဂုဏ်အာရုံများ ကို တန်းကုန်အထိ ခံစားလေလေ၊ ‘သုည’ ဟူသောအသိသည် သူ၏အတွင်း သန္တာန်တွင်း လှိမ့်ဝင်လာလေဖြစ်သည်။

တစ်နေ့သောအခါ၌ ဥဂ္ဂသည် မြို့ပြင်ရှိ ဥယျာဉ်ပွဲသို့သွားလျက် ဝေသာလီမြို့၏ အချောဆုံး၊ အလှဆုံး ကချေသည်များနှင့် မီးကုန်ယမ်းကုန် အပျော်ကျူးသည်။ သို့ရာတွင် ဥဂ္ဂသည် ကျေနပ်အားရခြင်း ရှိမသွားပေ။

http://www.linhtet.com



ဥဂ္ဂကကြွေးကြော်လိုက်သည်။

'သေရည်သေရက်သည် ဘဝအတွက် အရသာအရှိဆုံး အရာဝတ္ထု တစ်ခုဖြစ်၏။ သေရည်သေရက်သည် နှလုံးသားအထိ ရွှင်လန်းချမ်းမြေ့ခြင်း ရောက်အောင် ပြုလုပ်နိုင်၏။ ငါ့သေရည်ခွက်ထဲ သေရည်သေရက် ထပ်ဖြည့် ပေးကြ၊ အကောင်းဆုံးသေရည်သေရက် ယူလာခဲ့ကြ'

ယင်းကဲ့သို့ နေ့ခင်းကြောင်တောင် ဥဂ္ဂ ရမ်းချင်တိုင်းရမ်းနေသည်ကို တွေ့ရသောအခါ အားလုံးစိုးရိမ်ထိတ်လန့်သွားကြသည်။ သို့ရာတွင် ဥဂ္ဂကမူ ပတ်ဝန်းကျင်ကို အနည်းငယ်မျှပင် ဂရုမစိုက်ပေ။ တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက် သေရည်ကိုမော့ချနေသည်ဖြစ်ရာ မူးလွန်းမကမူးပြီး အလုပ် အကျွေး မိန်းမပျိုတစ်ဦး၏ပေါင်ပေါ်တွင် ဦးခေါင်းတင်လျက် အိပ်ပျော်သွား သည်။ အိပ်ရာကနိုးလာသောအခါ အနောက်ဘက်မိုးကုတ်စက်ဝိုင်း၌ နေဝင်စ ပြုနေပြီ။ ဘေးဘီကိုလှမ်းကြည့်လိုက်သောအခါ သီချင်းသည်များနှင့် ကချေ သည်များ မြေပြင်ပေါ်၌ တုံးလုံးပက်လက်အိပ်ပျော်နေကြပြီး ယင်းတို့အထဲက တချို့မှာ အိပ်မက်ထဲတွင် ယောင်ယမ်းပြီး စကားပြောနေကြသည်။ ဥဂ္ဂသည် ယင်းအနိဋ္ဌာရုံများကို တွေ့မြင်ရသည်ဖြစ်၍ တုံးလုံးပက်လက် ဖြစ်နေကြသော မိန်းမများကိုရှောင်ကွင်းလျက် သစ်ပင်၊ ဝါးပင်များ အုပ်မိုးနေသော ဥယျာဉ်ထဲ ခြေဦးလှည့်လိုက်သည်။

ဥဂ္ဂသည် အမူးမပြေသေးပေ။ ညို့ညို့မှိုင်းမှိုင်းသစ်ပင်များသည် အိပ်မက်ထဲတွင် တွေ့ရသောပုံရိပ်များကဲ့သို့ ကိုးရိုးကားရား လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ ရုတ်တရက် သူ့ရှေ့တွင် ပုံရိပ်တစ်ခုပေါ်လာပြီး ယင်းပုံရိပ် မှ ထူးဆန်းသောရောင်ခြည်များ ထွက်ပေါ်လာသည်။ အိပ်မက်များမက်နေ သလားဟု တွေးမိသည်။ သို့ရာတွင် ယင်းပုံရိပ်သည် ဘာဝနာပွားများအားထုတ် နေသော ယောဂီတစ်ဦးအသွင်ပြောင်းသွားသည်။

ဥဂ္ဂသည် အနီးသို့ကပ်သွားပြီး ယောဂီ၏မျက်နှာကို ကြည့်လိုက် သည်။ ထိုအခိုက် ဥဂ္ဂသည် သူ့ကို လေအေးတစ်ချက် ဖြတ်သန်းတိုက်ခတ် သွားသည်ဟု ထင်မှတ်သွားသည်။ လေအေးသည် သူ၏အတွင်းသန္တာန်၌

http://www.linhtet.com



ရှိသော အညစ်အကြေးများကို ဆေးကြောသုတ်သင်သွားသည်ဟုလည်း စိတ်ထဲကအောက်မေ့သွားသည်။ ထိုနေရာဝန်းကျင်သည် တစ်နည်းတဖုံအား ဖြင့် အညစ်အကြေး သန့်ရှင်းစင်ကြယ်သွားသကဲ့သို့ ဖြစ်သွားသည်။ ဥဂ္ဂမြင် တွေ့ရသော ယောဂီသည် တခြားပုဂ္ဂိုလ်မဟုတ်ဘဲ သကျမုနိဗုဒ္ဓဖြစ်နေသည်။

သကျမုနိသည် ဒေသစာရီကြွချီပြီး တရားဒေသနာ ဟောကြားတော်မူလာခဲ့သည်ဖြစ်ရာ မဂဓတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီဂဏနိုင်ငံများတွင် အကျွတ်တရားရသူများ၏ဦးရေသည် တဖြည်းဖြည်း ပေါများလာသည်ဆိုသည့် အကြောင်းကို ဥဂ္ဂသိပြီးဖြစ်နေသည်။ မိမိ၏ မျက်မှောက်ဘဝနှင့်ပတ်သက်ပြီး ကျေနပ်အားရခြင်း မရှိသော်လည်း ဥဂ္ဂသည် သကျမုနိဗုဒ္ဓကို လည်းကောင်း၊ သကျမုနိ၏ တရားဒေသနာတော်ကိုလည်းကောင်း မည်သည့်အခါကမျှ ထူးထူးခြားခြား စိတ်ပါဝင်စားခြင်း မရှိခဲ့ပေ။

ဥဂ္ဂတွေးကြည့်ခဲ့သည်။

'သူတို့က ဤအရာကို ဥဒ္ဒဏ်အလင်းရရှိခြင်းဟု ခေါ်နေကြ၏။ ဘဝနှင့်ပတ်သက်ပြီး ငါလိုလားသော အရာဝတ္ထုများဖြစ်သည့် ကြေးငွေဓနနှင့် ကာမဂုဏ်အာရုံများကို ရရှိခံစားနေရသည်မှာ ဘယ်လောက်ကောင်းသနည်း'

သို့ရာတွင် သကျမုနိဗုဒ္ဓကို ဖူးတွေ့နေရသောအခါ သကျမုနိဗုဒ္ဓ၏ ကြည်ညိုဖွယ်အသွင်လက္ခဏာ၏ ဩဇာအရှိန်အဝါမခံရဘဲ နေ၍မရသည့် အခြေအနေမျိုး ရောက်ရှိသွားသည်။ သကျမုနိက မိန့်တော်မူလိုက်သည်။

'ဥဂ္ဂ၊ သင်သည် မိမိ၏ ဥစ္စာဓနနှင့် အခြေအနေကြောင့် လူတိုင်း လူတိုင်း၏အပေါ်တွင် ဂုဏ်မောက်နေသူဖြစ်၏။ သို့သော်လည်း သင်သည် မိမိအမှန်တကယ် ရှာဖွေနေသောအရာဝတ္ထုကို မတွေ့သည့်အတွက် အားမလို အားမရဖြစ်နေသည်။ ဥစ္စာဓနကလည်းကောင်း၊ အဆင့်အတန်းကလည်း ကောင်း ပေးနိုင်စွမ်းမရှိသော ဘဝ၏အနှစ်သာရကို ရနိုင်သည့်နည်းလမ်းရှိ သည်။ အကယ်၍ သင်သည် ကုန်သည်တစ်ဦးတစ်ယောက်အနေဖြင့် ပစ္စည်း ဝတ္ထုတစ်ခုကို လိုချင်စိတ်ဖြစ်ပေါ်လာသည်ဆိုလျှင် ယင်းပစ္စည်းဝတ္ထုရရှိဖို့ အတွက် တစ်စုံတစ်ခု သင် ပေးရလိမ့်မည်။ သုခစစ်၊ သုခမှန်ကိုရရှိရန်အတွက်

http://www.linhtet.com



သင် သီလစောင့်ထိန်းရမည်။ စေတနာရက်ရောစွာ ပေးလှူခြင်းသည်လည်း သင် အမှန်တကယ်လိုလားနေသောအရာဝတ္ထု ရရှိဖို့အတွက် နည်းကောင်း လမ်းကောင်းတစ်ရပ်ဖြစ်၏။ ယင်းအပြုအမူများကို ပြုလုပ်ခြင်းအားဖြင့် သင်သည် ဤဘဝ၌ သုခစစ်၊ သုခမှန်ကိုရရှိပြီး နောင်ဘဝ၌ လည်း သုဂတိဘုံ ရောက်ရှိသွားပေလိမ့်မည်'

ဥဂ္ဂသည် သကျမုနိဗုဒ္ဓ၏ တရားစကားများကို ကြားနာရသောအခါ စိတ်ဓာတ်တက်ကြွလာပြီးလျှင် မေးမြန်းလျှောက်ထားလိုက်သည်။

'လူသားတစ်ယောက်အတွက် သုဂတိဘုံတွင် ပြန်လည်မွေးဖွားလာဖို့ အမှန်တကယ် ဖြစ်နိုင်ပါမည်လော။ အကယ်၍ ဖြစ်နိုင်သည်ဆိုပါလျှင် သုဂတိဘုံသို့ ရောက်ရှိရေးအတွက် တပည့်တော် တစ်စုံတစ်ခုပြုလုပ်လိုပါ၏။ မည်သို့မည်ပုံ ပြုလုပ်ရမည်ဆိုသည်ကို တပည့်တော်အား ညွှန်ကြားတော်မူပါ ဘုရား'

ထိုအခါ သကျမုနိဗုဒ္ဓက ဥဂ္ဂအား လူပုဂ္ဂိုလ်အနေနှင့် ထိန်းသိမ်းစောင့် ရှောက်ရမည့် ကံငါးပါးတရားကို ညွှန်ကြားမိန့်တော်မူလိုက်သည်။ ဥဂ္ဂသည် အကြံတစ်ခုခုပေါ်လာလျှင် ချက်ချင်းထပြီး အကောင်အထည်ဖော်တတ်သူဖြစ် သည်။ တောအတွင်း၌ ဗုဒ္ဓကိုဖူးတွေ့ရသည့်အတွက် သူ့ကို အားသစ်လောင်း ပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။ ကြာမြင့်စွာအချိန်ကာလကစပြီး သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ်ဖြစ်နေသော ကျေနပ်ရောင့်ရဲမှုမရှိခြင်းသည် ပျောက် ကွယ်သွားသည်။ ဗုဒ္ဓ၏တရားဒေသနာတော်ကို ကြားနာလိုက်ရရုံမျှဖြင့် အတွင်းသန္တာန်ထဲတွင် သဒ္ဓါတရား ပေါ်ပေါက်လာသည်။

ဗုဒ္ဓ၏တရားဒေသနာတော်အတိုင်း လိုက်နာကျင့်သုံးမည်ဟု ဆုံး ဖြတ်ချက်ချပြီးလျှင် ဥဂ္ဂသည် သူ၏မယားများကို သူ၏အခန်းထဲတွင် စုဝေးစေ လျက် ပြောပြလိုက်သည်။

'အလျင်စလိုလုပ်လိုက်တယ်လို့ မင်းတို့ ထင်ချင် ထင်နေလိမ့်မယ်။ ဒါပေမဲ့ ဗုဒ္ဓဟောကြားတဲ့ ဒေသနာတော်အတိုင်း ကျင့်ကြံအားထုတ်မယ်လို့ ငါ ဆုံးဖြတ်ပြီးပြီ၊ မင်းတို့နဲ့အတူ ငါ နေလို့မဖြစ်တော့၊ မင်းတို့ဒီမှာ မနေလို

http://www.linhtet.com



တော့ဘူးဆိုရင် မင်းတို့အလိုရှိတဲ့နေရာကို ထွက်ခွာသွားနိုင် တယ်၊ တကယ်လို့ မင်းတို့ဝေသာလီမှာရှိတဲ့ ယောကျ်ားတစ်ယောက်ယောက်နဲ့ လက်ထပ်ချင်တယ်ဆိုရင်လည်း ငါလက်ထပ်ပေးမယ်၊ တကယ်လို့ မင်းတို့ ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်မိသားစုထံ ပြန်သွားချင်တယ်ဆိုရင်လည်း မင်းတို့နေလို့ထိုင်လို့ရအောင် ငါကြေးငွေခနေပေးပြီး မင်းတို့ကိုပြန်ပို့ပေးမယ်၊ တကယ်လို့ ငါနဲ့အတူ ဗုဒ္ဓရဲ့ တပည့်ဒါယိကာမအဖြစ်နဲ့ ဗုဒ္ဓ၏အဆုံးအမအတိုင်း ကျင့်ကြံအားထုတ်မယ်ဆိုရင်လည်း ငါ့အိမ်မှာ ငါနဲ့အတူနေထိုင်ဖို့ ငါ ဖိတ်ကြားပါတယ်'

ထိုနေ့မှအစပြုလျက် ဥဂ္ဂသည် ဗုဒ္ဓဟောကြားထားတော်မူသော အဆုံးအမဒေသနာတော်အတိုင်း ကျင့်ကြံအားထုတ်နေသည်။ ကာမဂုဏ်အာရုံ ခံစားခြင်းသည် သူနှင့်အတူတကွ ရှိလာခဲ့သော ဒုက္ခဖြစ်ရာဖြစ်ကြောင်းဖြစ်ခဲ့သည်။ သို့ရာတွင် ယခုဗုဒ္ဓထံသို့သွားရောက်ပြီး ဗုဒ္ဓဟောကြားတော်မူသော သစ္စာလေးပါးတရားနှင့် မဂ္ဂင်ရှစ်ပါးတရားများကို နာကြားရသောအခါ သူ၏ အာသာရမ္မက်များသည် တဖြည်းဖြည်း မှေးမှိန်အားပျော့လာခဲ့သည်။

ဥဂ္ဂသည် သူစုဆောင်းသိမ်းထားသော ပစ္စည်းဥစ္စာများကို ရဟန်းသံဃာတော်များနှင့် ဆင်းရဲသူ၊ ဆင်းရဲသားများအတွက်သုံးစွဲဖို့ အချိန်မီသတိရရှိလာသည်။ မိမိ၏ ဥစ္စာပစ္စည်းများကို ရဟန်းသံဃာတော်များနှင့် ဆင်းရဲသူ၊ ဆင်းရဲသားများအတွက် ပေးကမ်းလှူဒါန်းသည့်အခါ ကျေနပ်အားရမှုလည်းဖြစ်ပေါ်လာသည်။ တစ်နေ့ပြီးတစ်နေ့ လောကုတ္တရာလမ်းကြောင်းပေါ် လျှောက်သွားသောမိမိသည် တစ်နေ့ပြီးတစ်နေ့ သုခစစ်၊ သုခမှန် ရရှိလာသည်ဟူ၍ ဥဂ္ဂအောက်မေ့နေမိသည်။

ဥဂ္ဂ၏ အလှူဒါနအကြောင်းသည် ဝေသာလီဌိသာမကဘဲ သူနှင့်ကူးသန်းရောင်းဝယ်ဘက် တစ်ပြည်ရပ်ခြားမှ ကုန်သည်များ၊ ခရီးသည်များ အထိ ကျော်ကြားသွားသည်။ သူ၏အလှူဒါနသည် ရဟန်းသံဃာများအတွက် သာသတ်မှတ်ထားခြင်းမဟုတ်ဘဲ လက်လှမ်းမီသမျှလူအားလုံးအတွက် ရည်ရွယ်ချက်ထားပြီး ပေးကမ်းလှူဒါန်းသော အလှူဒါနဖြစ်သည်။ အစားအသောက်၊ အဝတ်အစား၊ နေရာထိုင်ခင်း မည်သည့်ပစ္စည်းဝတ္ထုကို လိုလိုလိုသည့်ပစ္စည်းဝတ္ထုကို ပေးကမ်းလှူဒါန်းသည်။

http://www.linhtet.com



ဥဂ္ဂသည် ယင်းကဲ့သို့ မပြတ်ဝတ်ထားပြီး နှစ်ပေါင်းများစွာ အလှူအတန်းကြီး ပေးလာခဲ့သည်ဖြစ်ရာ တစ်နေ့သောအခါ၌ သကျမုနိဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းသွားပြီဆိုသည့် ကြေကွဲဝမ်းနည်းဖွယ်သတင်းသည် ဥဂ္ဂထံရောက်ရှိလာသည်။ ထိုအခါ ဥဂ္ဂသည် သကျမုနိဟောထားသော အဆုံးအမဒေသနာတော်အတိုင်း ကျင့်ကြံအားထုတ်ပြီး အလှူဒါန ပေးကမ်းစွန့်ကြဲခြင်းနှင့် ဘာဝနာတရားပွားများခြင်းကို စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်သည်။

သို့ရာတွင် ဤကမ္ဘာလောက၌ ဒုက္ခဟူသည် တစ်မျိုးတည်းရောက်လာလေ့မရှိပေ။ မကြာမီအတောအတွင်း ရွှေငွေရတနာနှင့် အခြားအဖိုးထိုက်အဖိုးတန်ပစ္စည်းများ တင်ထားသည့် ဥဂ္ဂ၏သင်္ဘောသည် ပြည်ပမှပြန်လာစဉ် လမ်းခရီး၌ လေမုန်တိုင်းမိပြီး ပင်လယ်ထဲနစ်မြုပ်သွားသည်။ ထိုသတင်းကို ကြားရသော်လည်း ဥဂ္ဂသည် ထူးထူးခြားခြား စိတ်ထိခိုက်သွားခြင်းမရှိဘဲ အလှူဒါန ဆက်လက်လှူဒါန်းလာခဲ့သည်။ သူပိုင်ပစ္စည်းဥစ္စာများသည် တဖြည်းဖြည်းလျော့နည်းသွားပြီး အလှူဒါနကိုရပ်မပစ်လျှင် သူ့တွင် ကုန်းကောက်စရာ ကျန်တော့မည်မဟုတ်သည်မှာ သိသာထင်ရှားလာသည်။

ဥဂ္ဂ၏သတင်းသည် သကျမုနိ ပရိနိဗ္ဗာန် မစံခင်က နှစ်ပေါင်းများစွာ သကျမုနိဗုဒ္ဓအား ပြုစုလုပ်ကျွေးလာခဲ့ပြီး၊ သကျမုနိဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးသည့်နောက်တွင် ရဟန်းသံဃာများအား ညွှန်ကြားလာခဲ့သော ရှင်အာနန္ဒာ၏နားသို့ ရောက်သွားသည်။ ဝေသာလီသို့ ရှင်အာနန္ဒာရောက်သွားသောအခါ ဝေသာလီရှိ ရဟန်းသံဃာတော်များက ရှင်အာနန္ဒာအား ဥဂ္ဂကို အလှူဒါန ခေတ္တရပ်တန့်ထားစေရန် ညွှန်ကြားပြောပြပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြ သည်။ ရှင်အာနန္ဒာသည် ဝေသာလီရှိ ရဟန်းသံဃာတော်များ၏ဆန္ဒကို ဥဂ္ဂအားပြောပြလိုက်သည်။

မိမိ၏ အလှူဒါနနှင့်ပတ်သက်ပြီး ရှင်အာနန္ဒာ၏ ညွှန်ကြားချက်ကို သိရသောအခါ ဥဂ္ဂသည် ရှင်အာနန္ဒာကို ရိုသေလေးစားစွာ ရှိခိုးဦးခိုက်ပြီးလျှင် လျှောက်ကြားလိုက်သည်။

'အရှင်ဘုရား ညွှန်ကြားပြောပြသည့်အတွက် တပည့်တော်များစွာ ကျေးဇူးတင်ရှိပါ၏။ သို့သော်လည်း အရှင်ဘုရား ညွှန်ကြားသည့်အတိုင်း

http://www.linhtet.com



တပည့်တော် မလိုက်နာနိုင်သည့်အတွက် များစွာ စိတ်မကောင်းခြင်း ဖြစ်မိပါသည်။ အရှင်ဘုရားညွှန်ကြားသည်ကို တပည့်တော် အဘယ်ကြောင့် မလိုက်နာနိုင်သည့်အကြောင်း ဝေသာလီရှိ တခြားရဟန်းသံဃာတော်များကို ရှင်းလင်းပြောပြစေလိုပါသည်။ စေတနာအပြည့်အဝဖြင့် အလှူဒါနပြုခြင်း၏ အရေးကြီးပုံကို သကျမုနိဗုဒ္ဓကိုယ်တော်တိုင် ဟောပြသည်ကို တပည့်တော် နာကြားခဲ့ရပါ၏။ သကျမုနိဗုဒ္ဓ၏ တရားဒေသနာတော်ကို နာကြားရသည့်အတွက် တပည့်တော် အတောမသတ်ခဲ့သော မိမိ၏လောဘကို ထိန်းချုပ်နိုင်သည့်အခြေအနေ ရောက်ရှိခဲ့ပါသည်။ သကျမုနိဗုဒ္ဓ၏ တပည့်ဒါယကာတစ်ဦးအဖြစ်နှင့် တပည့်တော် သီလဆောက်တည်ပြီးလျှင် ဘာဝနာပွားများအားထုတ်ရန် အဓိဋ္ဌာန်ပြုထားပါသည်'

မည်ကဲ့သို့သော စွန့်လွှတ်မှုမျိုးကို လုပ်ရလုပ်ရ၊ သကျမုနိဗုဒ္ဓ ညွှန်ကြားထားတော်မူသော ဗောဓိဉာဏ်အလင်းသို့ ရောက်ရှိစေမည့်လမ်းသို့ လျှောက်သွားလိုသော ဉဂ္ဂ၏ထက်သန်သောဆန္ဒကို ရှင်အာနန္ဒာ သိရှိနားလည်သွားသောအခါ ရှင်အာနန္ဒာသည် ဉဂ္ဂကို အားပေးအားမြှောက် ပြုတော်မူလိုက်သည်။ ရှင်အာနန္ဒာ၏ အားပေးချက်အရ ဉဂ္ဂသည် သီလကိုစောင့်ထိန်းပြီး ဘာဝနာတရားပွားများ အားထုတ်သောအခါ ဝေသာလီရှိ ရဟန်းသံဃာများနှင့် ဗုဒ္ဓ၏တပည့်များက ဉဂ္ဂအား ဗုဒ္ဓ၏တပည့် လူဒါယကာများထဲတွင် စံပြပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုလိုက်ကြသည်။ နောက်ပိုင်းတွင် ဉဂ္ဂ၏ကံသည် သူ့ထံတစ်ဖန်ပြန်လှည့်လာပြီးလျှင် ယခင်ကထက်ပင် ကြွယ်ဝချမ်းသာသူဖြစ်လာသည်။ ။

# ဝင်္ဂီသ

သူသည် ကွယ်လွန်သွားသူများ၏ ဦးခေါင်းခွံများကို လက်ဖြင့် ခေါက်ခေါက်ပြီး 'ဒီဦးခေါင်းခွံရှင်က ငရဲကျသွားပြီ၊ ဒီဦးခေါင်းခွံရှင်ကတော့ တိရစ္ဆာန်ဘုံရောက်သွားပြီ၊ ဒီဦးခေါင်းခွံရှင်ကတော့ လူ့ဘဝမှာ လူပြန်ဖြစ် တယ်၊ ဒီဦးခေါင်းခွံရှင်ကတော့ ပြိတ္တာဘုံရောက်သွားပြီ' စသည်ဖြင့် ပြောနိုင်စွမ်းရှိသူဖြစ်သည်။ ထို့ပြင် ဝေဒကျမ်းသုံးကျမ်းကိုလည်း တတ်ကျွမ်းထား သည်။ သူ၏သတင်းသည် ရာဇဂြိုဟ်မြို့၌ ဟိုးလေးတကျော်ဖြစ်နေသည်။

ဝင်္ဂီသသည် ရာဇဂြိုဟ်၌ ဗြာဟ္မဏအိမ်ထောင်စုတစ်စုတွင် မွေးဖွားလာသူဖြစ်သည်။ ကွယ်လွန်သွားသူများ၏ ဦးခေါင်းခွံများကို ခေါက်ခေါက်ပြီး မည်သူသည် မည်သည့်ဘုံ၌၊ မည်သည့်လောက၌ မွေးဖွားသည်ဟု အတတ်ပြောပြနိုင်သူဖြစ်သည်ဟူ၍ ထင်ရှားကျော်ကြားနေသူဖြစ်သည်။ ဝင်္ဂီသ ပရိဗိုဇ်သည် ဇေတဝန်ကျောင်းတော်အနီး၌ အိမ်ဆောက်ပြီးနေထိုင်သည်။ ကွယ်လွန်သူများ၏ လားရာဂတိကို ပြောပြသည့်အတွက် ဝင်္ဂီသ သည် ကျော်စောကိတ္တိနှင့်တကွ ဥစ္စာဓနလည်း များစွာရရှိနေသူဖြစ်သည်။ တချို့က သူတို့၏မိခင်နှင့်ပတ်သက်ပြီး မေးကြသည်။ တချို့က လင်ယောကျ်ားနှင့်ပတ်သက်၍လည်းကောင်း၊ ဇနီးမယားနှင့်ပတ်သက်၍လည်းကောင်း မေး

http://www.linhtet.com



ကြသည်။ ထိုပုဂ္ဂိုလ်များ၏ မေးမြန်းချက်ကို ပြန်လည် ဖြေကြားသည့်အတွက် တချို့လူများထံမှ ငွေတစ်ဆယ်၊ တချို့လူများထံမှ ငွေနှစ်ဆယ်၊ တချို့လူများထံမှ ငွေငါးရာစသည်ဖြင့် တန်ရာတန်ကြေးရရှိသည်။

တစ်နေ့သ၌ ရန့်ကြိုင်သင်းနေသော ပန်းကုံးများကို ယူဆောင်သွားကြသောလူများကို တခြားလူများက 'မိတ်ဆွေတို့... ဘယ်သွားကြမလို့လဲ' ဟု မေးမြန်းကြသည်။

'ကျုပ်တို့ ကျောင်းသွားပြီး တရားနာမလို့'

'ကျောင်းသွားပြီး တရားနာလို့ ဘာလုပ်မှာလဲ၊ ကျောင်းနားမှာ ဝင်္ဂီသအမည်ရှိတဲ့ ဗြာဟ္မဏနေတယ်၊ အဲဒီဗြာဟ္မဏနဲ့တူတဲ့ တခြားပုဂ္ဂိုလ် ဘယ်မှာရှိဦးမလဲ၊ ကျုပ်တို့ ဝင်္ဂီသက ကွယ်လွန်သူများရဲ့ ဦးခေါင်းခွံကိုခေါက်ပြီး ဘယ်သူဘယ်ဝါ ဘယ်နေရာမှာ မွေးဖွားတယ်ဆိုတာကို ပြောပြနေတယ်'

'မိတ်ဆွေတို့ရဲ့ ဝင်္ဂီသက ဘာသိလို့လဲ၊ ကျုပ်တို့ဆရာအရှင်မြတ်နဲ့ နှိုင်းစာရင် မိတ်ဆွေတို့ ဝင်္ဂီသ ဘာမှသိမှာမဟုတ်ပါဘူး'

ကျောင်းသို့ တရားသွားနာသူများက ပြန်လည်ဖြေကြားသည်။

'မိတ်ဆွေတို့ရဲ့ ဆရာအရှင်သူမြတ်ဟာ ကျုပ်တို့ဝင်္ဂီသနဲ့ တူမှာမဟုတ်ပါဘူး'

ဝင်္ဂီသက တော်သည် သို့မဟုတ် ဆရာအရှင်သူမြတ်က တော်သည်ဟု အငြင်းအခုံဖြစ်နေ၍ အကျိုးမရှိဟု စဉ်းစားပြီးလျှင် ဝင်္ဂီသကို သကျမုနိဗုဒ္ဓထံ ခေါ်သွားကြသည်။ ဝင်္ဂီသ ရောက်လာသောအခါ သကျမုနိဗုဒ္ဓသည် ငရဲပြည်ရောက်သွားသူ၏ ဦးခေါင်းခွံကိုလည်းကောင်း၊ လူ့ပြည်၌ ပြန်လည်မွေးဖွားသူ၏ ဦးခေါင်းခွံကိုလည်းကောင်း၊ နတ်ဘုံနှင့်တိရစ္ဆာန်ဘုံ ရောက်သွားကြသူများ၏ ဦးခေါင်းခွံကိုလည်းကောင်း အရှာခိုင်းလိုက်သည်။ ထိုနည်းအတူပင် အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်သူ ပုဂ္ဂိုလ်တစ်ဦး၏ ဦးခေါင်းခွံကိုလည်း အရှာခိုင်းလိုက်သည်။ ယင်းဦးခေါင်းခွံငါးခုကို တန်းစီ ချထားခိုင်းလိုက်သည်။

သကျမုနိဗုဒ္ဓက မေးမြန်းစုံစမ်းသည်ဖြစ်၍ ဝင်္ဂီသသည် ပထမ ဦးခေါင်းခွံများနှင့်ပတ်သက်ပြီး အမှန်အတိုင်းပြောပြနိုင်သည်ကို တွေ့ရသည်။

http://www.linhtet.com



ပဥ္စမဦးခေါင်းခွံကို လက်ညှိုးညွှန်လျက် သကျမုနိဗုဒ္ဓက 'ဒီဦးခေါင်းခွံ ဘယ်သူ့ဦးခေါင်းခွံလဲ' မေးလိုက်သည်။

ယင်းဦးခေါင်းခွံကို လက်ဖြင့်ခေါက်ကြည့်ပြီးသောအခါ ဝင်္ဂီသ ခပ်မဆိတ်ဖြစ်နေသည်။ ထိုအခါ သကျမုနိဗုဒ္ဓက 'ဝင်္ဂီသ၊ ဒီဦးခေါင်းခွံနဲ့ ပတ်သက်ပြီး သင် ပြောမပြတတ်ဘူးလား' ဟု မေးလိုက်သည်။

'တပည့်တော် ပြောမပြတတ်ပါဘုရား'

'ငါပြောပြတတ်တယ်'

ဝင်္ဂီသ အရှုံးပေးလိုက်ပြီးလျှင် သကျမုနိဗုဒ္ဓထံတော်၌ ရဟန်းပြုလိုက်သည်။ သူ၏ ဥပဇ္ဈာယ်ဆရာမှာ နိဂြောဓကပ္ပမထေရ်ဖြစ်သည်။ ဆရာတပည့်နှစ်ဦးသည် အဂ္ဂါလဝစေတီယ၌ နေထိုင်ကြသည်။ အာဠဝီရှိ အဂ္ဂါလဝ စေတီယ၌ နေထိုင်သီတင်းသုံးလာခဲ့ကြသည်မှာ အချိန်မကြာလှသေး၍ ဆရာတပည့်နှစ်ပါးစလုံး ထိုနေရာနှင့်စိမ်းနေကြသည်။

တစ်နေ့သောအခါ၌ မိန်းမများသည် ဝတ်စားတန်ဆာများကို ဆင်ယင်ပြီး အဂ္ဂါလဝကျောင်းတိုက်သို့ လာကြသည်။ ယင်းမာတုဂါမများကို တွေ့ရသောအခါ ဝင်္ဂီသသည် တပ်မက်စွဲလမ်းသောစိတ် ဖြစ်ပေါ်မလာပေ။ထိုအချိန်၌ သူ၏နှုတ်မှ ဂါထာအဖွဲ့တချို့ ထွက်ပေါ်လာသည်။ ဝင်္ဂီသတွင် ကဗျာဥာဏ်၊ ကဗျာနှလုံးသားရှိသည်။ ကဗျာဥာဏ်၊ ကဗျာနှလုံးသားရှိသည့် အတွက်ကြောင့်လည်း ဝင်္ဂီသသည် ထင်ရှားကျော်ကြားသူ ဖြစ်လာသည်။ များသောအားဖြင့် ကဗျာဆရာများသည် စိတ်ကူးလောက၌ ကျက်စားကြသည်။ စိတ်ကူးလောကကို ဖန်တီးတတ်ကြသည်။ ဝင်္ဂီသလည်း ထိုနည်းအတိုင်းပင် တစ်ခါတစ်ရံ 'ဝိရာဂ' နယ်ပယ်မှ 'ရာဂ'နယ်ပယ်ထဲ ဝင်လာပြီး ကဗျာဖွဲ့ဖို့ ကြိုးစားနေတတ်သည်။

ဝင်္ဂီသသည် သူ့အစွမ်းအစကို အကြောင်းပြုလျက် တစ်ခါတစ်ရံ ရဟန်းကောင်းများကိုပင် အထင်မကြီးတတ်ပေ။ ယင်းအမှားကို သူကိုယ်တိုင်လည်း သိရှိနားလည်သွားသည်။ သိရှိနားလည်လာသောအခါ နောင်တရလာပြီးလျှင် သူ၏နှလုံးသားအတွင်းမှ ဂါထာအဖွဲ့များ ပေါ်ပေါက်လာသည်။

http://www.linhtet.com



တစ်ကြိမ်တွင် ရှင်အာနန္ဒာသည် သာဝတ္ထိရှိ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသည်။ နံနက်အချိန်၌ သပိတ်ပိုက်လျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွသည်။ ဝင်္ဂီသမထေရ်က ရှင်အာနန္ဒာ၏နောက်က လိုက်သွားသည်။ သူ၏စိတ်သည် တည်ငြိမ်မှုမရှိပေ။ စိတ်နှလုံးထဲတွင် ရာဂအငွေ့အသက်ရှိနေသေးသည်။ သူ၏စိတ်နှလုံးအခြေအနေသည် ဆန်းဆန်းကြယ်ကြယ်ဖြစ်နေ သည်။ ယင်းအခြေအနေကို ဖော်ပြရန်အတွက် ဝင်္ဂီသသည် ဂါထာအဖွဲ့များ ကို ရေးသားစီကုံးသည်။

သာဝတ္ထိမြို့၌ သီတင်းသုံးစဉ်အခါက သကျမုနိဗုဒ္ဓသည် တစ်နေ့သောအခါတွင် ရဟန်းများအား မိန့်ကြားတော်မူသည်။

'ရဟန်းတို့... အင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားသည် ကောင်းသောစကားဖြစ်သည်ဟု ပြောဆိုနိုင်၏။ ယင်းအင်္ဂါလေးပါးကား မည်သည့်အရာများဖြစ်သနည်း၊ ရဟန်းသည် ပြောသင့်ပြောထိုက်သောစကားကိုသာ ပြောဆို၏။ မပြောသင့်မပြောထိုက် သောစကားကို မပြောဆိုပေ။ တရားနှင့်ပတ်သက်သောစကားကိုသာ ပြောဆို၏။ တရားနှင့်မပတ်သက်သောစကားကို မပြောဆိုပေ။ နှစ်သက်ဖွယ်စကားကိုသာ ပြောဆို၏။ နှစ်သက်ဖွယ်မဟုတ်သောစကားကို မပြောဆိုပေ။ မှန်သောစကားကိုသာ ပြောဆို၏။ မမှန်သောစကားကို မပြောဆိုပေ။ ယင်းစကားလေးမျိုးသည် ကောင်းစွာပြောဆိုအပ်သော စကားဖြစ်၏။

ထိုအခိုက် ဝင်္ဂီသသည် နေရာမှထလျက် သကျမုနိဗုဒ္ဓ၏အနီးသို့ ချဉ်းကပ်သွားပြီးလျှင် သကျမုနိဗုဒ္ဓအား ရှိခိုးဦးခိုက်လျက် 'အရှင်သူမြတ်ဘုရား... တပည့်တော် နားလည်ပါပြီဘုရား' ဟု လျှောက်ထားပြောပြလိုက်သည်။

'ငါ့ရှင် ဝင်္ဂီသ... သင် မည်သည့်အရာကို နားလည်သနည်း'

ထိုအခါ ဝင်္ဂီသမထေရ်က သကျမုနိဗုဒ္ဓ၏ရှေ့မှောက်၌ ဂါထာအဖွဲ့များကို ရွတ်ဆိုသည်။

'တမေဝ ဝါစံ ဘာသေယျ ယာယ တာနိ နတာပယေ၊
ပရေနစ ဝိဟသေယျ သာဝံဝါစာ သုဘာသိတာ၊

http://www.linhtet.com



ပိယဝါစံ ဘာသေယျ ယာဝါစာ ပဋိနန္ဒိနာ၊
ယံ အနာဒါယ ပါပါနိ၊ ပရေသံ ဘာသတေ ပိယံ၊
သစ္စံ ဝေ အမတာ ဝါစာ ဧသဓမ္မော သနန္တနော၊
သစ္စံအတ္ထေစ ဓမ္မေစ အာဟုသန္တော ပတိဋ္ဌိတာ၊
ယံဗုဒ္ဓော ဘာသတေ ဝါစံ ခေမံနိဗ္ဗာဏ ပတ္တိယာ၊
ဒုက္ခဿန္တ ကိရိယာယ သဝေ ဝါစာနမုတ္တမာတိ။'

တစ်ခါတုန်းကလည်း သာဝတ္ထိမြို့၌ ရှင်သာရိပုတြာ၏တရားကို နာကြားရသောအခါ ဝင်္ဂီသသည် အလွန်တရာ ဝမ်းသာအားရဖြစ်သွားပြီးလျှင် ရှင်သာရိပုတြာကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ဂါထာအဖွဲ့များကို မွက်ကြားသည်။

'ဂမ္ဘီရ ပညော မေဓာဝီ မဂ္ဂါ မဂ္ဂဿ ကောဝိဒေါ၊
သာရိပုတ္တော မဟာပညော ဓမ္မံ ဒေသေတိ ဘိက္ခုနံ၊
သံခိတ္တေန ပိဒေသေတိ ဝိတ္ထာရေနပိ ဘာသတိ၊
သာလိကာယိဝ နိဂ္ဃောသော ပဋိဘာနံ ဥဒီရယိ'

ဝင်္ဂီသသည် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို ဂုဏ်ပြုချီးကျူး လိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာသည့်အခါ သူ၏နှုတ်မှ အလိုလိုပင် ဂါထာအဖွဲ့ များ ထွက်ပေါ်လာသည်။ သံဃာစည်းဝေးသဘင်တွင် သကျမုနိဗုဒ္ဓ၏ ရှေ့တော်မှောက်၌ပင် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို ချီးကျူးဂုဏ်ပြုရာ၌ ဝင်္ဂီသသည် ရှေ့နောက်ကြည့်သည်ဟူ၍ မရှိပေ။ ရှင်မဟာမောဂ္ဂလာန်နှင့် ပတ်သက်၍လည်း ဝင်္ဂီသသည် ဂုဏ်ပြုဂါထာများစွာ ထုတ်ဖော်ရွတ်ဆိုခဲ့သည်။ ထိုနည်းအတိုင်းပင် သကျမုနိဗုဒ္ဓ၏ ပထမတပည့်သာဝက ကောဏ္ဍညနှင့် ပတ်သက်၍လည်း ဂါထာအဖွဲ့များကို စီကုံးခဲ့သည်။

တစ်ရံရောအခါ သကျမုနိဗုဒ္ဓသည် စမ္ပာရှိ ဂဂ္ဂရရေအိုင်ကမ်းပါး၌ ရဟန်းသံဃာများနှင့်အတူ သီတင်းသုံးနေတော်မူသည်။ ထိုနေရာ၌ ရဟန်း သံဃာများ၊ ဥပါသကာများ၊ ဥပါသိကာများသည် ဗုဒ္ဓ၏ တရားဒေသနာတော် ကို နာကြားနေကြသည်။ ယင်း နှလုံးမွေ့လျော်ဖွယ်ရှုခင်းကို တွေ့မြင်ရသော

http://www.linhtet.com



ကြောင့် ဝင်္ဂီသ၏ကဝိနှလုံးသည် ဆိတ်ဆိတ်မနေနိုင်တော့ပေ။ ဗုဒ္ဓ၏ဂုဏ်တော်ကို ဂါထာအဖွဲ့ဖြင့် ထုတ်ဖော်ချီးကျူးသည်။

'စန္ဒော ယထာ ဝိဂတ ဝလာဟကေ နဘေ၊
ဝိရောစတိ ဝိဂတမလောဝ ဘာဏုမာ၊
ဧဝံပိ အင်္ဂီရသ တွံ မဟာမုနိ၊
အတိရောစတိ ယသသာ သဗ္ဗလောကေ'

*(မိုးသားတိမ်တိုက်ကင်းစင်သော အာကာသကောင်းကင်ပြင်၌ ထွန်းလင်းတောက်ပနေသော စန္ဒာလမင်းကဲ့သို့လည်းကောင်း၊ သူရိယာနေမင်းကဲ့သို့လည်းကောင်း အရှင်သူမြတ်ဘုရားသည် လောကတစ်ခွင်၌ ထွန်းလင်းတောက်ပနေတော်မူ၏)*

ထိုနည်းအတိုင်းပင် အခြား အခါအခွင့်တစ်ခု၌လည်း ဝင်္ဂီသသည် ဗုဒ္ဓ၏ဂုဏ်တော်ဘွဲ့ကို ချီးကျူးဂုဏ်ပြုရင်း ဂါထာအဖွဲ့များကို ရွတ်ဆိုသည်။

'ဒိဝါဝိဟာရာ နိက္ခမ္မ သတ္ထုဒဿန ကမ္မတာ၊
သာဝကော တေ မဟာဝီရ ပါဒေ ဝန္ဒတိ ဝင်္ဂီသောတိ၊
ပရိသဟဿံ ဘိက္ခုနံ သုဂတံ ပယိရုပါသတိ၊
ဒေသေန္တော ဝိရဇံ ဓမ္မံ နိဗ္ဗာနံ ကကုတောဘယံ၊
သုဏန္တိဓမ္မံ ဝိမလံ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ၊
သောဘတိ ဝတသမဗုဒ္ဓေါ ဘိက္ခုသံဃ ပုရက္ခတော၊
နာဂနာမောသိ ဘဂဝါ ကူသိနံ ကုသိမုတ္တမော၊
မဟာမေဃော ဗဟုတွာန သာဝကေ အဘိဝဿာတိ'

ယင်းဂါထာအဖွဲ့များကို ရွတ်ဆိုသောအခါ ဗုဒ္ဓက ဝင်္ဂီသကို မေးလိုက်သည်။

'ငါ့ရှင် ဝင်္ဂီသ... ငါ့ရှင်သည် ဤဂါထာအဖွဲ့များကို စဉ်းစားဆင်ခြင်လျက် ဖွဲ့ဆိုခြင်းဖြစ်သလော၊ သို့မဟုတ် ယခုကဲ့သို့ အခါအခွင့်ကြုံရိုက် ရုတ်ခြည်းစပ်ဆိုခြင်းဖြစ်သလော'

'တပည့်တော် ကြိုတင်စဉ်းစားပြီး ဖွဲ့ဆိုခြင်းမဟုတ်ပါဘုရား'

http://www.linhtet.com



'ယင်းသို့တပြီးကား ငါ့ရှင်သည် ကြိုတင်စဉ်းစားခြင်း မပြုလုပ်ဘဲ ဖွဲ့ဆိုခြင်းဖြစ်ပါသလော'

'တပည့်တော် ကြုံတုန်းကြုံခိုက် လတ်တလော ဖွဲ့ဆိုခြင်းဖြစ်ပါ၏ ဘုရား'

ယင်းသို့ လျှောက်ထားပြီးလျှင် ဝင်္ဂီသသည် နောက်ထပ်တစ်ဖန် ဂါထာအဖွဲ့များကို ဖွဲ့ဆိုပြန်သည်။

ဝင်္ဂီသ၏စွမ်းရည်ကို တွေ့မြင်ရသောအခါ ဗုဒ္ဓက ဝင်္ဂီသအား ဥာဏ်ပဋိဘာန်ရှိသူများထဲတွင် အမှူးအချုပ်အဖြစ် ကြေညာတော်မူလိုက်သည်။ ဝင်္ဂီသသည် ရဟန်းသံဃာများထဲတွင် ကဝိ သို့မဟုတ် ကဗျာဆရာအဖြစ်ဖြင့် ထင်ရှားကျော်ကြားနေသူဖြစ်သည်။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အဆင့်သို့ ရောက်ရှိသွားသောအခါ စိတ်ရွှင်လန်းချမ်းမြေ့မှု ခံစားရသည့်အတွက် မိမိခံစားရသော စိတ်ရွှင်လန်းမှုကို ဂါထာအဖွဲ့များဖြင့် ဥဒါန်းကျူးရင့်ခဲ့သည်။

ဝင်္ဂီသသည် နောက်ဆုံးအချိန်အထိ သူ၏ ဥပါဇ္ဈာယ်ဆရာနှင့် အတူတကွနေထိုင်သည်။ နိဂြောဓကပ္ပမထေရ်သည် အဂ္ဂါလဝစေတီယံ၌ပင် ခန္ဓာဝန်ချပ်ငြိမ်းသွားသည်။ ထိုအချိန်၌ ဝင်္ဂီသသည် နိဂြောဓကပ္ပမထေရ်၏ အနီး၌ရှိမနေပေ။ ဝင်္ဂီသရောက်သွားသောအခါ အကျင့်ပါနေသည့်အတိုင်း ကိုယ်ပေါ်တွင် လက်ဒိုက်ကျနေသည်ကို တွေ့ရသည်။ သူ၏ ဥပါဇ္ဈာယ်ဆရာ ရဟန္တာဖြစ်မဖြစ်ဆိုခြင်းနှင့်ပတ်သက်ပြီး ဝင်္ဂီသသည် စိတ်နှလုံးဒွိဟဖြစ်နေ သည်။ သူ၏ ဥပါဇ္ဈာယ်ဆရာသည် သူ၏ကျောင်းကို အလွန်တရာတွယ်တာမှု ရှိသည်။ ဆွမ်းခံပြန်လာပြီးနောက်တစ်ကြိမ် မိမိ၏အခန်းထဲဝင်သွားသောအခါ ညချမ်းအချိန်ထိ သို့မဟုတ် နောက်တစ်နေ့နံနက်အချိန်ထိ အခန်းအပြင်ဘက် ထွက်မလာပေ။ ဥပါဇ္ဈာယ်ဆရာ ပရိနိဗ္ဗာန်ပြုခြင်းနှင့်ပတ်သက်၍ ဝင်္ဂီသသည် ဗုဒ္ဓအား ဂါထာအဖွဲ့များစပ်ဆိုပြီး မေးမြန်လျှောက်ထားသည်။

ဝင်္ဂီသ၏ဇာတိသည် ဝင်္ဂတိုင်းဖြစ်သည်ဟုပြောကြသည်။ သို့ရာတွင် ယင်းအချက်နှင့်ပတ်သက်ပြီး ခိုင်လုံသောအထောက်အထား မတွေ့ရပေ။

http://www.linhtet.com



ဝင်္ဂီသသည် ရာဇဂြိုလ်မှ သာဝတ္ထိသို့သွားပြီး သာဝတ္ထိ၌ ရဟန်းပြုသည်။ ဝင်္ဂတိုင်း၌ မွေးဖွားလာခြင်းကြောင့်လည်းကောင်း၊ စကားလုံးများကို ပိုင်ပိုင်နိုင်နိုင် အသုံးပြုနိုင်သောကြောင့်လည်းကောင်း သူ၏နာမည်သည် ဝင်္ဂီသဟု တွင်နေပြီး ယင်းအမည်နာမကြောင့်သာလျှင် ကျော်ကြားနေသည်ဟူ၍ ဝင်္ဂီသကိုယ်တိုင်က ထုတ်ဖော်ပြောပြထားသည်။ ။

http://www.linhtet.com

